www.burmeseclassic.com

ရွှေပဒေသာစာပေ

# မမသဒ္ဒါမောင်

## ကောင်မလေးရဲ့ကိုယ်



အချစ်
လုံးချင်းဝတ္ထုသစ်

www.burmeseclassic.com

www.burmeseclassic.com

### ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

### ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
- ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို ပို၍ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစ[illegible]ငန်းနှင့် အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်[illegible]ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူ တို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## မမသဒ္ဒါမောင်

# ကောင်မလေးရဲ့ ကိုယ်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

**ပုံနှိပ်မှတ်တမ်း**

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၀၃၃၃၉၀၅၁၂ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၀၃၈၄၀၅၁၂ |
| ပုံနှိပ်ထုတ်ဝေခြင်း | - | ပထမအကြိမ်၊ ၂၀၁၂၊ ဩဂုတ်လ |
| ထုတ်ဝေသူ | - | ဦးအေးလွင် (၀၄၁၅၂) ရွှေဥစာပေတိုက် အမှတ် (၃၃)၊ ကျိုက်တော်လမ်း မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။ |
| မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ | - | ဦးအေးလွင် (၀၈၂၁၀) ရွှေပဒေသာအော့ဖ်ဆက် အမှတ် (၃၃)၊ ကျိုက်တော်လမ်း မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။ |
| ဖြန့်ချေး | - | ၁၆၀၀ ကျပ် |
| အုပ်ရေ | - | ၅၀၀ အုပ် |

၈၉၅.၈၃
မမသဒ္ဒါမောင်
ကောင်မလေးရဲ့ကိုယ် /မမသဒ္ဒါမောင် ။ — ရန်ကုန်
ရွှေဥစာပေ ၊ ၂၀၁၂ ။
၃၀၀ စာ ၊ ၁၂.၃ x ၁၈ စင်တီ ။
(၁) ကောင်မလေးရဲ့ကိုယ်



ယောကျ်ားလေး အသည်းကွဲတဲ့အခါ
အရက်သောက်ကြတယ်...
မိန်းမတွေ အသည်းကွဲတဲ့အခါ
ဘာလုပ်ကြသလဲ...?

ရွှေပဒေသာစာပေ

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



'ရွှံ'က ကိုယ့်ကို ပါးပါးလေးလာထိရင်
ထုထုလေး ပြန်ပေးတတ်တယ်…
အဲဒီလိုလုပ်တတ်အောင်
လောကကြီးက သင်ပေးခဲ့တာလေ…
(မေဓာ့ချော)



## အခန်း (၁)

"တော်စမ်းပါဟာ၊ အဲဒီမျက်ရည်တွေကို အလကားရ တယ်ထင်ပြီး ကျမနေနဲ့။ နင့်ရင်ဘတ် နာနေရင် ဆေးသာ လူး လိုက်, နီး ရင်အောင့်ခံပြီး ရှိုက်မနေနဲ့။ အချိန်ကုန်တယ်"

လက်သည်းညှိနေရင်း ပျစ်ပျစ်နစ်နစ် ပြောလိုက်သည့် သူမကို မျက်ရည်စက်လက်ဖြင့် တရှုံ့ရှုံ့ငိုနေသည့် နီနီလေးက မကြည့်ပေမယ့် ဘေးမှာချောနေသည့် ကေသရီက မျက်စောင်း လှမ်းခဲလိုက်လေ၏။ စိတ်ထဲမှလည်း 'ကိုယ်ချင်းစာနာစိတ်မရှိ ဘူး'ဟုပြောနေမည်သာ။ ဟုတ်တယ်လေ၊ ကိုယ့်အပေါ်မချစ်နိုင် တော့လို့ နောက်တစ်ယောက် ပြောင်းကြိုက်သွားတဲ့ယောကျ်ား



www.burmeseclassic.com

www.burmeseclassic.com

တစ်ယောက်အတွက် နမြောတသနဲ့ ငိုရှိုက်ကြေကွဲနေစရာလား။

ဆန္ဒရှိရင် Go!...ပေါ့။ 'ဇူ'ရှေ့မှာတော့ မေတ္တာတွေ သစ္စာတွေ လာရွတ်မပြချင်နဲ့၊ အကုန်လုံးကို သေတ္တာထဲ စုထည့်ပြီး မြှစ်ထဲသာ ပစ်ချလိုက်မိမှာလေ။ ဒင်းတို့အဖို့ ဇူတို့လို မိန်းကလေးတွေက နမ်းစေ့နဲ့ပဲ နှိုင်းပြောပြော၊ မှိုနဲ့ပဲ ယှဉ်ဆိုဆို၊ ခပ်ပေါပေါရတဲ့သက်ရှိတွေပဲမဟုတ်လား။ အိမ်ထောင်ပြုရင်တောင် မှ မယားပြိုင်ဆိုပြီး နံပါတ်တွေ Senior ထပ်နေတာလေ။

"မဇူကလည်းဟယ်၊ သူငယ်ချင်းကို အားပေးမယ်မရှိဘူး။ ပြောလိုက်ရင် တစ်တစ်ခွခွပဲ"

"ဟုတ်တာပြောတာပဲလေ၊ လောကမှာ နင့်အကောင်တစ်ကောင်ပဲ ယောက်ျားရှိတာမဟုတ်ဘူး နီရဲ့။ နင့်ရုပ်ရည် အလုပ်အကိုင်နဲ့ ဒင်းထက် သာတာမျိုး လေးငါးဆယ်ယောက်ကို စိတ်ကြိုက် ခေါင်းခေါက်ရွေးလို့ရတယ်"

"နင်က ပြောအားရှိမှာပေါ့ မဇူရဲ့။ နင့်သောမှာ ဝိုင်းဝိုင်းလည်နေကြတာကိုး"

"နီက. . . နီက ကိုကိုကိုပဲချစ်တာ မဇူရဲ့"

'သေလိုက်'ဟု စိတ်ထဲမှ ကျိန်မိလိုက်သော်ငြား နှုတ်ကတော့ ထုတ်မပြောဖြစ်တော့ပါချေ။ ဇူတို့အုပ်စုထဲမှာ နီနီလေးက





နာမည်နှင့်မလိုက်ဖက်အောင် အင်မတန်အေးဆေးလွန်းတာကိုး။ ဒင်းတို့စုံတွဲ တွဲလာတဲ့သက်တမ်းက ခြောက်လတောင်ကြာပြီမို့ မြဲမယ်ထင်ရုံရှိသေး၊ ဟိုဘိုးတော်က Lecture ပေးသွားပြီကိုး။ တောက်! ခုနေ ဇူ့လက်ထဲ အမြောက်တစ်လက်သာ ရှိရင် ဒင်းကို ပြောင်းဝရှေ့ ကြိုးတုပ်ထားပြီး တေ့ထုပစ်မိမှာအမှန်ပါပဲ။

"နင်က ချစ်ပေမယ့် ဟိုက မချစ်လို့ နင့်ကိုပစ်သွားတာမဟုတ်လား ငနုံမရဲ့။ ငိုမနေနဲ့ နင် တရှုံ့ရှုံ့ငိုပြလေ, အဲဒီကောင်ကို ငါ ရေတွက်ဆုံးထဲ ထုထောင်းချင်လေပဲဟဲ့။ ဒေါသထွက်လာပြီ။ တောက်!. . ."

"ပြောပြန်ပြီ၊ နင့်လူတွေရှေ့မှာလည်း ဒီလိုအပေါက်ဆိုးနဲ့ ပြောတာလား"

"ဒါပေါ့၊ ငါ့ကို ဘဲတွေအများနဲ့တွဲပြီး ချွဲနွဲ့ကပ်စားတဲ့ မိန်းမလည်လို့ ထင်မနေနဲ့။ ဒင်းတို့က ဂျင်ဆိုရင် ငါက ထိပ်ပေါ်က ထုံးပဲ၊ ဒင်းတို့က လိပ်ပြာဆိုရင် ငါက အဲဒီလိပ်ပြာကိုစားမယ့် ငှက်ပဲဖြစ်မှာ။ ဒါပဲ"

"ကိုကိုက နီ့ကိုလက်ထပ်မယ်လို့ ကတိပေးထားတာ မဇူရဲ့။ ဟင့်ဟင့်. . ."

"လျှာအရိုးမရှိတိုင်း ပြောသမျှယုံနေရင် နင့်အပြစ်ပဲပေါ့



www.burmeseclassic.com

www.burmeseclassic.com



နီရဲ့။ ဘာမဟုတ်တဲ့ပစ္စည်းလေး ဝယ်ပေးရုံနဲ့ နင့်ကိုချစ်လှချည်ရဲ့လို့ထင်ရလား။ ငါပြောရင် အပေါက်ဆိုးတယ်ပဲမြင်တယ်။ ဒင်းတို့အကြောင်း ငါ့လောက်ဖြင့် နင်တို့မသိကြဘဲနဲ့များ''

တကယ်ပါ၊ လူတွေရဲ့မျက်လုံးကို စိုက်ကြည့်လိုက်ရုံနဲ့ ရင်ထဲကစိတ်ထားကို ရှု ဖတ်တတ်ပါ၏။ ဒီမျက်လုံးမျိုးက မတည်ငြိမ်ဘူး။ မရိုးသားဘူး။ ဖောက်ပြန်ချင်တာမျိုးဆိုတာကို ရှု ဖျတ်ခနဲကြည့်လိုက်မိရုံနဲ့ ဒက်ခနဲ သိတာအမှန်ပါ။ မျက်လုံးဆိုတာ အတွင်းစိတ်ရဲ့ ပြတင်းပေါက်ပဲမဟုတ်လား။

''နင်တို့ကိုကြည့်ရတာနဲ့ ငါတောင် ရဲရင့်ကို အမြေပြန်ပေးဖို့ ခက်နေပြီ''

''ဘာဆိုင်လို့လဲ''

''ဟုတ်တယ်လေ၊ နီက အခု ရင်ကွဲနာပြီ။ နင့်ကျတော့ရော လက်ဆယ်ချောင်းမက ရည်းစားတွေများနေတာကို။ အဲဒီလိုယောက်ျားမျိုး ရဲရင့်ဖြစ်နေရင် ဘယ့်နှယ်လုပ်မလဲ''

''ရည်းစားလို့ ခေါင်းစဉ်မတပ်လိုက်ပါနဲ့ ကေရာ''

''မဟုတ်လို့လား''

''သူတို့ဘာသာသူတို့ ငါ့ကို မရမကလိုက်ကြိုက်နေကြတာပါဟဲ့။ ငါပြန်ချစ်တဲ့လူ တစ်ယောက်မှမရှိဘူး''



''ဟယ်!. . . နင် မချစ်ဘဲနဲ့ ဘာလို့တွဲရလဲ မချူရဲ့။ မိန်းကလေးသိက္ခာ ကျတာပေါ့''

''ဪ. . . ငါက ဒင်းတို့ကို ပြိုင်တူတွဲခုတ်နေတာမှ မဟုတ်တာ ကေရဲ့။ သူတို့ကို စိတ်မဝင်စားဘူးလို့ အပြတ်ပြောထားပါရဲ့နဲ့ တောက်တဲ့လို လိုက်တွယ်ကပ်နေကြတာတော့ ငါလည်း မတတ်နိုင်ဘူး။ ငါ့ကိုမှမရရင် သေရပါတော့မယ်ဆိုပြီး သည်းသည်းလှုပ်ချစ်တဲ့ယောက်ျားမျိုး တစ်ယောက်လေးတောင်မှ ဒီနေ့အထိ မတွေ့သေးပေါင်''

ကေသရီက ရှု့ကို မျက်စောင်းခဲပြန်ချေ၏။ ဟုတ်တာပေါ့၊ သူတို့ကို လိုက်ကြိုက်ကြသည့်ကောင်လေးတွေက သုံးလေးယောက်ဆိုပြီး လက်ချိုးရေတွက်လို့ ရနိုင်တာလေ၊ ရှု့မှာတော့ လမ်းမထွက်လိုက်နဲ့၊ ရှိခနဲ လေချွန်ပြီး အနောက်က ကပ်ပါလာလေရော။

မသိရင် ရှု့နောက်ကျောမှာပဲ ယောက်ျားတွေမြင်သာမယ့် 'Wanted' (အလိုရှိသည်)ဆိုတဲ့ဆိုင်းဘုတ်များ ချိတ်ထားလားမသိရလေအောင် လိုက်လာတတ်ကြတာကို။ မျက်နှာကို ဘယ်လိုပဲ တည်အောင်ထား၊ ရှုပ်ထား၊ မျက်မှောင်ကြုတ်ထားထား၊ ရှုက မျက်နှာမြင် ချစ်ခင်ပါစေဆိုတဲ့ဆုနဲ့ ဒီဘဝမှာ ပြည့်စုံ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ရတဲ့သူလေ။

အဆောင်မှာ မနာလိုကြတဲ့သူတွေက ရှု့ကို မျက်နှာပွင့် ဆေး ဆောင်ထားတဲ့လူဟု ပြောကြသလို ယောက်ျားတကာကို မြှူဆွယ်ဖမ်းစားတတ်တဲ့ အသည်းစားဘီလူးမလို့လည်း ပျစ်ပျစ်နစ်နစ် ကဲ့ရဲ့ ရှုံ့ချကြလေရဲ့။

ရှုကလည်း ရှုပါပဲ။ ဘယ်အရာကိုမဆို သိပ်ကြီးအလေး မထားတတ်တာ အကျင့်ပါနေတာလေ။ ယုတ်စွအဆုံး ရှုပိုင်တဲ့ ပစ္စည်းပစ္စယတွေကိုကအစ ကြိုက်လှချည်ရဲ့ဆိုပြီး ကုပ်ကုပ်စ သိမ်းထားတတ်သူမဟုတ်ပါ။ ရှုနှစ်သက်လို့ ဝယ်သုံးပြီး နှစ်လ သုံးလလောက်ကြာလို့ အဲဒါလေးကြိုက်လိုက်တာလို့ တစ်ယောက် ယောက် လာပြောတာနဲ့ အနှမြောမရှိ ပေးပစ်လိုက်တာလေ။

ဒါကြောင့်လည်း တွဲနေတဲ့ကောင်လေးတွေ ခါထုတ်သွားတဲ့အခါ ချစ်လှချည်ရဲ့ဆိုပြီး ငိုယိုတမ်းတ ပူဆွေးသောကရောက်တာမျိုး တစ်ကြိမ်တစ်ခါမှမရှိခဲ့ပေ။ ကေကတောင် ရှု့ကို နှလုံးသားမရှိတဲ့ဟာမဟု စိတ်ဆိုးမာန်ဆိုးနဲ့ပြောဖူးခဲ့တာပါလေ။

"အဲဒါဆို သူ့ကို နင်လက်ထပ်မယ်ပေါ့လေ"

"ဘယ်ကသာ, စဉ်းစားပေးရမှာပေါ့ ကေရဲ့။ ပေးဆိုတာနဲ့ အင့်ဆိုပြီး လှူစရာလား။ လူကို ဇောတိက မှတ်နေပြန်ပါပြီ"





"ပြောနိုင်ဘူးလေ၊ နှင်းပစ္စည်းတွေလိုပဲ အဲဒီကောင်လေးတွေကို အနှမြောမရှိ စွန့်ပစ်တတ်လွန်းလို့ ဘယ်လိုဟာလေးမှန်းကို မသိတော့ဘူး"

ရှု မဲ့ပြုံးပြုံးလိုက်မိလေ၏။ ခင်တွယ်စရာဆိုလို့ ကျောင်းအတူပြီးခဲ့သည့် နီနှင့် ကေတို့သာ ရှိခဲ့တာမဟုတ်လား။ တကယ်လည်း ရှု့မှာ ဘာဆိုဘာမှမရှိတာအမှန်ပါ။ ရှု ခြောက်တန်းနှစ်မှာ ရှု့ဖေဖေက မေမေ့ကိုပစ်ခဲ့ပြီး နောက်အိမ်ထောင်ထူသွားလေ၏။ အခုဆို ထိုအိမ်ထောင်နှင့် သားသမီးသုံးဦးဆိုလား ရှုနဲ့အဖေတူ အမေကွဲမောင်နှမတွေ ရှိတာပါလေ။

မေမေ တနိုင်နိုင်တရယ်ရယ်လုပ်ဖြစ်ပြီး လုံးပါးပါး ကွယ်လွန်ခဲ့တာ ရှု ရှစ်တန်းနှစ်။ အားကိုးရာ, တောင်ရယ်လို့ မရှိဘဲ အရိပ်မဲ့ခဲ့ရတဲ့ကလေးတစ်ဦးရဲ့ရင်တွင်းမှာ မည်သို့ရှိလေမည်နည်း။ မေမေမဆုံးခင်မှာ ရှု့ကို မေမေ့အစ်မလက်ထဲ အပ်ခဲ့၏။ ကြီးမေမှာ သားနှစ်ယောက်ရှိပြီး ထိုအစ်ကိုများ၏နေ့စဉ်နှိပ်စက်ခြင်းဒဏ်ကို အရွယ်နဲ့မမျှအောင် ရှု ခံခဲ့ရတာပါ။

အဲဒီအိမ်မှာနေရင်းနဲ့ပဲ ဆယ်တန်းကို ပွတ်ကာသီကာလေး အောင်ခဲ့ရတာပင်။ ကြီးမေနဲ့ဘဘက လူကြီးမို့ ရှု့ကို တူမလိုသဘောထားခဲ့တာမှန်ပေမယ့် အစ်ကိုနှစ်ယောက်ကတော့ ရှု့



www.burmeseclassic.com

www.burmeseclassic.com



ကို သူတို့ခိုင်းဖတ်လို မျက်စိရှေ့တွေ့ရင် နိုင်းစား နိုင်စားတော့တာလေ။

အဲဒီအရွယ် အပျိုဖျန်းကလေးမှာပဲ ဂွန်နဲ့ကိုကို ဆုံခဲ့ရတာပေါ့။ ပြန်ပြောရင် သံယောဇဉ်ဖြစ်ဦးမှာပါ။ ဂွ့ဘဝမှာ တစ်ကြိမ်တစ်ခါလေးမှ မခုန်ပေါက်ဖူးတဲ့ ရင်ခုန်လှိုက်မောမှုယ်အတိမျိုးနဲ့ ကိုကို့ကို ရူးရူးမူးမူးချစ်ခဲ့မိတာအမှန်ပါပဲ။ အချစ်ဦးဆိုတာ မြေဦးရချိန်ထိတောင် မမေ့နိုင်ဘူးဆိုပြီး စာဆိုတောင် ရှိကြတာမဟုတ်လား။

အသနားပိုတတ်တဲ့ကိုကိုနဲ့ လှလွန်းပိုအရွယ်လေး ဂွတို့တကယ်ချစ်ခဲ့ကြပေမယ့် ကံကြမ္မာက လက်သင့်မခံခဲ့ပါချေ။ မျိုးရိုးကို မကြိုက်ဘူးဆိုပြီး ကိုကို့မေမေ ဖြတ်ခိုင်းချိန်မှာ ဂွ့ရင်ထဲဒုတိယမြောက် ဒဏ်ရာရခဲ့တာပါ။ အဖေဆွန့်ပစ်ခဲ့တုန်းက စိတ်၊ ချစ်သူထားရစ်ခံရတဲ့စိတ်နဲ့ အဲဒီယောကျ်ားတွေကို အနာကြီး နာခဲ့ရတဲ့ ကျားနာမလေးဘဝ ရောက်ခဲ့ရတာပါပဲ။

အသည်းမကွဲဘူးထင်နေကြတဲ့ ဂွ့ရဲ့အသည်းကွဲပုံပြင်ကို ဒီနေ့အထိ ဘယ်သူ့ကိုမှ ဖွင့်မပြောခဲ့ပါ။ အချစ်ဆိုတာ တန်ဖိုးထားသင့်တဲ့အရာဆိုတာလားပင် ဂွ မသိနားမလည်နိုင်တော့ပါချေ။ အတိတ်ကို အတိတ်မှာပဲ မြေမြှုပ်ပစ်ခဲ့ပြီး ဂွ့အတွက်





ခြေလှမ်းတွေက Forward (ရှေ့သို့)ဆိုပြီး ရှေ့အနာဂတ်ကိုပဲ နောက်လှည့်မကြည့်စတမ်း လှမ်းနေခဲ့တာပါလေ။

"အဲဒီချည်ပေါင်ကြော်က နင့်ကို ဘယ်လိုပြောပြီး ထားခဲ့တာလဲ"

"ခင်မောင်ဇော်ပါ မဂွရဲ့"

"မခေါ်ချင်ပါဘူး။ ဒီလောက်ချည်စရာဖြစ်နေမှတော့ ချည်ပေါင်ကြော်ပေါ့။ ငါကြိုက်တဲ့အစားအစာနဲ့ နှိုင်းပြောတာတောင် လွန်လှပြီ။ ဘာလဲ. အိမ်ကပေးစားတဲ့မိန်းမနဲ့ပဲ ယူတော့မယ်ဆိုပြီး နင့်ကိုထားခဲ့တာလား"

"မဟုတ်ပါဘူး"

"ဒါဆိုရင် နင့်အပြင် နောက်တစ်ယောက်အသစ်တွေ့လို့ ထားခဲ့တာပေါ့လေ။ နေစမ်းပါဦး, အဲဒီမိန်းမက နင့်ထက် ဘယ်လောက်များလှလို့ ရွေးသွားရတာလဲ ငနုံမရဲ့"

"မဂွကလည်းဟယ်၊ ပြောပြန်ပြီ ကလေးကို"

"ပြောရမှာပေါ့ ကောရဲ့၊ သူ ဒီလို အိညှောင်ညှောင်လုပ်နေလို့ ဟိုကောင်က အသာလေး ဘောင်သွားတာပေါ့။ တောက်! ခြောက်လလောက်တောင် တွဲနေတာ အမှန်အကန်လို့ယုံမိတာများတာပဲ။ အဲဒီအကြံအဖန်ကောင်ကို ငါမျက်စိရှေ့တွေ့ဖို့ကတော့



www.burmeseclassic.com

www.burmeseclassic.com



လက်ဝါးစာကျွေးပြီမှတ်!. . .''

ကောက ရှုပေါင်ကို ဖျတ်ခနဲရိုက်လိုက်လေ၏။ ရှုတို့ သုံးယောက်မှာ ကောနဲ့ရှုက ရက်ပိုင်းသာ ကွာပြီး နီက ရှုတို့ထက် တစ်နှစ်ငယ်ပါသည်။ ရှုတို့က ငါးနှစ်ကျော်မှ ကျောင်းစတက်ရတာဖြစ်ပြီး နီက ငါးနှစ်မပြည့်ခင် ကျောင်းခိုးထားခဲ့တာမျိုးလေ။ ဒါကြောင့် ကောနှင့်ရှုက နီကို အစ်မတွေလို စောင့်ရှောက်ခဲ့ကြတာမျိုးပါပဲ။

''ပြောလေ''

''ကိုကိုက. . . ကိုကိုက နီရှုံးတိုင်း လာမယ်ဆိုပြီး မလာဖြစ်တာ များပြီ မရှုရဲ့''

ငါနော်. . . ယောက်ျားလေးက မရှုံးရတဲ့ ခင်းက ရှုံးရတယ်လို့။ မိန်းမရေး ကျလိုက်တာနော်။ စိတ်ရှိတိုင်း နှင့်ကိုထုရင်တော့ အခုလောက်ဆို လက်ဖက်ရည်ဆိုင်မှာရိုက်တဲ့ နံပြားတို့ ပလာတာတို့ ဖြစ်လောက်ပြီပဲ။

''တိတ်တိတ်! ငိုမနေနဲ့တော့။ အဲဒီအကောင်အကြောင်း သိတာနဲ့ ခင်းကို Lesson ကောင်းကောင်းပြန်ပေးပစ်မယ်''

''ဟင်. . . ဘယ်လိုပေးမှာလဲ''

''သိချင်ရင် စောင့်သာကြည့်''





မျက်လုံးလေး ကလယ်ကလယ်ဖြင့် လှမ်းကြည့်လိုက်သည့်နီကို မဲ့ပြုံးလေးသာ ပြန်ပြုံးပြလိုက်ပါသည်။ နေနှင့်ဦးပေါ့ ချဉ်ပေါင်ကြော်ရယ်. . .



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂)

"မဖူ"

"ဘာတုန်း"

"ကိုကို့ကို ဘာလုပ်မှာလဲဟင်"

"ဘာလုပ်လုပ်ပေါ့. . . နှင့်ကို အသည်းခွဲမှတော့ ဒင်း အသည်းကိုလည်း ပါးပါးလေး ပြန်လှီးရုံပဲရှိတယ်""

"မဖူက ကိုကို့ကို ချစ်တမ်းများ ကစားမှာလားဟင်"

စိုးရိမ်တကြီးမေးနေသည့်နှိုကို ငဲ့ကြည့်ရင်း ပြုံးမိပြန်ပါသည်။ ဖူက သူငယ်ချင်းအရင်းခေါက်ခေါက်ကြီးကို Foul ဖော့ လုပ်ရပ်မျိုး လုပ်ပါ့မလား။ ဒီလူနဲ့ဒီလူကြား စည်းကဝေ့ ရှိကို



www.burmeseclassic.com

www.burmeseclassic.com



ရှိသင့်နေတာပါလေ။

"ကျစ်!. . . ဘယ်ကသာ"

နီနီက စိုးရိမ်စိတ်လျော့သွားပုံဖြင့် သက်ပြင်းရှိုက်လျက် သနပ်ခါးတုံးကို တဂျိုးဂျိုးသွေးနေလေ၏။ ရေချိုးပြီးခါစမို့ ဆံပင်ရှည်ကို ဘီးဆံပတ် ပတ်ထားပေမယ့် ငယ်နုသည့်ဟန်က ပျောက်မသွားပါလေ။ ဖူနဲ့ကေက (၂၃)ဆိုတော့ နီနီက ခုမှ (၂၂)နှစ် ရှိသေးတာကိုး။ ဒီလို ငယ်ငယ်ချောချော ရည်းစားလေး ရှိတာကို များ အဲဒီခင်မောင်ဇော် ကလိမ်ကျချင်ရတာပါလိမ့်နော်။

နီနီလေးက ဆံပင်ရှည်ရှည် ရိုးရိုးအေးအေးနေတတ်တဲ့ သူ။ ရေ့မှာ ဆံမြိတ်လေးအနည်းငယ်ချကာ အလယ်ခွဲဆံပင်လေး အမြဲထားတဲ့ကလေးမလေးပါ။ ကေကတော့ ကျောလယ်လောက် အထိ ဆံပင်ရှည်ပြီး ယိုင်းကြီးကောက်ထားသလို နဂိုကောက် ဆံပင်တို့ ရှိလေ၏။

အားလုံးထဲမှာ ဖူက အရပ်အမြင့်ဆုံး။ ခန္ဓာကိုယ်အသွယ် ဆုံးနှင့် ဆံပင်အတိုကို (လေဒီဒိုင်ယာနာဆံပင်ပုံစံ) အထပ်ထပ် လေး ညှပ်ထားက ခေတ်မီသူပင်။ ကေက ရေမွှေးကြိုက်သလို နီနီက နှုတ်ခမ်းနီနှစ်သက်သူပါ။ ဖူကတော့ အလှအပကို သိပ် မမက်မောပါ။ သို့သော် ပွဲလမ်းရှိလို့ ပြင်ဆင်ထွက်တဲ့အခါမျိုးမှာ





တော့ Eye shadow တို့ Lip stick တို့ကို လှလှပပခြယ်သတတ် သဖြင့် မင်းသမီးရှုံးလောက်အောင် ရုပ်ထွက်တတ်သူပါလေ။

"မကေရော"

"Output ထုတ်နေလေရဲ့"

Toilet ဝင်တာကို ပြောတာမို့ နီနီက ဖက်ကလေး ပု သွားပါ၏။ မဆိုးပါဘူး ခုတော့ မျက်နှာကြည်သား။ မနေ့ကတော့ တစ်နေ့လုံး တငိုငိုတရယ်ရယ်နဲ့ ဖြစ်နေတာမို့ သုံးယောက်စလုံး ထမင်းပင် ဟုတ်တိပတ်တိမစားဖြစ်ခဲ့တာလေ။ ဒီမနက် အလုပ် သွားရန်ပြင်စဉ်မှာတော့ အစုံထည့်စဉ်အိုးကြီးက Hungry ဆိုပြီး အချက်ပြနေလေပြီ။

"ဆာလိုက်တာ"

"အောက်ရောက်မှ မုန့်ဟင်းခါး ဆွဲလိုက်ကြတာပေါ့ ကွယ်။ ဟိုတစ်ကောင်တော့ ဗိုက်ထဲရှိသမျှ အကုန်စွန့်နေတာ မပြီးတော့ဘူး။ ဘယ်တော့မဆို သူ့ချည်းပြန်စောင့်နေရတယ်။ လိပ်မ"

"နီကမှ နေးတာပါ မဖူရဲ့"

"အေးလေ, ဒင်းက အပျင်းထူသေးတာမဟုတ်လား။ ကဲပါ၊ မြန်မြန်လုပ်စမ်း! ဆံပင်က ကျစ်ဦးမှာလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း၊ ကလစ်ပဲ ညှပ်လိုက်မယ်"

အင်း. . .ကလစ်ပန်ရင်လည်း ဒင်းပေးထားတဲ့ပစ္စည်း ဆိုပြီး ကိုင်ကြည့်တုန်း မျက်ရည်ဝဲဦးမည်သာ၊ ဘယ့်နှယ် ဖူ့တုန်းကလည်း ဒီလိုခံစားခဲ့ရတာပါပဲ။ သို့သော် အစ်ကိုတွေ အဒေါ်တွေရှေ့မှာမို့ မျက်ရည်မကျဝံ့၊ ကွယ်ရာမှာ တိတ်တိတ်ကလေး ကျိတ်ငိုခဲ့တာ ဖူ့ကိုယ်ဖူပဲ အသိဆုံးမဟုတ်လား။

လူမှန်ရင် အချစ်ဆိုတာနဲ့ တစ်ကြိမ်တစ်ခါလေးတော့ နှမ်းတွေ့ဒူးတွေ့ ကြုံဖူးကြမည်သာ၊ ပြီးတော့လည်း အသည်းကွဲတဲ့ရောဂါကို တစ်ခါလေးဖြစ်ဖြစ် ပါးပါးလေးတော့ ခံစားဖူးကြမှာပါပဲ၊ ဖူလည်း လူထဲကလူတစ်ယောက်မို့ ဒီလိုဝေဒနာကို တစ်ကြိမ်လောက်တော့ မှတ်မှတ်ရရကြုံဖူးခဲ့တာအမှန်ပါလေ။

"ဓတောက်! ခြေထောက်တောင် ညောင်းတယ် ဖူရာ၊ နှင့်ဘဲဘဲထဲမှာ ခပ်ထောထော Boss တစ်ယောက်လောက်ကို ဖန်လိုက်စမ်းပါဟာ၊ ဒါမှ ငါတို့ ဘိုထိုင် Toilet မျိုး သုံးနိုင်မှာ"

"အမယ်လေးဟဲ့၊ သူ့ ဖိမ်ကျကျ အိမ်သာတက်ချင်တာနဲ့ပဲ ငါ့ကို အချောင်ယောက်ျားယူခိုင်းနေပြန်ပါပြီ"

"အမယ်! ရည်းစား ထည်လဲထားနေတာ အချိန်တန် ယောက်ျားယူဖို့ပဲမဟုတ်လား"





"ရည်းစားထားတာနဲ့ပဲ ယူစရာလား။ ယောက်ျားများ ဘာလုပ်ဖို့တုန်း. . .ရှုပ်က ရှုပ်နဲ့ မယူချင်ပေါင်"

ကောက နီနီ့သွေးပေးထားသည့်သနပ်ခါးကို Foundation Cream ပါးပါးလူးပြီး အပေါ်မှ လူးလိုက်လေ၏။ နှစ်ယောက်သား မှန်ရှေ့မှာ လုံချည်လုဝတ်နေတာကို ကုတင်ထက်မှာ ထိုင်လျက်သားဖြင့် ကြည့်နေမိသည်။ ဘယ်လိုပဲပြောပြော ဒီနှစ်ယောက်ကတော့ ထူးမခြားနားပတ်ပျိုးနဲ့ နေ့တိုင်း ဖာတ်ကနေတော့တာလေ။ ဘယ်တော့မဆို လုပြီးအလုပြင်ကြတာကိုး။

"ဟဲ့! ငါ ခေါင်းဖြီးမလို့ပါဆိုနေမှ ခုထိမပြီးနိုင်ဘူးလား နီနီရယ်။ တကတည်း"

"ပြီးပါပြီ မကောရဲ့။ နုတ်ခမ်းဆိုးဖို့ပဲ ကျန်တော့တာကို"

"ပြောကိုမပြောချင်ပါဘူး။ ဘယ်လိုပဲ အိပ်ရာခွဲနိုးနိုး၊ နင်တို့နှစ်ယောက် အိပ်သာလု၊ မှန်တင်ခုံလုတဲ့အကျင့်က ခုထိကို မပျောက်ဘူး။ ငါသာ နင်တို့ရည်းစားဆိုရင် စောင့်ရတာကြာတာနဲ့ စိတ်ပျက်ပြီ. . .ဟင်း"

"မဖူက လုပြီးသားကိုး"

"နင်က လုပြီးသားကိုး"

နှစ်ယောက်သား ပြိုင်တူလှည့်ပြောရင်းမှ အံ့ဩသွားမိ၍



www.burmeseclassic.com

www.burmeseclassic.com

ရူက သူတို့နှစ်ယောက်တင်ပါးကို ပြောင်းခနဲပြိုင်တူရိုက်လိုက်မိလေ၏။ စကားတူရင် အဲဒီလို ဦးသူက ရိုက်တာ ရူတို့အုပ်စုရဲ့ လုပ်နေကျအလုပ်ပါပဲ။

“တူတယ်”

“ပြောင်း!”

“အား...”

“အါ နာလိုက်တာ မရူရာ။ လက်ပြတ်ကြီးနဲ့ ဆော်ရတယ်လို့”

“ကဲပါ။ စကားရှည်မနေနဲ့။ အောက်မှာ မုန့်စားကြဦးမှာနဲ့ အချိန်ကြာဦးမှာ။ Let's go!...”

ဆလင်းဘက် အသီးသီးလွယ်လိုက်ကြသလို လက်ထဲမှာလည်း Plastic File တွေ ကိုင်လိုက်ကြတာက Fashion တူတူပင်။ ကေကတော့ Computer သင်တန်းမှာ လက်ထောက်နည်းပြ၊ နီနီက Mart မှာ တရင်းစစ်ပေးရသည့် ကျွမ်းကျင်သူ၊ ရူကတော့ ဒိတ်ဒိတ်ကျဲကုမ္ပဏီကြီးတစ်ခုမှာ မန်နေဂျာရဲ့ Secretary (အတွင်းရေးမှူး)ပါပဲ။

သုံးယောက်စလုံး ဝင်ငွေခပ်များများရကြပေမယ့် ကေရော နီနီပါ အိမ်မှမိသားစုတွေကို ငွေပို့တတ်ကြတာမို့ စိစစ်သုံး





စွဲတတ်ကြပြီ။ ရူကတော့ ကိုယ်ရှာတဲ့ငွေ ကိုယ်ပဲသုံးစရာရှိတာမို့ အတော့်ကို လက်ဖွာပါ၏။ လှူချင်ရင်လည်း ရက်ရက်ရောရောမျိုးပါ။ ယုတ်စွအဆုံး သူတောင်းစားကို လှူရင်တောင်မှ (အသက်ကြီးကြီး အဘိုးကြီး အဘွားကြီး မလုပ်မကိုင်နိုင်သည့်အရွယ်မျိုးကို ဆိုလိုပါ၏) အိတ်ထဲမှ တစ်ထောင်တန် လျှောခနဲထုတ်ပြီး ကုသိုလ်ယူတတ်သူပင်။

အဲ့ဒီလို ရူက အနှမြောမရှိတတ်၊ အလေးအနက်မထားတတ်၊ အပူအပင်မရှိအောင် နေတတ်သည့်မိန်းကလေးပါပဲ။ သိတယ်မဟုတ်လား။ လောကမှာ သိပ်ကြီး အစွဲအလန်းထားလွန်းရင် နောက်ဆုံးမှာ နလံမထူနိုင်ဘဲ သေရတတ်တာကိုး။ ဒါကြောင့် ရူက ကိုယ့်စိတ်ကို လွတ်လွတ်လပ်လပ်နဲ့ ပေါ့ပေါ့ပါးပါးလေးပဲ ထားတတ်သည်လေ။

“ဒီနေ့ ဘယ်သူလာကြိုမှာလဲ”

“ဘာလဲ”

“သိဘူးလေ၊ မရူက မှတ်တိုင်တိုင်းမှာ လူတစ်ယောက်ဆီ ရှိလို့ အောက်ထပ်က မမိုးတို့က မေမချူရဲ့မှတ်တိုင်များလို့တောင် ရွဲ့ပြောနေကြသေးတာ”

“အမယ်လေးဟယ်၊ သူတို့ပြောမှပဲ ငါက ရည်းစားတွေ



www.burmeseclassic.com

www.burmeseclassic.com



မို့လို့ပေါက်အောင် ထားပုံမျိုးဖြစ်နေပါပြီ။ လူကိုများ မညှာမတာ"

"ဟုတ်တာပဲ၊ နင်က သွားရင် တစ်စီး၊ ပြန်ရင် တစ်စီး နဲ့ ကား Colour ထပ်တယ်ရယ်လို့ မရှိဘူးလေ။ ကြုံပို့ကားမရှိရင်တောင်မှ Taxi ကို နေ့တိုင်းစီးနိုင်တာကိုး"

"သြ့၊ ငါက လိုက်ချင်လို့လိုက်တာမျိုးမဟုတ်ဘူး ကေရေ့။ သိတယ်မဟုတ်လား၊ ပို့ချင်လှပါချည်ရဲ့ဆိုပြီး လူရှေ့သူရှေ့ ကြီး ပွေ့ချီတင်တော့မတတ် ချော့မော့ တောင်းပန်ခယလွန်းလို့ အဲဒီလိုမျိုး လိုက်စီးဖြစ်တာ။ ငြင်းတာလည်း အခါခါ၊ ရမှရတာကိုး။၊ ကားကြုံစီးရတော့ Taxi ခ သက်သာတာပေါ့။ မဟုတ်ဘူးလား"

ဘေးမှရဲလှျောက်ရင်း နှစ်ယောက်သား ဇူ့ပခုံးကို ပစ်တိုက်လိုက်ကြလေ၏။ ဇူက အဲဒီလို ခပ်ပျော့ပျော့နေတတ်သူလည်းဖြစ်ပါသည်။ ဟုတ်တယ်လေ၊ စိတ်ညစ်စရာတွေ ထိုင်တွေးနေရင် ညဘက် အိပ်ပျက်ရတာမျိုးဖြစ်နိုင်တာ ရာနှုန်းပြည့်မဟုတ်လား။ လူ့ဘဝဆိုတာ တိုတိုလေးတဲ့၊ အဲဒီတိုတောင်းလှတဲ့ လောကကြီးထဲမှာ ဘဝကို အဓိပ္ပာယ်ရှိရှိနဲ့ ဖြတ်သန်းကျော်လွှားနိုင်ဖို့က ပိုအဓိကကျတယ်လို့ ဇူတော့ ယူဆထားတာပါပဲ။

"မဇူ မျက်နှာမပူဘူးလား"



"ဘာကိုလဲ"

"အဲဒီလူတွေ မျက်နှာချင်းဆိုင်တွေ့ရင် ဘယ်လိုရှင်းသလဲ၊ ခေါင်းမရှုပ်ဘူးလား"

"မရှုပ်ပေါင်၊ နီရယ်၊ ဆုံတော့လည်း ဒါ ဇူ့မိတ်ဆွေတွေလေ၊ ဇူ့ချာတိတ်ပေါ့ဆိုပြီး မိတ်ဆက်ပေးလိုက်တာပဲ၊ ဇူက ဘယ်သူ့ကိုမှ တရားဝင်မှတ်ပုံတင်ထားတာမျိုးမှ မရှိတာပဲဟာ"

ကေသရီနှင့်နီနီအေးက ဇူ့ကို အသည်းယားပုံဖြင့် ပြုံးတူ ပခုံးတွန့်လိုက်ကြလေ၏။ အဲဒီလိုမျိုး ဇူက လူတွေကို မချင့်မရဲလုပ်တတ်ပါသည်။ လူဆိုတာ မဟုတ်တာလုပ်နေမှသာ လိပ်ပြာမသန့်ဖြစ်တတ်တာမျိုးလေ။ ဇူက မျက်နှာများတဲ့ပန်းပွင့်လေးမှ မဟုတ်ဘဲကိုး။၊

"ပြောမယ့်သာပြောတာ၊ မဇူကိုကြိုက်တဲ့ဘဲဘဲတွေအားလုံးက ရှယ်တွေချည်းပဲ။ အကုန်သန့်တယ်"

"အဲဒါနဲ့များ နင့်ချည်ပေါင်ကြော်ကို ပြန်ကြိုက်ရသလားဟဲ့"

"အာ. . . မကေကလည်း ခင်မောင်ဇော်ပါလို့ဆို"

"သိဘူး၊ ငါလည်း မဥူလိုပဲ နင့်အကောင်ကို သံပုရာသီး ရောက်သီးလို ခပ်ချဉ်ချဉ်ဖြစ်လာလို့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါ့၊ အမြင်ကိုကပ်တယ်"

"ကိုကိုက နှီကို တစ်လလုံးလုံး တကောက်ကောက် လိုက်ခဲ့တာမို့ နှီလည်း အသည်းပျော်ကျသွားရတာကိုး မကေရဲ့"

"ဟွန်း. . . တစ်လလေးနဲ့ ပျော်ကျရတယ်လို့ပဲ။ မိန်းမ သိက္ခာကျတယ်"

"အာ. . . မရူလို့မ မများတာကိုးလို့"

"အေးပါ၊ ပြောပြော. . . ငါ့မှာ များလွန်းလို့ ခါချနေရ တယ်ပဲထားတော့။ အဲဒီနောက်စွကို ပြီးပြီးပြတ်ပြတ်ရှင်းပြီးရင် သန့်သန့်လေးထဲက ရှာရွေးစမ်း နှီ။ အဲဒါမှပဲ ငါတို့စိတ်အေးရ မှာ။ ဟိုက ချစ်လို့ဆိုတာနဲ့ ရေခဲခြစ်လို အမှုန်လေးဖြစ်မသွားစေ နဲ့။ နောက်တစ်ခါ နင်မျက်ရည်ကျလို့ကတော့ နင့်အကောင်ကို ငါကိုယ်တိုင် သတ်ပစ်မယ်. . . ဒါပဲ"

"ဟီဟိ!. . . မရူ့ရဲ့လူတွေထဲက မျှပေးမှာလား"

"ရှင် ယူပါလေ၊ ငါက မြင်မြင်သမျှ ငါ့ဉစ္စာဆိုပြီး ရှုး တတ်တဲ့ ဉစ္စာရှူးမှမဟုတ်တာ။ ယူ. . ."

သုံးယောက်သား ပေါ့ပါးစွာ ရယ်ဖြစ်ကြလေသည်။ အဆောင်အောက်ထပ်မှာ ကိုယ်စီထွက်လာကြသည့် အဆောင် သူတွေထံမှ မျက်စောင်းတွေ ဖျတ်ခနဲရောက်လာလေ၏။ ကေ





သရီနှင့် နှီနှီအေးက အရယ်ရပ်ကာ အနေကျုံ့သွားပေမယ့် ဂူ ကတော့ ဂရုမစိုက်ဟန်ဖြင့် မျက်နှာကို တမင်ပင် မော့ထားလိုက် မိလေသည်။ မိန်းမဆိုတဲ့အမျိုးကိုက မနာလို မရှုစိမ့်စိတ်မာတ် ရှိတတ်ကြတာမျိုးလေ။

"သွားပြီလား သမီးမညို"

"ဟုတ်ကဲ့ အန်တီခန့်၊ ဒီလ ဂူ့ Bonus ရတာ အန်တီ့ ကို ဘာမှဝယ်မပေးရသေးဘူး။ အန်တီ ဘာလိုချင်လဲဟင်"

"နေပါစေကွယ်"

"ဂူတို့မှာ ပြေးကြည့်မှ အားကိုးစရာဆိုလို့ အန်တီတို့ ပဲ ရှိတာလေ၊ စိတ်ချ. . . ညနေ ဝယ်ဖြစ်အောင် ဝယ်လာပေး မယ်နော်"

အဆောင်ပိုင်ရှင်ကို လေသံချိုချို မျက်နှာချိုချိုဖြင့် ပျူ ငှာစွာပြောလိုက်ပြီး အဆောင်ဝင်းရှေ့ မုန့်ဟင်းခါးဆိုင်ကို ချီတက် လိုက်ကြပါ၏။ ဂူ့ကို ဘယ်သူကပဲ အပြစ်ဆိုဆို၊ လူကြီးတွေနှင့် ပန်းသင့်တဲ့နေရာမှာလည်း ဂူက ကျွမ်းကျင်စွာ OK သည့်သူပါ ပင်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃)

"Good morning... ကိုကျော်ရွှာ"

"Morning...မချူး ဘယ်တော့ပဲကြည့်ကြည့် စိတ်ထဲကို လန်းသွားတာပဲဗျာ"

"ကျေးဇူးပါရှင်"

ကုမ္ပဏီအဝင်ဝမှာ ဆုံသည်နှင့် မန်နေဂျာကို ဦးညွတ်နှုတ်ဆက်လိုက်ပါ၏။ ဖူတို့ Boss က အသက်ငါးဆယ်ကျော်လူကြီးပါ။ နာမည်ကတော့ ဦးနေမင်းရှိန်ဖြစ်ပြီး နာမည်နဲ့လိုက်ဖက်အောင် အရှိန်အဝါတောက်ပသူဖြစ်လေ၏။ ဖူတို့ဝန်ထမ်းတွေက ကွယ်ရာမှာ Boss ဟု အစားသုံးသော်ငြား သူ့ရှေ့မှာ



www.burmeseclassic.com

www.burmeseclassic.com



တော့ အနက်ကယ်ဟုသာ တလေးတစားသုံးတတ်ပါသည်။ ရှုတို့ Boss က Secretary မထားဘဲ ကိုကျော်စွာကိုသာ PA သဘောမျိုး(တောင်ဝှေးလို) အားထားတတ်သူပင်။

"ဒီ Uniform က လူ့တိုင်းနဲ့မလိုက်ဘူးကွ။ အသားရောင်ကိုလည်း ဘက်လိုက်သေးတယ်"

Lift ထဲရောက်စဉ် စကားစလိုက်တာမို့ ရှုက ကိုယ့်ကိုယ်ကို ငုံ့ကြည့်လိုက်ပါ၏။ ရှုတို့ကုမ္ပဏီ Uniform က ဆင်စွယ်ရောင်မကျ အသားရောင်မကျသည့် ကြား Colour ကို Blouse ပုံ ကော်လံနှင့် ချုပ်ထားတာပင်။ အောက်က Skirt ကိုတော့ ဒူးဖုံး Mini Skirt အနက်ရောင် ခပ်ချုပ်ချုပ်လေးပါ။

Boss နှင့်မန်နေဂျာမှလွဲ၍ ဝန်ထမ်းအားလုံးဆင်တူဖြစ်ပြီး ယောကျ်ားလေးတွေကိုတော့ အဲဒီအရောင် Shirt အင်္ကျီနှင့် Style Pants အနက်ရောင် တွဲဝတ်စေလေ၏။ ရာထူးကိုအလွယ်တကူသိစေရန် ရင်ဘတ်မှာ ရင်ထိုးအဖြစ် Name brooch အတန်းနက်လေးထက် ရွှေအိုရောင်စာလုံးလက်လက်ကလေးကို တပ်ရပါသည်။

ပို့ကုန်သွင်းကုန်ကုမ္ပဏီမို့ အမြဲတစေ အလုပ်များရသလို Boss သည်လည်း နေ့စဉ်အလုပ်ဆင်းရပါ၏။ ရှု့လုပ်သက် (၂)နှစ်





အတွင်းမှာ လေ့လာရသလောက် Boss မှာ 'မေမီမင်းရှိန်'ဟူသည့်သမီးချောလေးမှလွဲ၍ တခြားအားကိုးစရာသားမျိုး မရှိပါချေ။ မေမီကတော့ အခုမှ Second Year တက်နေသူဖြစ်ပြီး ကုမ္ပဏီကို တစ်ခါတစ်လေ ရောက်လာတတ်သူပင်။

"ရှု့အသားရောင်များ မှောင်သွားလို့လားဟင်"

"ဟာ! ဘယ်ကသာ၊ မညှုအသားက ပိုဝင်းသွားတာပါကွ"

ကျေနပ်စွာ ပြုံးလိုက်မိ၏။ ရှုတို့ကုမ္ပဏီ Uniform က တစ်နှစ်တစ်ခါ Colour ပြောင်းလေသည်။ ရှု စဝင်ကာစတုန်းကတော့ ကြံရည်ရောင်ဖျော့ဖျော့နှင့်အနက်ကို တွဲဝတ်ရတာပင်။ ရှုကတော့ ဘယ်အရောင်ကိုမှ အစွဲအလန်းမကြီးတတ်သလို စိတ်ထဲတွေ့တာကို ဆန့်ကျင်ဘက်မှန်းသိသိကြီးနှင့် ကောက်ဝတ်လိုက်တာမျိုးပါ။ သို့သော် အဲဒီလိုပဲဝတ်ဝတ် ရှုနှင့်လိုက်ဖက်နေတာကတော့ အရင်ဘဝက ဆုတောင်းကောင်းခဲ့လို့ပဲ ထင်ပါရဲ့။

"ကိုယ်ကြားတဲ့သတင်း မှန်နေမလားပဲ"

"ဘာကိုလဲ"

"နောက်လမှာ ဝန်ထမ်းအသစ်တွေ ထပ်ခန့်မှာတဲ့"

"လိုလို့ခန့်တာမျိုးပဲ ဖြစ်မှာပေါ့ ကိုကျော်စွာရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ပြောတတ်ပါ့ဗျာ၊ အဲဒီဝန်ထမ်းတွေထဲမှာ BOSS ရဲ့ သားမက်လောင်းကို GM ရာထူးပေးမှာလို့ ကြားထားသေးတာ အမိရဲ့"

"အဲဒီတော့ ဘာဖြစ်လဲ"

"ဘာဖြစ်ရမတုန်း။ မင်းကို GM ရဲ့ Secretary အဖြစ် ရွှေ့ပေးလိုက်ရင် ကိုယ်သေပြီပေါ့ မဿူရဲ့။ နဂိုကတည်းကမှ BOSS နိုင်းသမျှ ကိုယ်ချည်း ကျုံးလုပ်နေရတာကို မင်း လာဘ်မြင်မြင် နဲ့ ကူလုပ်ပေးနေလို့ အသက်ရှူချောင်နေရတာလေ"

"ဒီငဘောက်လည်း မပူပါနဲ့ ကိုကျော်စွာရယ်။ ကောင်း သွားရင် ငွေလာမှာပေါ့။ မဟုတ်ဘူးလား"

"ကြည့်! ပြောလိုက်ရင် တကယ်ပဲ"

ကိုကျော်စွာ စိတ်ရှုပ်သွားတာကိုကြည့်ပြီး ဇူ ရယ်လိုက်မိပါ၏။ ဒီမန်နေဂျာကိုတော့ ဖုန့်တွဲသည့်လူတွေလို သဘော မထားဖြစ်ဘဲ တကယ့်ကို ဖြူစင်သန့်ရှင်းစွာဖြင့် အစ်ကိုရင်းလို မျိုး ဆက်ဆံခဲ့တာပါ။ ကိုကျော်စွာကိုယ်တိုင်ကလည်း ဇူ့အပေါ် မှာ ညီမအရင်းလို သန့်ရှင်းတာကိုး။ တခြားအမျိုးသားတွေနဲ့ ဇူ က ဘာမဟုတ်ညာမဟုတ် အိစီကလီရိုက်တတ်ပေမယ့် ဤသို့ ရိုးရိုးသားသားအမျိုးသားမျိုးနှင့်လည်း ပေါင်းတတ်ပါသေး၏။





အင်း. . . BOSS သားမက်လောင်းဆိုတော့ မေမို့အတွက် ခင်ပွန်းလောင်းပေါ့။ BOSS ကိုယ်တိုင် ရှာတာဆိုရင်တော့ Special အကောင်းစားပဲ ဖြစ်မှာပါပဲ။ ခပ်သန့်သန့်ဆိုရင်တော့ ကိုကျော်စွာ နဲ့ပြိုင်ဘက်ဖြစ်လာမှာပေါ့လေ။ ကုမ္ပဏီမှာက BOSS ပြီးရင် ကို ကျော်စွာက မင်းသားပေကိုး။ အခုတော့ GM ရာထူးနဲ့ဝင်လာ ရင် ကိုကျော်စွာတော့ ပုလဲရောင်မဝိုန် သရဲအောင်စိန်မဖြစ်ရင် ကံကောင်းလေ။

"ဘာပြုံးတာလဲကွ"

"အဟင်း. . . ကိုကျော်စွာ ၂ ဝင်မလားလို့"

"အောင်မာ! ကိုယ်က ဘာကိစ္စ ၂ ဝင်ရမှာလဲ"

"မပြောနိုင်ဘူးလေ၊ နောက်ပေါက်တဲ့ရွှေကြာပင်က မင်း သားရုပ်အောင် ချောနေရင်လို့ တွေးမိလိုက်လို့ပါ"

"ချောတာလှတာက ဘာအသုံးဝင်လို့လဲ မဿူရယ်။ မင်း တို့မိန်းကလေးတွေအတွက်ကတော့ အရေပြားပေါ်က အလှတရား က အရေးကြီးကောင်းကြီးလိမ့်မယ်။ ကိုယ်တို့လို အမျိုးသားတွေ အတွက်ကတော့ အဆင်းထက် အချင်းက ပိုအဓိကကျပါတယ်"

မပြုံးဘဲ မနေနိုင်ပြန်။ ကိုကျော်စွာဟာ စကားပြောတော့ အတော့်ကို ချိုသာတဲ့ယောက်ျားတစ်ယောက်ဆိုတာကို ဇူ သိ



www.burmeseclassic.com

www.burmeseclassic.com



ပြီးသားပါပဲ။ ရုပ်ရည်သန့်သလိုမျိုး စိတ်ထားပါ ဖြူစင်သန့်ရှင်းသည့်လူတစ်ဦးပါလေ။

"ဒါဆို ရှုတို့ View တုန်းက အန်ကယ်က ချောလို့ခန့်ခဲ့တာမျိုးလား။ မဖြစ်နိုင်တာ။ ရှုက လှတပတလေးမှ မဟုတ်တာချည်း"

"ဟုတ်တယ်၊ ကိုယ့်မျက်စိထဲမှာလည်း မရှုက အလှကြီးမဟုတ်ဘူး"

"ဟာဟာ!. . . သေရောတယ်ပေါ့လေ"

"ဟုင်းသယ်လေ၊ မင်းကို အရည်အချင်းပြည့်ပြီး သွက်လက်ချက်ချာမှုရှိလို့ အန်ကယ်က ရွေးခဲ့တာ"

"အန်ကယ်ပြောသလား"

"ပြောတာပေါ့"

အလို! ရှုဖြင့် တစ်ခါမှ မတွေးကြည့်ခဲ့တာလေ။ အန်ကယ်က တကယ်ပဲ ကုမ္ပဏီအကျိုးကိုကြည့်ပြီးပဲ လူရွေးခဲ့တာပါပဲလား။ မိန်းမမရှိတော့ပေမယ့် ခုချိန်ထိ တခြားအမျိုးသမီးတွေနှင့် သတင်းလွှလွှထွက်တာမျိုးမရှိအောင် စည်းနှင့်ကမ်းနှင့်နေတတ်သည့်လူကြီးလူကောင်းတစ်ဦးပါပဲ။

"တစ်ခုတော့ ရှိတာပေါ့"





"ဘာကိုလဲ"

"မင်းဆီမှာ ဘာမှန်းပြောလို့မရတဲ့ Sense တစ်ခု ရှိနေတာ"

"ဟင်"

"အဲဒါကိုက မင်းကိုဆွဲဆောင်မှုရှိစေတာပဲ မရှု။ ကိုယ်ပြောတာ မှန်ရဲ့လား"

"အဟင်း. . . သိဘူးလေ"

"ဘာမှန်လာဥ လုပ်ချင်တာလဲ။ ပင်နားမှာ ဒီလောက်လိပ်ပြာတွေ ဝဲနေတာများ"

"ဟာ! အဲဒါလည်း ကိုကျော်စွာ သိလိုက်တာပဲလား"

"မသိဘူးမထင်နဲ့၊ ကိုယ့်လက်အောက်က ဝန်ထမ်းကို မျက်ခြည်မပြတ်စောင့်ကြည့်တတ်တာ လူကြီးတွေရဲ့အလုပ်ပဲ"

"ဒုက္ခပဲ"

"ဘာဒုက္ခလဲ"

"ဒါဆို အန်ကယ်လည်း ရှုအကြောင်းကို သိနေတဲ့သဘောပေါ့"

"သိတာပေါ့၊ တောင်ပေါ်ကလူက တောင်အောက်မှာ ဘာတွေလုပ်နေသလဲဆိုတာ အကုန်သိထားပြီးသား။ အလုပ်နဲ့



www.burmeseclassic.com

www.burmeseclassic.com


မသက်ဆိုင်လို့သာ မင်းကိုခေါ်မပြောတာပဲ။ နို့မို့လား. . .မေမဍျူကြော်တော့ လမ်းဘေး ဗယာကြော်ဗန်းထဲ ရောက်သွားလောက်ပြီ''

''သေပြီဆရာ''

မအောင့်နိုင်ဘဲ ပြုံးတူရယ်မိကြလေ၏။ Corridor မှာလျှောက်ခဲ့စဉ် ဝန်ထမ်းတို့က မန်နေဂျာကို ဦးညွတ်အရိုအသေပြုကြလေသည်။ ဖူကတော့ အတွင်းရေးမှူးရာထူးကြောင့် မဟုတ်ပါဘဲ ကိုကျော်စွာကို အစ်ကိုရင်းလိုပင် တရင်းတနှီးပြောဆို ဆက်ဆံလေ့ရှိပါ၏။

''မျက်နှာတော့ ခပ်လျှပ်လျှပ်ပဲ''

''ဘာလို့''

''ဪ, ရောက်လာမယ့် GM က ကိုယ်တို့ကို ဖွတ်ကြီးဖိနေရင်ဆိုပြီး တွေးမိလို့လေ''

''လာဖိတော့လည်း ပြန်တွန်းကန်လိုက်တာပေါ့ ကိုကျော်စွာရဲ့။ ဘာကြောက်စရာများရှိလို့လဲ။ မဟုတ်ဘူးလား''

''နေရာတကာ မင်းရဲ့အိတ်ကပ်ထဲက Pk တွေလို့ချည်းတွေးမထားနဲ့ မဍျူရဲ့။ လျှော့တွက်ရင် Shock ရတတ်တယ်တဲ့''

''အားပါး. . .စကားပုံက အလန်းပဲ။ ဖူ မှတ်ထားဦးမယ်''

''ကြည့်! လူကြီးကို ဘာမကြောက် ညာမကြောက်၊ ဘယ်လိုချာတိတ်မလဲ''

''ကိုကျော်စွာကိုများ မကြောက်ပေါင်။ ဖူ ရှိန်စရာဆိုလို့ ဒီကုမ္ပဏီမှာ အန်ကယ်တစ်ယောက်တည်းပဲရှိတယ်''

''ယုံတယ် ယုံတယ်. . .ဒီခေါက်ရိုးမကျိုးတဲ့ရုပ်ကို ကြည့်ကတည်းက''

ရုံးခန်းရောက်သည်နှင့် ကိုယ့်စားပွဲကို အမြန်သန့်ရှင်းရေးလုပ်ပြီး မန်နေဂျာစားပွဲကိုပါ ရှင်းလင်းပေးရပါသည်။ အားလုံးပြီးသွားမှ အန်ကယ့်ရုံးခန်းသော့ကိုယူ၍ MD ရုံးခန်းကို ဖူ ဝင်ရှင်းလင်းပေးပါ၏။ ဖူတို့ရုံးခန်းနှစ်ခန်းထဲမှာ အရေးကြီးသည့် စာရွက်စာတမ်းတွေ သိမ်းတာမို့ Cleaning ဝန်ထမ်းကို မရှင်းခိုင်းပါချေ။ ပျောက်ရှတာမျိုး မဖြစ်စေချင်တာမို့ ကြမ်းတိုက် တံမြက်လှည်း မှန်တိုက်ကအစ ဖူပဲ တာဝန်ယူ၍လုပ်ပေးပါသည်။

ကိုကျော်စွာနှင့် အတူလုပ်ခဲ့သည့်အတွင်းရေးမှူးမလေးတုန်းကတော့ ဤသို့အောက်ခြေသိမ်းအလုပ်ကို မလုပ်ခဲ့ပါ။ ဖူကတော့ ဒီလိုအသေးအဖွဲ့ကအစ အောက်ကျသည်ဟု မယူဆ



www.burmeseclassic.com

www.burmeseclassic.com



ဘဲ အကုန်သိမ်းကျုံးလုပ်ပေးလေ့ရှိပါ၏။ ကော်ဖီဖျော်တိုက်တာ ကအစ ရေခဲသေတ္တာထဲမှာ ရေသန့်ဘူး ဖြည့်ပေးသည်အထိ အသေးစိတ်လုပ်ပေးလျှင်လည်း စေတနာပါပါနှင့်ပါပဲ။

အဲဒါကြောင့်လည်း ဖူ့ကို မန်နေဂျာ သဘောကျ အား ထားတာဖြစ်မှာပေါ့။ ဖူ့လိုအောက်သက်ကျေခဲ့သည့်မိန်းကလေး ကို လွယ်လွယ်နဲ့ ဘယ်လက်လွှတ်ချင်ပါ့မလဲ။ သူငယ်ချင်းတွေ နဲ့ဆိုလည်း ဖူက မခိုမကပ်လုပ်ပေးကျင့်က စွဲနေပြီလေ။

တစ်ခါတစ်ခါ ဖူ့ကိုယ်ဖူ သတိမထားမိဘဲ ကောနိုနီ့ အပေါ်မှာ သည်းညည်းခံ အလျှော့ပေးတတ်တာမျိုး ရှိတတ်တာ ပင်။ နှုတ်ကပြောလျှင်ဖြင့် သံယောဇဉ်မထားဘူးဘာညာဆိုပြီး ကောတို့နှစ်ယောက် နယ်ကိုခွင့်ယူပြီး ပြန်ကြတဲ့အခါမျိုးမှာတော့ သေလုမတတ် ပျင်းရိနေတတ်တာလေ။

"Morning...မေဖူ"

"ဩော်. . . Good morning Uncle...ဒီနေ့ စောစော ရောက်လာတာပါလား။ ဖူတောင် မှန်သုတ်လို့မပြီးသေးဘူး"

"အေး. . . တမင်စောစောလာတာ သမီးရဲ့။ အိမ်မှာ နားပူလွန်းလို့"

"အန်ကယ့်သမီး နားပူနားဆာလုပ်နေလို့လား"



"အင်း, ဆိုပါတော့။ Second Year ပဲ တက်နေပြီ ကလေးစိတ်က လုံးဝမလျော့ဘူး။ Final ရောက်ရင်ပဲ Engage လုပ်ရတော့မယ်။ 'မောင်ဘုန်းအစား ရင်မောပြီ'"

ဘုရားရေ!. . .'မောင်ဘုန်း' တဲ့၊ စိတ်ထဲ ထင့်သွားသလို ရင်ထဲမှာပါ ဒိတ်ခနဲဆောင့်ခုန်သွားတာမို့ လန့်သွားရပါ၏။ အလို လေးနော်. . . ခြောက်နှစ်ကြာခဲ့တာတောင်မှ ရင်ထဲက အချစ် ဦးကို ယခုတိုင် သတိတရရှိနေတာသေးတာပါပဲလား။

မေ့လိုက်ပြီဆိုတာက နှုတ်ဖျားမှာပဲ ရှိတာပါလား။ ဖူ့ နောက်ကို ဖူ့ဘေးကို ဘယ်လိုကောင်လေးမျိုးပဲလိုက်လိုက်၊ ဆံ ပင်လေးက ကိုကို့လိုပဲဆိုတာမျိုး၊ နှာခေါင်းလေးကလည်း ခပ် ဆင်ဆင်၊ မျက်လုံးလေးက လှဲ့တာလည်းတူတာပဲ၊ နှုတ်ခမ်းလေး ရဲတာကိုက တူတာ၊ ရယ်လိုက်ရင် ပိုတူသွားသလိုပဲဆိုတဲ့စိတ် ကူးယဉ်မှုက ယနေ့တိုင် ရှိနေဆဲပါလေ။

ကိုကို. . . နှစ်ကိုယ်တူဘဝ လက်တွဲခွင့်မရှိ၊ အမုန်းမရှိ ဘဲ လမ်းခွဲခဲ့ရတဲ့နေ့ကို ဒီနေ့အထိ ဖူအမှတ်ရနေတုန်းပါပဲ။ နှုတ် ဆက်စကားမပြောကြေးဆိုပြီး စတင်ကျောခိုင်းခဲ့တာက ကိုကို ပါလေ။ ဖူ့လက်ဖျားကို မလွှတ်စတမ်း တင်းတင်းဆုပ်ကိုင်ခဲ့တဲ့ နွေးထွေးမှုက ယခုတိုင် နွေးနေတုန်းပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



အချစ်ဆိုတဲ့ ပိုင်ချိုချိုတစ်ခွက်ကို ရှု မော့သောက်လိုက်မိတဲ့အချိန်မှာ နှလုံးသားတစ်ခုလုံးကို ကျွမ်းလောင်သွားစေမယ်မှန်း မသိခဲ့ရိုးအမှန်ပါ။ အခု ရှုသိလိုက်တာကတော့ အချစ်ဆိုတာ ဝါးခါစတော့ အချိုဓာတ်ပေးပြီး၊ ကြာလာရင် ဘာအရသာမှမရှိတော့လို့ ထွေးထုတ်လွှင့်ပစ်ရတဲ့ Chewing Gum လို့ခေါ်တဲ့ PK မျိုးပါလေ။



## အခန်း (၄)

"ဘယ်လို! ဘုရားသွားမလို့၊ ဟုတ်လား"

"အင်း"

"ဘယ်ဘုရားလဲ"

"ရွှေတိဂုံ"

လုပ်လာပြန်ပြီ၊ ရင်တွေပူလာမှ ဒီလို ဘုရားတတာမျိုးလေ။ ရှု ငယ်ငယ်တုန်းကတော့ မိဘတွေနှင့်အတူ ရွှေတိဂုံစေတီကို သွားဖူး,ဖူးပါ၏။ ကလေးမို့ ဘာမှမသိနားမလည်ပါဘဲ ရေသပ္ပာယ်နေတာကို 'ဘုရားလေး သနားပါတယ်၊ ချမ်းနေရှာပြီ' ဟုပြောလို့ လူကြီးတွေ ဝိုင်းရယ်ကြသည်ဟု မေမေပြောပြခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

အခုလည်း ရင်အပူလျော့အောင် ဘုရားသွားဦးမယ်ဆိုပဲ။ ဟိုရောက်ရင် လူရှင်းတဲ့နေရာမှာ မကာန်တော့ဘဲ အောင်မြေနေရာမှာ လူတွေနဲ့ကျိတ်ကျိတ်တိုး လုကန်တော့ဦးမှာလေ။ အောင်မြေမှာ ကန်တော့မှ ဆုတောင်းပြည့်မှာတဲ့လား။ အယူကလည်း သည်းပါ့။ ဖူကတော့ သူများနှာခေါင်းရှုံ့စေဦးတော့၊ ဆုတောင်းသည့်အလုပ်ကို ပိုမလုပ်ပါ။

ညောင်စေ့လောက်လှူပြီးမှ ညောင်ပင်ကြီးလောက်ကုသိုလ်လိုချင်လို့ ရပ့ါမလား။ တစ်ကျပ်တန်လှူသလောက် တစ်ကျပ်ဖိုးပဲ ရမှာပေါ့။ ဖူကတော့ ပြုသမျှကုသိုလ်တိုင်းကို ခုနစ်ရက်သားသမီးအကုန် အမျှဝေပေးတာက အကျင့်ဖြစ်နေပြီ။ ထမင်းဟင်း ပို့ချက်ပြီးရင် အဆောင်ရှေ့လာလာနေတတ်တဲ့ခွေးမကြီးသားအမိကို ကြွေရည်သုတ် ပန်းကန်ပြားသန့်သန့်ထဲမှာ ထမင်းနဲ့ဟင်းကို အရသာရှိရှိ နယ်ဖတ်ပြီး ထည့်ကျွေးတတ်ပါတယ်။

အခန်းနောက်ပြတင်း မီးဖိုဆောင်ခေါင်မိုးထက်မှာ သံလင်ပန်းထဲ ဖူတို့စားတဲ့ဆန်ကိုပဲ တစ်ရက် သုံးလေးဘူး ထည့်ထားပြီး ငှက်ကလေးတွေကို အစာကျွေးတတ်ပါသည်။ ဒီလိုလုပ်ရပ်မျိုးကမှ မတောင်းဘဲ ကုသိုလ်ရတာမျိုးမဟုတ်ပါလား။ နောင်ဘဝတွေ ခုဘဝတွေဆိုပြီး ပြောဆိုရှုတ်ဖတ်နေတာထက် လက်





ငင်းအကျိုးကိုပဲ မြင်တတ်ပါသည်။

ငါးပါးသီလမှာ နေ့စဉ် နှစ်ပါးကျိုးစမြဲလို့ အမှန်ဆိုတော့ လူတွေမျက်နှာက ခပ်မှုံမှုံ။ မရည်ရွယ်ပါဘဲ သတ်မိတဲ့ ပုရွက်ဆိတ်ခြင် ဆိုတာက ဒုနဲ့ဒေး။ ဘယ်မှာလုံလို့လဲ။ ပါဏာတိပါတာက်။ စားပါဦးလို့ ဖိတ်မန္တကပြုတတ်ကြတာကို မစားရသေးပါဘဲ စားပြီးပါပြီလို့ အားနာသမှုနဲ့ ငြင်းတတ်မြဲမို့ ကျိုးပြန်ပေါ့ မုသာဝါဒက်။

လုံပါတယ် သုံးပါးဆိုရင် နေ့စဉ်တရားဟောပေးနေတဲ့ ဘုန်းတော်ကြီးတွေ ဘာမိန့်မလဲမသိဘူးနော်။ ဖူက အဲဒီလို ထော်လော်ကန့်လန့်လုပ်တတ်တဲ့အကျင့်မျိုးရှိတဲ့ မိန်းကလေးမျိုးပါပဲ။ အနန္တောအနန္တငါးပါးကို ဦးခိုက်ရှိခိုးပူဇော်တိုင်း အဖေကို စိတ်နာပေမယ့် မာတာပိတုဟူ၍ ထည့်ခေါ်ပူဇော်စမြဲပါလေ။

"ဟင်. . . မရှု"

"ဘာလဲ"

"လိုက်မှာလားလို့"

"ကော့,လိုက်မယ်မဟုတ်လား။ တော်ပြီပေါ့"

"ဟာ. . . မရှုကလည်း။ နီနီပုတီးစိပ်ရင် ကြာလို့ဆိုပြီး မကောက ပျင်းဦးမှာ။ လိုက်ခဲ့ပါ, ဘုရားသွားဖို့ခေါ်တဲ့ဟာ။ ငရဲကျမယ်ထင်နေသလား"



www.burmeseclassic.com

www.burmeseclassic.com



"ပေါက်ပေါက်ရှာရှာ"

ကေကေ ရေဆင်းချိုးနေပြီမို့ ကုတင်ထက်မှာ စာအုပ်တစ်အုပ်နှင့် နပ်မည်ကြံရုံရှိသေး၊ အစီအစဉ်က ပျက်ပြီ။ Sunday လေး Off ရက်ရပါတယ်၊ နားရမယ်မရှိ၊ အပြင်ထွက်ဖို့ပူဆာပြီ။ အဲဒီညှောင်နာနာချာတိတ်မကြောင့်နဲ့တော့ ခက်ပါရဲ့။

"သွားရင်လည်း စောစောသွားတာမဟုတ်ဘူး။ ညနေပဲ စောင်းနေပြီ"

"ဘယ်အချိန်သွားသွား ရတာပဲ မရှုရဲ့။ မနက်တုန်းက အဝတ်တွေ လျှော်ရလှန်းရနဲ့ အားမှမအားကြတာကိုး"

"အေးလေ, အခုည မီးပူတိုက်ရမှာမဟုတ်လား။ အလုပ်ရှိနေတာ ငါနေခဲ့မှာပေါ့"

"နီနီပဲ တိုက်ပေးမှာပါ မရှုရယ်။ ကိုကလည်း ကျုပ့်"

"ဟယ်. . . နင်ပဲ အမြဲတိုက်ပေးနေရတာ ဘယ်ဟုတ်ပါ့မလဲ။ လက်သည်းရှည် ကျိုးမှာစိုးလို့ ပွစိပွစိပြောရင်လည်း နားညည်းရဦးမှာ"

"မရှုကလည်းလေ၊ သူ့ဘဲဘဲတွေ Phone နဲ့ Date တာကျ လှစ်ခနဲထွက်,သွားတွေ့ပြီးတော့ ဘုရားဖူးဖို့ခေါ်တာကို အကြောက်အကန်ငြင်းနေတယ်"





"ဟဲ့! အကျိုးရှိလို့ အကြောင်းက ဖြစ်တာလေ၊ သူတို့တွေ တွေ့ချင်ကြတာက ငါ့ဆီက လိုချင်တာမရလို့ လူမမာ အမဲခြောက် တောင်းသလို တောင်းကြတာမျိုး။ မသွားရင်လည်း ရတာပဲ။ နင့်ကိစ္စက အကျိုးလိုမှ ညောင်ရေသွားလောင်းတာမျိုးလေ၊ သွားပါ သွားပါ. . . မလိုက်ရင်လည်း ငါ့ကို ဒိတ္တိလို့ပြောဦးမယ်။ လိုက်ပါ့မယ်. . . ဒါမှ ဘုရားလည်းဖူး၊ လိပ်ဥလည်း တူးလို့ရမှာ"

"ကြည့်"

ဘာရယ်မဟုတ် ပစိပစပ်များစွာ ပြောလိုက်မိပါ၏။ ရှုက မှန်တင်ခုံရှေ့ အချိန်ကြာကြာမယူတတ်သူမို့ ဘာမှထွေထွေထူးထူးပြင်ရန်မလိုပါလေ။ နေ့ခင်းကတည်းက ရေချိုးပြီး သနပ်ခါးရေကျဲလေးပဲ ဖြစ်သလိုလူးထားတာကို Puff ဘူးဖွင့်ကာ အသာရိုက်လိုက်ပြီး ဆံပင်တိုတို့ကို ဘီးဖြင့် သုံးလေးချက်ဖြီးတာနဲ့ ပြီးချေပြီ။

ဘုရားပေါ်တက်ရမှာမို့ စကတ်တွေ ဘောင်းဘီတွေ ဝတ်ရင် မသင့်တော်သဖြင့် Blouse အဖြူပွပွလေးနှင့် အောက်က လုံချည်အနက်ပြောင်လေးကိုသာ တွဲဝတ်လိုက်ပါသည်။ ဘုရားတက်တိုင်း ဘုရားပေါ်ရှိသမျှ အလှူခံပုံးတိုင်းမှာ တစ်ထောင်စီ



www.burmeseclassic.com

www.burmeseclassic.com



အလျှုငွေထည့်နေကျမို့ သေချာဖယ်ထားသည့် ငွေစက္ကူအသစ်တစ်ထပ်ကို အိတ်ကပ်ထဲထည့်ကာ သုံးလက်စအိတ်ထဲမှလည်း ငွေနှစ်သောင်းကို လိုလိုမယ်မယ်ထည့်လိုက်ပါ၏။

မရှိလို့ မလှူဖြစ်ခဲ့တဲ့ဘဝကြောင့် ဒီဘဝမှာ ဘာဆိုဘာမှမရှိ၊ မိတကွဲ ဖတကွဲ အသိုက်ပျက်ခဲ့ရတာလေ။ ဒါကြောင့် ကြုံတဲ့နေရာမှာတော့ ကုသိုလ်ဖြစ် ဒါနတစ်ခုမဟုတ် တစ်ခု ရှု လှူတတ်ခဲ့တာပါ။ သူများတွေလို ဘာလက်မှတ်ညာလက်မှတ်တွေရအောင် လှူမှ အလှူမဟုတ်။ သေးသေးမွှားမွှားလျှောက်လှူသမျှ အားလုံးပေါင်းရင် ဖူလစဉ်လှူသမျှ အနည်းဆုံး သုံးသောင်းဝန်းကျင်ကျော် ရှိလေ၏။

အကျိုးကိုမမျှော်ကိုးဘဲ လှူဖြစ်တာကို ဖူ့ကိုယ်စောင့်နတ်မင်းနှင့် အတုမရှိ ဗုဒ္ဓမြတ်စွာဘုရားက အသိဆုံးပါပဲ။ နိဗ္ဗာန်ဆိုတဲ့ပန်းတိုင်ကို အရောက်သွားဖို့ထက် လျှောက်နေတဲ့လမ်းက မှန်ကန်ဖို့ အဓိကကျတယ်လို့ပဲ ဖူကတော့ ယူဆထားလေသည်။

''ပြီးပြီလား''

''ပြီးပြီ''

''ဟင်! ဒါပဲလား၊ ဘုရားသွားမယ့်ဟာကို နည်းနည်းပါးပါး မချိုင်းဘူး မဖူရယ်။ တော်ကြာ နီနီနဲ့မကေကြားမှာ မဖူက





မိုက်နေမှာပေါ့လို့''

''ဘာဖြစ်လဲဟယ်၊ ဘုရားမှာ တရားရှာဖို့ပဲမဟုတ်လားကျောင်းအစ်မရဲ့။ ယောက်ျားရှာဖို့မှမဟုတ်တာ၊ မလိုအပ်ဘူး''

ကဲ! မှတ်ကရော။ ဖူက ဒူးနေရာအူး တော်နေရာ တော်ထတ်တတ်စားတတ်ပြင်တတ်ပါသည်။ လူကြားထဲမှာ တစ်ယောက်တည်း ထင်းခနဲဖြစ်နေတာမျိုးမကြိုက်တာမို့ ခပ်မှိုင်းမှိုင်းအရောင်မျိုးကိုသာ ဝတ်လေ့ရှိတာပင်။ သို့သော် ကမ္ဘာ့ဇာတိကိစ္စ ပွဲလမ်းမျိုးရှိရင်တော့ ကိုကျော်စွာနှင့်အတွဲညီရန် ထင်ထင်ပေါ်ပေါ် Colour ကို ရွေးဝတ်လေ့ရှိတာမို့ အမြဲအမှတ်ပိုရတဲ့ဝန်ထမ်းပါပဲ။

''အော. . . မညှုတောင် ပြီးနေပြီ''

''လုပ်လုပ်၊ နင်တို့နှစ်ယောက်ပဲ ကျောက်ပျဉ်လှ မှိန်လှကြတာ။ မြန်မြန်သွက်သွက်လုပ်။ အပြန်မှောင်ရင်လည်း သရဲကကြောက်ဦးမယ်''

''မဖူကျ ဘာလို့ မကြောက်တတ်တာလဲ''

''ဘယ်ကြောက်ပါ့မလဲ. . . သရဲက ရုပ်ချောတဲ့သူကိုမှ မခြောက်တာ''

ကေသရီနှုတ်မှ အသံတိတ်ကျိန်ဆဲသံ ထွက်လာတော့သည်။ ဖူက ဤသို့လည်း ပေါက်တတ်ကရပြောတတ်သူပင်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကိုယ်ကို အားကိုးရသူမို့ ဘာကိုမှမကြောက်တတ်တာ ငယ်ငယ်ကတည်းကပါသော။

"ဟဲ့၊ ဘုရားသွားခါနီး အယုတ္တ အနတ္တတွေ ရွတ်မဖတ်မနေနဲ့။ နင် အစွယ်ထွက်လာလိမ့်မယ်"

"ခွေးစုတ်မ"

အားလုံးပြီးစီးကာမှ အဆောင်မှထွက်ခဲ့ပါ၏။ အပြန်ညဈေးမှာ သစ်သီးလေးဘာလေး ဝယ်ပြန်ဦးမှပါပဲ။ အန်တီခန့်တို့အတွက်ရော ဖူတို့ရဲ့ရေခဲသေတ္တာသေးသေးလေးထဲမှာပါ ထည့်စားလို့ရမှာပါလေသော။

"ဘာစားချင်သေးလဲ"

Taxi ပေါ်မှာမေးတော့ နှစ်ယောက်စလုံး ခေါင်းခါကြတာမှ အမြန်။ ဖူတို့သုံးယောက်က အမြဲတမ်း အပြင်စာ စားရင်း ငွေမဖြုန်းတတ်ကြပါ။ မုန့်ဟင်းခါး၊ အုန်းနို့ခေါက်ဆွဲ၊ အသုတ်စတာမျိုးသာ စားတတ်ပါ၏။ ဖူကသာ မကြာမကြာ အတင်းကြီးလိုက်ကျွေးသည့်အမျိုးသား(တို့)နှင့် ကော်ဖီဆိုင် အအေးဆိုင် ထိုင်တာမျိုး လုပ်တတ်လေသည်။

"ဟိုရောက်ရင် နေရာလုမနေကြနဲ့နော်။ နေရိပ်တဲ့နေရာမှာပဲ ပုတီးစိပ်ကြ။ နေရာရှာနေတာနဲ့ တစ်နာရီကြာနေရင် ငါ





စောင့်မှာမဟုတ်ဘူး။ စောင့်ရတဲ့အလုပ်လောက် စိတ်မရှည်တာမရှိ"

"အေးပါဟယ်"

"ဘုရားပန်း ဝယ်ဦးမလား"

"ဘာလုပ်မှာလဲ၊ ပန်းတင်ချင်ရင် အဆောင်က ဘုရားစင်မှာပဲ ကပ်ပေါ့။ ဒီမှာဆို အခုပဲ ဘုရားပန်းကပ်ပြီး ဦးချပြန်မော့တာနဲ့ နင်တင်တဲ့ဘုရားပန်းက လှည်းပေါ်ပါသွားပြီ"

"မဖူကလည်း"

"မှန်တာပြောတာလေ၊ မဟုတ်လို့လား။ ဘုရားမီးနဲ့ အမွှေးတိုင် ပူဇော်ရင် ပြီးရောပေါ့။ ရော့၊ ဒီမှာပူဇော်ပါလေ့။ ဖယောင်းတိုင်တစ်ထုပ်နဲ့ အမွှေးတိုင်သုံးထုပ် ယူလာတယ်။ လှူချင်ရင် အဲဒီက ဆောင်းတန်းပြင်ဖို့ ရွှေသင်္ကန်းကပ်ဖို့ ရွှေထီးတော်တင်ဖို့ဆိုပြီး သတ်မှတ်ပေးထားတဲ့အလှူခံပုံးတွေထဲ လှူပါလေ့၊ စိတ်တိုင်းကျ"

နှစ်ယောက်သားမျက်စောင်းက ဖူ့ထံပြိုင်တူရောက်လာတော့၏။ အင်း၊ ဖူပြောဆိုပုံနဲ့ ဖူ့ကို ကောင်လေးတွေ အော့ကျောလန့်သွားကြတာပဲထင်ပါရဲ့။ အစကဖြင့် ချစ်လှချည်ရဲ့ဆိုပြီး ဖူ့ကို တယောထိုးသလို ပျစ်ချွဲကပ်နေတတ်ပြီး မတုန်မလှုပ် ဖူ့ပုံစံ



www.burmeseclassic.com

www.burmeseclassic.com



ကို ကြာလာတာနဲ့အမျှ ခပ်ချာချာဖြစ်ကုန်တာလေ၊ ရှုကလည်း ရှုပါပဲ၊ ရှု့ကို လက်စွပ်လိုဘာလို အဖိုးတန်ပစ္စည်း လက်ဆောင် ပေးလာရင် ရှု့ဆီက ဘာပြန်လိုချင်လို့ ပေးတာလဲဟု ဗြောင်ပင် မေးချတတ်တာလေ။

ထာဝရတို့ ရာသက်ပန်တို့ဆိုတဲ့စကားလုံးတွေဟာ စာ ရေးဆရာတွေ တေးရေးဆရာတွေရဲ့ ထည့်လဲသုံးတဲ့စကားလုံး လုလုမျိုးမဟုတ်လား။ အချစ်နဲ့တည်ဆောက်လို့ ကမ္ဘာကြီးဖြစ် လာနိုင်တာမှမဟုတ်ဘဲ။ သစ္စာတွေ မေတ္တာတွေ ချစ်တာတွေ အကုန်လုံးက Money ဆိုတဲ့ငွေလောက် အရာရောက်တဲ့ပစ္စည်း မှ မဟုတ်တာလေ။

ချစ်လွန်းလှပါချည်ရဲ့ဆိုတဲ့ ဖေဖေနဲ့မေမေတောင်မှ ရှု ခြောက်တန်းနှစ်မှာ (စီးပွားရေးမပြေလည်တာကြောင့်) မေတ္တာ ပျယ် လမ်းခွဲခဲ့ကြတာပဲ။ ကံဆိုတာ လူလုပ်မှုဖြစ်တာလို့ပဲ ဆိုကြ ပါစေတော့။ အခုဆို နောက်အိမ်ထောင်နဲ့ အဆင်ပြေပြေ ကား တဝီဝီဖြစ်နေတဲ့ ရှု့ဖေဖေကို တစ်ခါတစ်လေတွေ့ရပေမယ့် (ရှု့ ကိုမမှတ်မိနိုင်တဲ့) ဖေဖေ့ကို မခေါ် မနှုတ်ဆက်ဖြစ်။

အိပ်ရာထဲမှာ လုံးပါးပါး လဲခဲ့တဲ့မိခင်ကို ကလေးအရွယ် လေးနဲ့ နှစ်နှစ်ကျော်ပြုစုပေးခဲ့တဲ့ ကလေးတစ်ယောက်ရဲ့ရင်ထဲ





မှာ နာကြည်းချက်တွေသာ ပြည့်နှက်နေတာ ဆန်းပါတော့မလား။ ကိုယ့်ကိုယ်ကို စိတ်နာမှုရဲ့နောက်ကွယ်က တွန်းအားဖြစ်တည်စေ ခဲ့ပြီး ရှုဟာ အသက်ကြီးလာတာနဲ့အမျှ ခပ်မာမာ ထောင့်မကျိုး တဲ့ ကောင်မလေးတစ်ယောက်ဖြစ်ခဲ့ရတာပင်။

အရင်ဘဝက ဆုတောင်းများ မှားခဲ့လေသလားမသိ အောင် အရွယ်ရောက်လာတာနဲ့အမျှ ချစ်ချင်သူတွေ ပိုင်းပိုင်းလည် ခြင်းရဲ့အဆုံးမှာ အချစ်ဆိုတာကို ပေါ့ပျက်ပျက်မှန့်လိုမျိုး အလေး မထားဖြစ်တော့ဘဲ အမျိုးသားတွေအပေါ် ပါးပါးလေး လိုးတတ် လာခဲ့တာကတော့ ရှု့ဘဝရဲ့ ဘဝပေးသင်ခန်းစာကြောင့်ပါလေ။

"ဓာတ်လှေကား စီးမှာလား"

"လူများတယ်၊ လှေကားကပဲ တက်ကြစို့"

ရှုပင် ဆုံးဖြတ်ကာ လှေကားထစ်တို့ကို ဖြည်းဖြည်းချင်း တက်လာခဲ့ပါ၏။ တနင်္ဂနွေညနေတောင်မှ ဘုရားမှာ လူစည်တုန်း ပါပဲလား။ ကုန်းတော်ရင်ပြင်ထက်ရောက်စဉ် စေတီတော်ကို လက် ယာရစ် တစ်ပတ်ပတ်ပြီးမှ လူနည်းနည်းရှင်းသည့်နေရာမှာ နေရာ ယူလိုက်ပါသည်။

ဘုရား ရေသပ္ပာယ်တာ၊ ဆီမီး ပူဇော်တာတို့ကို သုံး ယောက်အတူလုပ်ကြပြီး အလှူတော်ငွေထည့်ကာ ဘုရားရှိခိုး



www.burmeseclassic.com

www.burmeseclassic.com



ဦးနိုက်ပါ၏။ လှူတာက နည်းနည်း၊ ဆုတောင်းပြီး လိုချင်တာက များများမလုပ်တတ်သည့်ဖုကာ (၁၅)မိနစ်လောက်နှင့် ဘုရားရှိခိုးပြီးချေပြီ။

ပုတီးကိုယ်စီ စိပ်နေကြပြီဖြစ်သည့် သူငယ်ချင်းနှစ်ယောက်ကို အကြာကြီးစောင့်ရမှာမို့ ဟိုဒီငေးရင်း လမ်းလျှောက်ထွက်လာခဲ့ပါသည်။ ဆည်းလည်းသံတချွင်ချွင်က နားဝင်ငြိမ့်ညောင်းကာ ဦးနှောက်ကို ကြည်လင်စေတာ အမှန်ပါလေ။



## အခန်း (၅)

"မပြေးနဲ့လေ၊ ချော်လဲမယ်။ ကျောက်ပြားပေါ်မှာ ရေတွေနဲ့"

နဘေးမှ ပြေးဆော့သွားသည့်ကလေးတစ်အုပ်ကို သတိပေးလိုက်မိ၏။ ဖုကာ ကလေးချစ်တတ်သူမဟုတ်ပေမယ့် ကလေးတွေကို မုန့်ဝယ်ကျွေးတာကတော့ အကျင့်ပါပဲ။ လမ်းပေါ်မှာ မုန့်ပူဆာတာမရလို့ ဂျီကျကျစ်တိုက်နေတဲ့ကလေးကို (အမေကိုလည်း သနားမိသဖြင့်) စားချင်သည့်မုန့်ဝယ်ကျွေးပြီး ချော့တတ်တာ မိဘမဲ့ဘဝကတည်းကပါလေ။

လောကရဲ့ အအေးမြဆုံးအရိပ်တဲ့။ မှန်လိုက်တာနော်။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့်လည်း ဘာအတွက်ပဲ ရင်ပူကြပါစေ၊ ဒီလိုဘုရားအနိုပ်မှာ လာခိုတတ်ကြတာကိုး။ နီနီတစ်ယောက်ကတော့ ချည့်ပေါင်ကြော်နှင့် ပြန်အဆင်ပြေစေရန် အဓိဋ္ဌာန်ပုတီး ဘယ်နှပတ်စိပ်မည်မသိ။ ကေသရီလည်း လစာတိုးချင်နေတာမို့ အားကျမခံ လိုက်စိပ်ကြဦးမှာလေ။

ဖူကတော့ ထိုသို့ပုတီးစိပ်လေ့မရှိပါ။ ညအိပ်ရာဝင်ခါနီး နာရီဝက်ခန့် တရားထိုင်တတ်ကျင့်သာရှိပါ၏၊ အဲဒါထက်ပိုသွားရင်တော့ ခေါင်းငိုက်ပြီး သတိလွတ်တော့တာပါပဲ၊ နီနှင့်ကေတို့က ခေါင်းချသည်နှင့် အိပ်ပျော်တတ်ကြသူဖြစ်ပြီး ဖူကတော့ စာအုပ်တစ်အုပ်ဖတ်ပြီးမှ အိပ်ပျော်တတ်သူမို့ ညအိပ်ချိန်က (၁၀) နာရီကျော်မှ အိပ်တတ်လေ၏။

"ဘယ်ရောက်သွားလဲမသိဘူး"

တနင်္ဂနွေထောင့်နား ရောက်စဉ်မှာ စိပ်ပုတီးကို လက်ကောက်ဝတ်မှာပတ်ပြီး ထရပ်လိုက်သည့်အန်တီကြီး၏ရေရွတ်သံထွက်လာပါ၏၊ 'နေ့စဉ် ကောင်းမှုကုသိုလ်တစ်ခု လုပ်ဖြစ်အောင်လုပ်ပါ၊ ကူညီသင့်သည့်လူကို ကူညီပါ' ဟူသည့်ဆောင်ပုဒ်ကို လက်ခံကျင့်သုံးသူမို့ အန်တီကြီးထံ အကြည့်ရောက်သွားမိလေသည်။





"ကိုအံ့. . ."

တီးတိုးရေရွတ်သည်က အမည်တစ်ခု။ အလို! ထူးထူးဆန်းဆန်းနာမည်မျိုးပါလား။ ကြည့်ရတာ အဖော်ခေါ်လာပြီး လူကွဲပြီထင်ပါရဲ့။ လူကလည်း အရမ်းကြီးမများပေမယ့် ရင်ပြင်ထက် မဟုတ်တဲ့ အထက်စကြံ့ပေါ်ရောက်နေရင်တော့ ရှာရခက်မှာလေ။ မေမေရှိရင်လည်း ဒီအရွယ်လောက်ပဲရှိမည်ဟု ခန့်မှန်းရင်း ကိုယ်ချင်းစာနာမိပြန်လေသည်။

မျက်ဝန်းရိပ်မှာ ဝမ်းသာဟန်မြင်လိုက်ရပါ၏။ အဲဒါတွေ့ပေါ့၊ ဖူ့မှာက အဲဒီလို လူယုံကြည်ရတဲ့အာရုံမျိုး အလိုလိုထွက်နေတာလေ။ ကိုကျော်စွာပြောတဲ့ ဆွဲဆောင်မှုလို့ပဲဆိုပါစို့။

"သမီးရယ်၊ အန်တီ့သားလေး ပျောက်သွားလို့ပါ။ အဲဒါ. . ."

"ဘယ်အရွယ်ပါလဲ အန်တီ၊ သိပ်လည်းမစိုးရိမ်ပါနဲ့။ အလှူခံဌာနက ဂေါပကလူကြီးတွေကို အကူအညီတောင်းရင် အန်တီ့သားကို ပြန်ရှာတွေ့မှာပါ"

မိန့်မိန့်ကြီးပြုံးလေ၏၊ အလို! ဖူ့စကားက ပြုံးစရာလား။ ဖြစ်နိုင်တာကို ပြောပြပါလျက် ဖူ့ကိုချစ်စနိုးပြုံးလိုက်ပုံက ဒီအန်တီကြီးကို တစ်မျိုးပင် ချစ်စရာဖြစ်သွားစေတာလေ။



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး သမီးရဲ့၊ အန်တီ့သားက သမီး ထင်နေသလို ငယ်ငယ်လေးမဟုတ်ပါဘူး။ နောက်ဆုံးနှစ်အောင်ပြီး ဘွဲ့ယူရတော့မယ့်အရွယ်ပါ"

"ပြော်. တော်သေးတာပေါ့။ ဖူးက ဆယ့်လေးငါးနှစ်သားလေးလို့ ထင်လိုက်တာ။ အန်တီက သားလေးဆိုတော့လေ"

အန်တီနှင့်အတူ တီးတိုးရယ်လိုက်မိလေ၏။ သားလေးတဲ့။ ကြည့်ပါဦး. . . ဒီအသက်နှစ်ဆယ်ဝန်းကျင်အရွယ် သားကို အဘယ်မျှချစ်သလဲဆိုတာကို သိသာစေသည်ပဲ။ ကိုအံ့ဆိုတဲ့ ချာတိတ်ရေ. . . မင်းကို ငါတော့ မနာလိုဖြစ်ချင်လာပြီကွယ့်။

"ဘေးနားမှာ စောင့်ပါဆိုတာကို ဘယ်ရောက်သွားလဲ မသိပါဘူး။ အဲဒီကလေးဟာလေ, မအေကို စိတ်မရှည်ဘူး"

"ဘုရားတစ်ပတ်,ပတ်တာမျိုးပဲ ဖြစ်မှာပါအန်တီရဲ့။ လူမြင်သာတဲ့တစ်နေရာမှာပဲ ထိုင်စောင့်နေလိုက်ပါလား။ သူလာရင်မြင်နိုင်တာပေါ့"

"အင်း. . . ကျွတ် ကျွတ်! ခြေထောက်ကျဉ်နေလို့ လမ်းလျှောက်ရခက်နေတာ သမီးရဲ့"

"ဖူး တွဲပေးမယ်လေ၊ ဖြည်းဖြည်းလှမ်း,အန်တီ။ ဒီအရွယ်ချော်ပြုလဲရင် ကုရခက်တယ် အန်တီရဲ့"





"ကျေးဇူးပါပဲ သမီးရယ်"

ရေပ်ဆောင်လှေကားအနီးမှာ အသာထိုင်ချလိုက်ပါ၏။ အကယ်၍ နီတို့လိုက်ရှာကြရင်လည်း ဒီနေရာမှာ ဖူးထိုင်နေတာကို မြင်နိုင်တာမို့ပါ။ အန်တီကြီး၏မျက်နှာက အင်မတန်ငြိမ်းချမ်းပြီး မာန်မာနမရှိသလို သိသာစေလေ၏။ နားထက်မှာ နီလာနားကပ်လေးသာ ပန်ထားတာမို့ မရှိမရှား အဆင့်အတန်းမျိုးဟုခန့်မှန်းမိလိုက်ပါသည်။

"သမီးက တစ်ယောက်တည်းလား"

"သူငယ်ချင်းတွေနဲ့ လာတာပါ အန်တီ။ နှစ်ယောက်က ပုတီးစိပ်ရင်း ကျန်ခဲ့တာပါ"

"သမီးရော စိပ်ပုတီး မစိပ်ဘူးလား"

"ဟင့်အင်း, ဖူးက ပုတီးစိပ်လေ့မရှိပါဘူးအန်တီ။ တရားတော့ နာရိုက်လောက် နေ့စဉ်ထိုင်ဖြစ်ပါတယ်။ စိတ်ငြိမ်စေအောင်ပေါ့"

ဝပ်စုတာမျိုးမဟုတ်ပေမယ့် စကားပြောဖော်ရသလို ပြောတာမျိုးဖြစ်မှာပင်။ ဖူးက စကားများများပြောတာမျိုးကို မုန်းသည့်လူလေ။

"ကောင်းပါတယ် သမီးရဲ့၊ ဒါနဲ့ ဘုန်းကြီးကျောင်းသွား



www.burmeseclassic.com

www.burmeseclassic.com



ပြီး ဥပုသ်ယူတာမျိုးရော လုပ်ဖြစ်လား"

"အဲလိုတော့ မလုပ်ဖြစ်ပါဘူးအန်တီ၊ ဘယ်လိုပြောရမလဲ, အလုပ်ကလည်း နားရက်ရှားတာလည်း ပါတာပေါ့။ ပြီးတော့ မေမေရှိစဉ်ကတည်းကလည်း အဲဒီလို ကျောင်းတွေဘာတွေ သွားလေ့သွားထမရှိခဲ့ဘူးလေ။ များသောအားဖြင့် (၁၀၀)မှာ (၇၅)ရာခိုင်နှုန်းက တရားမှတ် ဥပုသ်ယူတာထက် စကားပြောနေကြတာနဲ့ ကြုံဖူးလို့ပါ။ တချို့ဆို ယောဂီရောင်ကြီး ဝတ်ထားပါလျက်နဲ့ သားရေးသမီးရေးဆွေးနွေးတတ်ကြတာကိုကြည့်ပြီး ကိုယ့်ကိုပါ အပူတွေ ကူးလာတယ်ထင်တာကြောင့်လည်း ပါပါတယ်။ ဒါက ဂျူ့အမြင်ပေါ့နော်၊ လူကြီးတွေကို ပုတ်ခတ်စော်ကားတာမျိုးတော့ မဟုတ်ရပါဘူး။ များသောအားဖြင့် ဂျူမြင်တဲ့အယူအဆလို့ သဘောထားပေးပါ အန်တီ"

အန်တီကြီးက ခေါင်းညိတ်ထောက်ခံလေ၏။ မဆိုးဘူး။ ဒီအန်တီမှာ ဂျူတို့သားသမီးအရွယ်ရှိပေမယ့် လူငယ်တွေရဲ့စိတ်ကို နားလည်တတ်တာလေ။

"ဂျူဆိုတော့ သမီးရဲ့နာမည်က ဘယ်လိုခေါ်လဲကွယ်။ အန်တီ့နာမည်က ဒေါ်အေးသန္တာပါ"

"လှလိုက်တာ၊ နာမည်ရော လူပါ အေးတဲ့သူပါပဲ အန်တီ။ ဂျူ့နာမည်က မေမဂျူကျော်ပါ"

"သြော်. . . သမီးနာမည်က ခမ်းနားတာပါလား။ မေမေရှိစဉ်ကတည်းကလို့ပြောတာဆိုတော့ သမီးမှာ မိခင်မရှိတော့ဘူးလားလို့"

"ဟုတ်ကဲ့ မိဘတွေမရှိကြတော့ပါဘူး အန်တီ။ ဂျူ ငယ်ငယ်ကတည်းက အလယ်တန်းလောက်ကပေါ့။ မရှိတော့ပါဘူး"

ဟုတ်ပါတယ်၊ တကယ့်ကို ဂျူ့ဘဝထဲမှာ မရှိတော့တာမို့ လိမ်ညာစကားတော့ မဟုတ်လောက်ပါလေ။ မေမေကတော့ ထားပါတော့၊ ဂျူ့ကိုစွန့်ခဲ့တာ နောက်ဘဝတစ်ပါးသို့ ကူးပြောင်းသွားတာကိုး။ ဒါဆို ဖေဖေကရော, ဘာထူးလဲ၊ ဒီဘဝမှာ မေမဂျူကျော်ဆိုတဲ့သမီးလေး သက်ရှိထင်ရှားရှိနေပါလျက်နဲ့ စွန့်ပစ် ချန်ထားရစ်ခဲ့တာပဲမဟုတ်ပါလား။

"ဖြစ်မှဖြစ်ရလေ၊ အခု သမီး ဘယ်သူနဲ့အတူနေလဲ"

"သူငယ်ချင်းတွေနဲ့ပဲ အဆောင်နေရင်း အလုပ်လုပ်ပါတယ် အန်တီ"

"အလုပ်ကရော အဆင်ပြေရဲ့လားကွယ်"

"ပြေပါတယ် အန်တီ၊ ကုမ္ပဏီအလုပ်ဆိုတော့ နည်းနည်းပါးပါးတော့ ပင်ပန်းတာပေါ့"







www.burmeseclassic.com

www.burmeseclassic.com



"ကြိုးစားပေ့ါ သမီးရယ်၊ လူဆိုတာ တစ်ယောက်တည်း ဒီဘဝကိုရောက်လာပြီး အဖော်မပါဘဲ ပြန်သွားရမှာ မမှတာလေ။ ရှိတုန်းအခိုက်မှာ ကုသိုလ် ဒါန သီလ မမေ့ဘဲ တစိုက်မတ်မတ် ပြုလုပ်ဖြစ်ရင် ဘဝကူးဖို့ လွယ်ကူအောင်မြင်နိုင်ပါလိမ့်မယ်"

"ဟုတ်ကဲ့ပါ အန်တီ၊ ဖူ့ကို ဒီလိုပြောပြဆုံးမပေးတဲ့ အတွက် အန်တီ့ကို ဖူ ကျေးဇူးအများကြီးတင်ပါတယ်ရှင်"

"အန်တီကလည်း အန်တီ့ကိုအဖော်ပြုပေးတဲ့အတွက် သမီးကိုကျေးဇူးတင်နေတာပါကွယ်"

စကားလည်း ပြောလို့ကောင်းပါရဲ့။ ခုထိ ဟိုနှစ်ယောက် ပေါ်မလာသေးပါလား။ စိပ်ပုတီးမတ်တစ်ထောင်ပြည့်အောင်များ စိပ်နေသလားနော်။

"သားကလည်း ကြာလိုက်တာ"

"အန်တီ့သား မြန်မြန်ရောက်စေချင်တဲ့နည်းရှိပါတယ် အန်တီရဲ့"

"ဘယ်လိုလုပ်ရမှာလဲ"

"ဟိုမြင်နေရတဲ့နေရာကို သွားရုံလေးပါ"

အန်တီက သဘောပေါက်သွားပြီး ဖူ ညွှန်ပြလိုက်သည့် ဂေါပကအလှူခံမဏ္ဍပ်ရှိရာဆီ အတူလျှောက်လာခဲ့ပါ၏။ အလှူ





ငွေထည့်ရန် ဖူ ငွေထုတ်လိုက်စဉ် အန်တီကလည်း ဖူ့လက်ထဲသို့ တစ်ထောင်တန်အသစ် လေးငါးရွက် ကမ်းပေးလိုက်လေသည်။

"ပေါင်းပြီးပေးလိုက်မယ်နော် အန်တီ"

"ကောင်းတာပေ့ါ သမီးရဲ့"

ဂေါပကလူကြီးကို တီးတိုးပြောလျက် ဖူက အလှူငွေထည့်ပေးလိုက်ပါ၏။ စက်စမ်းနေသည့်လူကြီးက မိုက်ကိုကိုင်လျက် အသံသြကြီးဖြင့် ကြေငြာချေပြီ။

"ဟယ်လို! ဟယ်လို!"

"တီ! တီ! တူ!"

"ဟုတ်ကဲ့, ယနေ့ကြွလာ မိတ်သဟာ ချမ်းသာကိုယ်စိတ်မြဲကြပါစေ။ ဟုတ်ကဲ့ခင်ဗျာ၊ ရွှေတိဂုံစေတီ ဘက်စုံပြုပြင်ရေး အတွေတွေစရိတ်ကုသိုလ်အဖြစ် အနန္တော အနန္တငါးပါးကို ဦးခိုက်ပြီး ဒေါ်အေးသန္တာနှင့် မမမဉ္ဇူတို့တူအရီးက ကျပ်ငွေတစ်သောင်း ပါဝင်လှူဒါန်းသွားကြပါတယ်။ ပြုပြုသမျှ ကုသိုလ်ကောင်းမှုအတွက် ယခုဘဝပင်မက နောင်ဘဝထိတိုင် ကောင်းခြင်းက ငါးဖြာ, ပြည့်စုံခြင်းဆယ်ပါးနှင့် စိတ္တသုခ ကာယသုခ နှစ်ဖြာ ပြည့်ဝစေကြောင်း ကျွန်တော်များ ဂေါပကအဖွဲ့ သာဓု



www.burmeseclassic.com

www.burmeseclassic.com



အနုမောဒနာ ခေါ်အပ်ပါတယ်ခင်ဗျား. . . သာဓု. . . သာဓု. . . သာဓု. . .''

''ကြော်, ဟုတ်ကဲ့၊ မောင်အံ့မင်းကို ခင်ဗျာ၊ မိခင်ကြီး စိတ်ပူနေပါသဖြင့် ရှိနေရာနေရာမှ ယခုကြေငြာရာမဏ္ဍာပ်ဆီသို့ အမြန်ဆုံးလာရောက်ပါရန် အသိပေးအကြောင်းကြားအပ်ပါသည်၊ မောင်အံ့မင်းကို ခင်ဗျာ၊ မိခင်ကြီးစိတ်ပူနေပါသဖြင့်. . .''

ရှု မပြုံးဘဲမနေနိုင်တော့ပေ။ ရှုတို့လုပ်ရပ်က လူရယ်စရာဖြစ်နေပြီကိုး။ ဘေးမှဖြတ်သွားသည့်လူတွေပင် ပြုံးစိစိကြည့်သွားကြတာ မနည်း။ ဘယ်တတ်နိုင်ပါ့မလဲလေ၊ အဓိကကျတာက အန်တီနဲ့သူ့သား ပြန်တွေ့ဖို့ပဲမဟုတ်လား။

''မေမေ''

''ဟေ''

အူလျားဖားလျားဖြင့် ရောက်လာသည့်လူငယ်လေးကို ရှု ငုံ့ကြည့်လိုက်မိ၏။ အလို! အင်မတန်အပြစ်ကင်းလှတဲ့ ချာတိတ်ပါပဲလား။ ဆံပင်ညိုဖျော့ဖျော့လေးက ခပ်တိုတို၊ ရုပ်အဖြူလက်တိုနှင့် ပုဆိုးအနက်ကွက်လေး ဝတ်ထားတာမို့ ရှင်းသန့်သည့်ရုပ်ကလေးကို ထင်းခနဲမြင်သာစေတာလေ။ မျက်နှာထက်မှာ ရှက်ရဲရဲမို့ ပန်းရောင်သန်းနေလျက် စိုးရိမ်တကြီးရောက်လာပုံကိုက





အရောသောပါးနဲ့ပါလား။

''သား. . . ကိုအံ့''

''မေမေကလည်းဗျာ၊ ကျွန်တော် Toilet ဝင်နေတာကို၊ မိုက်ကြီးနဲ့ အော်ရတယ်လို့''

''ဟယ်. . . မသိလို့ပါ သားရယ်။ ပြောတော့ဖြင့် မေမေ့အနားမှာ ငြိမ်ငြိမ်လေး နေပေးပါ့မယ်ဆိုပြီး ပျောက်သွားတာကိုး။ မေမေလည်း စိုးရိမ်တာနဲ့ ဒီကသမီးလေး ကူညီတာနဲ့ သားနာမည်ကို ခေါ်လိုက်မိတာပါ။ စိတ်မဆိုးပါနဲ့ သားရယ်''

သူက စိတ်ရှုပ်သွားပုံဖြင့် မျက်နှာမှုကုပ်ကုပ်အကြည့်က ရှု့ထံ ဖျတ်ခနဲရောက်လာလေ၏။ ကြည့်ပါဦး၊ ဘယ်လောက်များ ချစ်စရာကောင်းတဲ့ကောင်လေးပါလဲနော်။ မျက်နှာကိုမြင်ရုံနဲ့ စိတ်ထားဖြူစင်တဲ့ကောင်လေးမှန်း သိသာစေတာလေ။

''အဲဒါ မိစုကြောင့် မေမေရဲ့။ ချဉ်ရည်ဟင်းချက်ရင် ချင်းထည့်ချက်ပါဆိုတဲ့ဟာ နည်းနည်းပဲထည့်လို့ ကျွန်တော် ဗိုက်နာတာ''

''အေးပါ၊ အိမ်ရောက်ရင် မိစုကို မေမေဆူပါ့မယ်။ သမီးကိုမှတ်ထားနော်၊ မေမ္ဘူတဲ့''

မကြည့်သလိုအကြည့်နှင့် နှုတ်ခမ်းတင်းတင်းစေ့ထား



www.burmeseclassic.com

www.burmeseclassic.com



သည့် သူ့မျက်နှာပေါ်မှာ အပြုံးက မရှိပါလေ။ ဒီကောင်လေးက တော့ အိမ်မှာ အလိုလိုက်ခံရတဲ့သားလေးပဲ ဖြစ်မယ်ထင်ပါရဲ့။ အလိုမကျသည့်မျက်ဝန်းကို ဖျတ်ခနဲ မျက်လွှာချသွားတာကိုက ယောကျာ်းလေးမဟုတ်သည့်နှယ်လေ။

## အခန်း (၆)

"မနက်ဖြန် Meeting…တဲ့"

"ဟာ! သွားပါပြီ ဒီလောက်အလုပ်တွေ ရှုပ်နေတာကို Boss ကတော့ကွာ"

"မညည်းလိုက်နဲ့ ကိုကျော်စွာရေ၊ ညနေမပြန်ခင် အန်ကယ်က ဖုန်းနဲ့ကိုကျော်စွာကို မပြန်ဘဲ စောင့်နိုင်းထားသေးတယ်။ ပြောစရာရှိလို့ဆိုလားပဲ"

ကိုကျော်စွာ့ထံမှ 'ဟူး' ခနဲ သက်ပြင်းမှုတ်သံ ထွက်လာလေ၏။ လလည်း ကုန်ပြီမို့ လစာစာရင်းတွေနှင့် ရှုပ်ယှက်ခတ် နေတာလေ။ ဖုတ်ကုမ္ပဏီက လဆန်းငါးရက်မှ လစာထုတ်ပေး



ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



လေ့ရှိပါသည်။ ဒီလက (၃၁)ရက်,သပ်တာမို့ ပျက်ရက် ပိတ်ရက် နားရက်စာရင်းတွေကို စစ်တမ်းကောက်တာ တစ်ရက်တည်းနှင့် မပြီး။ အနက်ကယ်က လဆန်းသုံးရက်မှာ ကိုကျော်စွာထံမှ လစာစာရင်းကို အပြီးသတ်လက်ခံတာလေ။

အခု နှစ်ရက်ရောက်တာတောင်မှ တစ်ကုမ္ပဏီလုံးက စာရင်းမစုံသေးပါချေ။ အရင်တုန်းကတော့ ဒီအလုပ်ကို သပ်သပ်လုပ်ပေးရသည့် မန်နေဂျာ ရှိခဲ့ပါ၏။ သို့သော် လစာ မှားတွက်တာ၊ ငွေပျောက်ရှုပြဖိတာ၊ စာရင်းလိမ်တင်တာတို့ ဖြစ်သွားသောကြောင့် ထိုမန်နေဂျာကို အလုပ်ဖြုတ်ပစ်လိုက်တာပင်။

ဒီတော့ အဲဒီတာဝန်က ရုတ်တို့နှစ်ဦးထံ ပုံကျလာခဲ့တာလေ။ Basic Payment က ဘယ်လောက်၊ Bonus က ဘယ်မျှ Day ကြေးက ဘယ်လို၊ ပျက်ရက်က သပ်သပ်ပြန်နုတ်ဖြင့် ရှု့လက်ထဲမှာ Voucher တွေက ရေးရှုမပြီးသေး။ အနက်ကယ့်ထံ File သွားပို့ရာမှ ဒီသတင်းယူခဲ့ရတာမို့ ရှုလည်း ရင်ဆိုတာ အမှန်ပါပဲ။

"ဘယ်နှယောက်စာ ပြီးပြီလဲ မရှူ"

"မေးမနေနဲ့၊ ရုတ်တို့ဌာနအတွက် တစ်ခုမှမတွက်ရသေးဘူး"





"ကိုယ်တို့ဌာနက ပျက်တဲ့သူ သိပ်မရှိတော့ ဖယားမရှုပ်လောက်ပါဘူး မရှူရဲ့။ ဒီညတော့ မင်းနဲ့ကိုယ် OT ဆင်းရတော့မယ်ထင်တာပဲ။ ဒါမှ မနက်ပြန်ညနေလောက် BOSS ကို စာရင်းပေးနိုင်မှာ"

ရှု နားခေါင်းရှုံ့လိုက်မိပါ၏။ ကျန်ခဲ့တဲ့တစ်ပတ်ကလည်း သချုပ်စာရင်းရှိလို့ဆိုပြီး တစ်ပတ်လုံးလုံး ညကိုးနာရီခွဲထိ OT ဆင်းခဲ့ရတာလေ။ အဆောင်ပြန်ရောက်တာနဲ့ စကားပင် မပြောနိုင်တော့တဲ့ ပင်ပန်းလွန်းလို့ ထိုးအိပ်ခဲ့ရတာ ကြာပေါ့။ အခုလည်း ထပ်ဆင်းရဦးမှာဆိုရင်တော့ သေဖို့ပဲရှိတော့တာလေ။

ရုတ်တို့စာရင်းကို ရုတ်တို့လုပ်ပါမှပဲ စိတ်ချလက်ချရှိတာမို့ တခြားလူကို လက်လွှဲမရ။ OT ဆင်းတဲ့အခါမျိုးမှာ ညစောင့်ဦးဘအောင်နှင့် မောင်သောင်းတို့ တစ်လှည့်စီသာ စောင့်ပေးကြပြီး ရှုနှင့်ကိုကျော်စွာပင် အမြဲဆင်းခဲ့ရတာလေ။

"ပျက်ရက်မရှိတဲ့လူစာရင်း ကိုယ့်ကိုပေးလိုက်လေ။ အိမ်တနေ တွက်လာပေးမယ်။ မရှူ သက်သာတာပေါ့"

"ညဆယ်နာရီကျော်မှ ပြန်ရောက်မယ့်ဟာ ဘယ်အချိန် အလုပ်သွားလုပ်မှာလဲ"

"မနက်စောစောလုပ်ရင် ဖြစ်တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



“မလုပ်ပါနဲ့ ကိုကျော်စွာ၊ အလုပ်လာတာ နောက်ကျမှ အန်ကယ် ဒေါပွနေလိမ့်မယ်။ အလုပ်သမားအသစ်လည်း မြန်မြန် ခန့်မှပါပဲ၊ ဒီမှာလည်း သေတော့မယ်”

“အေး, ခေါ်တဲ့လူက ဘာမှမလုပ်တတ်ဘဲ အစအဆုံး သင်ပေးရမှ သေပါ မဥ္ဇူရဲ့။ အခု မသေနဲ့ဦး”

စိတ်ရှုပ်သည့်ကြားမှ တစ်ချက်ရယ်ဖြစ်လေ၏။ အခုမှ လူလည်း ယက္ကန်းစင်က လွန်းလို ဟိုဒီပြေးရင်း မောနေရတာလေ။ ဟုတ်တာပဲ၊ ဝန်ထမ်းအသစ်ခန့်တဲ့အခါ ကျွမ်းကျင်သူက ပါဦးမှ။ အလုပ်သင်ဝန်ထမ်းတွေသာ များနေရင် ဖူနဲ့ကိုကျော်စွာပဲ မောရမှာကိုး။

“ဆာလိုက်တာ၊ ထမင်းချိုင့်ပါလား မဥ္ဇူ”

“No! ”

“ဒါဖြင့် ကိုယ်မှာလိုက်မယ်လေ၊ ဘာဟင်းနဲ့ စားချင်လဲ”

“ရတယ်၊ ဖူက အစားမရွေးဘူး ကိုကျော်စွာ”

“OK! ”

ကိုကျော်စွာက Phone ဖြင့် ထမင်းဆိုင်ကို လှမ်းမှာနေစဉ် ဖူက Computer ခုံမှာ ထိုင်လိုက်ပါ၏။ နေ့လယ်တစ်နာရီ



တောင် ရှိနေပြီ၊ ခုထိ ထမင်းမစားရသေးတာလေ။ အဝင်အထွက် ဖွဲ့စည်းစာရင်းကို Save လုပ်လိုက်ပြီး အကြမ်းတွက်ထားသည့် လူစာရင်းနှင့် လစာကို စာစီနေစဉ် Intercom မှ တီ!ခနဲ အသံ မြည်လာလေ၏။

“မေမဥ္ဇူ. . . ခဏ”

သေစမ်း! ဒီမှာ ခုံပြန်ထိုင်ရုံရှိသေး၊ Boss က ခေါ်ပြန်ပြီကိုး။ GM ရောက်လာရင်တော့ ဖူတို့အလုပ်တွေ ပါးနိုင်ကောင်းပါရဲ့။ ခုမှ ဖျတ်ခနဲထလိုက်စဉ် ဗိုက်ထဲမှ ထိုးအောင့်သွားတာမို့ မျက်နှာတစ်ချက်ရှုံ့သွားရလေ၏။

“ဘယ်လဲ”

“Boss...ခေါ်လို့”

ကိုကျော်စွာ မေးဆတ်ပြတာကို တိုတိုတုတ်တုတ်ဖြေလိုက်ပြီး အခန်းတွင်းမှ ထွက်လိုက်ပါ၏။ Hall ခန်းကိုဖြတ်ကာ MD ရုံးခန်းတံခါးကို နှစ်ချက်ဆင့် ခေါက်လိုက်ပါသည်။

“ဒေါက်! ဒေါက်! ”

“Come in! ”

တံခါးကိုတွန်းဖွင့်ဝင်လိုက်စဉ် အန်ကယ်က Phone ပြောလက်စနှင့် ဖူ့ကို ထိုင်ခုံမှာထိုင်ရန် လက်ပြလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



စားပွဲရှေ့ထိုင်ခုံမှာ ရှု အသာဝင်ထိုင်လိုက်ချိန်အထိ Phone ပြောလို့မပြီးသေးပါလေ။

"Sweety! သိပ်ကျိမကျနဲ့ကွာ၊ ဒီမှာ ဒက်ဒီ အလုပ်တွေ ရှုပ်နေတယ်။ ဘာလို့ ကုမ္ပဏီလာမှာလဲ။ သမီးကို ဘယ်သူမှ ဂရုစိုက်အားမှာမဟုတ်ဘူး။ မမျှလည်း မအားဘူး။ တော်ပြီ Baby ...Bye! "

အန်ကယ်က Phone ကိုပိတ်လိုက်ပြီး ပန်းတွန့်ပြလေ၏။ ဒီသမီးတစ်ယောက်တည်းရှိနေတာ အန်ကယ့်အတွက်တော့ အမိုက်ဖြစ်နေပြီထင်ပါရဲ့။

"မေမီလေ၊ ဂျစ်နေလို့"

"ဟုတ်ကဲ့"

"မမျှ"

"ရှင်. အန်ကယ်"

"မင်း ရုံးလာရင် Taxi နဲ့မဟုတ်ဘဲ ဘာလို့ နောက်ဆုံးပေါ်ကားတွေက Colour စုံ မထပ်တာလဲကွ"

ဟိုက်! သေပြီ၊ ရှု့ကိုချစ်လို့ဆိုပြီး အတင်း ဖယ်ရီလိုက်ပို့ကြတဲ့ အမျိုးသားတွေရဲ့ကားကိုမှ Boss က တွေ့ရတယ်လို့။ ကိုကျော်စွာ ပြောဖူးပေမယ့် ရှုက မေ့မေ့လျော့လျော့ပဲ နေခဲ့မိတာလေ။ အခုတော့ အလုပ်ရှုပ်နေတဲ့ကြားက ရှု့ကို ခေါ်ဆူရတယ်လို့။

"Best Friend လား၊ Boy Friend တွေလား"

"သူငယ်ချင်းတော့ သူငယ်ချင်းပါပဲ အန်ကယ်၊ ဒါပေမဲ့"

"ဒါပေမဲ့ဆိုရင်တော့ မင်းရဲ့ကြိုးစတွေပဲ ဖြစ်မယ်ပေါ့၊ ဟုတ်လား။ အဲဒီလိုပဲ လမ်းကြုံခေါ်တင်သမျှ လိုက်နေကျလား မေမျှ"

"မဟုတ်ပါဘူး အန်ကယ်၊ သူတို့အတင်းခေါ်တာနဲ့ အားနာလို့ လိုက်စီးဖြစ်တာပါ။ အန်ကယ်ထင်သလိုမျိုးမဟုတ်ပါဘူး"

"Propose လုပ်ထားတဲ့ ချာတိတ်တွေပဲလား"

"ဟုတ်"

ရှက်ရမှာထက်. ရယ်ချင်စိတ်က ပိုဖြစ်လေ၏။ အခုမှပဲ ရှု့အဖြစ်က ကျောင်းအုပ်ဆရာကြီးရှေ့ ရောက်နေတဲ့ State ကျောင်းသူလေးနှယ်လေ။

"ဘယ်တစ်ယောက်ကို ပြန်ချစ်မှာလဲ"

"အာ. . . အန်ကယ်ကလည်း မဟုတ်တာ"

"ငြင်းမယ်မကြံလေနဲ့ မေမျှ။ သမီးကို အန်ကယ်စောင့်ကြည့်နေတာ ကြာပြီ။ ကုမ္ပဏီအလုပ် မလစ်ဟင်းတာရယ်၊ ဒီ





www.burmeseclassic.com

www.burmeseclassic.com



ထဲမှာပဲ လိုက်မွေ့တာမျိုးမဟုတ်လို့ရယ်ကြောင့် ဘာမှမပြောဘဲ နေနေတာ။ မိဘတွေမရှိကြတော့လို့ သမီးကိုယ်သမီး ထိန်းမတ် နေရတာကိုလည်း အန်ကယ် နားလည်ပေးနိုင်တယ်။ ဒါပေမဲ့ ဒီလိုတော့ ကောင်လေးတွေနဲ့ မရှင်းမရှင်းဇာတ်လမ်းတွေ ထပ် မတွင်နဲ့တော့လို့ အန်ကယ် ပြောချင်တယ်''

''အန်ကယ်''

''စေတနာနဲ့ပြောတာပါ သမီး။ အန်ကယ်လည်း သမီး မိန်းကလေးမွေးထားတဲ့သူမို့ သားသမီးချင်း ကိုယ်ချင်းစာလို့ ဆုံးမ ရတာ။ သမီးအရွယ် သမီးရုပ်ရည် သမီးအရည်အချင်းနဲ့ အဆင့် အတန်းရှိရှိလူတန်းစားထဲကလူမျိုး ရွေးလို့ရပါတယ်။ ဒီလိုမျိုး ဟိုလည်းမဟုတ် ဒီလည်းမဟုတ် ချာတိတ်တွေနဲ့တော့ အပျော် သဘော မကစားပါနဲ့ကွယ်။ မိန်းကလေးဆိုတာ နာမည်ပျက်သွား ရင် လူတောမတိုးနိုင်တော့ဘူး။ အန်ကယ်ပြောတာ နားလည်ရဲ့ လား''

''ဟုတ်''

''ချစ်သူရွေးပြီး လက်ထပ်ဖို့အစီအစဉ် ရှိလို့လား''

''အာ. . . မရှိသေးပါဘူး''

''မရှိဘူးဆိုရင်လည်း နည်းနည်းတော့ ဆင်ခြင်သင့်တာ

ပေါ့ သမီးရယ်။ သမီးဆီမှာ လူမြင်တာနဲ့ ချစ်စရာမျက်နှာလေး ရှိလို့ ဒီလိုမျိုး ချာတိတ်တွေ ဝိုင်းကြိုက်တာမှန်း အန်ကယ် သိ ပါတယ်။ ကိုယ်တကယ်ချစ်တဲ့လူတစ်ယောက်ကိုရွေးပြီး ရာသက် ပန်လက်တွဲဖို့ရှိလာရင် အန်ကယ့်ကိုပြောပေါ့။ သမီးအတွက် သတို့ သမီးမိဘနေရာမှာ အန်ကယ် နေရာယူပြီး အစစအရာရာ စီစဉ် ပေးမှာပါ။ ဟုတ်ပြီလား''

''ဟုတ်ကဲ့ပါ အန်ကယ်''

မျက်ရည်ပင် ဝဲသွားရပါ၏။ သူစိမ်းကမှ ဖူ့ကို ဒီလိုစေ တနာထားတာကို မျက်မြင်ကိုယ်တွေ့ သိခဲ့ရတာလေ။ သွေးသား တော်စပ်တဲ့ ဝမ်းကွဲအစ်ကိုတွေကတောင် ဖူ့ကို ဒီလိုမျိုး ကြင်နာ မှု မပေးခဲ့တာမို့ မေတ္တာဆိုတာ ဖူ့အတွက် အလျှားအနံမရှိ၊ အသွားအပြန်မရှိတဲ့နေရာဟု တစ်သမတ် စွဲမှတ်ခဲ့တာ မှားနေပါ ရောလား။

ကိုကို. . . ကြင်နာမှုနောက်ကွယ်က နာကျင်ခြင်းတွေ ကိုသာ ဖူ ကြိုမြင်ခဲ့မိရင် ချစ်တယ်ဆိုတဲ့စကားတစ်ခွန်းကို လွယ် လွယ်လေး ပြန်ပေးခဲ့မှာမဟုတ်ပါလေ။ လွယ်လွယ်ပဲ ပြန်ရခဲ့တဲ့ အချစ်ကို ခပ်လွယ်လွယ်စကားနဲ့ မေ့လိုက်ကြစို့ဆိုတဲ့စကားက ဖူ့ဘဝမှာ ဘယ်တော့မှ မပျောက်ပျက်နိုင်တဲ့ ဒဏ်ရာတစ်ခုပါပဲ။





www.burmeseclassic.com

www.burmeseclassic.com

လက်ရှိမိဘရိပ်မှာ ခိုနေတာမို့ဆိုတဲ့ အကြောင်းပြချက်က သက်သေမခိုင်လုံပါဘူးကွယ်။ ချစ်ခြင်းပြီးမှ လက်ထပ်ခြင်းဆိုတာ ရောက်စပြုမှန်ပေမယ့် တိုင်ပင်ညှိနှိုင်းနိုင်ဖို့အချိန်က အလုံအလောက်ရှိနေသေးတာပါ။ ကြိုတွေး စိမ်နိုင်ပါသေးတယ်ကွယ်။

ခပ်ပေါပေါရတဲ့ ပန်းတစ်ပွင့်လို တစ်ခါလေး နမ်းရှိုက်ပြီး လမ်းဘေးစွန့်ပစ်သွားသလိုမျိုး ဥပေက္ခာပြုချက်က အရမ်းကို လွယ်လွန်းလှချည်လား။ ပန်းနှစ်ဖက်ကြား ခေါင်းပေါက်ရတဲ့ လူချင်းအတူတူ ဖူတို့ကြားမှာ ခြားထားတဲ့စည်းက တံတိုင်းထူလွန်းပါတယ်လေ။

သားသမီးအပေါ် အုပ်မိုးပေးတဲ့အရိပ်က မလုံတာ အပြစ်တဲ့လား။ မိဘဆိုတာကို ဘယ်လိုသားသမီးမျိုးက စိတ်ကြိုက်ရွေးချယ်ခွင့်များ ရှိခဲ့လို့လဲ၊ တကယ်ဆို ဖခင်စွန့်ပစ်ခဲ့တဲ့ ဖတဆိုးသမီးလေးဆိုပြီးတော့တောင်မှ ဖူ့အပေါ် ကြင်ကြင်နာနာ ဖေးဖေးမမ ရှိသင့်သေးတာလေ။

ခုတော့ 'လူမှာအမျိုး၊ ကြက်မှာအရိုး' ဆိုတဲ့ရေစစ်နဲ့ မျိုးရိုးကို စိစစ်ပိုင်းခြားတတ်တာ အံ့ပါရဲ့။ ထားတော့လည်း နေခဲ့ရသလို၊ စွန့်ခဲ့လို့လည်း ကျန်ရစ်ခဲ့ရတာပါလေ။ ယောကျ်ားတွေရဲ့ချစ်ခြင်းကို သစ္စာကို အယုံအကြည်မဲ့အောင် သင်ခန်းစာအဖြစ်





ကိုကို သင်ပေးခဲ့တာမို့ ရေလိုက်မှားခဲ့တဲ့ ခပ်အအမိန်းကလေးဖြစ်ခဲ့ရတာပါကွယ်။

"ဪ. . . ပြောရင်း မေ့တော့မလို့။ မဒ္ဒူတို့လည်း အလုပ်ရှုပ်နေတာဆိုတော့ Meeting ကို နောက်ရက်မှပဲ လုပ်ဖြစ်တော့မယ်"

"ဟုတ်ကဲ့ပါ အန်ကယ်"

"အန်ကယ်ပြောတာကို စိတ်များဆိုးလား မေမဒ္ဒူ"

"မဟုတ်တာ၊ မဆိုးပါဘူး အန်ကယ်။ ဖူကလည်း မှားနေတာကို။ အမှန်တော့ ဖူ့အားနာစိတ်ကြောင့် အခုလိုတွေ လူမြင်မသင့်တာမျိုးဖြစ်သွားရတာပါ အန်ကယ်။ ဖူ့ကြောင့် ဘယ်သူ့ဘယ်သူကိုမှ မထိခိုက်စေချင်တာအမှန်ပါ"

"ဒေါက်! ဒေါက်! "

တံခါးခေါက်၍ ဝင်လာသူက ကိုကျော်စွာဖြစ်နေလေ၏။ မှာထားသည့်ထမင်း ရောက်ပြီမို့ ဖူ့ကို မျက်နှာလာပြတာထင်ပါရဲ့။ အန်ကယ်နဲ့စကားပြောနေတာ နာရီက နှစ်နာရီကို ညွှန်နေလေပြီ။

"ဪ၊ မောင်ကျော်စွာ၊ အတော်ပဲ။ (၅)ရက်နေ့ Interview ခေါ်ကြမယ်။ အန်ကယ့်သမီးရဲ့ အင်း. . . သားမက်လောင်း

www.burmeseclassic.com

www.burmeseclassic.com



ကိုတော့ GM ရာထူးပေးမှာမို့ ဘာမှအခက်အခဲမရှိဘူး''

''ဟုတ်ကဲ့ အန်ကယ်''

''မေမဉ္ဇူကို သူ့လက်ထောက်အဖြစ် ထားရမှာပဲ''

''ခင်ဗျာ''

''မဉ္ဇူနေရာမှာ အန်ကယ့်တူလေး ထည့်ပေးမယ် မောင်ကျော်စွာ။ ကလေးက ဘာမှသိပ်မတတ်သေးတာဆိုတော့ မင်းနဲ့ မဉ္ဇူနဲ့ ဝိုင်းကူဖေးမပြီး သင်ပေးလိုက်ကြပေါ့။ ဒါပဲ ဒါပဲ''

ဖူနှင့်ကိုကျော်စွာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ရင်း သက်ပြင်းရှိုက်တာက ပြိုင်တူဖြစ်သွားလေ၏။

သေပြီ ကိုကျော်စွာရေ. . .



## အခန်း (၇)

''နှင့်ကိုဆူတာပေါ့လေ''

''ဆူတယ်ရယ်လို့လည်း မဟုတ်ပါဘူး ကေရဲ့။ ကိုကျော်စွာလည်း ငါ့ကိုကြိုသတိပေးထားသားပဲဟာ။ ငါကလည်း ငါပဲ။ ကုမ္ပဏီအနားထိ သူတို့လိုက်ပို့ပေးတာကို လက်ခံခဲ့မိတာကိုး''

''သူ့ဒွေးကြီးက ဒေါသတကြီးနဲ့ ပြောတာလားဟင်,မဖူ''

''မဟုတ်ပါဘူး နီရဲ့. . . အန်ကယ်က ဘယ်လောက်ပဲ ဒေါသထွက်ထွက်၊ ကိုယ့်လက်အောက်ငယ်သားအပေါ် ဘယ်တော့မှ မနှိမ်ပါဘူး''

''ဒါဆိုရင် နှင့်ရဲ့ဘယ်တောင်ပံ ညာတောင်ပံတွေကို



www.burmeseclassic.com

www.burmeseclassic.com



ဖြုတ်ချရတော့မှာပေါ့လေ"

ကေသရီရော နီနီအေးပါ ရူ့ကိုစိတ်ဝင်တစားကြည့်နေကြပါ၏။ ရှည်လျားပြီးဖြစ်သည့်ဆံပင်ကို ကိုင်ကြည့်ရင်း မှန်ထဲမှာ တစ်ချက်ကြည့်လိုက်ပါသည်။ အင်း. . . ဒီပုံစံနဲ့တော့ မဖြစ်သေးပါဘူး။ ဆံပင်ညှပ်ရဦးမှာလေ။

"နင့်ကိုလိုက်ကြိုက်တဲ့သူတွေက ရှယ်တွေချည်းပဲဆိုတော့ နမြောသား"

"အင်းနော်, နီနီက ကိုရာဇာကို ပိုသဘောကျတယ်။ ခေတ်မီမီနဲ့ ခန့်ခန့်လေး"

"ပိုင်သူလည်း ချောတာပါပဲ နီနီရဲ့"

"ဟို Internet Cafe ဖွင့်ထားတဲ့ အစ်ကိုက ပိုမိုက်တာ မကောရဲ့။ ဇော်ပိုင်လိုလို ချောတာလေ။ ဘယ်သူ. . . နာမည်လည်း ဆန်းတယ်။ နေချိုလား"

"နေညိုပါဟယ်"

"အင်း. . . ပဟုတ်တယ်၊ အဲဒီတစ်ယောက်လည်း မိုက်တယ်"

"ဟိုဘဏ်မန်နေဂျာလည်း ခန့်တာပါပဲဟဲ့။ ကိုဉာဏ်မင်းသန့်လေ"





"နားညည်းတယ်ဟာ၊ ငါတောင် မမှတ်မိတဲ့လူနာမည်စာရင်းကို နင်တို့မှ သိသိလွန်း"

ရူ ယောက်လိုက်တာမို့ ကေရော နီပါ ဖက်တွေ ပုသွားပါ၏။ ဟုတ်တယ်လေ, ရူဖြင့် ရူ့နား တကပ်ကပ်လိုက်နေသည့်ကောင်လေးတွေကို နာမည်ပင် ကောင်းကောင်းမှတ်မိတာမဟုတ်။ အဆောင်ရှေ့ထိ ကားဖြင့်လိုက်ပို့ပေးတာမို့ ကေတို့နှင့် မဖြစ်မနေ မိတ်ဆက်ပေးခဲ့တာပါ။ ဒါကို ဒီသူငယ်ချင်းတွေက ဘယ်သူဘယ်ဝါမှန်း သိနေတာကတော့ ဆန်းကြယ်ပါ့။

"ကိုကိုတုန်းက နီနီ့ကို လက်ဆောင်တွေ တစ်ခုမဟုတ်တစ်ခု ပေးပေးနေကျ။ မရူကိုရော သူတို့တွေ ဘာမှမပေးဘူးလား"

"မပေးဘဲရှိမလားဟဲ့၊ ပေးတာပေါ့"

"ဘာတွေပေးတာလဲ"

"အများကြီးပေါ့၊ နာရီ, လက်စွပ်, ဟန်းဆွဲနီး, အစုံပဲ"

"မရူ သိမ်းထားလား"

"ဘာကိုသိမ်းရမှာလဲ"

"အဲဒီအမှတ်တရတွေကို ပြောနေတာလေ"

"ဘယ်ကသာ၊ ငါမှ အဲဒါတွေကိုလက်မခံဘဲ နီရဲ့။ မှတ်



www.burmeseclassic.com

www.burmeseclassic.com



ထား. . . လူတစ်ယောက် ပေးပြီဆိုရင် သူ့မှာမျှော်လင့်ချက်တစ်ခု ရှိကိုရှိရတယ်။ အဲဒါဘာလဲဆိုတော့ ငါပေးတဲ့အတွက် ဘာပြန်ရနိုင်မလဲဆိုတာမျိုး။ ဒါပေမဲ့ စေတနာအပြည့်နဲ့ မျှော်လင့်ချက်မဲ့ ပေးတာမျိုးလည်း ရှိတတ်တယ်''

ကေနှင့်နီက ရှု့ကို ပါးစပ်အဟောင်းသားဖြင့် ငေးကြည့်နေကြတာကို မှန်မှတစ်ဆင့် လှမ်းမြင်လိုက်ရပါ၏။ ဟုတ်ပါရဲ့။ ရှု့ကို လူတိုင်း ဒီလိုပဲမြင်ကြတယ်ထင်ပါရဲ့။ ကောင်လေးတွေနဲ့ တရုန်းရုန်းတွဲပြီး ညာတာပါတေး ကပ်စားပြီး ချွဲနွဲ့ပူဆာတဲ့ မိန်းကလေးလို့ဇလာ။

''ဟင်! အဲဒါဆိုရင် မရှုကလည်း ရည်းစားထားတာ ဘာအဓိပ္ပာယ်ရှိတော့မှာလဲ''

''အင်းလေ, အချစ်ဆိုတာကိုတော့ နင် တန်ဖိုးထားသင့်တာပေါ့ မဟုတ်ဘူး။ ဒီလိုမျိုးသာ မျက်နှာများနေရင် နင့်အတွက် အိမ်ထောင်ဘက်ကို ဒီဘဝမှာ ဘယ်တော့မှတွေ့ရတော့မှာ မဟုတ်ဘူး''

မဲ့ပြုံးပြုံးလိုက်မိပါ၏။ အသက် (၁၈)နှစ်အရွယ်လောက်တုန်းက ထားရှိခဲ့ဖူးတဲ့ချစ်ခြင်းက အတည်မြဲဆုံးမဟုတ်လား။ ထာဝရဆိုတာမျိုး ရာသက်ပန်ဆိုတာမျိုး ကြီးကြီးကျယ်ကျယ်တွေ





မသုံးခဲ့တာအမှန်ပါ။ ဒါပေမဲ့ အမြတ်နိုးဆုံး ချစ်ခဲ့တာကိုတော့ ကိုကိုအသိဆုံးပါလေ။

''ငါ့ရင်ထဲမှာ အချစ်မရှိဘူးလို့တော့ မထင်လိုက်ကြပါနဲ့''

''ဘာရယ်''

''ငါလည်း ဆယ်ကျော်သက်အရွယ်လောက်တုန်းက အချစ်ဆိုတာကို ကြုံခဲ့ဖူးပါတယ်,ကေ''

အသံတို့ တိတ်သွားပါ၏။ မယုံကြဘူးပေါ့။ ရှု့လို ခပ်ပေါ့ပေါ့လေး နေကျင့်ရှိတဲ့မိန်းကလေးကို ဒီလိုမြင်တာ အဆန်းမှ မဟုတ်တာလေ။ ဘဝကို ခပ်ပေါ့ပေါ့ ဖြတ်သန်းနေတဲ့ လူတစ်ယောက်လို့ပဲ ယူဆထားကြလေသလား။

''ဘယ်တုန်းကလဲ''

''ငါ ဆယ်တန်းကို ခပ်ပျော့ပျော့လေး မအောင်ခင်မှာ လူတစ်ယောက်ကို အသည်းအသန်ချစ်ခဲ့ဖူးတယ်''

''ဘယ်လို''

''ငါ့ဘဝမှာ တွယ်တာစရာဆိုလို့ ဘာဆိုဘာမှမရှိခဲ့ပါဘူး။ ငါ ခြောက်တန်းနှစ်မှာ မေမေနဲ့ငါ့ကို ချန်ထားစွန့်ပစ်ခဲ့တဲ့ အဖေဆိုတဲ့ ယောကျ်ားမျိုးကို ယုံကြည်ဖို့ အတော့်ကို ခဲယဉ်းခဲ့



www.burmeseclassic.com

www.burmeseclassic.com



တယ်။ အဲဒီလိုပဲ သွေးတစ်ဝမ်းတည်းကွဲတဲ့ အစ်ကိုနှစ်ယောက်ရဲ့ နေ့စဉ် ဗိုလ်ကျနှိပ်စက်တဲ့ဒဏ်ကိုလည်း နေ့စဉ်နဲ့အမျှ ခံခဲ့ရဖူးတဲ့ ငါ့လိုမိန်းကလေးရဲ့စိတ်ဒဏ်ရာကို ဘယ်သူက မျှဝေခံစားဖူးပါ့မလဲ''

''အဲဒီလိုယောက်ျားတွေရဲ့ အချစ်ဆိုတာကိုရော လွယ်လွယ်ကူကူနဲ့ ငါယုံရဲပါ့မလား။ ဝေးပါသေးတယ်လေ။ ဒါပေမဲ့ အဲဒီစိတ်လှုပ်ရှားတတ်တဲ့အရွယ်မှာပဲ ငါ့ရင်ကို လှုပ်ခါစေနိုင်တဲ့ အချစ်ဆိုတာကို ရှာဖွေတွေ့ရှိခဲ့ရတာပဲ''

သက်ပြင်းတစ်ချက်ကို ရှိုက်လိုက်မိပါ၏။ အတိတ်ဆိုတာကို ဒီနေ့ ဒီအချိန်မှာ ပြန်ပြောင်းသတိမရချင်တော့ပါလေ။ အနာဂတ်ကို အားတင်း မျှော်လှမ်းနေတဲ့သူအတွက် အဲဒီ အတိတ်ဆိုးဆိုတာ အနှောင့်အယှက်တစ်ခုသာ ဖြစ်ပါလိမ့်မယ်။

''နင် သူ့ကို တကယ်ချစ်ခဲ့တာပေါ့လေ။ ဟုတ်လား မဒူ။''

ဆိတ်ဆိတ်သာ နေလိုက်မိ၏။ ဝန်ခံခြင်းဟု ယူဆလေမလား။ ရင်ထဲ နင့်ခနဲဖြစ်သွားသည်အထိ ခံစားလိုက်ရတာကိုတော့ ဂုကိုယ်တိုင်ပဲ သိပါတယ်လေ။ လေယူရာ လွင့်ပါ စိတ်ကစားခဲ့တာမျိုးမဟုတ်တာကို ကိုကိုလည်း ယုံခဲ့မှာပါကွယ်။ အချစ်





ကနေ အမုန်းကိုမဟုတ်ဘဲ ဥပေက္ခာပြု ချန်ထားခဲ့တဲ့နေရာမှာ 'ကျော်'လို့ ကိုကို အမြတ်တနိုးခေါ်ခဲ့ဖူးတဲ့ကောင်မလေး အမှန်တကယ် သေဆုံးခဲ့ရတာပါလေ။

''မဒူတို့ ဘယ်လိုကြောင့် ကွဲသွားရတာလဲ''

မေးနေပြီ ကိုကို။ ပြောမိမှတော့ အစဆွဲမိရင် အဆုံးထိ သွားရမှာ မွဲတာလေ။ ဂုတို့အတိတ်က မချိုဘဲ ခါးသည်းခဲ့ရတာမို့ ဇာတ်သိမ်းမလှပတဲ့ဝတ္ထုတစ်ပုဒ်လိုပဲ အရသာပျက်ခဲ့ရတာ အမှန်ပါပဲလေ။

''ကံကြမ္မာကြောင့်ပေါ့''

''ဟင်! ဘယ်လိုကြီးလဲ''

''ငါနဲ့ကိုကိုကို ခွဲခဲ့တာ ကံကြမ္မာပါပဲ နီနီ။ လူမှာ အမျိုးကြက်မှာ အရိုးဆိုတဲ့စကားပုံကြမ်းကြမ်းကြီးနဲ့ ငါ့ကိုရိုက်သတ်ခဲ့တာ။ အိမ်ထောင်နှစ်ဆက်ထူတဲ့လူရဲ့သမီးမို့ သဘောမတူနိုင်ဘူးတဲ့လေ''

''အဲဒါနဲ့ နင့်လူက အလွယ်လေး နောက်ဆုတ်သွားရောလား''

''ဟုတ်တယ်''

''အဓိပ္ပာယ်မရှိလိုက်တာ''



www.burmeseclassic.com

www.burmeseclassic.com



"အဓိပ္ပာယ်သိပ်ရှိတာပေါ့ ကေ၊ အရိပ်ခိုနေရတဲ့အရွယ်၊ သူတစ်ပါးကို အားကိုးမှီခိုနေရတဲ့အရွယ်မို့ ကျေးဇူးတရားကိုငဲ့ပြီး သူ နောက်ဆုတ်သွားခဲ့တာ ဖြစ်သင့်တာပါလေ"

"မရွှေ့ သူ့ကိုစိတ်နာခဲ့တာလား"

မပြေချင်ပါလေ။ တကယ်တော့ ရှက ရှ့ကိုယ်ရှပဲ ပြစ်တင် နာကျင်ခဲ့မိတာပါ။ လူတိုင်းကြုံဖူးကြတဲ့ အချစ်ဦးဇာတ်လမ်းတိုင်း ဒီလိုမလှပတတ်တာ သဘာဝတဲ့လား။ အဦးဆုံး နိုဝင်မိတွယ်ခဲ့ဖူးတဲ့ရင်ခွင်ဦးရဲ့ နွေးထွေး လုံခြုံမှုကို ဒီနေ့ ဒီအချိန်ထိ မေ့မရနိုင်တာကို ဘယ်သူတွေ သိနိုင်ပါ့မလဲလေ။

"ကံကိုပဲ ပုံချခဲ့တာပါ နို့ရယ်"

သက်ပြင်းတွေချသံက ပြိုင်တူလေ၊ အမြဲတမ်း လွတ်လပ်ပေါ့ပါးပျော်ရွှင်နေတတ်တဲ့ရှ့လိုလူမှာ ဒီလို အတိတ်ဒါဏ်မျိုးရှိနေတာကို အံ့သြပေမပေါ့။ ဒီလိုအပြုံးမျိုးပေါ်လာဖို့ ရှ အဘယ်မျှ လှုံ့ကျင့်ခဲ့ရပါသလဲ၊ သူတစ်ပါးအရိပ်မှာ တစ်သဏ္ဍာန်ခိုနေတုန်း အချိန်ရသလောက်လေးနဲ့ ဘဝတက်လမ်းကို ရှာဖွေဖြတ်သန်းခဲ့ရတာလေ။

"သူက တော်တော်မှချောရဲ့လားဟင်"

ကေ့က နို့နို့ပေါင်ကို ဖျတ်ခနဲရိုက်လျက် သတိပေးလိုက်





လေ၏။ ရှ့နောက် ကပ်ပါလာသမျှကောင်လေးတိုင်း တစ်ယောက်တစ်မျိုးစီ ရွဲမက်ဖွယ်ပိုင်ဆိုင်ထားတာကို ကေတို့လည်း အသိဆုံးပါပဲ။ ဒါနဲ့များတောင်မှ ဒီမေးခွန်းက ထွက်လာရတယ်လို့။

"ဘာဖြစ်လဲ မကေရဲ့၊ သိချင်လို့ မေးတဲ့ဟာကို"

"ဟဲ့! နင့်ချည်ပေါင်ကြော်ထက်တော့ သာမှာပေါ့။ နင့်လူသာ အမဲခြောက်ကို မီးဖုတ်ပြီး ရေတက်ကျည်ပွေ့နဲ့ထုထားတဲ့ ရုပ်"

"အံမာ... မကေ ပြန်ကြိုက်မယ့် ရဲရင့်ကျတော့ ရုပ်တော်တော်လှရှာတာကိုး။ ပေါင်မုန့်ကို ရေစိမ်ထားသလို ပွစိစိမျက်နှာနဲ့ မိုက်က ဘီယာဗိုက်"

"အောင်မယ်... ရဲရင့်က တရုတ်ကပြားမို့ ဒီလိုဖြူစုပ်စုပ်ဖြစ်နေတာပါဟဲ့။ နင့်လူလို အညာသား ပဲစားတဲ့ ကပ်စေးနဲ့ မဟုတ်ဘူး"

"မကေနော်၊ အညာသား ကပ်စေးနဲတာ ဘာဖြစ်လဲလို့။ ရှာဖွေစုဆောင်းသူဌေးလောင်း၊ အသားမည်း ပတ္တမြားခဲလို့ ဆိုရိုးရှိတာပဲဟာကို"

"သူ့လူကျ နည်းနည်းမှအထိမခံဘူး။ ပေါက်တူးမ, လိုပ်မ, ခွစာမ, လဒမ"



www.burmeseclassic.com

www.burmeseclassic.com

ကေသရီက နီနီလည်ကုတ်ကို လက်ဖြင့်ဖိကာ အနိုင်ကျင့်ပြီး ပြောသမျှ ပိန်ပိန်သေးသေးကလေးမက အော်ဟစ်ရယ်မောနေလေပြီ။ ကဲ၊ ဇူ့ရဲ့အသည်းကွဲဘောဇ် Story က ဒီလိုမျိုး ပါးပါးလေးနဲ့ ပြီးသွားရတာလေ။

ကျေးဇူးပါပဲ ကေနဲ့နီ။ ဇူ့ကို ရင်ထဲပေါ့သွားအောင် မသိယောင်ဆောင်ပြီး ဖော့ပေးကြတဲ့အတွက်ပါ။ ဒီလိုသူငယ်ချင်းတွေ ရှိနေလို့ပဲ ဇူ့မှာ အတိတ်ကို မတူးဖော် မလှမ်းဆွတ်အားဘဲ အနည်ထိုင် ရင်ကျက်လာရတာမဟုတ်ပါလား။

"ကဲပါ၊ ဆော့မနေကြနဲ့။ ငါ့ဆံပင်တွေ ရှည်နေပြီ။ သွားညှပ်ရအောင်"

"ဟင်! ဒီပန်းလေး ထောက်လာသလောက်လေးကိုများ ရှည်တယ်တဲ့။ နီနီလို ထားရင် သေလောက်ပြီ"

"မထားနိုင်ပါဘူး။ တကာတည်းမှ တစ်ပတ်တစ်ခါ ခေါင်း[illegible]ရင် ဝိုင်းကူသုတ်ပေးရ၊ Dryer နဲ့ ဝိုင်းမှုတ်ပေးရ၊ ဝိုင်းရှင်းပေးရနဲ့ အလုပ်ရှုပ်က ရှုပ်"

"အေးလေ...ဟုတ်တယ်"

"ဒီပုံစံက လူကို ညှင်းသိုးသိုးကြီးဖြစ်စေလို့ ညှပ်ရတာ၊ ပြီးတော့ ရုံးမှာ GM အသစ်ရောက်မှာဆိုတော့ နည်းနည်းရှင်းထားရမှာပေါ့။ သိတယ်မဟုတ်လား...ငါက GM ရဲ့ Secretary ရာထူးတက်မှာ"

"သပွတ်အူမ၊ ဒင်း ဒါကြောင့် ရှုနေတာ"

"အမယ်၊ လူကိုများ ချိုးချိုးဖဲ့ဖဲ့နဲ့ မပြောချင်ပါနဲ့။ အဲဒါ Boss ရဲ့ Son-in-Law ဟဲ့ သူငယ်ချင်းတွေရဲ့။ ပိုင်ရှင်ရှိပြီးသားကို ယူမိရင် ဘာဖြစ်သွားလဲ"

"သူခိုး"

အုန်းခနဲရယ်ဖြစ်ကြတယ်။ နှစ်ယောက်သား ပြိုင်တူဖြေပြီး တစ်ယောက်ကိုတစ်ယောက် ဖြန်းခနဲရိုက်တာကလည်း မြန်ပ။ ဇူတို့အုပ်စုမှာ ပြောစကားတူသွားရင် ဦးတဲ့သူက ရိုက်စတမ်းဆိုပြီး စည်းကမ်းထားခဲ့တာ ကြာပြီလေ။

"ကဲပါ၊ ဆံပင်ညှပ်ပြီး ပြန်လာရင် နင်တို့ကို ငါ ရေခဲသုပ် ဝယ်ကျွေးပါ့မယ်။ ထ..."

"ဟာ...ငါက ရေခဲသုပ်မကြိုက်ပါဘူး။ ထောပတ်သီးဖျော်ရည်"

"အင်းလေ၊ နီနီက စတော်ဘယ်ရီ Milk ရှိတ်ခ်"

"OK! စားချင်တာအားလုံး ဝယ်ကျွေးမယ်၊ Let's go!"

"ဟေး"







www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးလူ တံခါးပိတ်ရမှာမို့ အဝတ်လဲကြတာက လည်း မြန်မြန်။ အခန်းထဲမှထွက်ရန် လုကြတော့ သုံးပေအကျယ် တံခါးဝမှာ သုံးယောက်သား ပြိုင်တူတိုးထွက်ရင်း ရယ်သံတို့ ထွက်လာပြန်လေသည်။



## အခန်း (၈)

“ညနေ Meeting...”

ကိုကျော်စွာမျက်နှာ ရှုံ့တွသွားလေ၏။ ဟုတ်တယ်လေ၊ ဒီနေ့ကပဲ ပေးဒေး (Pay Day)လစာစာရင်း ပြတ်သွားတာ နား ယေ်ကြီးရုံရှိသေး။ Boss က Meeting တဲ့။ အလုပ်ခန့်စာတွေ အထပ်လိုက်ကြီး ပုံနေတာက အစောင်ငါးဆယ်ပင်မကာ။ လဆန်း တစ်ရက်ကစပြီး Interview ဆက်တိုက်လုပ်ရဦးမှာလော။

“မျက်နှာကလည်းနော်၊ ဘီလူး သံပုရာသီးကိုက်မိပုံနဲ့”

“အင်းပါ၊ မင်းက GM ရဲ့ Secretary ဖြစ်တော့မှ ဆိုတော့ ဝန်ပေါ့သွားပြီပေါ့ မညွှန့်ရဲ့။ ကိုယ့်မှာပဲ ဘာမှမသိတာ



www.burmeseclassic.com

www.burmeseclassic.com



မကျွမ်းကျင်သေးတဲ့ချာတိတ်နဲ့ နှစ်ပါးသွားရတော့မှာ''

''ဩော်, ကိုကျော်စွာကလည်း ကလေးဆိုတော့ ပြောပြောဆိုဆိုနဲ့ သင်ပေးလို့ရတာပေါ့။ ငယ်လည်းငယ်မှာဆိုတော့ လူကြီးစကားကို နာခံမှာပဲလေ။ မဟုတ်ဘူးလား''

''ဟာ! BOSS က သူ့တူလို့ပြောပြီး ခန့်ပါတယ်ဆိုမှ ကိုယ်က ဟောက်လို့ဘယ်ရပါ့မလဲ၊ စဉ်းစားပြီးလည်းပြောဦး''

''အို. . . ရှုကတော့ ဘယ်သူ့မျက်နှာမှ မငဲ့ပါဘူး။ ရှု့တုန်းကလည်း ဒီလိုပဲ ကိုကျော်စွာ ဟောက်စားလုပ်ခဲ့သေးတာပဲဟာ။ ရှုလည်း အဲဒီချာတိတ် အထာမကျရင် ခေါက်သင့်ခေါက်မှာ။ ဒါပဲ''

''အေး. . . ဟိုက ငြိမ်မနေဘဲ သူဦးလေးကို သွားတိုင်မှ ပြောင်းဖူးစားပြီးသားဖြစ်မယ် အမိရဲ့''

''တိုင်ချင်လည်း တိုင်ပေါ့၊ မကြောက်ပေါင်။ ရှုတို့က အလုပ်ကိုစွန့်ပတ်သက်ပြီး ပြောဆိုဆုံးမ သင်ပြပေးမယ့်ဟာကို''

''အေး, ကျပ်ကျပ်သာ မှလိရစ်ဖို့ စဉ်းစားနေ။ တော်ကြာ ရောက်လာတဲ့ GM က Power တွေ စွတ်ပြပြီး မင်းကို ဖိဟောက်နေမှ ငိုမဲ့မဲ့မဖြစ်လေနဲ့ မေမဇ္ဈုရေ့''

ရှုက ရယ်ဟဟလေးပင် ဖြစ်သွားရလေသည်။ ဟုတ်





သားပဲ, အလုပ်အရှုပ်ဆုံးက ကိုကျော်စွာပင်မဟုတ်လား။ တာဝန်ခွဲယူမည့် GM ဆိုရင်တော့ ကောင်းပါရဲ့။ တော်ကြာ ကုမ္ပဏီလုပ်ငန်းကို စိတ်မဝင်စားဘဲ မနက်ဆယ်နာရီရောက်လာ၊ ဒီမှာ ငုတ်တုပ်ထိုင်ပြီး ညနေလေးနာရီ ထပြန်မယ့် ဧလေလေလေမျိုးဆိုရင်တော့ သေပြီပဲ။

ရှုပါ သူ့အတွက် ဝေယျာဝစ္စတွေ လုပ်ပေးဖို့ တာဝန်ပိုရုံသာ ရှိတော့မှာလေ။ ဘဏ္ဍာရေးတာဝန်ကိုပါ ခွဲပေးမယ်လို့ အန်ကယ်ပြောတုန်းက ချခဲ့ရသည့်သက်မက အခုတော့ ရှုနဲ့ကိုကျော်စွာလည်ဝမှာ တစ်လစ်ဖြစ်နေပြီကိုး။

''ဒေါက်! ဒေါက်! ''

''ဝင်ခဲ့ပါ''

တံခါးခေါက်သံကြောင့် ရှုပင် အသံလှမ်းပြုလိုက်ရပါ၏။ ကိုကျော်စွာက လက်မှတ်ထိုးရမည့် File တွေကို စစ်ဆေးနေလို့လေ။ အခန်းတံခါးဖွင့်ပြီး တံခါးဝမှာ စာရေးလေး မောင်ချိုက ရှု့ကိုခေါင်းညိတ်ပြီး အရိုအသေပြုပြီးမှ စကားပြောလေ၏။

''မန်နေဂျာလက်ထောက်ရာထူးအတွက် ဝန်ထမ်းရောက်ပြီလို့ လာအကြောင်းကြားရတာပါ အစ်မ''

''ဟယ်! ဒါဆိုလည်း လွှတ်လိုက်လေ၊ စောင့်နိုင်းထား



www.burmeseclassic.com

www.burmeseclassic.com



သလား"

"ဟုတ်ကဲ့၊ သူ မဝင်ရဲဘူးဆိုလို့ ကျွန်တော် အရင်လာ ပြောရတာပါ"

"လွှတ်လိုက်၊ လွှတ်လိုက်၊ ဘယ်နှယ် ကိုကျော်စွာလက် ထောက်ဆိုပြီး ရဲရဲတောက်သတ္တိက အံ့စရာပဲ"

ကိုကျော်စွာက အလုပ်ရှုပ်နေသည့်ကြားမှ ရယ်ဖြစ်သေး ပါ၏။ ခဏအကြာမှာ အခန်းတံခါး အသာလေးဟလျက် ခေါင်း တစ်လုံးက ပြူပြီး ဖူတို့ကို ချောင်းကြည့်လိုက်လေသည်။

"ကျွန်တော် ရောက်ပါပြီ"

"ရောက်ရင် ဝင်ခဲ့လေ"

ကိုကျော်စွာ ခွင့်ပြုလိုက်မှ အခန်းတံခါးကိုဖွင့်ပြီး ဝင် လိုက်သည့်ကောင်လေးထံ အကြည့်ရောက်သွားစဉ် ဖူ အံ့သြပြီး အာမေဋိတ်အသံပင် ထွက်သွားပါလေ၏။ မအံ့သြဘဲနေမလား။ ဒီကောင်လေးကို ကျွန်ခဲ့တဲ့တနင်္ဂနွေတုန်းကပဲ ရွှေတိဂုံဘုရားရင် ပြင်တော်ပေါ်မှာ ဆုံခဲ့သေးတာလေ။

"ကျွန်တော် အံ့မင်းကိုပါ ခင်ဗျာ"

"အေး၊ နာမည်နဲ့လိုက်အောင်ကို အံ့သြစရာတွေပဲ လုပ် တတ်သလိုပဲ။ ပြောပါဦး. . . ဘာနဲ့ဘွဲ့ရခဲ့သလဲ မောင်အံ့မင်းကို"





"မြန်မာမူပါခင်ဗျာ"

သေစမ်း! ကိုကျော်စွာမျက်နှာ ရှုံ့တွသွားတာက ခုနထက် ပိုသွားလေ၏။ ဘယ်နှယ် ရမယ့်ရတဲ့ဘွဲ့က ရှားမှရှားတဲ့မြန်မာမူ တဲ့။ အံ့ပါရဲ့ ကိုအံ့ရယ်။

"အသက်ကရော့၊ ထိုင်ထိုင်. . . ထိုင်ပြီးပြောလို့ရတယ်"

"ဟုတ်ကဲ့. (၂၁)နှစ်ပါ"

ထိုင်ခုံမှာ ဝင်ထိုင်လိုက်ပုံက ယို့ယို့ကျိုးကျိုးပါပဲ။ ဖူက တော့ဖြင့် ဟိုတစ်နေ့က ရှက်ရဲရဲဖြစ်နေသည့်မျက်နှာကိုသာ မြင် ယောင်မိနေတာလေ။ ဒီချာတိတ်နဲ့ပတ်သက်ရင် အံ့သြစရာတွေ ချည်း ဆက်တိုက်ဖြစ်နေတော့မှာ ထင်ပါရဲ့။

"ဘာ Diplomer တွေ Certificate တွေ ရှိသေးလဲ"

"ဘာမှမရှိပါဘူးခင်ဗျာ၊ ဆယ်တန်းအောင်လက်မှတ်နဲ့ ဘွဲ့လက်မှတ်တော့ ရှိပါတယ်"

"ဟင်! ဘာသင်တန်းမှ တက်မထားဘူးလား"

"ဟုတ်အင်း"

ကောင်းရော၊ ကုမ္ပဏီအလုပ်လုပ်မယ့်သူက ဘာတစ်ခု မှ မတတ်ဘူးဆိုတော့ ရယ်စရာဖြစ်နေတာလေ။ ကိုကျော်စွာ မျက်လုံးပြူးနေသလောက် မျက်စောင်းထိုးစားပွဲနောက်ဖုံမှာ ရှိ



www.burmeseclassic.com

www.burmeseclassic.com



နေသည့်ဖုကာဖြင့် ပြုံးစိစိဖြစ်နေချေပြီ။

"ကွန်ပျူတာရော"

"မတတ်ဘူးခင်ဗျ"

"ကောင်းကွာ...ဒါဖြင့် စာရင်းကိုင်သင်တန်းလေး ဘာလေးများ"

"အဲဒါလည်း ဘာမှတက်မထားပါဘူး ခင်ဗျာ"

"ဟောဗျာ...ဒါဖြင့် မင်းတတ်တာ ဘာရှိသလဲ၊ ပြောစမ်းပါဦး"

"ဟိုလေ, ကျွန်တော်တတ်တာ ဒီလိုစားပွဲတွေ ခုံတွေ ဗီရိုတွေအားလုံးကို ကျွမ်းကျွမ်းကျင်ကျင်လုပ်တတ်ပါတယ်ခင်ဗျ အဲဒါမျိုးတော့ ကျွန်တော့်ကို ကြိုက်သလောက်ခိုင်းလို့ရပါတယ်"

ဂူ မအောင့်နိုင်တော့ဘဲ အားရပါးရရယ်မိလေတော့၏။ ကဲ, မပြောဘူးလား၊ ဒီချာတိတ်က အဟုတ်ကိုပဲ လူစိတ်ဝင်စားစရာလေးပါလို့။

"ဒီကုမ္ပဏီက ပရိဘောဂလုပ်ငန်းမဟုတ်ဘူးကွ။ ပို့ကုန်သွင်းကုန်ကုမ္ပဏီဆိုတာကို မင်းဦးလေး ပြောပြမထားဘူးလား"

"ဟိုလေ, ဟို...ဘာဘနဲ့က ပြန်ဆုံတာ သိပ်မကြာသေးဘူးခင်ဗျ။ ကျွန်တော် ပရိဘောဂဆိုင်မှာ ပင်ပင်ပန်းပန်းလုပ်





နေမှန်းသိသွားလို့ ဒီကို...ဒီကိုလာလုပ်ဆိုပြီး လိပ်စာပေးလိုက်တာ။ အဲဒါနဲ့ပဲ ရောက်လာရတာပါခင်ဗျာ"

မျက်နှာလေးက ငယ်ငယ်၊ မျက်လွှာလေးချလျက် ပြောနေပုံလေးက သနားစရာပင်။ လှောင်ချင်သလို ရယ်နေမိသည့်ဂူပင် မျက်နှာလေး တည်သွားရသလို ကိုကျော်စွာသက်ပြင်းချသံကလည်း၊ ခပ်ကျယ်ကျယ်။ ကြည့်ရတာ သားအမိနှစ်ယောက်တည်း ခက်ခက်ခဲခဲ ရုန်းကန်နေရတာ ထင်ပါရဲ့။ ရင်မောရပါလား အံ့မင်းကို။

"ဒါဖြင့် မင်းကျွမ်းကျင်တာ တူတွေ ဆောက်တွေပေါ့လေ၊ ဟုတ်လား"

"ဟုတ်ကဲ့, အဲဒါတွေကို လုပ်တတ်တာက (၇)နှစ်ကျော်ပြီမို့ ကျွမ်းကျင်တာပါ"

အို...ဒါဖြင့် သူ (၈)တန်းနှစ်လောက်ကတည်းက ဒီအလုပ်ကို လုပ်ခဲ့ရတာပေါ့။ ကြည့်ပါဦး, ဘာကြောင့်များ ဂူနဲ့ လာတူနေရတာပါလိမ့်။ ဂူ့တုန်းကလည်း အဲဒီ (၈)တန်းအရွယ်လေးမှာ ဘဝကို ကြမ်းတမ်းခက်ခဲစွာ ဖြတ်သန်းခဲ့ရတာလေ။

"ကောင်းတယ် ကောင်းတယ်...ကြားလား မေမှူး"

"ရှန်!...ဘာကိုလဲ ကိုကျော်စွာ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းနေရာကို ပေးရမယ့်ချာတိတ်ရဲ့ အရည်အချင်းကို လေ"

"ဟင်းဟင်း. . . ဘာမှမတတ်သေးတဲ့လူကို သင်ပေးရတာ လွယ်ပါတယ် ကိုကျော်စွာရဲ့။ နည်းနည်းပဲသိ နည်းနည်းပဲတတ်တဲ့သူတွေကို သင်ပေးရတာကမှ ခက်တာ"

"အေး. . . မင်းပဲ အာမခံရင် မင်းပဲတာဝန်ယူတော့ မေမ္ဘူရေ။ ငါတော့ တိုင်နဲ့ခေါင်းနဲ့သာ ပစ်ဆောင့်လိုက်ချင်ပြီ"

ချာတိတ်က မျက်လုံးလေးဝိုင်းလျက် ကိုကျော်စွာကို မော့ကြည့်လိုက်လေ၏။ စိုးရိမ်သွားပြီလားမသိ။ ဦးလေးအကူ အညီနဲ့ တစ်နေရာရမယ်ထင်ပြီး ရောက်လာတာကို မန်နေဂျာက ညည်းတွားနေတာကို။

"ကျွန်တော်. . . ကျွန်တော် အလုပ်မရနိုင်ဘူးလားဟင်"

"အမယ်လေး မောင်မင်းကြီးသားရယ်။ အလုပ်မရမှာ စိတ်မပူပါနဲ့။ ရမှာပါ။ မင်းကိုင်တဲ့ကော်က Super glue မို့ အာ မခံပါတယ်"

"ဟိုလေ, ကျွန်တော်သုံးနေကျက သစ်သားကပ်တဲ့ ကော်မျိုးပါခင်ဗျ။ Super glue မသုံးပါဘူး"

"အေး, ငါ့ကိုက မှားတာ။ ကဲကဲ. . . ဟိုမှာ မင်းရဲ့မမ





သား, ခုံတစ်လုံးချွဲပြီး သွားထိုင်ပေတော့ မောင်ရင်ရေ။ မင်းကို ဝလုံးကစပြီး သင်ပေးလိမ့်မယ်. . . ကြွ"

"ခင်ဗျာ! တစ်ခါတည်း အလုပ်ဆင်းရတော့မှာလား"

"အေးလေ, မင်းကို Interview ဖို့ ခေါ်လိုက်တာမှ မဟုတ်ဘဲ။ အခုမဆင်းချင်လို့ ရမလား။ ဘာဖြစ်လို့လဲ"

"ဟို. . . ဟို. . . ကျွန်တော် ထမင်းဘူးပါမလာလို့ပါ ခင်ဗျာ"

ကဲ, အဘယ်မျှ ကလေးဆန်တဲ့ချာတိတ်ပါလိမ့်။ အလုပ် ဆင်းရင် ထမင်းငတ်မှာကို စိုးရိမ်နေပုံပါပဲလား။ ကိုကျော်စွာက ရယ်ကိုမေးငေါ့ပြလိုက်ပြီး စက်ဘူတောင်းနေပြီမို့ ဆုံလည်ခုံတစ်လုံး ကို သွားယူလျက် ဗ္ဗဘေးမှာ ထားပေးလိုက်ရတော့သည်။ ခုမှ ပဲ အဖော်ရပါလေရောလား မေမ္ဘူရေ။

"ထမင်းမစားရမှာ မပူနဲ့ ကိုအံ့ရဲ့။ Lunch Time ရောက်ရင် မမရဲ့ Card ဖောက်ပြီး Canteen မှာ ဝယ်ကျွေးမှာ မယ်။ လာ, ထိုင်"

ခေါ်လိုက်တော့လည်း ကုပ်ကုပ်လေး ထလာပြီး လာ ထိုင်လိုက်တာပင်။ အခုမှပဲ ရှေ့မှာ မှုကြိုကလေးကိုထိန်းဖို့ တာဝန် လိုမျိုး အလုပ်တိုးလာရပြီလေ။



www.burmeseclassic.com

www.burmeseclassic.com



"မှတ်မိလား"

"ဟုတ်ကဲ့"

"မင်းထက် နှစ်နှစ်ကျော်တောင် ကြီးတာဆိုတော့ မမ လို့ခေါ်ပေါ့"

အသံတိတ်နေလေ၏။ အမယ်! ကြည့်စမ်း. . . လူကို အသက်နှစ်နှစ်ကြီးတာတောင်မှ မမလို့မခေါ်ချင်ပုံပါလား။ ခေါင်း ကတော့ မာတယ်ထင်ပါရဲ့။

"မခေါ်ချင်ဘူးလား"

ခေါင်းညိတ်ပြလေ၏။ အဲဒီလိုမျိုး Boss နဲ့တူတဲ့ အေး စက်စက် Style မျိုးမဟုတ်ပါလား။

"ထားတော့. . . ကဲ, ဒီစာအိတ်တွေပေါ်မှာပဲ ဒီ Ad- dress တွေ သေချာလေး ရေးပေးနော်။ လုပ်တတ်တယ်မဟုတ် လား"

ဖူက ညနေအစည်းအဝေးအတွက် စာရွက်စာတမ်းတွေ စာစီပြီး Photo ကူးတာကို လုပ်ပြီးမှ သူရေးနေသည့်လက်ရေး ကို ငုံ့ကြည့်လိုက်မိလေ၏။ အလို! ယောက်ျားလေးဖြစ်ပြီး လက် ရေးက သေးသေးလေးနှင့် ဝိုင်းဝိုင်းလေး လှပလို့ပါလေ။

ညနေ Meeting Room ထဲမှာ အရင်ဆုံးဝင်လိုက်ပြီး





ရေသန့်ဘူးနဲ့ ဖန်ခွက်တွေ ချတာကိုရော၊ စာရွက်စာတမ်းတွေ စီချထားပေးတာကိုပါ အရင်ဆုံးလုပ်ရပါ၏။ ငါးနာရီအချိန်မှာ လူ စုံတက်စုံရောက်ပြီး တံခါး Lock ချလိုက်စဉ် တံခါးခေါက်သံ ထွက်လာလေသည်။

"ဖွင့်ပေးလိုက် မဖူး။ အားလုံးပဲ ဒီလကစပြီး GMအဖြစ် ခန့်ပေးမယ့် ကျွန်တော့်သားမက်လောင်းကို ကြိုဆိုပေးကြပါ"

တံခါးဖွင့်ပေးလိုက်မိစဉ် ဖူ့လက်ထဲမှာ ပိုက်ထားသည့် File တစ်ထပ်က ဝရောခနဲ ပြုတ်ကျသွားလေသည်။ ဒီမျက်နှာ နှင့် ရင်းနှီးခဲ့တာ လွန်ခဲ့တဲ့ (၆)နှစ်ကျော်ကပါလေ။



www.burmeseclassic.com

www.burmeseclassic.com



## အတိတ်ကောက်ကြောင်း

အေးစက်စက် ငါ့ညတွေမှာ
မိုးစက်တွေ အဖော်ပြုပေးရင်း
အခန်းငယ်လည်း အသက်မဲ့လို့
နင့်အကြောင်းတွေကို တွေးမိရုံနဲ့
အပြုံးတစ်ရ အသက်ဝင်လာခဲ့တယ်....
        လေပြည်တွေ တို့ထိခဲ့တဲ့ ငါ့ပါးပြင်
        ရမ်းယောင်ကာ စမ်းသပ်မိတော့
        နင့်အနမ်းကို မျှော်လင့်မိသလိုလို
        ရှက်ပြုံးနဲ့ ခေါင်းငုံ့မိစဉ်မှာ
        ရင်ခွင်ဟာ လှိုက်ဖိုတုန်းပါလေ....
ပုံစဉ်းရင်ကွဲတစ်ကောင်ရဲ့
အော်သံကို ကြားနေရပြန်တော့
နင့်အသံကို ငါတမ်းတနေမိခဲ့
အတွေးတွေ ဟိုဒီစီးမျောနေရင်းနဲ့
(ဘာမှမဆိုင်ဘဲ)
ငါ နင့်ကိုအရမ်းလွမ်းနေခဲ့တယ်....





        ခြောက်သွေ့ဟောင်းနွမ်းနေတဲ့
        ငါ့အခန်းကို ငေးကြည့်ရင်း
        (နင့်ရင်ခုန်သံတွေ)
        ဟောင်းနွမ်းသွားမှာကိုလည်း စိုးရိမ်မိတယ်....
ခံစားချက်တွေ ဖော်ပြဖို့ကလည်း
ငါတို့နှစ်ယောက်က
တစ်ယောက်တစ်နေရာဆီ မဆုံနိုင်ခဲ့....
        ဒီလိုအလွမ်းတွေနဲ့
        ဘဝကိုရှေ့ဆက်လျှောက်ရင်း
        တစ်ရက်ပြီးတစ်ရက် အချိန်တွေက
        စပ်ဖြိန်ဖြိန်တုန်လွန်လျက်ပေါ့....



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၉)

အမှိုက်ထုပ်က သုံးထုပ်မို့ မနိုင်ရသည့်ကြားထဲ မိုးဖွဲဖွဲရွာတာမို့ ဆံပင်ကုပ်ဝဲထက်မှာ မိုးစက်တွေ စိုလေပြီ။ ဖူ့က မိုးရာသီ July လမှာမွေးပေမယ့် မိုးရွာထဲမှာ လမ်းလျှောက်ရင် စွတ်စိုတာကို မနှစ်သက်ပါ။ ကြီးကြီးတို့အိမ်မှာနေရတာ ဖူ့အတွက် လုံခြုံပေမယ့် အစ်ကိုနှစ်ယောက်ကတော့ ဖူ့ကို ညီမဝမ်းကွဲလို သဘောမထားနိုင်သလို အိမ်ဖော်တစ်ယောက်လိုထင်ပြီး ခိုင်းလိုက်တာ မပြောပါနဲ့။

မနက်စောစောနှင့် ညဉ့်နက်မှ စာကျက်ရသည့်အချိန်ကသာ အနှောင့်အယှက်ကင်းသည့်ကာလပင် ဖြစ်လေ၏။ ကျန်သည့်

**ရွှေပဒေသာစာပေ**

www.burmeseclassic.com

www.burmeseclassic.com



အချိန်တွေကတော့ တစ်ယောက်မဟုတ်တစ်ယောက်က တစ်ခုပြီးတစ်ခု ဟိုဟာနိုင်းလိုက်၊ ဒီဟာ သွားဝယ်ခိုင်းဆိုပြီး ငြိမ်ငြိမ်လေး ထိုင်ရမည့်အချိန် မရှိသလောက်ပါပဲ။

ဥပမာ– ဂျာနယ်ထွက်ဝယ်ဆိုပြီး စီးကရက်ပါ ဝယ်ခိုင်းတာမျိုးပေါ့။ ကျောင်းဖွင့်ရက်တွေမှာ ဖူ့အတွက် စာသင်ချိန်မှာပဲ နားချိန်ရတာပါ။ ဒီလိုကျောင်းပိတ်ချိန်မှာတော့ ဖူက ကြီးကြီးတို့အိမ်ရဲ့ အိမ်ဖော်ကလေးပါလေ။

ဒီလိုနဲ့ အချိန်လုပြီး စာကျက်ခဲ့တဲ့ဖူက ဆယ်တန်းကို ပျော့ပျော့လေး နှစ်ခြင်းပေါက်အောင်ခဲ့ပေမယ့် အစ်ကိုနှစ်ယောက်ကတော့ဖြင့် ခုချိန်ထိ ဝေလေလေပင်။ တစ်ယောက်က ကိုးတန်းကို မအောင်သလို အကြီးဆုံးက ဆယ်တန်းကို တဖုန်းဖုန်းကျပြီး မိဘဆီ လက်ဖြန့်တောင်းသုံးပါပဲ။

ဘဘကိုသာ ကြောက်ကြပြီး အလိုလိုက်လွန်းသည့်ကြီးကြီးကြောင့် ဒီလို သားဆိုးနှစ်ယောက်ဖြစ်နေတာပင်။ 'မေမေမုန့်ဖိုး' ဆိုသည်နှင့် ခါးကြားထဲ လိပ်သိမ်းထားသည့် ပိုက်ဆံလိပ်က ခုန်ထွက်ချေပြီ။ ကြီးကြီးကိုယ်တိုင်လည်း ဈေးထဲမှာ ဆန်ဆိုင်ဖွင့်ထားတာမို့ ဘဘနှင့်တန်းတူ အလုပ်လုပ်ပေမယ့် သားနှစ်ယောက်ကတော့ မိဘနို့သက်ခံတုန်းပါ။





ဒီနှစ်ယောက်ကို ဖူနှင့်ယှဉ်ပြောပြီး ဘဘဆုံးမပါက ကြီးကြီးကိုယ်တိုင် မနှစ်မြို့ဟန်ပြသလို၊ ကွယ်ရာမှာ ခေါင်းခေါက်ကျောထုတာမျိုးကိုလည်း အစ်ကိုတွေပါ လုပ်တတ်လေ၏။ အင်းပေါ့လေ. . . ဖူက ကြီးကြီးရဲ့တူမအရင်းတောင် မဟုတ်တာမို့ သွေးသားအရင်းလို သဘောမထားတာ ဆန်းပါ့မလား။

"တီ! "

ကားကြီးတစ်စီးက ဖူတို့လမ်းထဲ ချိုးကွေ့ဝင်လာတာမို့ အလန့်တကြားဖြစ်သွားပြီး လမ်းဘေးကိုရှောင်လိုက်စဉ် မြောင်းထဲ ခြေချော်ကာ ချော်လဲလေ၏။ ဆာလာအိတ်သုံးထုပ်ကို မနိုင်မနင်းသယ်လာတာမို့ အထုပ်က ဆွဲချသလိုဖြစ်ကာ အထုပ်တစ်ထုပ်ပေါ် ထိုင်မိသည်အထိ ကိုးယို့ကားယားဖြစ်သွားရတာပင်။

ခြေခေါက်သွားတာမို့ မျက်နှာလေး ရှုံ့တွသွားရစဉ် ထိုကားကြီးနောက်မှ ကိုယ်ပိုင်ကားအနက်ရောင်က ကပ်ပါလာလေ၏။ ဓါး ရေ့ကားပေါ်မှာ ပစ္စည်းပစ္စယတွေ အစုံပါလာတာမို့ အိမ်ပြောင်းလာမှန်း သိသာစေလေသည်။ အလို! ကြည့်ရတာ ဟိုဘက်ခြံက ပိတ်ထားတဲ့တိုက်ကြီးကို ပြောင်းလာကြတာ ထင်ပါရဲ့။

အဲဒီအိမ်က ဖူ ဒီလမ်းထဲက ကြီးကြီးအိမ်ရောက်ပြီး နှစ်နှစ်အကြာမှာ ရောင်းပြီး ပြောင်းသွားကြတာပင်၊ အခု မြောက်



www.burmeseclassic.com

www.burmeseclassic.com



လကျော်ကြာမှာပဲ လူသစ်တွေ ရောက်လာတော့တာကိုး။ ပထမ နေသူတွေမှာ ကလေးသုံးယောက်ရှိပြီး အဲဒီကလေးတွေ ခြံထဲမှာ ဆော့နေကြတာကိုပဲ ဖူက ဒီဘက်ခြံကနေ ငေးကြည့်နေခဲ့ရတာပါ။ အခုလူသစ်တွေမှာရော ဆော့တဲ့အရွယ်ကလေးတွေ ပါဦးမှာလား။

ဖူ့လိုအရွယ် မြီးကောင်ပေါက် မိန်းကလေးသာ ပါရင်တော့ ဖူနဲ့စကားပြောဖော်ရမှာလေ။ အို! ဖူက ဒီဘက်အိမ်မှာ အိမ်ဖော်မလေးလို နေရတာမို့ ဖူ့ကို တန်းတူလိုသဘောထားနိုင်ပါ့မလား။ ဒီလိုတိုက်ကြီးတာကြီးနဲ့ နေနိုင်မှတော့ အခြေခံကြီးကြီးလူမျိုးပဲ ဖြစ်တော့မှာလေ။

"တီ! တီ! "

မြောင်းထဲမှ ထရပ်ကာ လမ်းပေါ်ရောက်စဉ် ဖူ့အနီးသို့ ရောက်လာသည့်ကားကတော့ နောက်ဆုံးပေါ်ကားနီရဲရဲလေးဖြစ်နေလေ၏။ ဒီကားကိုလည်း ဒီလမ်းထဲမှာ ဖူ တစ်ခါမျှမမြင်ဖူးပါချေ။ ကြီးကြီးတို့လမ်းက ဟိုဘက်ခြမ်း ဒီဘက်ခြမ်းပေါင်းမှ ခြံ (၁၂)ခြံသာ ရှိတာကိုး။

တိုက်ကြီးခြံတွေကတော့ ကျယ်ပြီး ကြီးကြီးတို့ခြံကတော့ ကျဉ်းပါ၏။ ပြီးတော့ တစ်ထပ်တိုက်ရှည်ရှည်လေးမှာ အိပ်ခန်း





လေးခန်းသာ ရှိပါသည်။ ဖူ ဒီအိမ်ကိုရောက်စဉ်က အစ်ကိုနှစ်ယောက်ကို တစ်ခန်းတည်းပေါင်းနေခိုင်းစဉ် ထကြွသောင်းကျန်းလိုက်တာ မပြောပါနှင့်။ ဧည့်သည်လာရင် အပိုထားသည့်အခန်းမှာ ဖူ့ကိုပေးမနေဘဲ စတိုခန်းကျဉ်းကျဉ်းလေးမှာသာ ဖယ်တန်ဖယ်, ရှင်းတန်ရှင်းလုပ်ပြီး ကျဉ်းကျဉ်းကျုပ်ကျုပ်လေး နေခွင့်ရခဲ့တာပင်။

"ဟော့!. . . ဘာဝိုင်းကူပေးရမလဲ"

ကားမှန်ချလျက် လှမ်းမေးလိုက်သည့်လူထံ အကြည့်ရောက်သွားပါသည်။ အို! ချောလိုက်တဲ့အစ်ကိုကြီးပါလားနော်။ ဖူ့အစ်ကိုတွေနဲ့များ ကွာပါ့။ မျက်နှာချိုချိုနှင့် ပြောလိုက်ပုံကိုက ဖော်ရွေသူမှန်း သိသာစေတာလေ။

"မေးနေတာ ဖြေမှပေါ့"

"ရတယ်"

"ဘာကိုရတာလဲ"

"တစ်ယောက်တည်း နိုင်တယ်လို့ပြောတာ"

"အာဂသတ္တိပါပဲလား။ ဒီလောက်မနိုင်မနင်းဖြစ်နေတဲ့ဟာကို။ ဘာလဲ. . . အထဲမှာ ရွှေတွေဘာတွေ ပါလာလို့လား"

မျက်တောင်းက ဒိုင်းခနဲရောက်သွားချေပြီ။ ဖူက မျက်



www.burmeseclassic.com

www.burmeseclassic.com



နှာငယ်ကလေးဖြင့် နေတတ်ပေမယ့် လူကို အထက်စီးဆန်ဆန် ပြောလာရင်တော့ (ကြီးကြီးတို့မိသားစုကလွဲ၍) နည်းနည်းမှမခံတတ်ပါချေ။ အခုလည်း လူကို ချာတိတ်မလေးဆိုပြီး စနေသည့်သူ့ကို ဒီလိုမျက်စောင်းမျိုးခဲပြီးတော့ ဆန့်ကျင်တတ်ပါ၏။

"အားပါးပါး. . . မျက်စောင်းကြီးကလည်း လန့်စရာပါလား ချာတိတ်ရဲ့။ ကိုယ်က စေတနာနဲ့ကူညီပေးချင်လို့ ပြောရတာပါ။ စိတ်ဆိုးစရာလား"

"မလိုပါဘူး. . . ရှုံ့မှာ ခြေလက်အကောင်းကြီး ရှိသေးတယ်"

"ဟုတ်ပါပြီ ဟုတ်ပါပြီ. . . မလိုအပ်ဘူးဆိုရင်လည်း ရပါတယ်။ မကူညီတော့ပါဘူးဗျာ။ ဟုတ်ပြီလား Bye! "

လက်တစ်ဖက်ထောင်ပြလျက် ကားနီလေးက လမ်းထဲသို့ ဆက်ဝင်သွားတော့၏။ လမ်းထိပ်ရဲ့လမ်းဘေး (ပလက်ဖောင်းဘေး)မှာ (အုတ်ကန့်)အမှိုက်ကန်ရှိတာမို့ ဒီအနီးနားရပ်ကွက်တိုင်းက ဒီနေရာမှာပဲ အမှိုက်ပစ်ရတာပါ။ ရှုံ့ ဒီကိုရောက်တုန်းက (၈)တန်းအရွယ်မို့ ဒီလိုအမှိုက်ထုပ်ပစ်တာကို မရှက်တတ်ပေမယ့် အခု (၁၀)တန်းအောင်ပြီးအရွယ်မှာတော့ ရှက်သလိုဖြစ်နေလေပြီ။

ကြီးကြီးကိုပြောပြီး နေ့လယ်အားလပ်ချိန်မှာ သင်တန်း





တက်ဖို့ သနားခံထားတာမို့ ရှုံ့ တတ်ချင်သည့်သင်တန်းတွေ တက်ခွင့်ရတာ သိပ်မကြာသေးပါချေ။ အလုပ်ထွက်လုပ်ရန် ခွင့်တောင်းဖို့သာ လိုတော့တာပါပဲ။ ဒီအိမ်ရိပ်နိုပြီး အလုပ်ထွက်လုပ်မှာကိုတော့ ကြီးကြီးက ခွင့်ပြုမှာမဟုတ်ပါ။ ဘဘကတော့ ရှုံ့တက်လမ်းကို ဖွင့်ပေးမို့ ခွင့်ပြုမှာအမှန်ပါလေ။

"ဟိုဘက်အိမ်မှာ လူသစ်တွေ ရောက်နေပြီ"

"ကောင်မလေးချောချောတစ်ယောက်တော့ တွေ့တယ်ကွ"

တီးတိုးပြောနေကြသည့်အစ်ကိုနှစ်ယောက်ကတော့ အိမ်မြဲတော့မှာထင်ပါရဲ့။ တစ်နေ့တစ်နေ့ ဟိုဟိုဒီဒီသဝေထိုးနေတာ ခြေထောက်မငြောင်းသလိုပင်။

"ဟဲ့ မရှုံ့"

"ရှင်. . . အစ်ကိုလေး"

"ဟိုဘက်ခြံမှာ လူသစ်တွေ ရောက်နေတာ သိရဲ့လား"

"ဟင့်အင်း"

'အေး. . . ညည်း, အိမ်ဘေးမှာ စာထိုင်ဖတ်တဲ့အလုပ်ကို ရပ်ပေတော့။ ကြားလား"

ကြည့်! ရှုံ့နေရာကို သူတို့လုကြတော့မှာလေ။ ဟော အိပ်



www.burmeseclassic.com

www.burmeseclassic.com



ခန်းထဲမှာ စာဖတ်ရင် မှောင်တာမို့ ဒီတိုက်ပုလေးဘေးက သနပ်ခါးပင်အောက် မြေကွက်လပ်လေးမှာ ခုံပုလေးပြင့်ထိုင်ရင်း သနပ်ခါးနံ့လေးလည်းရှူရင်း စာဖတ်ရသည့် Feeling ကိုအရမ်းနှစ်ခြိုက်တာလေ။

ခုတော့ ဒီနေရာမှာ သူတို့ညီအစ်ကိုနှစ်ယောက် ဂစ်တာတီး၊ သီချင်းဆိုပြီး ဟိုဘက်ခြံက အလှပဂေးလေးကို ကြူကြတော့မှာကိုး။ 'ဘူး'တွေ၊ စိတ်ထဲမှပြောရင်း လက်ဆေးရန် မီးဖိုဆောင်ထဲ ဝင်ခဲ့ပါ၏။ သူတို့လို ခပ်ပေါ့ပေါ့နေစားတတ်ပုံနဲ့ ဘယ်လိုကောင်မလေးတွေက ပြန်ကြိုက်မှာတဲ့လဲ။

ထမင်းစားရင်လည်း ဟိုဟင်းမကြိုက် ဒီဟင်းမစားဘူးဆိုပြီး ဂျီကျောင်က များကြသေး။ ဆာပြီဆိုရင် လူကြီးတွေစားပြီးပြီလားမသိ၊ ခုချက်ချင်း နူးခပ်ပေးဆိုပြီး (အီသိယိုးပီးယားသားတွေလို) စားကြတတ်ပါရဲ့။ အဲဒီလို လယ်ရာပြန်စားရေးအရာရှိတွေကို ဘယ်ကောင်မလေးက ပြန်ကြိုက်ကြမှာလဲနော်။ ဟွန်း!. . . မုန်းစရာကြီး။

"မိဇ"

"ရှင်. . ."

"ထမင်းစားမယ်"





"ဟာ, အစ်ကိုကြီးကလည်း ခုမှ သုံးနာရီရှိသေးတာ။ ရှုတောင် ညနေစာချက်ဖို့ မပြင်ရသေးဘူး"

"အံမာ. . . နင်ရှာကျွေးတာကို စားရသလိုမျိုးလေသံနဲ့ပြောစရာလား။ ရှိတဲ့ထမင်းစားမယ်"

"ထမင်းကြမ်းက နည်းနည်းပဲရှိတာ"

"ရှိရှိဟာ. . . မနက်က ကြက်သားခုတ်သဲ ကြားလိုက်သလားလို့။ ငါစားတော့ မမြင်ပါလား"

"အဲဒါ ဘဘဖို့ ပြုတ်ကြော်လုပ်ထားပေးတာလေ။ အစ်ကိုကြီးပဲ မျှစ်ချဉ်နဲ့ဝက်သား စားချင်တယ်ဆိုလို့ ရှုချက်ပေးထားတယ်လေ။ အစ်ကိုလေးက အမဲသားနှပ်ဆိုလို့လည်း လုပ်ပေးထားတဲ့ဟာကို။ လူကြီးတွေအတွက် ဖယ်ထားတာ မျက်စောင်းထိုးရတယ်လို့"

ဒီတစ်ခါတော့ ရှု့ကိုဖိပြောနေသည့်အစ်ကိုကြီးကို ပြန်ခံပြောမိလေပြီ၊ ဟုတ်တယ်လေ, ဟင်းချေးများလွန်းပေမယ့် အမေကြိုက်တဲ့ဟင်းကို လုစားချင်တဲ့သားတွေကို အမေဖြစ်တဲ့ကြီးကြီးက အလိုလိုက်လွန်းလို့ အခုလို ခပ်ဆိုးဆိုးသားတွေက ရှု့ကိုနိုင်စားကြတာမဟုတ်လား။

ဒီမိဘနှစ်ပါးသာ အသက်ကြီးပြီး အိုမင်းမစွမ်းအရွယ်



www.burmeseclassic.com

www.burmeseclassic.com



ရောက်ရင် ဒီလိုသားနှစ်ယောက်ရဲ့ မသိတတ်တဲ့အတွက်ကြောင့် ရင်လေးစရာပင်။ ဖူ့လိုမိဘတွေမရှိတော့ရင် (ဖေဖေ့ကိုလည်း ဖူ့ဘဝမှာ မရှိတော့ဘူးလို့ စိတ်သွင်းထားတာမို့) ဘယ်လို အသက်ရှင်ကြမှာလဲ မသိပါလော။

"နေစမ်းပါဦး မိဖူရဲ့၊ နင်က ဒီအိမ်မှာ ဘာမှိုလို့လဲ။ ငါ့အမေက သနားလို့ဆိုပြီး ခေါ်ထားလို့ ခွေးဝင်စားဘဝနဲ့ နင်အသက်ရှင်နေရတာမဟုတ်လား။ လာသေးတယ်. . . နင့်လုပ်စာမဟုတ်ဘဲနဲ့များ ငါ့ကိုမကျွေးချင်ဘူးပေါ့လော၊ ငါနော်, လက်သီးတစ်ချက်ငနဲ့တောင်မရှိတဲ့ ကောင်မလေးကများ။ တောက်!"

"ဖူက မကျွေးချင်လို့မှမဟုတ်တာ။ အဲဒါစားချင်တယ်ဆိုရင်လည်း ဘာလို့ ဟိုဟင်းကိုချက်နိုင်သေးလဲ။ အားလုံးစားလို့လောက်အောင် တစ်ခါတည်း လုံလုံလောက်လောက်ထယ်ပြီး ချက်ပေးမှာပေါ့"

"ဘာ!"

"ဟာကွာ. . . ပေ့ကောင် သားကြီး နားညည်းတယ်ကွ။ ဘာဖြစ်ပြန်ပြီလဲ"

"ဒီမှာလေ, မိဖူ ငါ့ကိုပြန်ခံပက်နေလို့ ပြောနေတာ။ တော်တော်လူပါးဝလွန်းတယ်"





"ဖူက လူပါးဝတာမှမဟုတ်တာ"

"ဩ, ဒါဆို ငါကပဲ ဝတာပေါ့လေ၊ နင်တော့လား"

"ဟာ! တော်ကြတော့၊ သားကြီး၊ ဟိုဘက်ခြံမှာ မဒီလေး ရောက်နေပြီကွ။ အခု ခြံထဲမှာ ဆင်းနေပြီ"

နှစ်ခါပင် မခေါ်ရဘဲ ပါသွားချေပြီ။ အမှန်ပြောတာပါ။ ဒီအိမ်မှာနေရတာ စိတ်ချမ်းသာရတယ်လို့မရှိ။ အမြဲပင် တစ်ခုမဟုတ်တစ်ခု စိတ်ရှုပ်နေရသည်သာ။ ဘဝကိုလုံခြုံစွာနေခွင့်ရသည့်အရိပ်မို့ အောင့်အည်းသည်းခံနေရသော်ငြား ဒီအိမ်မှ ထွက်သွားချင်စိတ်က ညစဉ်ညတိုင်းပါပင်။

ပညာကလေး မတောက်တခေါက်၊ အသက်ကလည်း စကောစက၊ အလုပ်အကိုင်ကလည်း မယ်မယ်ရရမရှိသေးပါဘဲ ရုန်းထွက်လို့ ဘယ်ရပ်ါမလဲ။ တက္ကသိုလ်ကို အဝေးသင်ပဲတက်ပြီး ဘွဲ့လေးတစ်ခုလောက်ရ၊ အလုပ်လေးလည်း အတည်တကျရပြီဆိုလောက်မှ ကြီးကြီးနှင့်ဘဘထံမှာ ခွင့်ပန်ပြီး ဒီအိမ်မှထွက်ခွာဖို့ ဖူ ပြင်ဆင်ထားတာလော။

အိမ်ဖော်သာ ဒီမှာနေရင် တစ်ပတ်တောင် မခံဘဲ ပြေးမှာ မလွဲပါဘူး။ တစ်ရက်တစ်ရက် လျှော်လိုက်ရတဲ့အဝတ်၊ မနက်ည ချက်လိုက်ရတဲ့ဟင်းလျာ၊ ဆေးကြောရတဲ့အိုးခွက်ပန်းကန်၊



www.burmeseclassic.com

www.burmeseclassic.com



အစစမသက်သာလှ။ ဖူ့ကို သုံးနှစ်ကြီးတောင်မှ ကျောင်းထား ပေး ကျွေးမွေးစောင့်ရှောက်ထားပေးခဲ့တဲ့ကြီးကြီးတို့ကျေးဇူးကို သိတတ်နားလည်မှုဖြင့် အသက်ဆက်ရှင်နေရတာကို အစ်ကိုနှစ် ယောက် သိကြပါရဲ့လား။



## အခန်း (၁၀)

နားမခံသာအောင် အသံပြဲကြီးနှင့် ဒင်ဒင်ဒေါင်ဒေါင် ဂစ်တာသံကြောင့် မျက်နှာကိုရှုံ့လိုက်မိပါ၏။ လူကြီးတွေ အလုပ် သွားကြပြီဆိုသည်နှင့် လုပ်ငန်းက စကြချေပြီ။ ဘေးအိမ်တွေ ကိုတော့ အားနာစရာပါပဲ။ ဘယ်အချိန် ခြံဝရှေ့တံခါးမှာ လမ်း ထဲမှလူကြီးတွေ လာအော်မှာလိမ့်နော်။

"ဗျူး. . ."

တွေ့လား. . . အသံသေးအသံကြောင်နဲ့ အော်နေပြန် ပါပြီ။ Speaking သင်တန်းနှင့် Computer သင်တန်းနှစ်ခု တက်နေရတာမို့ စာကျက်ရတာရော၊ လေ့ကျင့်ရတာတွေကို ဆုပ်

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com

နေရတာမို့ ခေါင်းရှုပ်နေရတဲ့ကြားထဲ ဒီအသံတွေက နှောင့်ယှက်နေတာကြောင့် သက်ပြင်းကို ရှိုက်လိုက်မိလေ၏။

ငါနော်. . . တိုင်နဲ့ခေါင်းနဲ့သာ တိုက်ပြီး သေလိုက်ချင်တော့တာပါပဲ။ Computer လေ့ကျင့်ဖို့ ဘဘက Lap Top ဟောင်းကို ပေးထားတာမို့ Keyboad နှင့် Mouse ပါ ဝ မှန်ဖိုးစုပြီး ဝယ်ထားတာပါ။ ဒါကြောင့်မို့ လေ့ကျင့်စရာရှိတာလေ။ Speaking ကိုတော့ နားကျပ်ကက်ဆက်သေးသေးလေးဝယ်၊ အခွေဝယ် နားထောင်ပြီးကျင့်၊ အသံသွင်းကျင့်တာမို့ သင်တန်းမှာ စာလိုက်နိုင်တာပါ။ နို့မို့ လေ့ကျင့်ဖော်မရှိရင်တော့ စာလိုက်နိုင်ဖို့ဝေးစွလေ။

"တူ!. . ."

ဟော. . . Phone မြည်သံ ကြားရပြီ။ သေရာတယ်၊ အိမ်ကို Phone နဲ့ စတိုင်ချေပြီပဲ။ အခန်းထဲမှအမြန်ထွက်ကာ စည့်ခန်း Phone ကို ကိုင်လိုက်ရပါ၏။

"ဟယ်လို, အမိန့်ရှိပါရှင်"

"အေး. . . သမီးမညှုပဲလား"

"ဟုတ်ပါတယ်ရှင်"

"အိမ်မှာ အစ်ကိုတွေရှိနေလား သမီး"





"ရှိပါတယ်"

"ဦးက သမီးတို့ရပ်ကွက်က ရာအိမ်မှူးပါကွယ်။ သမီးတို့အိမ်မှာ ဆူသံညံနေလို့ဆိုပြီး ရပ်ကွက်ရုံးကို Phone တွေဝင်လာလို့ကွယ့်။ ဦးတို့လည်း အစည်းအဝေးရှိနေလို့ လူကိုယ်တိုင် လာမပြောဖြစ်ဘဲ Phone နဲ့လှမ်းသတိပေးရတာပဲ။ ရန်မျိုးအောင်နဲ့ ဉာဏ်လင်းမောင်ကို မဆူညံဖို့ သမီးပဲပြောပေးပါကွယ်"

သေစမ်း! ကြောက်ရပါတယ်ဆိုမှ ကိုယ်စားပြောခိုင်းနေပြန်ပါပြီ။ ဒီနေ့တော့ ပြဿနာပါပဲလား။ မထူးပါဘူးလေ, ဂူ့အတွက်ကတော့ နေ့တိုင်းလိုလို ပြဿနာဖြစ်နေတာပါပဲ။

"ဟုတ်ကဲ့ပါ ဦး"

"အေးအေး. . . ဆိတ်ငြိမ်ရပ်ကွက်ထဲ ညံနေတော့လည်း တိုင်ကြပြီပေါ့။ ဒါဆို ဒါပဲနော်, သမီး"

"ဟုတ်ကဲ့ရှင့်"

ဟုတ်ကဲ့လိုက်ရပြီပေါ့။ No လို့ပြောလို့မှမဖြစ်တာကိုး။ Phone ကိုချလိုက်ပြီး အိမ်ရှေ့ကိုထွက်လိုက်ပါ၏။ တိုက်ဘယ်ဘက်ဘေးကို လျှောက်ခဲ့စဉ် လက်ခေါက်မှုတ်သံနှင့်အတူ ဂစ်တာအိုးကို လက်ဖြင့်ထုသံက ပို၍ကျယ်နေလေပြီ။



www.burmeseclassic.com

www.burmeseclassic.com

"ဟူး. . ."

"အစ်ကိုကြီးနဲ့အစ်ကိုလေး"

နှစ်ယောက်သားက မကြားချင်ယောင်ဆောင်နေတာမို့ တော်တော်နှင့်ပြန်လှည့်မကြည့်။ ဒေါသတောင် ထွက်ချင်လာပြီး ဒင်းတို့သာ အငယ်ဆိုရင် နှစ်ယောက်စလုံးရဲ့ခေါင်းကို တဒေါက် ဒေါက်ခေါက်လိုက်ချင်တာ မပြောပါနဲ့။ ဒီဘဝမှာ နှစ်ဝမ်းကွဲတော် တဲ့အစ်ကိုတွေမို့ သည်းခံနေရတာလေ။

"အစ်ကိုကြီး"

"ဟာ. . . ဘာလဲကွာ၊ ရှုပ်လိုက်တာ"

"ပတ်ဝန်းကျင်အိမ်တွေက အစ်ကိုကြီးတို့အသံ ဆူညံ လို့ ရပ်ကွက်ရုံးကို Phone ဆက်ပြီး တိုင်ပြီ"

"ဘာ!"

"အဲဒါ အသံတိတ်ပေးတဲ့"

"ဘယ်သူပြောတာလဲ"

"ဦးဘစိန်၊ အခုပဲ Phone ဆက်ပြီးပြောတယ်။ မတိတ် ရင် သူ့အကြောင်းသိမယ်တဲ့။ ညနေ ကြီးကြီးတို့ပြန်ရောက်ရင် ကိုယ်တိုင်လာပြောမှာလို့ ပြောတယ်"

မျက်နှာရှုံ့တွသွားကြလေ၏။ ကဲ့ မှတ်ထား ဗွကာ ပို





ပိုသာသာလေး ဖိပြောလိုက်တာလေ။ အိမ်မှာ ဘာဘာကလွဲလို့ ကြောက်ရမယ့်သူမရှိတဲ့အစ်ကိုတွေကို ဒီလိုမျိုးမှမပြောတတ်ရင် ဘယ်လွှယ်ပါ့မလဲ။ တစ်နေ့တစ်နေ့ ကိုယ့်အတွက်လည်း အကျိုး မရှိ သူတစ်ပါးအတွက်လည်း အကျိုးမရှိတဲ့ ဝေလေလေလှုနှစ် ယောက်ကို ဘယ်လိုလူတွေက မေတ္တာထားပေးနိုင်မှာတဲ့လဲ။

"ဘယ်သူတွေ တိုင်တာလဲကွာ။ ကိုယ့်ထမင်းကိုယ်စား ပြီး အေးအေးမနေဘူး. . . ခွပဲ"

"အေးလေ"

"အစ်ကိုကြီးတို့က တော်ရုံသင့်ရုံမှမဟုတ်တာကိုး"

"ဘာလဲ"

"သီချင်းဆိုတာ ကိုယ်ကြားရုံလေး ခပ်သာသာဆိုရင် ဘယ်သူက တိုင်မှာလဲ။ အာခြကြီးနဲ့ တအားဆိုနေတော့ သူများ နားမခံသာတော့ဘူးပေါ့"

"အံမာ! မိချောင်းမင်း ရေခင်းမပြချင်စမ်းပါနဲ့။ သူများ ကတော်တော်ရ နင်ကိုက ငါတို့ကိုဖိပြောချင်နေတာမဟုတ်လား"

"ထမင်းကျက်ပြီလား မိဂ္ဂ"

"ကျက်ပြီ အားလုံးလည်း ပြင်ပြီးနေပြီ၊ ခဏနေ အဝတ် လဲပြီးရင် ဈေးသွားမှာနော်။ အစ်ကိုကြီးတို့ အိမ်စောင့်ပေးကြဦး"



www.burmeseclassic.com

www.burmeseclassic.com



“နင်က ဈေးကိုဘာသွားလုပ်မှာတုန်း”

“ညနေဈေးဝယ်တော့ သက်သာတာပေါ့။ အပြန်ကျရင် ကြီးကြီးကိုပါ တစ်ခါတည်းပြန်ကြိုလာမှာ”

ခါတိုင်း အိမ်စောင့်ပါဆိုရင် တွန့်လိမ်ကောက်ကွေးပြီး ကျိုနေကျနှစ်ယောက်က ခုတော့ဖြင့် ရှောရှောရှူရှူနေပြီး ငြိမ်နေတာပါလား။ ဟိုဘက်ခြံက ကောင်မလေးကဖြင့် အဘယ်မျှချောသည်ကိုမသိရသေးပေမယ့် အစ်ကိုတစ်ယောက်ကတော့ အင်မတန်ခန့်ချောတာကို ရှုက မျက်မြင်တွေ့ပြီးပါပြီလေ။

“အေး, ကောင်းကောင်းသွားပြီး ကောင်းကောင်းပြန်ခဲ့ဦး”

ပြောပုံကိုက ရှုကပဲ အပြင်ထွက်ပြီး ဖလန်းဖလန်းထသလိုမျိုးပါပဲလား။ အမြင်ကပ်ပေမယ့် သူတို့ကိုရန်လုပ်ရင် ရှု့အတွက် အကျိုးမရှိတာမို့ ကိုယ့်အလုပ်ကိုသာ မြန်မြန်သွက်သွက် လုပ်လိုက်ရလေသည်။ အဝတ်တွေကိုရုပ်ပြီး ညကျမှ မီးပူတိုက်ရမှာမို့ မီးပူတိုက်ရန် အဆင်သင့်ပြင်ဆင်ရသည့် ခြင်းတောင်းအပြန့်ထဲမှာ အသာထည့်ထားကာ ရေမိုးချိုးပြီး အပြင်သွားရန် ပြင်ဆင်လိုက်ပါ၏။

ဈေးခြင်းတောင်းဆွဲ၍ အပြင်ထွက်ကာ ဒီညနေဝယ်ရန်





ရေးထားသည့်စာရင်းကို ငုံ့ဖတ်နေတာမို့ ဘေးမှာမောင်းနေသည့် ကားအနီလေးကို ရုတ်တရက်မမြင်လိုက်မိပါလေ။ ရှု့အကျင့်က အလုပ်တစ်ခုလုပ်ရင် တခြားကို အာရုံမရောက်တာမဟုတ်လား။

“တီ!”

“အမေ့!”

အလန့်တကြားဖြင့် ကားပေါ်မှသူက ပြုံးစိစိဖြင့် ရှု့ကို စကားစပြောလေ၏။

“ဘာတွေများ တွက်ချက်နေတာတုန်း။ လက်တွေကိုတောင် ချိုးနေတာဆိုတော့ ဘတ်မန်းနီးမကျန်မှာစိုးလို့လား”

“ဘာ, ဘတ်မန်းနီးလဲ”

“ဈေးဖိုးထဲက မကျန်ကျန်အောင် ဖယ်ထားတဲ့ဘတ်ငွေကို ပြောတာပေါ့ ချာတိတ်ရဲ့”

“အမယ်. . . လူကိုများ သူ့လိုထင်နေသလား။ ရှုက ကိုယ့်လုပ်အားခမဟုတ်ဘဲ အချောင်ရတဲ့ငွေကို ဘယ်တော့မှမယူတတ်ဘူးရှင့်။ ‘အတ္တာဟိအတ္တနော နာထော’တဲ့။ ကြားဖူးတယ်မဟုတ်လား”

ကဲ, မှတ်ထား။ ရှုက ကိုယ့်ကို ပါးပါးလေးလာထိရင် ထုထုလေး ပြန်ပေးတတ်တယ်လေ။ အဲဒီလိုလုပ်တတ်အောင်



www.burmeseclassic.com

www.burmeseclassic.com



ရှု့ကို လောကကြီးက သင်ပေးခဲ့တာကိုး။ ဟက်ခနဲပြန်ပြောတာကို မျက်နှာမပျက်သွားသည့်အပြင် ပြုံးစစဖြင့် သူ ဆက်ပြောပြန်လေ၏။

"ကိုယ်က ရင်းနှီးသမှုနဲ့ စတာပါ ချာတိတ်ရယ်"

"အဲဒီချာတိတ် ချာတိတ်ဆိုပြီး လူကိုနှိမ်သလိုခေါ်တာကိုလည်း မကြိုက်ဘူးရှင့်"

"အိုး! ဒါဆိုလည်း ကိုယ့်ကိုမိတ်ဆက်မှပေါ့ ချာတိတ်ရဲ့။ I'm Phone Myint Mo. Who are you? "

အလာကြီးပါလား။ လူကို သူငယ်နှပ်စားလေးလိုသဘောထားနဲ့ ဘိုလိုလာမှတ်နေသေးတာလေ။ အတော့်ကို ပါးနပ်တဲ့လူကြီးပါပဲ။ ရှု့နာမည်ကို မသိသိရအောင် လိုက်အစ်နေတာပဲမဟုတ်လား။

"ဘာလို့ပြောရမှာလဲ"

"ဩော်, နာမည်က ဘာလို့ပြောရမှာလဲတဲ့လား။ ထူးထူးဆန်းဆန်းပါပဲ။ ကဲ, ဘယ်ကိုသွားမလို့လဲ။ ဘာလို့ပြောရမှာလဲရယ်"

ရှု မရယ်ဘဲ မနေနိုင်ပါတော့ချေ။ ဒီလူကြီး အတည်ပေါက်နဲ့ လူကိုလာစနေတာကိုး။ ဒုက္ခပါပဲ။ သူနဲ့ရပ်ပြီး လေဖုတ်





နေတာနဲ့ ညနေစျေးကို နောက်ကျတော့မှာလေ။ စကားမြန်မြန်ဖြတ်မှ မေမဥ္ဇူကျော်ရေ။

"စျေး"

"ဒီစျေးလေးပဲမဟုတ်လား။ လမ်းကြုံနေတာမို့ နောက်ထပ်ကူညီချင်လာပြီ။ လိုက်ခဲ့မလား ဘာလို့ပြောရမှာလဲရယ်"

"ဟင်းနော်. . . ရှု့ကို ကလေးဆိုပြီး လိုက်စမနေပါနဲ့"

"ဟော. . . ခုနကတော့ ချာတိတ်လို့ခေါ်တာမကြိုက်ဘူးဆို။ အခုတော့ တစ်မျိုးပြောပြန်ပြီ။ နာမည်က ရှုတစ်လုံးပဲလား"

မျက်စောင်းက ဒိုင်းခနဲရောက်သွားပါ၏။ ဒီလိုစကားပြောသွက်တာနဲ့ ဒီလူကြီးရဲ့သဘောထားကောင်းတာကို ခန့်မှန်းနိုင်တာလေ။ အပြုံးချိုချိုလေးကိုက ခင်စရာကောင်းတာကို သိနိုင်တာအမှန်ပါပဲ။

"မေမဥ္ဇူကျော်"

"ဟိုက်ရှားပါး! တယ်လှတဲ့နာမည်ပါလား။ ရုပ်ရှင်မင်းသမီးတွေတောင် ဗိုင်းခနဲလဲသွားနိုင်လောက်တယ်"

"အမယ်, လူလည်း လှပါတယ်နော်"

"ထောက်ခံပါတယ်ဗျာ။ ကဲ, ရင်းနှီးပြီဆိုတော့ မမလေး



www.burmeseclassic.com

www.burmeseclassic.com



ကို ကားကြုံလိုက်ဖို့ ဖိတ်ခေါ်ပါရစေနော်''

ဒီတစ်ခါတော့ဖြင့် ရူ မငြင်းရဲတော့ပါလေ။ သူ့မျက်နှာထက်မှာ ရှိုးသားတဲ့အရိပ်ကို မြင်သာနေတာကိုး။ သူဖွင့်ပေးလိုက်သည့်တံခါးမှတစ်ဆင့် ကားပေါ်ကို ငြိမ့်ခနဲတက်ထိုင်လိုက်မိတော့၏။ အိုး. . . ငြိမ့်ပြောင်းလေစွ။

''ဟိုနေ့က အပြင်ထွက်တာတွေ့တယ်။ ဘယ်ကိုသွားတာလဲ''

''ဘယ်အချိန်ကိုမေးတာလဲ''

''အင်း. . . နေ့လယ်ပိုင်းပေါ့''

''သင်တန်းသွားတာ''

''ဘာသင်တန်းတုန်း''

''အစုံပေါ့၊ စပ်စုလိုက်တာ''

''ဪ, ရင်းနှီးအောင်လို့လည်း စကားပြောရသေးတယ်။ လူကြီးကိုကောင်းကောင်းပြောမှပေါ့''

''လူက ဘယ်လောက်များ ကြီးနေလို့လဲ''

''ကိုယ့်အသက်က (၂၃)၊ Y.I.T Final တက်နေပြီ''

''ဟုတ်လား၊ ရူက အခုမှ (၁၈)ပြည့်မှာ။ First Year distance တက်နေပြီ''





''ဘာ Major လဲ''

''E...''

''ဒါဆို နံ့တာပေါ့''

ပေါ့ပေါ့ပါးပါးရယ်ဖြစ်လေ၏။ ရပ်ကွက်ဈေးကလေးကို ဆယ်မိနစ်ကျော်ကျော်လေးသာ မောင်းပြီးရောက်လာတာမို့ အချိန်သက်သာလိုက်တာ မပြောပါနဲ့။ ကားပေါ်မှဆင်းစဉ် 'ကျေးဇူးနော်'ဟု ခပ်တိုးတိုးအပြောကို သူက ခေါင်းသာညိတ်ပြလိုက်လေ၏။

ဝူးခနဲမောင်းထွက်သွားသည့်ကားနောက်မီးနီလေးကို ငေးကြည့်ရင်း ပြုံးလိုက်မိပါသည်။ ဘုန်းမြင့်မိုရ်တဲ့။ အင်မတန်ခန့်ထည်တဲ့အမည်ကို ပိုင်ဆိုင်ထားသည့် အမျိုးသားတစ်ဦးပါလား။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၁)

"ကိုယ့်ညီမလေးလေ၊ မိုးမြင့်မိုရ်တဲ့။ မင်းထက် (၂)နှစ်ကြီးတယ်"

"ဒါဆို မမလည်း Final တက်နေပြီပေါ့နော်"

ဘက်တံကို လှည့်ပတ်ဆော့လိုက်ရင်း မိုးမြင့်မိုရ် ပြုံးလိုက်လေ၏။ လှတာပါပဲ။ အစ်ကိုရော ညီမပါ လှကြတာအမှန်။ ပြီးပြည့်စုံတဲ့အသိုင်းအဝိုင်းမှာ မွေးဖွားလာကြသူတွေမို့ အကျည်းတန်ခြင်းဆိုတာ အလျဉ်းမရှိပါလေ။

"မရောက်သေးဘူး"

"ဟင်! ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"မိုးက MC တက်နေတာလေ ကလေးရဲ့။ မင်း မေ့ခင် မှားသွားပြီ"

"ဟင်. . . အားနာလိုက်တာ"

သံဇကာကွက်ကိုကိုင်ရင်း အားနာစကားဆိုတော့ တစ်ဖက်ခြံထဲမှ မောင်နှမရယ်သံက ခပ်သဲ့သဲ့။ ဖူးက ဒီဘက်မှာ စာကျက်နေတုန်း သူတို့မောင်နှမက ခြံထဲမှာ ကြက်တောင်ရိုက်နေကြတာလေ။ တကယ်တော့ ဖူထိုင်နေကျ နေရာကွက်လပ်လေးက အရိပ်အုပ်အုပ်လေးမို့ ရုတ်တရက် (ဟိုဘက်ခြံက) မမြင်နိုင်ပါ။ သို့သော် ဖူ့ကို တစေ့တစောင်း လှမ်းကြည့်နေသည့်သူက မြင်ကိုမြင်လိုက်တာလေ။

"ကိုယ်တို့စကားလာပြောတာနဲ့ မင်း စာကျက်ပျက်သွားပြီ။ ဘာတွေကျက်နေတာလဲ"

"စာ"

"ဘာစာလဲ၊ စာကလေးလား၊ စာဘုန်းကြီးလား"

"ဟုတ်ဘူး. . . စာကိုရင်"

မိုးမြင့်မိုရ် ခစ်ခနဲရယ်ပြန်လေ၏။ ဖူနှင့်သူက အတော်ပင် ရင်းနှီးနေပြီမို့ အားမနာစတမ်း ပြန်နောက်တတ်နေပြီလေ။ မမလည်း သဘောထားပြည့်ပုံပါပဲ။





"ရယ်ရတယ်ဟယ်"

"မိုးကို မမလို့ခေါ်ရင် ကိုယ့်ကိုလည်း ကိုကိုလို့ခေါ်သင့်တာပေါ့ ချာတိတ်ရဲ့"

နှုတ်ဆိတ်သွားပါ၏။ အိမ်ကအစ်ကိုနှစ်ယောက်နဲ့တင် လက်လန်နေတာ နောက်ထပ် အစ်ကိုထပ်ရှဦးမှာကိုး။

"ဈေးကလည်း ကိုင်ပါ့၊ ဘာလဲ. . . မခေါ်နိုင်ဘူးပေါ့လေ။ မင်းအစ်ကိုတွေ ဆူမှာစိုးလို့လား"

"အဲဒီ (၂၁၉) နှစ်ခြမ်းကွဲအစ်ကိုတွေကိုများ မကြောက်ပေါင်"

"ဘာလဲ (၂၁၉)နဲ့ နှစ်ခြမ်းကွဲဆိုတာ"

"(၂၁၉)ဆိုတာ (၁၀၉/၁၁၀)အလုပ်မရှိအကိုင်မရှိကို ပေါင်းခေါ်တာလေ။ နှစ်ခြမ်းကွဲဆိုတာက နှစ်ဝမ်းကွဲလို့မပြောချင်တာနဲ့ တမင်ပြောလိုက်တာ"

"မှတ်သားစရာပါပဲ မဈူရယ်၊ သူပြောမှပဲ ဒီနံပါတ်ကို ထူးထူးဆန်းဆန်းကြားဖူးတယ်, တကယ်ပဲ၊ ကိုကိုနဲ့ တော်တော်လေး ခင်နေပြီပေါ့လေ၊ ဘယ်တုန်းကတည်းက ရင်းနှီးနေတာလဲ"

ဖူက ချက်ချင်းမဖြေဘဲ သူ့ကိုလှမ်းကြည့်စဉ် သူက



www.burmeseclassic.com

www.burmeseclassic.com



မျက်ခုံးပင့်ပြကာ အချက်ပြလေ၏။ ပုံစံက သူကိုယ်တိုင်ပဲ ပြောပြမယ်ပေါ့လေ။

"ကိုကိုတို့ ဒီကိုစပြောင်းတဲ့နေ့ကတည်းကပဲ မိုးရဲ့"

"ဟုတ်လား. မိုးတို့ဒီကိုရောက်တာ ခြောက်လကျော်တာတောင်မှ မဒ္ဒူနဲ့တစ်ခါမှမတွေ့ဖူးဘူး။ ဘယ်လိုများ ပုန်းနေသလဲ"

"ပုန်းနေတာမဟုတ်ဘူး မိုးရေ၊ ဒီနေရာလေးမှာ သူ့အစ်ကိုနှစ်ယောက် လာလုတာကိုး"

"ဒါဆို အိမ်ထဲမှာ ဘာလုပ်နေတာလဲ"

မျက်နှာငယ်ရပါလားနော်။ ဖူက ဒီအိမ်မှာ ဘယ်လိုနေဘယ်လိုစား ဘယ်လိုလုပ်ရသလဲဆိုတာကို ဒီလမ်းထဲကလူတိုင်းနီးပါး သိနေပြီးသားပါ။ သူလည်းသိနေမှာမို့ နှုတ်က ဖွင့်မပြောချင်တာအမှန်ပါလေ။

ဖူ အပြောခက်နေတာကို သူက ရိပ်မိလေ၏။ အနေခက်တယ်ဆိုတာ ဒါမျိုးကိုခေါ်တာထင်ပါရဲ့။ အမှိုက်ထုပ်တွေနဲ့ လမ်းထိပ်ကို သွားပစ်ရတဲ့ကောင်မလေးကို သူ အထင်မသေးသလိုမျိုး သူ့ညီမလေးလည်း ရှိနေပါစေလား။

"မဒ္ဒူက ပင်ပန်းရှာတယ် မိုးရဲ့။ တစ်နေ့လုံး တကုပ်





ကုပ်နဲ့ အလုပ်လုပ်နေရတာမျိုး။ မိုးလင်းရင် ချက်ပြုတ်ပြီး လျှော်ဖွပ်ပြီးပြီ။ သူ အဝတ်လှန်းနေရင် အဲဒါ မနက်ဆယ်နာရီပဲ"

"ဟယ်"

"ညနေ အမှိုက်သွားမပစ်ခင် အဝတ်ရုပ်ရင် အဲဒါ ညနေငါးနာရီ ထိုးပြီ"

အလို! ဖူ အလုပ်လုပ်နေတာကို သူဘယ်လိုများ မြင်နေသိနေပါလိမ့်။ ဖူတို့ခြံနှစ်ခြံကြားမှာ အုတ်တံတိုင်းတစ်ဝက် သံဇကာတစ်ဝက် ကာထားတာမို့ ဒီဘက်ခြံမှာ ဖူဘာလုပ်နေသလဲဆိုတာကို ဟိုဘက်ကနေ မြင်မှာအမှန်ပါပဲ။ ဖူကဖြင့် သတိပင်မထားမိဘဲ တစ်နေ့တာလှုပ်ရှားနေတာမဟုတ်လား။

အစ်ကိုနှစ်ယောက် သူတို့ခြံကို မကြာခဏလှမ်းကြည့်နေကျကလည်း ကြာတော့ ရိုးသွားပုံပါ။ ခုတော့လည်း ဒုံရင်းက ဒုံရင်း၊ အပြင်ကို ဒိုးနေကြတော့ ဖူတစ်ယောက်တည်း ရှိနေတာလေ။

"အခုရော ဘာလုပ်နေတာလဲ"

"စာကျက်ပြီးပြီမို့ ခြံထဲမှာ တံမြက်စည်းလှဲမလို့ပါ မမ"

"ဒါဖြင့် နားချိန်ရော ရှိသေးရဲ့လား မဒ္ဒူရယ်"

"နားချိန်ကတော့ ရှိပါတယ် မမရဲ့။ အစ်ကိုနှစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ဘီယာမှုးပြီး မရစ်တဲ့နေ့ဆိုရင်တော့ စောစောအိပ်ရပါတယ်''

''ဟယ်!. . .''

မိုးမြင့်မိုရ်က စကားပင်မပြောနိုင်တော့ဘဲ ဖူ့ကို ခပ်ငေးငေးကြည့်နေပါ၏။ ဖူက အတော်လေး သနားစရာကောင်းတဲ့ ကောင်မလေးဖြစ်နေပြီလား။ ဘဝမှာ ဖူ့ထက် ပိုဆင်းရဲ ပိုဒုက္ခများတဲ့ကလေးတွေကတော့ အတော်များများရှိနေမည်သာ။ သို့သော် အရွယ်ရောက်ချိန်မှာ သူတစ်ပါးကိုမှီခိုနေရသည့်ဖူ့အတွက်ကတော့ သနားစရာဖြစ်နေမှာအမှန်ပါလေ။

''အစ်ကိုတွေက ရိုက်လားပုတ်လားရှိသေးလားဟင်''

''ရှိတာပေါ့၊ ဟိုနေ့က အိမ်နောက်ဖေးမှာ ဘာနိုင်းတာလဲမသိ၊ မဥ္ဇူက အဝတ်လှန်းနေတုန်း လာလုပ်မပေးလို့ဆိုပြီး ခေါင်းကိုထုလိုက်တာ ကိုယ်တွေ့လိုက်တယ်''

ဒါလည်း သိလိုက်တာပဲလား။ ဖူ့ကို သူတစေ့တစောင်း ကြည့်နေတတ်တာတော့ အသိသာကြီးပါပဲ၊ မောင်နှမနှစ်ယောက်၏ ကရုဏာသက်မျက်ဝန်းများထံမှ ဖူအကြည့်လွှဲလိုက်မိပါ၏။ အဲဒီလိုမျိုး ဖူ့ကိုသနားတာမျိုးကို မလိုလားပါချေ။

''အဒေါ်နဲ့ဦးလေးကရော မဥ္ဇူကိုချစ်ကြရဲ့လားဟင်''

''ဒီလိုပါပဲ''





မြေသံက ခပ်ပြတ်ပြတ်ပါပဲ။ ဖူ့ဘဝက ခွေးဝင်စားလို ဖြစ်နေတာလေ။ အိမ်မွေးတိရစ္ဆာန်ဆိုတာ လိုချင်လို့ မွေးတာမျိုး၊ ချစ်လို့မွေးတာမျိုးရှိမှသာ အဲဒီတိရစ္ဆာန်လေးဘဝက နေပျော်စရာ ဖြစ်မှာပါ။ ဒီလိုမဟုတ်ဘဲ မလွှဲသာလို့ သနားပြီးမွေးရတဲ့အကောင်လေးကိုတော့ မကျွေးဖြစ်လို့ကျွေးရတဲ့ စေတနာ(အနည်းအပါး)သာ ရှိမှာမဟုတ်လား။ ဒီတော့ ဖူ့ဘဝကလည်း ဒီလိုမျိုး ခွေးဝင်စားတိရစ္ဆာန်လိုပဲ ဖြစ်နေမှာပါပဲ။

''နေလို့ရော ပျော်ရဲ့လားဟယ်''

''တော်ရာမှာနေရလို့ပါ မမရယ်၊ ပျော်အောင်နေရတာပေါ့''

''တခြားဆွေမျိုးတွေဘာတွေရော မရှိကြတော့ဘူးလား''

''ဟင့်အင်း''

ခေါင်းခါပြစဉ်မှာ မျက်ရည်ဝဲသွားတာကို အသာပုတ်ခတ် သိမ်းရပါ၏။ သူစိမ်းတွေရှေ့မှာ အားငယ်ပြီး မျက်ရည်မကျလိုပါ။ ဖြတ်သွားဖြတ်လာ တွေ့ရတတ်တဲ့အဖေ့ကို ကိုယ်ပိုင်ကားနဲ့ အဆင်ပြေပြေ၊ မိသားစုပျော်ရွှင်နေတာကိုမြင်တိုင်း ဖြစ်ရတဲ့ ဒေါသက ရင်ထဲမှာပါပဲ။

ပစ်ထားရက်လေခြင်းဟု ဒေါသထွက်မိပေမယ့် ဖူ့ကို



www.burmeseclassic.com

www.burmeseclassic.com



ကိုက ဒီလိုပဲ အထုံပါလာတာဟု ဖြေသိမ့်ရသည်လေ။ ဒီလိုဖြေဆည်တတ်အောင်လည်း မေမေက ငှ့ကိုသင်ပေးခဲ့တာကိုး။ ဘဝမှာ ရောင့်ရဲလွယ်တတ်အောင် သင်ခဲ့ရပေမယ့် လူလူသူသူနေချင်ဖြစ်ချင်တဲ့ဆန္ဒက လောဘပင် မဟုတ်ပါလား။ ဒီလိုလောဘမျိုးသာ ရှိမထားရင် ဒီဘဝကနေ ငှ ရုန်းထွက်နိုင်မှာမဟုတ်ဘူးလေ။

"အန်တီ့ဘက်က တော်တာပေါ့နော်"

"ဟုတ်"

"ဒါဆို အန်တီကတော့ တူမကို ချစ်မှာပါ"

"ဟင့်အင်း. ဘဘက ပိုချစ်တာ။ ငှ တက်ချင်တဲ့သင်တန်းတွေကို ဘဘပဲ ထားပေးတာမရဲ့။ ကြီးကြီးကတော့ သားအရင်းတွေပဲ ပိုချစ်တာပေါ့"

"အလိုလိုက်ပုံလည်း ရတယ်နော်။ ကိုယ်ကြည့်ရတာကတော့ နည်းနည်းဆိုးမယ်ထင်တာပဲ။ ဟုတ်လား"

ခေါင်းညိတ်ပြလိုက်မိ၏။ 'အတွင်းမီး အပြင်မရောက်စေနဲ့' ဆိုရိုးစကားကိုများ ငှဖောက်ဖျက်မိပြီလား။ ကိုယ့်အမှုကို လူသိအောင်ပြတာမျိုး မဟုတ်ပေမယ့် ပတ်ဝန်းကျင်က မျက်မြင်ဖြစ်နေတော့ ခက်သားလား။

"မမတို့ကစားတာ ပျက်သွားပြီ"





"ရပါတယ် မမျှရဲ့၊ မမတို့ အားကစားလုပ်တာ အလွန်ဆုံး တစ်နာရီပါ။ ကိုကိုသာ လမ်းမဘက် ထွက်လျှောက်ကျင့်ရှိတာလေ"

"စာမေးပွဲနီးပြီလား"

"ဟုတ်. ရှေ့တစ်ပတ်ထဲ ဖြေရမှာ။ အဲဒါကြောင့် စာကျက်နေရတာပေါ့"

"ကျောင်းပြီးရင် ဘာလုပ်ဖို့စိတ်ကူးထားလဲ ချာတိတ်ရဲ့"

"အခုကြိုးစားနေတယ်လေ"

"အဖြေက တစ်လွဲကြီးကွာ"

"သြော်. ကုမ္ပဏီဝင်နိုင်အောင် ကြိုးစားနေတာလို့ပြောတာပါ"

"မဆိုးဘူး။ မင်းပုံစံလေးနဲ့ ကုမ္ပဏီ Uniform နဲ့ဆိုလိုက်မှာ"

အခုမှ သုံးယောက်သား ပြုံးနိုင်တော့၏။ ဟုတ်ပါတယ်၊ ငှ့ဘဝက လူကြားထဲ ချပြစရာကောင်းတဲ့အတ္ထုပ္ပတ္တိမှမဟုတ်တာကိုး။ စိတ်ကိုပေါ့ပေါ့လေးထားပြီး ရင်ပေါ့အောင်နေတတ်ဖို့ ကျင့်ရဦးမှာပါလား။



www.burmeseclassic.com

www.burmeseclassic.com



"အိမ်ထဲချည်း ကုပ်နေတော့ ရည်းစားရှိရဲ့လား"

စတာမှန်းသိပေမယ့် မျက်နှာတော့ ရဲသွားရပါ၏။ ရင်းနှီးသမှုနှင့် မမအမေးကို ပြုံးရုံသာ တုန့်ပြန်လိုက်မိပါသည်။ မီးဖိုခန်းမှာသုံးတဲ့ လက်နှီးစုတ်က ဘယ်လူရာဝင်ပါ့မလဲ မမရယ်။

"အံမာ! လူကြီးမေးတာကို ပြုံးစိစိနဲ့။ ဒီကောင်မလေး မရိုးတော့ဘူး။ ပြောစမ်း. . . ရည်းစားဘယ်နှယောက်ရှိလဲ"

"ပေါက်ကရတွေ"

"ညာဖြီးမယ်မကြံနဲ့ ပြော. . ."

"အင်း, အနည်းဆုံး ငါးယောက်အထက်တော့ ရှိမယ်ထင်တာပဲ"

"ဘယ်လို"

မျက်လုံးပြူးဖြင့် ကြည့်လိုက်ကြသည့် မျက်ဝန်းနှစ်စုံကြောင့် ရယ်ချင်စိတ်ကို ကျိတ်ဖြည်လိုက်ရပါ၏။ မယုံဘူးပေါ့လေ။ ဟုတ်တာပဲ. . . ရှုံ့လိုအရောင်မှိန်နေတဲ့ ကျောက်ခဲလေးကို ဘယ်သူက လှတပတလေးဆိုပြီး ကောက်ယူမှာတဲ့လဲ။ ခက်ပါရဲ့။

"အဲဒီလောက်တောင် များတယ်"

"များတာပေါ့"





မမထပ်မေးတာကို ခေါင်းညိတ်ပြလိုက်စဉ် သူ့မျက်နှာက ချက်ချင်းတည်သွားလေ၏။ စိတ်ဆိုးတာလား။ ဖူ ဒီလိုပြောတာကို စိတ်ဆိုးခွင့်မျိုး သူ့မှာရှိပါရဲ့လား။ ခက်ပြီကော ကိုဘုန်းမြင့်မိုရ်။

"ရောင်ကွန်နရီရယ်၊ ပီယာ့စ် ဘရော့စ်နမ်ရယ်၊ တွိမ်ခရု(စ်)ရယ်၊ ဟယ်ရီဆင်ဖို့(ဒ်)ရယ်၊ ရစ်ချတ်ဂီရီရယ်၊ ဂျက်ကီချန်းရယ်၊ ပြီးတော့ အိန္ဒိယမင်းသား ရှာရွတ်ခန်းတောင်ဆိုတော့ အင်း, (၇)ယောက်ပေါ့"

မမရယ်သံနောက်မှာ သူက မျက်နှာလွှဲ၍ ပြုံးလိုက်လေ၏။ ညီမလေးကို တွန့်တိုသလိုမျိုးလား။ ဖူက မျှော်လင့်ချက်မထားနိုင်တဲ့ အညတရကောင်မလေးပါကွယ်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၂)

"တီ!. . ."

ကားဟွန်းသံကြောင့် လမ်းဘေးကို ကပ်လျှောက်လိုက်တဲ့ ရှေ့ဘေးနားမှာ ခပ်ဖြည်းဖြည်းမောင်းလာသည်က ကားနီနီလေး။ အနီရောင်ကို မျက်စိရှုးလွန်းလို့ မနစ်ခြိုက်သည့်ဖူသည်ပင် ဒီ Colour ကို မျက်စိထဲ စွဲနေသလိုလိုပင် ဖြစ်နေလေပြီ။

"ဟော့! တစ်ချက်လောက် ငဲ့ကြည့်ပါဦး"

အပြုံးဖြင့် မျက်စောင်းခဲမိ၏။ ကျောင်းသွားမယ့်လူကဘာလို့ ကျောင်းကိုမြန်မြန်မသွားဘဲ လူကိုလိုက်စနေရတာလဲ။ ကောသရိတ်ို့သာတွေ့ရင် သူ့ကိုအပြိုင်ပိုးကြမှာအမှန်။ ကျောင်း



www.burmeseclassic.com

www.burmeseclassic.com



မတူလို့ ကျေးဇူးကမ္ဘာပါ ကိုကို။

"နာမည်လေး ခေါ်ပါဦးလား"

"ကိုကိုနော်၊ လိုက်မစနဲ့"

ကားကလေးက ရပ်သွားလေပြီ။ အပြုံးဖြင့် ကားပေါ်မှ ဆင်းလာသည့်ကိုကို့ Style က Model Boy တွေ Actor တွေလို ခန့်ငြားလွန်းပါဘိ။

"စာမေးပွဲသွားဖြေမလို့မဟုတ်လား"

"ဟုတ်"

"လိုက်ပို့ပေးမယ်လေ"

"နေပါစေ"

"ဘာနေပါစေလဲ ချာတိတ်ရဲ့"

"အကျင့်ပါသွားမှာစိုးလို့ပါကိုကို၊ မြေပေါ်မှာနင်းတဲ့ ခြေထောက်အတွက် အကာအကွယ်ဖိနပ်ရှိနေတာပဲ၊ လမ်းလျှောက်ဖို့ခြေထောက်ပါရင် ဖူ့အတွက် ပြည့်စုံပြီးသားပါ"

"E-major ကျောင်းသူမို့လို့ပဲနော်။ မြန်မာစာ ပြောင်းယူပါလား"

စကားတတ်တာကိုရွဲ့ပြီမို့ ပြုံးလိုက်မိပြန်၏။ ဒီကားလေးကို မကြာခဏစီးမှန်း လူတွေတွေ့ရင် ကိုကို့အိမ်မှာ ပြဿနာဖြစ်





နိုင်တယ်လေ။ ခြံနှစ်ခြံကပ်နေပေမယ့် ဖူနဲ့ကိုကိုတို့ကြားမှာ ပကာသနဆိုတဲ့တံတိုင်းကြီးက ကာဆီးခြားနားထားမှန်း ဖူ သိထားလို့ပါလေ။

"လာပါ, လိုက်ပို့ပေးမယ်။ ပို့ပေးချင်တဲ့လူကတောင် ခယယလုပ်နေရပါလားနော်"

"အားနာလို့ပါလို့ဆိုနေမှ"

"ဒီလူနဲ့ဒီလူ ပြောစရာလား"

"မရော"

"သူ့ကားနဲ့သူ လစ်သွားပြီ, အစောကြီး"

"ကိုကိုနောက်ကျနေမှာစိုးလို့ မလိုက်တော့ဘူးလေနော်"

"ဩော်, ပြောစရာရှိလို့ ခေါ်နေတာကို အရိပ်ပြလို့မရပါလား"

ပြောစရာရှိလို့တဲ့။ ရင်ထိတ်သွားသော်ငြား ဖူ့ကိုယ်ဖူ ရယ်ချင်မိသွားရပါ၏။ မိုဝံကြယ်ကို လှမ်းဆွတ်ယူချင်ရင် အဲဒါ ရူးနေလို့ပေါ့။ ဖူက အရူးမှမဟုတ်ဘဲ။ သို့သော် ကြွေကျလာရင်တော့ ခပ်မြန်မြန်လေး လှမ်းဆုပ်ဖမ်းယူမည်သာ။ လူ့သဘာဝအတိုင်းပေါ့လေ။



www.burmeseclassic.com

www.burmeseclassic.com



''တကယ်ပြောစရာရှိလို့လား''

''လူကြီးဆိုတာ ဘယ်တော့မှမလိမ်ဘူး ချာတိတ်ရဲ့''

''ဆိုခဲစေ မြဲစေပေါ့လေ''

''ဒါပေါ့''

ပခုံးတွန့်လိုက်ပြီး သူ့ကားပေါ်ကို တက်လိုက်မိပါ၏။ ကိုကိုတို့မောင်နှမကတော့ အဆင့်အတန်းမခွဲခြားတာ သိပေမယ့် မိဘတွေကတော့ ဘယ်လိုစိတ်ထားရှိမလဲဆိုတာကို ဖူ မသိပါချေ။ အိုလေ, ဒီမိဘတွေရဲ့ဗီဇမျိုးဆက်ပဲဟာ၊ မိဘတွေနဲ့တူလို့ ဒီလိုသားသမီးမျိုး ရတာပဲလေ။

''ဘယ်နှဘာသာ ကျန်သေးလဲ''

''No! ဒီဘာသာက နောက်ဆုံးပဲ''

''ကြော်''

''ပြောစရာရှိလို့ဆို''

''အင်း, ညကျမှပဲ ပြောပါတော့မယ်''

''Lier...''

''ကြည့်, လူကြီးကို အဲဒီလိုပြောရလား''

''ပြောမှာပေါ့၊ ကိုကိုပဲ ပြောစရာရှိတယ်ဆိုပြီး ဖူ့ကို ကားပေါ်တင်လာတာလေ။ အဲဒါညာတာမဟုတ်လို့ ဘာလဲ''





''စိတ်ကလည်း လက်တစ်ဆစ်ပါလား''

''ဟုတ်တယ်၊ ဖူက Yes or No ဆိုပြီး တိကျတာမျိုးပဲ ကြိုက်တာ။ ဖြစ်နိုင်ခြေဆိုတဲ့ May be ဆိုတာမျိုးကို မုန်းတယ်ရှင့်''

ကိုကိုက ပါးစပ်အဟောင်းသားဖြင့် အံ့သြသွားလေ၏။ ဟုတ်တယ်လေ၊ ယောကျ်ားဆိုတာ ပြောတဲ့အတိုင်း ပြတ်ပြတ်သားသားလုပ်ရတာမျိုးမဟုတ်လား။ ဒီလိုတုံ့ဆိုင်းတွေဝေတတ်တာမျိုးကိုတော့ ဖူမနှစ်သက်ပါ။ တဆိတ်! ဖူ့စိတ်ကိုက ယောကျ်ားဆန်နေတာမျိုးလည်း ဖြစ်မယ်ထင်ပါရဲ့။

''ဒါက စိတ်ကောက်တာပေါ့လေ''

''မကောက်ပါဘူး။ ဖူ့ကို မိန်းကလေးဆိုပြီး ချွဲနွဲ့စိတ်ကောက်တတ်တယ်မထင်ပါနဲ့ ကိုကိုရဲ့။ မေမဥ္ဇူကျော်ဆိုတာ အမာစားလေးရှင့်။ ကဲ, လိုက်ပို့ပေးတဲ့အတွက် ကျေးဇူးပါပဲ''

ကိုကိုဖွင့်မပေးခင် ကားပေါ်မှဆင်းလိုက်ပါ၏။ အပြုံးဖြင့် နှုတ်ဆက်စကားဆိုတာကို ကိုကိုက ခေါင်းညိတ်ပြပါသည်။ ဖူက ကစားစရာလေး မဟုတ်ပါဘူးကိုကို၊ ကိုကိုတို့လက်ထဲလှည့်ပတ်ဆော့ကစားလေ့ရှိတဲ့ ဘက်တံလေးလိုမျိုး လူကို မလှည့်စားချင်ပါနဲ့။ အဝေးကိုလွှင့်ရိုက်ခံရတဲ့ကြက်တောင်လေးလိုလည်း မနာ



www.burmeseclassic.com

www.burmeseclassic.com



ကျင်ပါရစေနဲ့လားရှင်။

စာမေးပွဲကို ကောင်းမွန်စွာ ဖြေနိုင်ပါ၏။ နောက်ထပ် နှစ်နှစ်ကို အားခဲတက်ရဦးမှာလေ။ ဒီကြားထဲ အောင်မြင်ကျော်ကျော် ကျင်အောင် တက်နေရသည့်သင်တန်းတွေကလည်း အများသား။ ဘွဲ့ရပြီးတာနှင့် အလုပ်ဝင်ရင် ဘာဘာနှင့်ကြီးကြီးထံ ခွင့်တောင်းပြီး ဒီအရိပ်အောက်က ခွာဖို့ကိုလည်း နိုင်နိုင်မာမာဆုံးဖြတ်ထားတာပါလေ။

ရှုကတော့ 'တစ်နေ့တစ်လံ ပုဂံဘယ်ရွှေ့မလဲ'ဆိုတာထက် 'ဒီနေ့ ပုဂံကိုရောက်ရမယ်'ဆိုတဲ့ ဆရာကြီးမေဖြင့်ရဲ့ဆောင်ပုဒ်အတိုင်း ဘာမဆို ရဲရဲရင်ဆိုင်ဖြတ်ကျော်ကျင့်ရှိခဲ့ပါ၏။ 'မြေ' ဆိုတာ လူနင်းခံဘဝဖြစ်ပေမယ့် ဒီမြေကပဲ လူတွေကို ရပ်တည်ရှင်သန်စေနိုင်အောင် အကျိုးပြုနေတာပဲမဟုတ်ပါလား။ ဒီတော့ လူထဲက လူတစ်ယောက်အနေနဲ့ တန်ဖိုးရှိသင့်တာအမှန်ပါလေ။

"အပြင်ဆောင် ရှာတွေ့ထားပြီ"

"နင်တို့အခုနေတဲ့အဆောင်က ဘာဖြစ်လို့လဲ"

"လူအရှမ်းများလို့ဟဲ့၊ လူနည်းနည်းနဲ့ စည်းကမ်းသိပ်မကြပ်တဲ့ အပြင်ဆောင်မျိုး ငါရှာတွေ့ထားပြီ"

"မကော့၊ နီနီလည်း လိုက်မှာနော်"





"ချော်၊ အေးပါဟဲ့၊ တကတည်း တစ်မြို့တည်းအတူနေလာတဲ့နင့်ကို ငါချန်ခဲ့ပါ့မလား။ မညူကပါ နေချင်တယ်ဆိုလို့ပြောနေတာ"

"ပြောင်းတာတော့ ပြောင်းမှာပေါ့ ကေ. . . ဒါပေမဲ့ ရှု့အတွက် အလုပ်ကောင်းကောင်းရှိဖို့က ပိုအရေးကြီးနေတယ်။ ဒါမှအဆင်ပြေမှာ"

"ဟုတ်တယ်. . . ငါတို့လည်း ကြိုးစားနေရတာပဲ။ ဒီအထည်ချုပ်လုပ်ငန်းနဲ့ နစ်ပါးသွားနေလို့ကတော့ ဘာ Power မှ မြင့်လာမှာမဟုတ်ဘူး"

ကေသရီ့အပြောကို ခေါင်းညိတ်ထောက်ခံမိ၏။ နယ်ကရောက်လာတဲ့ ဒီသူငယ်ချင်းနှစ်ယောက်ကတောင် ရှု့ထက်သာနေတာလေ။ ရှုကမှ ကပ်ပါးကောင် ဝင်ကစွပ်ကောင်ဘဝနဲ့ သူများကို မှီခိုနေရတဲ့လူ။ ဒီသူငယ်ချင်းနှစ်ယောက်ကတောင် အလုပ်ရှိနေသေးတာကို။

"အောင်စာရင်းထွက်တဲ့နေ့မှာ ဆုံကြမယ်"

"OK!..."

"အဆောင်ပြောင်းလို့ရှင် နင်တို့နှစ်ယောက် ပြောင်းနှင့်ကြပါ ကေ။ ရှု နောက်မှပြောင်းလာခဲ့ပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ပြီးရော"

ကားဂိတ်မှာ စီးရသည့်ကားမတွေ့တာကြောင့် လက်ပြလမ်းခွဲခဲ့ပါ၏။ ခြေဖဝါးက အရှေ့ကိုလှည့်ပြီးသားမို့ အရှေ့ကိုပဲ ဦးတည်လျှောက်လှမ်းရမှာမဟုတ်လား။ လမ်းရှိသရွေ့ လျှောက်ပေဦးတော့ မေမဥ္ဇူကျော်။

အိမ်ပြန်ရောက်တော့ တအောင့်နားပြီး အိမ်အလုပ်တွေကို ဆက်တိုက်လုပ်ရပါ၏။ သင်တန်းတစ်ခုပြီးပြီမို့ နောက်သင်တန်းတစ်ခု ထပ်တက်ရန် စဘူးဖောက်ရဦးမှာပါလား။ ရသမျှ မုန့်ဖိုးကို အပိုအလျှံမသုံးဘဲ ကျစ်ကျစ်လစ်လစ်စုဆောင်းထားခဲ့သည့်စုဘူးလေးကို ရင်မှာပိုက်ရင်း သက်ပြင်းရှိုက်လိုက်မိလေသည်။

'ကြွေးရှိရင် အိပ်မပျော်'တဲ့။ ဖူးမှာတင်နေတာက ကြီးကြီးတို့ရဲ့ကျေးဇူးကြွေးပါပဲ။ ဘဘကတော့ 'ဘာမှပြန်မလိုချင်ဘူး၊ သမီးပြုစုချက်ပြုတ်ကျွေးတာကိုပဲ ကျေးဇူးတင်ပါတယ်'ဟု ပြောဖူးတာမို့ အသက်ရှူချောင်ရတာပင်။

ညနေစာချက်ပြုတ်ပြီးတော့ နေက အတော်ပင် စောင်းနေလေပြီ။ ခြံထဲမှာ အမှိုက်တွေ(သစ်ရွက်ခြောက်တွေ) ပွနေပြီမို့ လှည်းကျင်းမီးရှို့ရန် အိမ်ထဲမှထွက်ခဲ့ပါ၏။ တကယ်ဆို ဒီအလုပ်





က ယောကျ်ားလေးတွေအလုပ်မဟုတ်လား။ အိမ်ခေါင်မိုးကို သစ်ကိုင်းလာငြိတာကိုတောင် ဖူးပဲ လှေကားဖြင့် ထောင်တက်ခုတ်ရတာမို့ ဒီအစ်ကိုနှစ်ယောက်ရဲ့ တာဝန်ကင်းမှုကိုတော့ ထည့်ပြောဖို့မရှိတော့ပါလေ။

"ချွတ်! ချွတ်! "

တစ်ဖက်ခြံမှ အသံတိုးတိုးကြောင့် တံမြက်စည်းလှည်းနေရင်း လှည့်ကြည့်လိုက်မိ၏။ သံဇကာခြံစည်းရိုးမှာ ရပ်နေရင်း လှမ်းခေါ်နေသည့်သူ့ကို မျက်စောင်းခဲလိုက်မိသည်။ အမြင်ကပ်စရာကြီးနော်။ လူကို နာမည်မခေါ်ဘဲ ဒီလိုခေါ်ရတယ်လို့။

"ချာတိတ်, ခဏ"

"မလာပါဘူး"

"ဟောဗျာ! ပေးစရာရှိလို့ ခေါ်နေတဲ့ဟာကို။ လာပါ"

"ဘာလဲ, ညာဦးမလို့လား။ ဖူးက တစ်ခါပဲ အညာခံမှာနော်။ နောက်တစ်ခါမရဘူး"

"ဪ, တကယ်ပါဆို"

တိုက်နံရံမှာ အုန်းလက်တံမြက်စည်းရှည်ကို မှီထောင်လိုက်ပြီး အိမ်ဘေးကို လျှောက်လိုက်ရပါ၏။ ဒီတစ်ခါညာလို့ကတော့ ကိုကို့ကို လုံးဝစကားမပြောတော့ပါလေ။



www.burmeseclassic.com

www.burmeseclassic.com

"ဘာလဲ"

"ရော့"

သူကမ်းပေးလိုက်သည့် နှင်းဆီပွင့်နီနီရဲရဲလေးကိုကြည့်ရင်း ပြုံးလိုက်မိ၏။ ဒါက ဘာ Style ပါလိမ့်။ တခြားကောင်မလေးမျိုးကို ဒီလိုပေးရင်တော့ မည်သို့ဖြစ်မည်မသိပါ။ ဖူကတော့ ပန်းမကြိုက်သည့်သူမို့ ရယ်ချင်လိုက်တာမပြောပါနှင့်။

"အဲဒါဘာလဲ"

"စကားပြောတဲ့ Rose လေ"

"ဟာဟ! ဖူပြုံးမိပြီ တစ်ခါ၊ စကားပြောတတ်တဲ့ပန်းရယ်လို့ ဖူဖြင့် တစ်ခါမှမတွေ့ဖူးပေါင်"

"မယုံရင် ယူကြည့်လိုက်ပါ ချာတိတ်ရဲ့"

"ဘာလို့ယူရမှာလဲ၊ ကိုကိုက ကြောင်တယ်ကွာ"

"ဟောဗျာ၊ ဘာကိုကြောင်ရမှာလဲ"

"ဖူကမှ ပန်းမကြိုက်တာ၊ ပန်းမကြိုက်တဲ့သူကို ပန်းလာပေးတာလောက် ကြောင်တဲ့အလုပ်မျိုး ဘယ်မှာရှိလို့လဲ၊ ပြော"

ဖူ မေးဆတ်ပြောတာကို သူက အပြုံးဖြင့် တုန့်ပြန်လေ၏။ နေဦး. . . ပန်းပေးတယ်ဆိုတာ အရှုံးပေးတောင်းပန်တာပေါ့။ ဒါဖြင့် မနက်က ဖူစိတ်ကောက်သွားတာလို့ယူဆပြီး သူ ပန်းပေး





တာလည်း ဖြစ်နိုင်တာပဲလေ။

"မသနားဘူးလား"

"ဘယ်သူ့ကိုလဲ, ကိုကို့ကိုလား၊ ဝေးပါသေး"

"မဟုတ်ပါဘူး၊ ပန်းလေးကို"

"ကဲပါလေ, ဖူ့မှာလည်း လုပ်စရာအလုပ်တွေ ရှိနေသေးတာမို့ ယူဆိုရင်လည်း ယူလိုက်ပါ့မယ်။ ဒါမှပဲ ကိုစုပြတ်မှာကိုး။ ပေး. . ."

လက်ဝါးနှစ်ဖက်ကို ဖန်ခါသလို ရိုက်သန့်လိုက်ပြီးမှ သူကမ်းပေးနေသည့် တစ်ပွင့်တည်းသောနှင်းဆီနီလေးကို လှမ်းယူလိုက်စဉ် သူက ဖူ့လက်လေးကို ဖျတ်ခနဲဆုပ်ကိုင်လိုက်လေ၏။

"ကိုယ် မင်းကိုသိပ်ချစ်တယ် ချာတိတ်"

"ရှင်!. . ."

"ကိုယ့်ကိုယ်ကို သေချာပြီဆိုမှ အခုလိုဖွင့်ပြောရတာပါ"

ဆည်းဆာနေက ပိုပြီးများ လင်းနေသည့်နှယ်။ ရင်တွေခုန်လိုက်တာကလည်း ပရမ်းပတာပါပဲ။ ကြည့်ပါဦး. . . နှင်းဆီတစ်ခက်ပေးရင်း လက်ဆွဲပြီး ရည်းစားစကားအပြောခံရတာမျိုး ကြုံဖူးကြပါရဲ့လား။ ဖူကတော့ တကယ်ကြုံခဲ့ရတာလေ။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၃)

‘အချစ်က လူကိုရှင်သန်စေသလို သေလည်းသေစေနိုင်လေရဲ့’တဲ့။ ထိုစာသားကို ၎ တကယ်မယုံကြည်ခဲ့ပါလေ။ ကိုကို့ထံမှ ချစ်စကားပြောအပြီးမှာ ရက်ရက်နှင့်ရှောင်နေခဲ့တာ အတော်ကြာလေရဲ့။ အောင်စာရင်းသွားကြည့်သည့်နေ့မှာတော့ ၎ ရှောင်၍မရခဲ့ပါ။

(၁၉)နှစ်အရွယ် ငယ်နုတဲ့နှလုံးသားနဲ့ မရင့်ကျက် မတည်ငြိမ်သည့် ချစ်ခြင်းကွန်ယက်ထဲမှာ ၎ နစ်မြုပ်ခဲ့ရတာအမှန်ပါလေ။ ညဘက် လူခြေတိတ်ချိန် ခြံစည်းရိုးနားရပ်ပြီး လက်ဆုပ်ကိုင်စကားပြောရတာလောက် စိတ်လှုပ်ရှားစရာကောင်းတာမျိုး မရှိတော့။

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



သင်တန်းသွားတက်တဲ့နေ့၊ လမ်းထိပ်မှာ ကားရပ်စောင့်ခေါ်ပြီး တစ်ဆိုင်ဆိုင် သွားရတာလောက် ပျော်စရာကောင်းခဲ့တာလည်း အမှန်ပါပဲ။ သူ့လက်မောင်းကိုမှီထိုင်ရင်း သူ့ကိုယ်သင်းရနံ့ကို ရှူခွင့်ရခဲ့တာလောက် ဂုဘဝပြည့်စုံတာမျိုး တစ်ခါမှမရှိခဲ့။

ရှုးတယ်လို့ပဲဆိုဆို၊ တကယ့်ကို ရွှေရွှေမိုက်မိုက်ဆုံးဖြတ်ချက်နဲ့အတူ စိတ်ကိုအလိုလိုက်ပြီး စိတ်ဦးဆောင်ရာနောက်ကိုပဲ အလိုက်သင့်နေမိတာလေ။ 'ကလေးကို သနားစိတ်နဲ့ မြတ်နိုးခဲ့မိတာ' တဲ့။ အဘယ်မျှ နားဝင်ချိုမြိန်တဲ့စကားပါလဲ။

ကိုကို Field ဆင်းချိန်မျိုး ကားနဲ့ထွက်စဉ်မှာ အိမ်ရှေ့မှာ (အလုပ်မရှိအလုပ်ရှာ) ယောင်လည်လည်ရပ်စောင့်ပြီး လက်ပြနှုတ်ဆက်ရတာလောက် ရင်ခုန်မှုယ်ဖြောင်းတာမရှိခဲ့၊ တကယ်ပါ။ မရင့်ကျက်သေးတဲ့စိတ်နဲ့ ဂုမျက်စိမှာ အမှောင်ဖုံးလွှမ်းနေတဲ့မြူကန့်လန့်ကာက ဖုံးလွှမ်းကာဆီးနေခဲ့တာလေ။

'စည်း' ဆိုတာမျိုးကိုတောင် မေ့မေ့လျော့လျော့ဖြစ်နေခဲ့တာအမှန်။ အနိမ့်တွေ အမြင့်တွေဆိုတာကိုရော၊ အဆင့်အတန်းအလွှာဆိုတာကိုပါ သတိမရနိုင်တဲ့အထိ ဂု မိုက်မဲနေခဲ့တာ မယုံနိုင်စရာပါပဲ။ သို့သော် အဲဒီအပျော်တို့က တာရှည်မခံခဲ့ပါချေ။

"သမီး မဠူ"





"ရှင်, ကြီးကြီး"

"ပြောစရာရှိတယ်၊ လာဦး"

ညစာစားအပြီး ပန်းကန်ခွက်ယောက်ဆေးပြီး မှောက်နေချိန်မှာ ကြီးကြီးခေါ်လိုက်တာပင်။ ခါတိုင်းလိုပဲ နှိပ်နယ်နိုင်းမည်ထင်ပြီး ရေစိုလက်တို့ကို သေချာသုတ်သင်ကာ အိမ်ရှေ့ဧည့်ခန်းထဲကို ထွက်လာခဲ့ရ၏။

"ထိုင်"

ကြီးကြီးရှေ့ ဆက်တီမှာ အသာထိုင်လိုက်ရပါသည်။ အိပ်ခန်းထဲမခေါ်ဘဲ ဒီကိုခေါ်လာတာဆိုတော့ တကယ်ပဲ ပြောစရာရှိလို့ပေါ့။ ဘာပြောမှာပါလိမ့်။

"သမီးအသက် အခုဘယ်နနှစ်လဲ"

"(၁၉)နှစ်ပါ"

"ပညာပြည့်စုံပြီလား"

"ဟင့်အင်း"

"ဘဝရှေ့ရေးအတွက် ရည်မှန်းချက် ထားထားတာပါပြည့်ပြီလား"

နှုတ်ဆိတ်သွားမိပါ၏။ မေးခွန်းက အဘယ်မျှ ထိမိပါသလဲ။ ဂုကိုအိပ်မက်မက်နေရင်း လန့်နိုးသွားစေသလိုမျိုးမို့ တွန့်



www.burmeseclassic.com

www.burmeseclassic.com



ခနဲဖြစ်သွားရသည်အထိ အထိတ်တလန့်ဖြစ်သွားရတာပါလေ။

"မေးရင်ဖြေလေ"

"မရှိသေးပါဘူး ကြီးကြီး"

ကြီးကြီး၏အသက်ပြင်းချသံက ရှုရင်ကို အပူဟပ်လိုက်သည့်နှယ်ပင်။ ဘုရားရေ! ရှုကိုများ. . . ရှုကိုများ ဒီအိမ်က နှင်တော့မလို့လား။ ရည်မှန်းချက်မပြည့်နိုင်သေးခင် ဒီအရိပ်က မခွာပါရစေနဲ့ဦး။

"သမီး ဒီအိမ်ကို ဘယ်ပုံဘယ်နည်းနဲ့ ရောက်လာရသလဲဆိုတာကိုရော မှတ်မိသေးရဲ့လား မဥ"

"ဟုတ်ကဲ့, မှတ်မိပါတယ် ကြီးကြီး"

"အေး, ကြီးကြီးတို့မိသားစုကလည်း သိပ်ကြီးကျယ်လုံပြည့်စုံနေတဲ့အဆင့်မျိုးမဟုတ်ဘူးကွယ့်။ နှင့်အစ်ကိုနှစ်ယောက်ရဲ့စရိုက်ကိုလည်း သမီးအသိပါ"

"ဟုတ်ကဲ့"

"လူတစ်ယောက်ရဲ့စားဝတ်နေရေးစရိတ်ဆိုတာ အတော်ကြီးတဲ့ကိစ္စကွယ့်"

သေချာပြီ. . . ဒါ ရှုကို ဒီကနေ ခွာတော့ဆိုတဲ့စကားအတွက် နိဒါန်းပျိုးတာပဲမဟုတ်လား။ အချိန်မီအောင် ပြင်ဆင်





နိုင်ခြင်းမရှိသေးတဲ့ လိုအပ်နေသူကို ဖေးကူပေးနိုင်မယ့် လက်ပိုင်ရှင်က ဘယ်မှာလဲကွယ်။

"ခွေမျိုးတော်စပ်တယ်ဆိုတာထက် အရိပ်မဲ့နေတဲ့လူတစ်ယောက်ကို စေတနာထားပြီး ကြီးကြီးတို့စောင့်ရှောက်ခဲ့တာကို သမီးနားလည်ရဲ့လား"

"နားလည်ပါတယ် ကြီးကြီး"

"အေး, သမီးဟာ ကြီးကြီးရဲ့သားတွေထက် လိမ္မာပါးနပ်ပြီး ဉာဏ်ရည်လည်း ထက်တာကို ကြီးကြီးရော ဘဘပါ သိထားတာကွယ့်။ ဒီလိုစိတ်မျိုးထားနိုင်တဲ့ကလေးက လူကြီးတွေမနှစ်သက်တဲ့အလုပ်ကို လုပ်လိမ့်မယ်လို့ ဘယ်ထင်ထားပါ့မလဲ"

"ရှင်!"

ခေါင်းနားပန်းကြီးတယ်ဆိုတာ ဒါမျိုးထင်ပါရဲ့။ ဝန်းကျင်ယသိမမြင်အောင် ဖုံးဖုံးဖိဖိ သိုသိုသိပ်သိပ်လေး နေတတ်ခဲ့ပါလျက်ယခုတော့ ရှုတို့ကိစ္စကို ကြီးကြီးက သိနေသတဲ့လေ။ မနက်မိုးလင်းတာနဲ့ အိမ်ကထွက်၊ မိုးချုပ်မှပြန်လာလေ့ရှိတဲ့လူကြီးတွေဒီကိစ္စကို မည်သို့မည်ပုံ သိသွားကြလေသလဲ။ နင်တို့သေပြီ မေမဥကျော်။

"ဒီနေ့ ကြီးကြီးရဲ့ဆိုင်ကို မခင်မေ လာသွားတယ်။ ခင်



www.burmeseclassic.com

www.burmeseclassic.com



မေဆိုတာ ဟိုဘက်ခြံကိုပြောင်းလာတဲ့ ကိုမြင့်မိုရ်ရဲ့ဇနီးပဲ မဒ္ဒူ။"

ခေါင်းကိုငုံ့ချလိုက်မိ၏။ ဘယ်လိုလုပ်ကြမလဲ ကိုကို။ လူကြီးတွေသိကုန်ကြပြီမို့ ခုဆို ကိုကိုလည်း အဆူခံနေရလောက်ရောပေါ့။ ပညာမပြည့်စုံသေးတဲ့ကောင်မလေးနဲ့မှ ကြိုက်ရလေခြင်းဆိုပြီး တဖျစ်တောက်တောက် ပြောဆိုသမျှကို ခေါင်းငုံ့ခံနေရပြီလား။ ဖူ့ကိုက မှားခဲ့တာပါကွယ်။ မမိတဲ့ပန်းကို တုံးချပြီး လှမ်းခြူရင် ဘာဖြစ်မယ်ဆိုတာကို သိနေပါလျက်နဲ့ ရင်ခုန်သံစည်းချက်နောက်ကို အလိုက်သင့် စီးမျော ကခုန်ခဲ့မိတာလေ။

"သမီးကို ကြီးမေတို့နဲ့ ဘယ်လိုဘယ်ပုံတော်စပ်လဲဆိုပြီး ရာဇဝင်စုံစမ်းတော့တာပဲ။ ကံသုံးပါးကို အလေးထားတတ်တဲ့ကြီးမေအတွက် လိမ်ညာစရာ ဘာအကြောင်းမှမရှိမှန်း သမီးနားလည်တယ်မဟုတ်လား"

ခေါင်းကိုအသာညိတ်လိုက်မိ၏။ မလွယ်ကူမှန်းသိနေပါလျက် စိတ်အလိုလိုက်မိတာ ဖူ့အပြစ်ပဲလားဟင်။ 'ဘယ်သူမပြု မိမိမှု' လို့ဆိုရိုးရှိနေပေမယ့် တကယ်တမ်းမှာ လက်ကမ်းကြိုခဲ့တဲ့သူ့မှာလည်း ဘယ်အပြစ်ကင်းစင်ပါ့မလဲ။ သူကြိုးဆွဲလို့ ထကခဲ့ရတဲ့ယမင်းရုပ်လေးနယ်ပါလေ။

"ကြီးမေရဲ့သားတွေဆိုးတာ မှန်ပါတယ်. . . ဒါပေမဲ့





ယောက်ျားလေးမို့ ကြားကောင်းပါတယ်သမီး။ အခု သမီးရဲ့လုပ်ရပ်က ကြီးမေတို့လူကြီးတွေကို အရှက်ရစေတာအမှန်ပဲ"

ခေါင်းကို ပိုငုံ့လိုက်မိပါ၏။ ချစ်တာအပြစ်လား။ ဒီအရွယ်ဒီအသက်နဲ့ တစ်ခါလေးလောက်တော့ ချစ်ဖူးကြမှာပါလေ။

"ပညာတတ်ဆိုတော့ ပညာသားပါပါ လာအသိပေးတာပေါ့။ ကိုယ့်ကလေး ကိုယ်ထိန်းဆိုတာ သားသမီးမကောင်းလို့ အပြောခံရတာမျိုးကွယ့်။ ဒီတော့ သမီးဆင်ခြင်သင့်ပြီ။ ဒီလိုတားလို့မှမရရင် ဘွဲ့ရတဲ့အထိ ဒီအိမ်မှာနေခွင့်မရှိတော့ဘူးဆိုတာကို သတိပေးရတာပဲ။ သွားလို့ရပြီ မဒ္ဒူ"

အခန်းကျဉ်းလေးထဲ အပြေးဝင်လာခဲ့ပါ၏။ ငိုချလိုက်ရမလား. . . မျက်ရည်နိုင်တဲ့လူကို မျက်ရည်ချူလိုက်ပုံက လှတယ်ကိုကို။ 'ကျော်' လို့ချစ်စနိုးခေါ်ပြီး နှစ်သိပ်ပေးလှည့်ပါကွယ်။

'ဒေါက်' ခနဲ အခန်းထဲရောက်လာသည့်အသံကြောင့် ငုံ့ကြည့်လိုက်စဉ် ခေါက်ခဲသေးသေးလေးနှင့်ရစ်ပတ်ထားသည့်စာလေးတစ်ရွက်။

ဘာများလဲ. . . ကောက်ယူ ဖွင့်ကြည့်လိုက်မိစဉ် ခပ်သော့သော့ရေးထားသည့် မှင်နက်လေးဖြင့် ကိုကို့လက်ရေး စာကြောင်းလေးပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



> ကျော်
>
> အရေးတကြီးပြောစရာရှိလို့ လမ်းထိပ်အအေးဆိုင်ကို မနက်ဖြန် မဖြစ်ဖြစ်တဲ့နည်းနဲ့ ထွက်လာပါ။
>
> ကိုယ်စောင့်နေမယ်….

ရေနစ်သူအတွက် ကောက်ရိုးမျှင်တစ်မျှင်သာ ဖြစ်ပါစေလား။ တစ်ညလုံး ငုတ်တုပ်နဲ့ မိုးလင်းသွားတယ်ဆိုတာကို လက်တွေ့သိမှ နားလည်ခဲ့ရတဲ့လူပါပဲ။ နောက်တစ်နေ့ အားလုံး အပြင်ထွက်သွားကြတော့မှ အိမ်တံခါးပိတ်ကာ ထွက်ခဲ့ပါ၏။ ခုနလေးကပဲ သူ့ကားနီလေး ထွက်သွားတာကို မြင်လိုက်ရလို့ပါ။

အိပ်ရေးပျက်ခဲ့တာမို့ မျက်နှာဖောင်းဖောင်းလေး ချောင်ပြီး မျက်ကွင်းလည်း ညိုနေပြီ။ 'ကိုကို့မျောက်ကလေး' ဆိုပြီး ချစ်စနိုးကျီစယ်လေမလား။ ကမ်းလင့်ခေါ်ပါ ကိုကို။ လက်လှမ်းမမီတဲ့နေရာမှာ ရှိနေပေမယ့် ကိုကို့ရဲ့ကမ်းမယ့်လက်ကိုတော့ ဖမ်းလိုချင်တာအမှန်ပါပဲ။

သူ့ဒြေးရပ်ကွက်အအေးဆိုင်မှ မှန်များကာထားပြီး လုံခြုံပါ၏။ ကားနီလေးကို ဆိုင်မလှမ်းမကမ်းမှာ ရပ်ထားတာကို မြင်တာမို့ ဆိုင်တံခါးကိုတွန်းဖွင့်လျက် ဝင်လိုက်စဉ် ထောင့်စားပွဲ





နားမှာ ထိုင်နေသည့်ကိုကိုက လက်ထောင်ပြလျက် ခေါ်လေ၏။

"ထိုင်. . . ဘာသောက်မလဲ"

"ရေ"

သူ လှမ်းမှာလိုက်စဉ် ဂျူရှေ့သို့ ရေခဲရေတစ်ခွက် ရောက်လာ၏။ ပြင်ရိုးပြင်စဉ်အတိုင်း ပုံမပျက်သည့်ကိုကို့ Style ကြောင့် သက်ပြင်းကို ခိုးရှိုက်လိုက်မိသည်။ စိတ်ညစ်နေပုံတော့ မပေါက်ပါလား။

"ဘာပြောချင်လို့လဲဟင်"

"ပြောမယ်. . . ပြောမှာပါ"

သူက စတော်ဘယ်ရီဖန်ခွက်လေးကို မမော့သောက်ဘဲ လှည့်ပတ်ကစားနေလေ၏။ လှုပ်ရှားနေသည့်စိတ်ကိုပဲ တည်ငြိမ်အောင် လုပ်နေတာများလား။

"ကိုယ်တို့ အရင်လိုပဲ ပြန်နေကြစို့ ကျော်"

"ရှင်! "

"ဒီလိုပြောရတာ ကိုယ်အားနာပါတယ်။ ပြီးတော့ မျက်နှာလည်း ပူတာအမှန်ပဲ"

"ကိုကို"

"ဒါပေမဲ့ ကျော့်ကို ကိုယ်တကယ်ချစ်ခဲ့တာကိုတော့ ယုံ



www.burmeseclassic.com

www.burmeseclassic.com



ပေးပါ။ ကိုယ့်ဘဝမှာ တစ်ခါမှမဖြစ်တည်ဖူးသေးတဲ့ချစ်ခြင်းမျိုးနဲ့ ကျော့်အပေါ်မှာ ချစ်ခဲ့တာပါ ကျော်"

"ကိုကို . . . ကိုကိုမေမေ ဆူလို့လားဟင်"

"ဟုတ်တယ်"

ခေါင်းညိတ်ပုံကလည်း ခပ်မြန်မြန်ပါ။ တကယ်ချစ်ခဲ့တာပါတဲ့။ ယုံသင့်ပါသလား. . . သူ့ကိုမြင်နေရတာတော့ သိပ်မလေးနက်သလို ခပ်ပေါ့ပေါ့ပါလေ။ ဘယ်လိုလဲကွယ်။

"ကိုယ်က စမှားခဲ့တာပါလေ"

"ဘယ်လို"

"အချစ်တစ်ခုကိုပဲ ခေါင်းထဲထည့်ခဲ့မိတာမို့ မေမေ သေချာရှင်းပြတော့မှပဲ ကိုယ်နားလည်ခဲ့ရတာ"

အလိုလေး! ချစ်တုန်းကတော့ စိတ်အလိုကျ ချစ်မိခဲ့ပြီး အခုမှ မိဘပြောတာကို နာခံသတဲ့။ ရှင်ဘယ်လိုလူပါလဲ။

"မေမေက ကိုယ်နဲ့ကျော့်ကို မဖြစ်နိုင်ဘူးတဲ့ ကျော်"

"ဂုဏ. . . ဂုဏ ဆင်းရဲနေလို့လား ကိုကို"

"မဟုတ်ပါဘူး"

"ပညာမပြည့်စုံသေးလို့များလား"

"အဲဒါလည်း မဟုတ်သေးဘူး"





"ဒါဆို ဘာလဲ"

"ကျော့်မိဘအသိုင်းအဝိုင်းကြောင့်ပါ"

"ရှင်!"

"မေမေတို့က အဲဒီလိုမိသားစုမျိုးရှိုးသိက္ခာကို အရမ်းအလေးထားတယ် ကျော်။ အထူးသဖြင့် ကျော့်မိဘတွေ Divorce လုပ်ကြတာကို ပြစ်တင်ရှုံ့ချတာပဲ။ ကိုယ်တို့မိသားစုအရိပ်မည်း ထင်ကျန်ရစ်စေမယ့်. . ."

"တော်ပါတော့. . . တော်ပါတော့ရှင်"

"ကရုဏာသက်မိတာ အချစ်မဟုတ်ဘူးလို့ ကိုယ့်ကိုထောက်ပြတယ် ကျော်။ ဒီတော့. . ."

"နောက်ဆုတ်လိုက်ကြဖို့ ပြောမှာမဟုတ်လား"

"ဟုတ်ပါတယ်"

"ကောင်းပြီ၊ ဖူလက်ခံပါတယ်။ ပြောစရာကုန်ပြီမဟုတ်လား"

သူခေါင်းညိတ်လိုက်စဉ် အအေးဆိုင်ထဲမှ ခြေလှမ်းမပျက်အောင် ခပ်မှန်မှန်ထွက်လာခဲ့မိ၏။ ဝေါခနဲရွာချလိုက်သည့်မိုးနှင့် အတူရောပြီး လမ်းမထက် မျက်ရည်ကျတာကို ဘယ်သူတွေသိကြပါ့မလဲ။ နှင်ယံတဲ့နှလုံးသားထက်မှာ ဆူးခြစ်ရာပါးပါးလေး



www.burmeseclassic.com

www.burmeseclassic.com



ဆိုပေမယ့် အဲဒီအဆိပ်သင့်ဒဏ်ရာကို ကျော်တ်ခံနိုင်ဖို့ မှ အားမွေး ထားရဦးမှာ အမှန်ပါလေ။





**စည်း**

နှာကျင်ခြင်းကို ကုန်လွန်ဖို့
ခံစားချက်တချို့ကို ဖွင့်ဟကြည့်တော့
ရင်ခုန်သံကို ကြားခဲ့ရတယ်....
　　အနာဂတ်ကို ဆေးရောင်ခြယ်ဖို့
　　နှလုံးသားကို အရည်ဖျော်ကြည့်တော့
　　ခံစားမှုတွေက ခုန့်အေး....
ကိုယ်ကိုယ်တိုင် လှမ်းသွားဖို့
ခြေလှမ်းတွေ တုံ့နှေးနေတာ
ဝကာသနတွေ စည်းခြားထားလို့လား....
　　အတွေးတွေ ဟိုဒီပြေးရင်း
　　ပြီးခဲ့တာတွေ ပြန်ခံစားဖို့
　　အချိန်ရယ်လို့မှ ငါမထေးနိုင်ခဲ့ဘဲ...
မှိုပြားသားဆေးရောင်ကို
ထပ်ခြယ်မှုန်းရင်
ဝိုလှလာမယ်လို့များ ထင်နေလေသလား....
　　နောက်ဆုံးတော့
　　ငါသိလိုက်ရတာက
　　နောက်ကျမှန်းသိမှ နောင်တမရဖို့ပါပဲ....



www.burmeseclassic.com

www.burmeseclassic.com



ရင်ဘတ်ထဲက နာကျင်ခြင်းရဲ့တစ်ဖက်မှာ နာကြည်းခြင်းဆိုတာ ရှိနေတတ်ပါတယ်။ အချစ်နဲ့အမုန်းကြားက ခပ်ပါးပါးလေး ခြားထားတဲ့ အလွှာပါးလေးကို ရုပ် မြင်ခဲ့ရတာလေ။ သေချာတာကတော့ အသက်အရွယ်ရဲ့ အပိုင်းအခြား ကန့်သတ်မှုက စစ်မှန်တဲ့ချစ်ခြင်းတရားကို ရ သိအောင် သင်ပြပေးခဲ့တာအမှန်ပါပဲ. . .



## အခန်း (၁၄)

ဆောင့်ကြောင့်ထိုင်ချလိုက်ပြီး File တွေကို ကောက်လိုက်စဉ် သူကပါ ကိုယ်ကိုင်းပြီး ကူညီကောက်ပေးလေ၏။ အနားနီးသွားစဉ် ရှူလိုက်သည့်လေထုထဲမှာ ရောပါလာသည့်သူ့ကိုယ်သင်းရနံ့ကြောင့် အသက်ရှူခြင်းကို အောင့်ထားလိုက်မိပါသည်။ ခက်ချေပြီ မေမဥ္စူကျော်။

"နေပါစေ"

တီးတိုးတားမြစ်တာကို သူက မကြားယောင်ဆောင်ပြီး သူ့ခြေထောက်အနီးမှာ ကျနေသည့် File နှစ်ခုကို ကောက်ဖြစ်အောင် ကောက်လျက် ရူ့ထံ ကမ်းပေးလိုက်လေ၏။ 'ကျေးဇူး



www.burmeseclassic.com

www.burmeseclassic.com



ပါ'ဆိုတာကို နှုတ်ဖြင့်မပြောဘဲ ဦးညွှတ်လျက် ပြုံးပြလိုက်ပါ၏။

'မညှုလည်း ထိုင်၊ အားလုံးပဲ ဒါ, ဘုန်းမြင့်မိုရ်ပါ။ နဂို က Construction လုပ်ပေမယ့် ကျွန်တော်ခေါ်လိုက်လို့ ဒီကို ရောက်လာတာပါပဲ''

''မင်္ဂလာပါခင်ဗျာ၊ ကျွန်တော် ဘုန်းမြင့်မိုရ်ပါ။ အားလုံး ကူညီလက်ကမ်းကြိုပေးကြပါလို့ ဦးစွာပြောချင်ပါတယ်''

'လက်ကမ်းကြိုပေးကြပါ'တဲ့လား။ စကားလုံး သုံးသွား ပုံက သေသပ်ပါရဲ့။ မဲ့ပြုံးပြုံးချင်စိတ်ကို ချိုးနှိမ်လိုက်ရပြီး သူနှင့် ကိုကျော်စွာကြားရှိခုံမှာ ၄ ဝင်ထိုင်လိုက်ရလေ၏။ လူကြီးတွေ လက်ကမ်းနှုတ်ဆက်ကြတာကို သူပြန်နှုတ်ဆက်နေတာမို့ ခဏ တော့ အလုပ်ရှုပ်သွားသည်သာ။

''ဘာလိုဖြစ်တာလဲ''

ကိုကျော်စွာ တီးတိုးမေးတာကို ပခုံးအသာတွန့်ပြလျက် ခေါင်းခါလိုက်မိ၏။ ၄ လက်ရှိအလုပ်က ကိုကျော်စွာ စာရင်းရှင်း ပြတဲ့အခါ လိုအပ်သည့်စာရွက်စာတမ်းတို့ကို လွယ်လင့်တကူ ထုတ် ပေးရမှာမဟုတ်လား။ ကမောက်ကမ ဖြစ်သွားရသည့် File တို့ ကို ပြန်လှန်စစ်ဆေးလိုက်ပြီး Senior ကျအောင် ပြန်ထပ်လျက် ပေါင်ပေါ်မှာ အသာထပ်တင်ထားလိုက်စဉ် သူက ခုံမှာထိုင်ချ





လိုက်လေ၏။

''ပြီးခဲ့တဲ့လအထိ ကျွန်တော်တို့ကုမ္ပဏီ Graph Line တက်နေတာ အဖွဲ့ဝင်အားလုံး အသိပါပဲ။ ကျွန်တော် Secre-tary မထားဖြစ်တာနဲ့ ကျွန်တော့်မန်နေဂျာနဲ့ သူ့လက်ထောက် အရမ်းပင်ပန်းရတာမို့ အခုလို GM အဖြစ် လူထပ်ဖြည့်ရတာပါ။ ဝန်ထမ်းအသစ်တွေကိုလည်း ထပ်ခန့်မှာမို့ ဘဏ္ဍာရေးကဏ္ဍက အစ သူ့နေရာနဲ့သူ သီးသန့်ဖြစ်သွားမှာပါပဲ၊ အသက်ရှူချောင် သွားရဲ့လား မောင်ကျော်စွာ''

''ဟုတ်ကဲ့ပါ အန်ကယ်''

တီးတိုးရယ်ဖြစ်ကြလေ၏။ လုပ်ငန်းဆိုင်ရာပြောရှင်းတော့ ကိုကျော်စွာ မတ်တပ်ရပ်, အစီရင်ခံတာကို စာရွက်တွေတစ်ခုပြီး တစ်ခု ထုတ်ပေးရလေသည်။ ခါတိုင်းလည်း လုပ်ပေးနေကျမို့ ပြဿနာမရှိပေမယ့် နံဘေးမှာ သူ မသိမသာငဲ့ကြည့်နေတာကို သိနေတာမို့ ကျောကမလုံ။

တင်းထား မေမညှုကျော်၊ Long Long ago က ကိစ္စ တွေကို မေ့ထားလိုက်၊ ကြာတော့လည်း လွှမ်းမိုးတောင် မေ့ခဲ့သေး တာပဲ၊ ကျက်နေပြီဖြစ်တဲ့ဒဏ်ရာကို ထပ်မဆွမိဖို့ နာနာသတိချပ် ပါလေ။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ, ဒါဆိုရင် အစည်းအဝေးသိမ်းလိုက်ကြရအောင်"

လူကြီးတွေ ထရပ်တော့ ဂုလည်း မတ်တတ်ရပ်လိုက်ပါ၏။ အားလုံးအသီးသီးထွက်သွားကြပေမယ့် ဂုမှာ တာဝန်တွေရှိသေးတာမို့ နောက်ချန်နေရစ်ခဲ့ပါသည်။ အန်ကယ်နှင့်အတူ လှမ်းထွက်သွားသည့်သူ့နောက်ကျောကို မကြည့်မိအောင် သတိထားရတာက အခက်ဆုံးအလုပ်ပါလေ။

"မမဥ္ဇူ, သိမ်းလို့ရပြီလားရှင့်"

"ရပြီ မအေးရေ့၊ ပြီးရင် အခန်းကို သန့်ရှင်းရေးလေးလုပ်ပေးဦးနော်"

"ဟုတ်ကဲ့ရှင့်"

File တစ်ထပ်ကို 'မ'ယူ၍ လှည့်ထွက်သွားရန်ပြင်လိုက်စဉ် ဆားရှိခုံကျောဘက်မှာ ချိတ်ထားသည့် Coat နက်ပြာရောင်ကြောင့် ခြေလှမ်းတုံ့ခနဲရပ်သွားရပါ၏။ ဘယ်လိုလုပ်ရပါ့၊ သူ့ထံယူသွားပြီး သွားပေးရင် စကားပြောရတော့မှာ။ ဇာတ်လမ်းထပ်ရှာတယ် ထင်သွားရင် ဘယ်နှယ့်လုပ်ရပါ့မလဲ။

တစ်ခါအထင်သေးခံရပြီးပြီ မေမဥ္ဇူ။ နောက်တစ်ခါအရှက်ထပ်ကွဲရရင် သေဖို့အပြင် မရှိတော့ပြီ။ ချပ်ခနဲတံခါးပွင့်သွားပြီး အခန်းဝမှာ သူပေါ်လာလေ၏။ ကဲ့ပြီးပြီ ဂု့တာဝန်





မဟုတ်တော့ပေ။

"Coat ကျန်ခဲ့လို့ ပြန်လာယူတာ"

မအေးက ရေဘူးတွေ ဖန်ခွက်တွေ လိုက်သိမ်းနေပြီမို့ ဂုတို့နှင့် အတော်ဝေးဝေးမှာ ရောက်နေလေ၏။ သူတိုးတိုးပြောတာကို မကြားဟန်ဆောင်လျက် ခြေလှမ်းလိုက်မိစဉ် နောက်ထပ်စကားသံ ထွက်လာပြန်လေသည်။

"ဝင်တာ ကြာပြီလား"

မကောင်းတတ်တာမို့ ခေါင်းကိုသာ ဆတ်ခနဲညိတ်ပြလိုက်မိ၏။ ခုတော့လည်း သူ့စိမ်းတွေလိုမျိုး ခပ်စိမ်းစိမ်းပါလေ။ သူက Coat ကို အသာချွတ်ယူလျက် ပြန်ဝတ်လိုက်လေသည်။ အရင်က တစ်ကြိမ်မှမမြင်ဖူးခဲ့တာမို့ ကြည့်ကောင်းမည်မှန်း သိသော်ငြား သေချာမကြည့်ရဲခဲ့ပါလေ။

"ကိုယ် ကူသယ်ပေးရမလား"

"မလိုပါဘူး GM "

ဒါပဲ, ခပ်ပြတ်ပြတ်ပေါ့။ သူ့ရုံးခန်းက BOSS အခန်းနှင့်ဂုတို့မန်နေဂျာရုံးခန်းကြားရှိ အခန်းမို့ ဂုနှင့်အတူ လိုက်တော့မှာပါလား။ လောလောဆယ်မှာ ကိုအံ့ကို သင်ပေးစရာရှိတာ သင်ပေးရင်း GM ကိုလည်း ကူညီရင်း ဟိုဒီကူးပြီး အလုပ်ရှုပ်ရဦး



www.burmeseclassic.com

www.burmeseclassic.com



မှာလေ။

"ကျော်"

ခြေလှမ်း တုံ့ခနဲရပ်သွားရပါ၏။ သူက Meeting Roon တံခါးကို ဖွင့်ထွက်ဖို့ အဆင်သင့်ဖြစ်ရန် တွန်းဖွင့်ပေးလေသည်။ မလိုအပ်ပါဘူး ဦးဘုန်းမြင့်မိုရ်။ ရှင်က အကူအညီလိုအပ်နေတဲ့ အားနည်းသူမဟုတ်တော့လို့ပါလေ။

"လိုအပ်တဲ့စာရွက်စာတမ်းတွေအကုန်လုံး GM ရဲ့အခန်းကို ကျွန်မ လာပို့ပေးပါ့မယ်။ ကျေးဇူးပါပဲ"

စကားမြန်မြန်ပြတ်ပြီး ထွက်ခဲ့ပေမယ့် သူက ရှေ့အနားမှာ လိုက်ပါလာပြန်လေ၏။ ဒီပုံနဲ့တော့ ရုံးခန်းတစ်ခန်းတည်း အလုပ်အတူလုပ်ဖြစ်တော့မှာပါပဲ။ ခက်ရချည်ရဲ့ မေမေရူ။

"မချူရေ မနေ့တုန်းက စင်္ကာပူကလာတဲ့ Fax, အန်ကယ့်ဆီ ယူခဲ့ပါဦး"

ရုံးခန်းတံခါးဖွင့်ကာ လှမ်းပြောလိုက်သည့် Boss ကြောင့် သူ့ခြေလှမ်း ရပ်သွားလေ၏။ ဒီလိုပဲဖြစ်ရမယ်လေ။ ရှင်က ဒီကို ရောက်လာကတည်းက ခြေချုပ်ရှိထားပြီးသားပါ ဦးဘုန်းမြင့်မိုရ် ရယ်။

အခန်းတံခါးကို တွန်းဖွင့်ဝင်လိုက်စဉ် ဟိုကောင်လေးက





အလုပ်ပြီးနေပြီမို့ ယောင်ချာချာထိုင်နေလေ၏။ ဒီပုံစံနဲ့တော့ ကိုကျော်စွာ အားကိုးရတော့မှာပဲ။

"ကျွန်တော် ဘာလုပ်ပေးရမလဲဟင်"

"ခဏလေး ထိုင်နေဦး။ ဒီမှာ အလုပ်ရှုပ်နေလို့၊ ခဏနေ Canteen မှာ ထမင်းသွားစားကြတာပေါ့။ ရှ ဟင်းကြိုမှာထားပေးမယ် ကိုကျော်စွာ။ ကြက်အသည်းအမြစ်ပဲမဟုတ်လား"

"ဒါပေါ့"

"ဒီလောက်အသည်းကြိုက်တာတောင် အစ်ကို့အသည်းက စကားမပြောသေးဘူးလား"

"အံမာ!...ဒီအဲ့ရှယ်မှ အမြီးမပေါက်ရင် ဘယ်အရှယ်ပေါက်မှာလဲ။ ညည်းလို မစွံဘူးမထင်လေနဲ့ အမိရေ့"

မန်နေဂျာကို တရင်းတနှီး စနောက်တော့ ဟိုချာတိတ်က မျက်လုံးအဝိုင်းသားဖြင့် ကြည့်နေပါ၏။ ထူးဆန်းနေလေမလား။ ရှက ဖော်ရွေတတ်သူမို့ အယုတ်အလတ် အမြတ်မရွေးပေါင်းသင်းဆက်ဆံကျင့်ရှိသူလေ။

"ခေါက်! ခေါက်! "

"Come in! "

တံခါးကိုတွန်းဖွင့်ဝင်လိုက်စဉ် Boss အနီးမှာ သူရှိနေ



www.burmeseclassic.com

www.burmeseclassic.com



တာကို မြင်လိုက်ရလေ၏။ ဖူတော့ Cleaning လုပ်ပေးစရာအခန်း သုံးခန်းတောင် ရှိသွားလေပြီ။ မနက်ကို ခပ်စောစော ရုံးတက်ရ တော့မှာမို့ ရင်မောစရာပါပဲလား။

"Fax ရပါပြီ အန်ကယ်"

"ဪ, အေး...သမီး၊ ဟိုဘက်ခန်းမှာ Phone နှစ်လုံး ထားဖို့ရယ်၊ ဗီရိုတွေ စားပွဲတွေ ခုံတွေ့,စိုဖို့ မောင်မိုးသူ တို့ကို သမီးပဲ ဦးစီးညွှန်ကြားလိုက်ပါ မညှ"

"ဟုတ်ကဲ့ပါ အန်ကယ်"

"မနက်ဖြန်ကစပြီး မောင်ဘုန်း ရုံးထိုင်လိမ့်မယ်"

"ဟုတ်ကဲ့"

"လောလောဆယ်တော့ အန်ကယ့်တူလေးကို လက် တွဲသင်ပေးရဦးမှာမို့ မောင်ဘုန်းရဲ့ Secretary အဖြစ် သူ သီး သန့်မနေပေးနိုင်သေးဘူးကွယ့်။ မောင်ကျော်စွာလိုပဲ အန်ကယ့် အရံတောင်ဝှေးလေး မေမညှကျော်ပါ"

သူနဲ့အကြည့်ဆုံသွားရစဉ် အပြုံးယဲ့ယဲ့ကိုသာ ပြုံးပြလိုက် မိပါ၏။ ဖူ့လောက် မျက်နှာချိုတဲ့သူ၊ ဖော်ရွေတဲ့သူ၊ စကားသွက် သွက်ပြောတဲ့သူ၊ ခြေလှမ်းမြန်မြန်လှမ်းတဲ့သူ၊ အလုပ်ကို မြန်မြန် နဲ့မှန်မှန်လုပ်နိုင်တဲ့သူက အခုတော့ အပြုံးကာပင် အားမရှိသလို





နယ်လေ။

"ရင်းရင်းနှီးနှီးဆက်ဆံပါ မညှ၊ သမီးကူညီရမယ့် GM က ဒီကုမ္ပဏီလုပ်ငန်းနဲ့ အစိမ်းသက်သက်ကြီးဖြစ်နေလို့လေ"

"ဟုတ်ကဲ့ပါ အန်ကယ်"

"မောင်ကျော်စွာလက်ထဲက သိပ်ဦးနှောက်မခြောက်နိုင် တဲ့စာရင်းမျိုး အရင်လွှဲပေးလိုက်ဦး။ နားမလည်တာမျိုးရှိရင်လည်း ရှင်းပြပေးလိုက်ပါ မညှ"

"ဟုတ်ကဲ့ပါ"

"အခု ဘာစလုပ်မှာလဲ"

"ရုံးခန်း Hall က ရှင်းထားပြီးသားမို့ ပစ္စည်းတွေ အရင် ချပေးပို့မယ် အန်ကယ်"

"အဲဒါပြီးရင်ကော"

"အဲဒါပြီးရင်တော့ Canteen မှာ Lanch အရင်စားပါ ရစေ။ ဗိုက်အရမ်းဆာနေပြီမို့ပါ"

"ဟုတ်သားပဲ၊ အခုပဲ တစ်နာရီထိုးနေပြီ။ ဆာကြရော ပေါ့။ အန်ကယ်တို့လည်း သွားစားကြတာပေါ့ မောင်ဘုန်းရေ့"

သူ့အသံထွက်မလာပါလေ။ ရုံးခန်းထဲမှ ခပ်သွက်သွက် ထွက်ကာ စတိုဌာနမှ ကိုမိုးသူကို Phone ဖြင့် လှမ်းခေါ်ရပါ၏။



www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းတွေ ဒီနေရာမှာ ဒီလိုချမယ်၊ ဒီလိုထားမယ်ဆိုတာကို အရင်ဆုံးပြောပြီးမှ စတိုခန်းဆီ ဆင်းခဲ့ကြ၏။ ရှု့အတွက်ပါဆိုရင် စားပွဲက နှစ်လုံး၊ ခုံလည်း နှစ်လုံးပါ။ အကယ်၍ ဧည့်သည်လာပါက အခန်းအလယ်မှာ ဆိုဖာဆက်တီတစ်စုံ ထားပေးမှာမို့ အဆင်ပြေမှာလေ။

Polish တင်ထားသည့် စားပွဲနှစ်လုံး၊ အခန်းလယ်မှာထားမည့် ကျွန်းနှင့်မှန်စားပွဲ၊ ဆုံလည်ခုံနှစ်လုံး၊ ဆိုဖာဆက်တီခုံတို့ကို စိတ်ကြိုက်ရွေးပြီး Aluminiun ဗီရိုကြီးသုံးလုံးကို အရင်ထည့်ပါ၏။ ပြီးမှ စားပွဲတွေခုံတွေကို ထည့်လိုက်ပြီး မအေးကိုခေါ်ကာ အခန်းမှန်လိုက်ကာ ကူတပ်နိုင်းရလေသည်။

“Aircon: လောက်ရဲ့လား မမေမှူ”

“လိုမှပဲ ထပ်ထည့်မယ် ကိုမိုးသူ၊ အားလုံး OK ပြီမို့ကျေးဇူး”

“ရပါတယ်ဗျာ”

ကိုမိုးသူနှင့် အလုပ်သမားတွေရော မအေးပါ ထွက်သွားမှ အခန်းကို ရှု လှည့်ပတ်ငေးကြည့်လိုက်ပါ၏။ ခုတော့လည်း Hall ကြီးမဖြစ်တော့ဘဲ ရုံးထိုင်ချင်စရာအခန်းလေး ဖြစ်သွားလေပြီ။ သူထိုင်ရမည့်စားပွဲကို လက်ညှိုးဖြင့် အသာတောက်ဖိလိုက်





ပြီး သက်မကို ချလိုက်မိပါ၏။ စားပွဲပေါ်မှာ ဘောပင်ထည့်ရန် Pan Stand ခွက်နှင့် အလှပန်းအိုးရှိမှသာ ရုံးခန်းအတွက် ပြည့်စုံမှာပါလေ။ အင်း၊ ရှုကိုယ်တိုင် ပန်းမကြိုက်ပေမယ့် ဒီလိုအလှပန်းအိုးအတွက် ပန်းစည်းဝယ်တာကို လုပ်တတ်ပါ၏။

မနက်ဖြန်မှာတော့ Boss ရုံးခန်းနှင့် GM ရုံးခန်းအတွက် ပန်းဝယ်ရမှာလေ။ ရှုတို့မန်နေဂျာအခန်းမှာတော့ Plastic ပန်းအိုးကိုသာ ထားပါ၏။ ရုံးခန်းထဲမှပြန်ထွက်ခဲ့ပြီး ရှု့ရုံးခန်းကိုပြန်ခဲ့စဉ် Boss နှင့်အတူ သူက Boss ရုံးခန်းထဲက ထွက်လာလေသည်။

“ကိုအံ့ရေ့၊ Canteen သွားကြစို့၊ Let's go! ”

အခန်းတံခါးကိုဟလျက် ခေါ်လိုက်စဉ် အံ့မင်းကိုကထွက်လာပါ၏။ နွေးထွေးမှု၊ ရင်းနှီးမှုအတွက် ရည်စူးပြီး ကိုအံ့ရှပ်အင်္ကျီလက်မောင်းစကိုကိုင်လျက် နှစ်ယောက်သား လျှောက်ခဲ့ကြစဉ် သူ၏မျက်ခုံးကျုံ့လျက်အကြည့်ကြောင့် စိတ်ထဲမှသာပြုံးလိုက်မိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၅)

"ဟဲ့၊ ပြန်ရောက်တာနဲ့ အားမရှိသလို အိပ်ရာထဲ ခွေနေတော့တာပါလား မညှုရဲ့။ ဘယ်လိုဖြစ်တာလဲ"

ကေရော နီနီပါ ရှေ့ဆင့်နောက်ဆင့်ပြန်ရောက်လာကြပါ၏။ တကယ်ပဲ စိတ်ရောလူပါ နွမ်းချိနေတာမို့ မွေ့ရာထက် ခွေနေတာပါ။ ခါတိုင်းဆို တအောင့်တနား နားပြီးရင် ရေချိုး၊ ရှင်မတောင်သနပ်ခါးမွှေးမွှေးလေးလူးပြီး လန်းဆန်းနေတဲ့လူက ခုလို လူမမာတစ်ယောက်လို လှဲနေလေတော့လည်း ပြောကြပြီပေါ့။

"ငါ့ပုံပြင်မပြီးသေးဘူးလားလို့ တွေးနေတာ"

"ဘာ!"



www.burmeseclassic.com

www.burmeseclassic.com



"Long long ago story လား မရှ"

"အင်း"

"ဘာလဲ, နင့် First love ကြီးနဲ့ ပြန်တွေ့လာရလို့လား"

"အင်း"

"ဘယ်မှာတွေ့လာတာလဲ မရှ"

"ကုမ္ပဏီမှာ"

"ဟယ်! ဘာလာလုပ်တာတဲ့တုန်း"

"ဌါ GM တဲ့လေ၊ ငါက ကိုကျော်စွာနားကနေ Automatic သူ့ Secretary ဖြစ်ရပါရော"

"ကောင်းလိုက်တဲ့ရိုက်ချက်"

ကေနှင်းနီနီက ဘာကိုသဘောကျသွားသည်မသိ။ တစ်ယောက်လက်ဝါးတစ်ယောက် ဖြောင်းခနဲရိုက်ချလိုက်လေ၏။ ရင်ထဲမှာ မပေါ့ပါးပါလားနော်။

"ဒီတော့ သူကဘာပြောလဲ၊ ဆက်ရန်ရှိသေးသည်တဲ့လား"

"ဘယ်ကသာ၊ သူက နင့်ကို Construction လောကကနေ အခုမှ ဒီကုမ္ပဏီဘက် ကူးလာရတာ၊ အဲဒါ Boss ကြောင့်

ရှေ့ပဒေသာစာပေ



"ဘာဆိုင်လို့လဲ"

"ဆိုင်သမှသိပ်ဆိုင်၊ သူ့ကို Member တွေနဲ့မိတ်ဆက်တာတောင် မတော်ရသေးတဲ့သားမက်လောင်းတဲ့"

"အလို! ဒါဆို Boss သမီးနဲ့ပုံပြင်သစ်တွေ ထွင်နေတာပေါ့"

"ဟုတ်ပေါ့"

ကေရော နီနီပါ အဝတ်အစားမလဲဖြစ်တော့ဘဲ ရှေ့တင်ပေါ် ပစ်ထိုင်လိုက်ကြလေ၏။ မကြာသေးခင်ကမှ ရဲရင့်ကို အမြေပြန်ပေးလိုက်သည့်ကေမင် သိပ်မပျော်ရတာပါလား။

"ညြ. . . ဒါဖြင့် အဲဒီ baby လေးကတော့ ဆွေမျိုးဂုဏ်ရှိတယ်ပေါ့။ လှဝင်ဆန့်တယ်ပေါ့။ Background တောင့်တယ်ပေါ့လေ"

"အေးလေ, အလကားလူ့ စိန်နားကပ်ရောင်နဲ့ပါးပြောင်တာကိုပဲ မြင်တဲ့ကောင်"

"မိမိက ချောလည်းချော, ငယ်လည်းငယ်တယ်လေ နီရယ်"

"အို! မရှကိုမီလို့လား။ ထက်ထက်မိုးဦးလို နှုတ်ခမ်းလေးတစ်ချက် စူပြီး မျက်လုံးတစ်ဖက် ဖျတ်ခနဲမိတ်ပြလိုက်တာနဲ့

ရှေ့ပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



မဖူရှေ့မှာ ယောကျ်ားလေးတွေ ဒူးထောက်လဲကျသွားတာ နီနီတို့ အသိဆုံး။ သူက ဘယ်လောက်များ Attraction (ဆွဲဆောင်မှု) ရှိလို့လဲ''

နီနီ့အပြောကြောင့် အားမရှိပါဘဲ ပြုံးလိုက်မိပါသည်။ အသည်းကွဲခဲ့မှုပါလျက် အခုတော့ အဟောင်းတွေ အသစ်ဖြစ်ပြီး အနာဟောင်းက နောက်ထပ်တစ်ခါ ပြန်နာနေလေသလား။ ခက်ပါရဲ့လေ။

''နင်ပြောတာနဲ့ ဟိုမင်းသမီးလေး ချူးပွဲချိုတော့မှာပဲ။ နိုင်းစရာရှားလို့''

''မှန်တာပြောတာပဲဟာ၊ သမီးတို့အားလုံး အဲဒီမင်းသမီးကို ချစ်ကြတာပဲဟာ''

''လူကြီးတွေ စိစဥ်ပေးကြတာလား မဖူ''

''ဘယ်သိမှာလဲ ဖူလည်း လွမ်းလွန်းလို့ ပြောနေတာမျိုး မဟုတ်ဘူး။ ဒီ(၆)နှစ်ကျော်ကျော်အထိ မေ့မေ့ပျောက်ပျောက်နေနိုင်ခဲ့ပြီးမှ အခု နဖူးတွေ့ဒူးတွေ့ပြန်မြင်တာနဲ့ စိတ်ကိုညစ်သွားတာပဲ''

''Fuji နဲ့ လျှော်လိုက် မဖူ''

နီနီ့တင်ပါးကို ဖတ်ခနဲရိုက်လိုက်မိပါ၏။ လက်တလော ခင်မောင်ဇော်နှင့် ပြတ်သလိုဖြစ်နေသည့်နီနီပင် အတော်အနည်းငယ် တည်ငြိမ်နေပြီလေ။

''သူကရော နင့်ကိုဘာပြောသေးလဲ''

''ဒီလိုပါပဲ၊ အလုပ်ကိစ္စတွေတော့ မပြောမဖြစ်ပြောရတာပေါ့။ တမင်ကြီးရှောင်နေလို့မှ မရတော့တာကိုး''

''လက်ကျန်သံယောဇဉ်အကြည့်လေးတောင် မဖူ မရတော့ဘူးလား''

''Far Far away! ''

''တောက်! နီနီသာဆို သူ့ထက်သာတဲ့ယောကျ်ားတစ်ယောက်ကိုပဲ အမြန်ဆုံးလက်ချိတ်ပြီး သူ့ရှေ့မှာ တွဲလျှောက်ပြလိုက်မယ်. . . သိလား''

''အံမာ, ဒင်းကိုမကျေနပ်တာနဲ့ပဲ ငါက အချောင်နာမည်အပျက်ခံရမှာလား။ BOSS ပြောထားတာမမကြာသေးဘူး။ ငါ ဒီလိုထလုပ်ရင် ပြုတ်စော်နံသွားမှာပေါ့. . . ဟင်း''

''သဘောပြောတာပါ မဖူရဲ့''

''အေးပါ, သဘောထားတွေ မနောတွေ ပြောမနေနဲ့။ လန်းသွားအောင် ရေချိုးကြစို့''

သုံးယောက်သား အဝတ်ချွတ်ကာ ရေချိုးကန်ဆီ ဆင်း





www.burmeseclassic.com

www.burmeseclassic.com

ခဲ့ကြပါ၏။ အန်တီခန့်က အဆောင်နောက်ဘက်မှာ ရေစင်နှင့် ရေကန် ထားပေးထားပြီး လွတ်လွတ်လပ်လပ် အဝတ်လျှော် ရေချိုးနိုင်လေ၏။

ဖူတို့ဆင်းလာတော့ ရေကန်ဟိုဘက်မှာ အဝတ်လျှော်နေကြသည့် မိန်းကလေးတွေ ရှိနေပါသည်။ အားလုံး ကျောင်းတက်ရင်တက်, မဟုတ်ရင် အလုပ်တက်ကြသူတွေချည်းမို့ ဒီအချိန်ရေချိုးရင် လူများတတ်ပါ၏။

"ဟဲ့, နီနီ"

"ဘာလဲ"

"နင်နဲ့ကိုဇော် ပြတ်သွားကြပြီဆို"

"ဟင်!"

နီနီက ဘာပြောရမှန်းမသိဘဲ ရေဖလားကိုင်လျက် ငေးခနဲဖြစ်သွားပါ၏။ ဖူက ကော့ကိုမျက်စပစ်ပြရင်း အခြေအနေကို ဝင်ထိန်းရန် ပြင်လိုက်ရပါသည်။ ဒီအဆောင်မှာ စပ်စုပြီး အတင်းပြောတတ်တဲ့မိန်းမတွေ ရှိနေတာကိုး။

"ပေါက်ပေါက်ရှာရှာ မိုးကလည်း၊ မဟုတ်ပါဘူး"

"ဒါဆို ဘာလို့ သူ အဆောင်ကိုမလာတော့တာလဲ မဥ္ဇူရဲ့"





"အဲဒါ နီနီစိတ်ကောက်ပြီး မလာခိုင်းတာ"

"နီနီက ဘာကိုကောက်ရတာလဲ"

"မကောက်လို့ရမလား။ ဒင်းက ငါ့ကိုချိတ်တိတ်တိတ် ုပ်ချင်နေလို့လေ"

နီနီက တအံ့တသြဖြင့် ဖူ့ကိုလှည့်ကြည့်လိုက်စဉ် ကေ ာ နီနီ့ကိုယ်ပေါ်ကို ရေအေးအေးကြီး လောင်းချလိုက်လေ၏။ င်းလေးကတော့ အရိုးပြု အကောင်ကိုမမြင်တတ်တဲ့ ငနဲမလေး။

"ဟယ်. . . သူငယ်ချင်းတွေအချင်းချင်း ဒီလိုတော့ ကောင်းပါဘူး"

"ဒါပေါ့၊ ဒါကြောင့် အဲဒီကောင်ကို Lesson ကောင်း ကောင်းပေးဖို့ ပြင်ထားတယ်"

မှတ်ကရော၊ သူမတို့အောက်ထပ်အဖွဲ့က သဲဇာဆိုသည့် ကောင်မလေးနှင့်တွဲနေသလိုလိုမျိုး အဲဒီချဉ်ပေါင်ကြော်က သပွတ်အု တိုင်ပတ်သည့်လုပ်ရပ်မျိုး လုပ်နေတာကိုး။ နီနီနှင့်ပြတ်ပြီဆို ရှင်လည်း ဝေးဝေးကမိန်းကလေးနှင့် သွားရှုပ်ပါလား။ ခုတော့ ကိုလိုလိုဒီလိုလိုနှင့် (အလုပ်လည်းနီးသည့်) သဲဇာနှင့်တွဲနေတာ တတော့ လွန်သည်လေ။

"မဥ္ဇူရော အတွဲရပြီလား"



www.burmeseclassic.com

www.burmeseclassic.com

"ဘာတွဲလဲ၊ ရထားတွဲလား။ ဖူက နယ်မှာနေတဲ့သူမှ မဟုတ်တာ။ ရထားစီးဖို့မလိုပေါင်"

"နောက်တယ်ဟယ်၊ မိုးက မညျှဆီလာလာနေတတ်တဲ့ ကားလုလုလေးတွေ မြင်မြင်နေရလို့ပါ"

"ဩော်. အဲဒါသူငယ်ချင်းတွေပါ မိုးရဲ့၊ ဒီလိုပဲ ရိုးရိုးခင်တာလေ။ မိုးလည်း ရင်းနှီးချင်ရင် နောက်တစ်ခါလာတော့ မိတ်ဆက်ပေးမှာပေါ့"

မိုးမျက်နှာက အီလယ်လယ်ဖြစ်သွားပါ၏။ လူကို မျက်နှာများတယ်လို့ ပြောချင်ပုံမျိုးမို့ အခုလိုရွဲ့ပြောမိတာပင်။ ကိုယ့်ကိစ္စမဟုတ်ဘဲ သူများကိစ္စကို လိုက်စပ်စုချင်နေတာကိုး။

ရေချိုးပြီး အပေါ်ပြန်တက်ခဲ့ကြပြီး ကျောက်ပျဉ်လှသည့် အလုပ်ကို နီနီနှင့်ကေ လုပ်ကြလေ၏။ ဖူကတော့ အဝတ်အစားလဲကာ ခေါင်းကိုပင် သေချာမဖြီးဖြစ်ဘဲ ကုတင်ထက် ခြေတွဲလဲ ချထိုင်လိုက်ပါသည်။

"အားဖြင့်မရှိဘဲနဲ့ နီနီ သွေးပါ့မယ်ဆိုတဲ့ဟာကို"

"အေးပါ. . . သွေးသွေး"

ဖူက ထိုနှစ်ယောက်ကိုကြည့်နေရင်း ဘာမှမဆိုင်သည့် လူတစ်ယောက်ကို သတိရမိသွားရပါ၏။ သူ့နာမည်က အုံ့မင်းကို





အေဖြစ်သူကို သနပ်ခါးသွေးပေးတဲ့အလုပ်မျိုး ဒီကောင်လေး မလုပ်ဘူးလို့ပြောနိုင်ပါ့မလား။ အမေ့အရိပ်အောက်မှာ အေးအေး ချမ်းချမ်းလေး နေခွင့်ရတဲ့ကုသိုလ်ကတော့ ဖူ့ထက် ထူးပါရဲ့။

"အမယ်မယ်. . . ဘာကိုသဘောကျပြီး ကျိတ်ပြုံးနေရတာလဲ"

"ဘာဖြစ်ဖြစ်ပေါ့"

"နင်ကလည်း သူငယ်ချင်းအချင်းချင်း ဒိုင်လျှိုလေး မလုပ်ချင်စမ်းပါနဲ့"

"မလျှို့ဝှက်ပါဘူး ကေရယ်၊ ဟိုတလောတုန်းက နီနီ့ မေးနေဆိုပြီး ရွှေတိဂုံဘုရား သွားဖူးကြတယ်လေ"

"အေး"

"အဲဒီမှာ တွေ့ခဲ့ရတဲ့ကောင်လေးအကြောင်းကို ဖူတို့ ရယ်ကြရသေးတာမဟုတ်လား"

"အမယ်, အဲဒီတုန်းက အန်တီခန့်ချောနဲ့တွေ့တာလို့ မဖူ ပြောတာပါနော်"

"အေးလေ, အခုကျမှ အဲဒီအန်တီ့ကိုမေ့ပြီး သူ့သားကို သတိရသွားရတယ်လို့"

"ဟုတ်ပါ့"



www.burmeseclassic.com

www.burmeseclassic.com

ဖူ့ကိုတမင်နောက်နေသည့်သူငယ်ချင်းနှစ်ယောက်ကို ငြိုဟ်ကြည့် ကြည့်လိုက်မိပါ၏။ ဖူနှင့်ပတ်သက်သမျှ ဘာမဆို သိချင်တယ်ဆိုပြီး အခုကျ ဖူပြောချင်တာကို ချေးကိုကိုင်နေကြ တာပဲမဟုတ်ပါလား။

"ငါက နင်တို့စိတ်ဝင်စားမယ်ထင်ပြီး ပြောတာပါဟ။ နားမထောင်ချင်တော့လည်း နေ"

"အဲဒီလူက ချောလားဟင်"

"နင်နဲ့ဘယ်မှာတွေ့တာလဲ"

"ကုမ္ပဏီမှာ"

"ဘယ်လို!"

နှစ်ယောက်သား သနပ်ခါးလူးပြီးကြပ်မှ အုကြီးအမြန် ကောက်စွပ်တာ ဖူ့အနား ရောက်လာကြတော့၏။ အဲဒါပဲ, ဖူက ကိုယ့်မှာ ဘာအစွမ်းအစမျိုးမှမရှိဘူးလို့ ထင်ထားတာ၊ အပြော စွမ်းရည်မှာတော့ Top ပါပဲလား။

"သူက ကုမ္ပဏီကို ဘာလာလုပ်တာတုန်း"

"အလုပ်လာလုပ်တာပေါ့"

"ဘယ်နေရာလဲ"

"ကိုကျော်စွာရဲ့လက်ထောက်၊ နဂို ငါ့နေရာ"





"ဟင်! မဖူနဲ့ ဟိုလူကြီးနဲ့ တစ်ခန်းတည်း ထိုင်နေရပြီ လား"

"လောလောဆယ်တော့ မထိုင်ရသေးဘူး၊ အခု သူက ဝလုံးကနေ ပြန်စသင်ပေးနေရတာ"

"ဟဲ့, သူက ဘာမှမတတ်လို့လား"

"လက်မှတ်ဆိုလို့ ဆယ်တန်းအောင်လက်မှတ်နဲ့ ဘွဲ့ လက်မှတ်ပဲ ရှိပါတယ်တဲ့"

"ဟင်. . . ဒါဖြင့် ဘွဲ့ကရော ဘာဘွဲ့လဲ"

"B.A မြန်မာမှု"

နှစ်ယောက်သား မျက်နှာရှုံ့တွသွားတာက မြင်လို့ပင် မကောင်း။ မဖြစ်သေးပါဘူးလေ၊ ဒီကောင်လေးကို ညဘက်မှာ Computer (တစ်နာရီသင်တန်း) တော့ တက်ခိုင်းရမှာပါပဲ။ နို့ မို့ ဖူသေဖို့သာ ရှိတော့တာလေ။

"ဒါလေးရှိရုံနဲ့ ဘယ်လိုကနေ ဘယ်လို နင်တို့ကုမ္ပဏီ ကို ရောက်လာရတာတုန်း"

"ကော်က ကောင်းတာကိုး ကရဲ့"

"ဘာလဲဟင်"

"Boss ရဲ့တူဆိုပြီး ဝင်လာတာ၊ နည်းတဲ့အရှိန်လား"



www.burmeseclassic.com

www.burmeseclassic.com



"မရှု သမီးနဲ့မိတ်ဆက်ပေးနော်"

ရှုရောကေပါ နိုနိုခေါင်းကို ဖြိုင်တွေထုလိုက်မိလေတဲ့ ရင်ထဲမှာ နည်းနည်းတော့ ပေါ့သွားသလိုနှယ်။



## အခန်း (၁၆)

"တယ်လည်း ကြွတက်နေတာပါလား"

Uniform ကို သပ်သပ်ရပ်ရပ်ဝတ်လိုက်အပြီးမှာ ဆံပင်တွေကို Hair coat အသာလူးလျက် ဘီးဖြင့် မိနစ်အတော်ကြာ ဖြီးလိုက်မိပါ၏။ အဆောင်က စောထွက်မည့်သူက ရှုမို့ ကေတို့ နှစ်ယောက်က ခုထိ ရေပင်မချိုးရသေးပါချေ။

"အဆက်ဟောင်းကြီးကို တစ်ပတ်ပြန်လှည့်မလို့လား မရှု"

"သွားစမ်းပါ. . . ဖယားမရှိဘူး"

"ဟင်! ဒါနဲ့များ လှတပတ ပြင်နေရတယ်လို့"



www.burmeseclassic.com

www.burmeseclassic.com



"နီ"

"ရှင်"

"Lip stick ပန်းရောင်ဖျော့ဖျော့လေးရှိရင် ခဏပေးဆိုး"

"ကျားသားမိုးကြိုး၊ ဒီနေ့တော့ မိုးမှောင်ကျတော့မယ် ထင်တယ်။ ရှာပေးလိုက်ပါ နီနီ"

"Gloss တော့ရှိတယ် မရူ။ အဆီဆိုတော့ နေတတ်ပါ့မလား"

"ရတယ်, ဘာဖြစ်ဖြစ်ပေး၊ ပန်းရောင်ဖြစ်ရင် ပြီးရော"

"ဟဲ့, နင်နေတော့ ကောင်းပါတယ်နော် မရူ"

"အလတ်ကြီးပါ ကေရာ၊ ခင်းရှေ့မှာ ငါက ကြွရှနေရ ဖြစ်မှာပေါ့။ ကြက်မှသိုးမျက်နှာနဲ့ ဖြစ်သလိုနေနေရင် အထင်သေး ခံနေရဦးမယ်။ မေမရူကျော်ဆိုတာ အသည်းကို မွနေအောင် အမွှန်းခံရလည်း ပြုံးပြုံးလေးပဲဆိုတာကို ခင်းသိအောင် နေပြရ တော့မှာပေါ့ ကေရဲ့"

"အေးပါ, လုပ်လုပ်၊ တော်ကြာ အဆက်ဟောင်းကြီး ရော၊ အဆက်သစ်လေးရော၊ ကိုကျော်စွာပါ လူချောသုံးယောက် ကြား ဗျာများနေပါဦးမယ်။ သတိလည်းထားဦး"

"ကိုကျော်စွာက နံပါတ်ရှိပြီးသားပါ ကေရ"





"ဒါဖြင့် ဟိုကောင်လေးကရော"

"ဒါလား, ဟင်းဟင်း. . . BOSS မကြိုက်တဲ့နည်းနဲ့ သူ့ တကို လက်ဝါးပေါ်တင်ပြီး ကစားကြည့်လိုက်ဦးမယ်လေ။ ချာ တိတ်က လူရိုးကိုး"

"မရူနော်၊ သမီးနဲ့မိတ်ဆက်ပေးပါဆိုတာကို"

"အေးပါဟဲ့၊ အရင်ဆုံး နင့်ကြိုးကိုသာ အပြတ်ဖြတ် ထားစမ်းပါ"

"ဘာကြိုးလဲ"

"ချည်ပေါင်ကြော်လေ"

နီနီမျက်နှာ ခပ်ပုံ့ပုံ့ဖြစ်သွားလေ၏။ ဟုတ်တယ်၊ ခင်းကို အောက်ထပ်ကဟာတွေ ဒီလောက်အတင်းအုပ်နေကြတာတောင် ခပ်နုံနုံ ခပ်အေးအေးဖြစ်နေသေးတာလေ။

"ကိုကိုနဲ့ နီနီက"

"ဘာကိုကိုလဲ၊ ခုထိ 'ကို' နေတုန်းလား"

"အင်း, သူနဲ့နီနီက အခုအဆက်အသွယ်မှ မရှိတော့တာ မှုရဲ့"

"မရှိဘူးဆိုပြီး ဟိုက မပြတ်တပြတ်နဲ့ ဟိုကောင်မလေး လိုလို နင့်လိုလို လာလုပ်ရင် ဘယ့်နှယ်လုပ်မလဲ"



www.burmeseclassic.com

www.burmeseclassic.com



"သူကမှ မလာတော့တာ"

"နင်တကယ်ပြတ်နိုင်လား"

တိတ်သွားချေပြီ။ အဲဒါပဲ, ယောကျ်ားတစ်ယောက်ကို မျက်စိစုံမှိတ်ချစ်တာ မိန်းမတွေရဲ့သဘာဝပေပဲလား။ အနိုင်အရှုံး မတွက်စတမ်းဆိုပေမယ့် မျက်နှာများတယ်ဆိုတာ သူတို့ယောကျ်ား တွေအတွက်ပဲ မျက်နှာသာပေး ချမှတ်ထားတဲ့ Law တစ်ခုဖြစ် နေတာလေ။

"ဟဲ့! မေးရင်ဖြေလေ၊ အဲဒီလိုမြူစိစိလုပ်နေရင် ငါ ဘာ လုပ်ပေးလို့ရမှာလဲ"

"သမီးတို့က (၆)လလောက် တွဲခဲ့တာဆိုတော့"

"တော်ပြီ တော်ပြီ၊ ကျက်သရေမရှိ ပုလဲခပြမနေနဲ့။ စောစောစီးစီးစိတ်တိုတယ်။ နင့်လူ နင့်ဆီပြန်လာရင် ရပြီမှတ် လား"

"မရှုက ဘယ်လိုလုပ်ပေးမှာလဲ"

"အဲဒါ ငါ့မှာ Plan တွေရှိပါတယ် နီနီရယ်။ ကဲကဲ! အဆက်ဟောင်း GM ရှေ့မှာ ပြစ်ချက်ရှိမနေအောင် ခြေလှမ်း သွက်ပြရမှာမို့ လစ်ပြီ ကေရေ့"

"ကြွ! ကြွ!"





ကေ မျက်စောင်းထိုးတာကို နှာခေါင်းရှုံ့ပြလိုက်ပြီး စလင်း ဘက်နှင့် File ကိုယူလျက် အဆောင်ပေါ်မှ ခပ်သွက်သွက်ဆင်း လာခဲ့ပါ၏။ မနက်စောစော လမ်းလျှောက်ပြန်လာသည့် ဦးဦး မြင့်အောင် (အန်တီခန့်အမျိုးသား)ကို နှုတ်ဆက်စကားဆိုလိုက် ရင်း အဆောင်ဝင်းအတွင်းမှ ထွက်ခဲ့လေသည်။

ရုတ်တိုက်ကုမ္ပဏီက အရမ်းဝေးသည့်နေရာက ဝန်ထမ်းတွေ ကို အလုပ်မခန့်ပါချေ။ ရန်ကုန်မြို့တွင်အနီးတစ်ဝိုက်ကလူတွေ ပဲ ရှိတာမို့ ဖယ်ရီမပေး။ အသွားအပြန်ခရီးစရိတ်ကို တွက်ချက် ပြီး ကားခရှင်းပေးတာမို့ ဝန်ထမ်းတွေအဖို့ ကိုယ့်လစာလောက်ငှ ပါ၏။

ရှုက လိုင်းကားတိုးစီးရတာထက် Taxi သာ စီးကျင့်ရှိ ပါသည်။ အရင်ကတော့ ရှု့ကိုကျိတ်ပိုးလေ့ရှိသည့် အမျိုးသားတွေ ရဲ့ကားနဲ့ လမ်းကြုံလိုက်ရင်း ရှု့အတွက် ကားခအလွန်သက်သာ တာလေ။ အခုတော့ BOSS ပြောထားတာနဲ့ လမ်းကြုံလိုက်ကျင့် ကို ဖျောက်ရတော့မှာ ထင်ပါရဲ့။

"မရှု"

ကားမှတ်တိုင်နှင့် ခပ်လှမ်းလှမ်းမှာ ရပ်စောင့်နေစဉ် ရှု့ ရှေ့သို့ ကားဝါလေး ထိုးရပ်သွားပါ၏။ နေပါဦး, ဒီလူက ရာဇ



www.burmeseclassic.com

www.burmeseclassic.com



လား။ ပိုင်သူလား။ နေညိုလား။ နေဦး. . . ကိုနေညိုစီးတာက ကားအဖြူလေး စီးတာလေ။ ဒါဖြင့် ဘယ်သူလဲ။

"တို့ကိုသိလို့လား"

"ဟာ. . . လုပ်ချလိုက်ပြန်ပြီ မဈျရာ"

"ယူ့ကိုမှ တို့မသိဘဲ"

"ဘွဲ့ယူတုန်းကတောင် ခုံကပ်လျက် ထိုင်ခဲ့တဲ့လူကို မမှတ်မိဘဲ တမင်လုပ်လားထင်ရတယ်ကွာ"

"ဩော်, သူငယ်ချင်း"

"နာမည်မှတ်မိရဲ့လား"

"No!"

"ကောင်းရော"

ဟုတ်ပါရဲ့၊ ရှုကိုက အမှတ်သညာနည်းသား။ ရှုတို့အဝေး သင်ကျောင်းသားတွေက အနီးကပ် ဆယ်ရက်ကျော်တက်တုန်း အခိုက်သာ သူငယ်ချင်းတွေ ခင်မင်ကြတာလေ။ စာမေးပွဲပြီးတော့လည်း ခပ်ဝေးဝေးဖြစ်သွားကြတာကိုး။ အခုလည်း ဒီရုပ်ဖြောင့်ဖြောင့်ကောင်လေးက သူငယ်ချင်းဆိုပြီး လာနှုတ်ဆက်နေတာမို့ စကားရောဖောရောနှင့် သူပြန်မရောဖြစ်ပါ။ ရှုက ပွင့်ပွင့်လင်းလင်းသာ ဟန်မဆောင်တမ်းပြောကျင့်ရှိတာကိုး။





"တစ်ယောက်တည်းလား"

"ဘယ်နှယောက် မြင်နေလို့လဲ"

"ဟိုနှစ်ယောက်ကို မမြင်လို့လေ၊ အခု တွဲဖြစ်ကြသေးလား"

"ဩော်, ကေနဲ့နီကိုပြောတာလား"

"ဟုတ်တယ်၊ ဟို အနီရဲရဲလေး ဝတ်တတ်တဲ့ကောင်မလေးရော"

ကောင်းပါလေ့၊ သုံးယောက်တွဲမှာမှ ကျန်တဲ့နှစ်ယောက်ကို မမှတ်မိဘဲ ရှုကိုမှရွေးပြီး နာမည်မှတ်မိရတယ်လို့၊ ရှုကတော့ သူ့ကိုတကယ်မမှတ်မိတာပါ။

"ခု ဘယ်မှာအလုပ်ဆင်းနေတာလဲ"

"ကုမ္ပဏီ. . . ရောင်စဉ်ထွန်းမှာ"

သူက လေတစ်ချက်ချွန်လိုက်ပြီး ကားဟွန်းကို ဟန်ပါပါနှိပ်လိုက်လေ၏။ အဲဒါ ဘာအရူးထပြန်တာပါလိမ့်နော်။ မျက်နှာကလည်း မှိုရသလိုမျိုး ပီတိဖြစ်နေတာကိုး။

"ဘာရယ်တာလဲ"

"ဘာမှမဟုတ်ပါဘူး၊ လာလေ, ကိုယ်လိုက်ပို့ပေးမယ်"

"ရပါတယ်၊ နေပါစေ"



www.burmeseclassic.com

www.burmeseclassic.com

"ဘာနေပါစေလဲ မဍ္ဍူရဲ့"

"လင်းကြုံလို့မှမဟုတ်တာ ယူ့ရဲ့၊ တမင်တကာကြီးလိုက်ပို့တာကိုတော့ မလိုလားလို့ပါ"

"ယူ့. ယူ့ဆိုပြီး မသုံးပါနဲ့ မဍ္ဍူရာ၊ ကိုယ့်နာမည်က ဖွဲ့ပါ။ ရောင်စဉ်ထွန်းကို တမင်သွားတာမျိုးမဟုတ်ဘူး။ အဲဒီကုမ္ပဏီက MD ဦးနေမင်းရှိန်နဲ့ကိုယ်က ဆွေမျိုးတော်တယ်"

"ဘယ်လို! အခု သူ့တူလေးက ဖွတို့နဲ့အတူလုပ်နေတာလေ။ နင်က ဘာတော်ပြန်တာလဲ"

"ဩ, ဖိုးအံ့ အလုပ်ဝင်နေပြီလား။ အဲဒါက ဦးနေမင်းရဲ့ညီမဘက်က တော်တာလေ။ ကိုယ်က ဦးနေမင်းရဲ့ဇနီးရဲ့တူပေါ့။ ကိုယ်က ဒက်ဒီတို့နဲ့ပဲ ကုမ္ပဏီအတူလုပ်တာ။ အန်တီလေးတို့နဲ့ မပတ်သက်ဘူး"

"အမယ်လေးနော်. . . ဆွေမျိုးပေါက်ဖော်တွေကလည်း များပ"

"ဖိုးအံ့အပြင် ဘယ်သူရောက်နေလို့လဲ မဍ္ဍူရဲ့"

"ဘယ်သူရှိမလဲ၊ ရှင့်ညီမ မီမီနဲ့ ဆက်နွယ်ပြီး ဖွတို့ဆီ GM အသစ်ရောက်တာ ဘာကြာသေးလို့လဲ"

"ဘယ်သူတဲ့လဲ"





"ဘုန်းမြင့်မိုရ်"

"အလို! ဒါဖြင့် မမိုးရဲ့အစ်ကိုပေါ့"

"မိုးမြင့်မိုရ်ကို နင်သိလို့လား"

"သိပ့်၊ မာမီ့မောင်အငယ်ဆုံး ဒေါက်တာခွန်မြတ်သာနဲ့ Engage လုပ်ထားပြီးပြီလေ"

သေစမ်း! အခုမှ ဆွေခုနစ်ဆက်မျိုးခုနစ်ဆက် လာနွယ်နေရတယ်လို့။ ကြုံမှကြုံတတ်ပါလေတယ်။ ဒါဖြင့် သူနဲ့ ဖွဲ့က ဆွေမျိုးတော်သွားတာပေါ့။ အမေဘက်နဲ့ အဖေဘက် တော်စပ်ပုံတွေကလည်း ရှုပ်ယှက်ခတ်ပါ့၊ ဖွဖြင့် တစ်ကောင်ကြွက်အရှင်းကြီးမဟုတ်ပါလား။

"လာလေ၊ လမ်းတွေနေတဲ့ဟာ. . . တက်"

ကားပေါ်အတင်းခေါ်နေပြီမို့ တက်လိုက်ရတော့၏။ ဖွဲ့ကတော့ အဆင့်အတန်းခွဲတတ်ပုံမရပါ။ အဝေးသင်တက်ကြတဲ့ ကျောင်းသူကျောင်းသားအများစုက ငွေကြေးမတတ်နိုင်တာနှင့် အချိန်သက်သာစွာ ကျောင်းအမြန်ပြီးချင်တာကြောင့်သာ Day မတက်ဖြစ်ကြတာလေ။

"နေပါဦး, မင်းပြောနေပုံက အဲဒီကိုဘုန်းမြတ်မိုရ်ကို ရင်းနှီးနေသလိုကြီးပါလား"



www.burmeseclassic.com

www.burmeseclassic.com



"ဪ, GM ပါဆိုနေမှ Secretary နဲ့မရင်းနှီးဘဲ ရှိပါ့မလား ဖွဲ့ရဲ့"

"မဟုတ်သေးပါဘူး. . . တခြားတစ်နေရာမှာ သိကိုသိနေရမယ်။ မမိုးလို လူတိုင်းနဲ့မတွေ့တတ်တဲ့လူနဲ့ မင်း သိစရာအကြောင်းမှမရှိတာကွ"

မြတ်စွာဘုရား!. . . ဒါနဲ့ပဲ တမင်တကာမေ့ထားဖြစ်ခဲ့တဲ့ အတိတ်က အကြောင်းမဲ့သက်သက် ပေါ်တော့မှာပဲ။ သတိ မေမဍ္ဍူ. . . သတိ။ ပြီးခဲ့တာတွေကို အစပြန်ဖော်လို့ ဘာအကြောင်းမှမထူးဘူး မဟုတ်လား။

"ဟ! ငြိမ်သွားလှချည်လား။ ကေန္တတော့ ကေန္တပဲ"

"မဟုတ်ပါဘူး"

"ဘာမဟုတ်တာလဲ၊ ဘာမှမပြောရသေးခင် ငြင်းနေတာဆိုတော့ ပိုပြီးသံသယဝင်စရာကောင်းနေပြီ။ မဟုတ်မှလွဲရော၊ မင်းရဲ့ရည်းစားဦးလား မဍ္ဍူ"

သေဟဲ့. . .။ ဒက်ခနဲ အတွေးပေါက်နိုင်တဲ့သူငယ်ချင်းကို ဘာမှပြန်မငြင်းနိုင်တော့ဘဲ ပခုံးတွန့်ပြတော့ ဖွဲ့က ပါးစပ်ဟသွားသည်အထိ အံ့သြပြလေ၏။ ကဲ, ကောင်းရော၊ ယောက်ဖလောင်းနဲ့ ဖွဲ့က ဖာတ်လမ်းရှိခဲ့တာသိရင် မိမိတော့ တစ်ဆင့်ပြန်



သိတော့မှာပါလားနော်။

"ထင်သားပဲ"

"ဘာထင်တာလဲ"

"အဲဒီဘဲကြီးက ကိုယ့်ညီမကို သိပ်မကြည့်လို့လေ"

"ဟယ်!"

"ဟုတ်တယ် မဍ္ဍူရဲ့၊ သူ့ပုံစံက အမြဲသုန်မှုန်နေတတ်ပြီး မလန်းဆန်းဘဲ တစ်ခုခုကို ပြင်းပြင်းထန်ထန်တွေးနေသလိုမျိုး တွေ့နေရတတ်တာ။ မိမိကသာ ကိုကြီး ကိုကြီးဖြစ်နေတာမျိုး။ လက်စသတ်တော့ မင်းနဲ့ကိုး"

"ရှုတို့ကိစ္စက ပြီးခဲ့တာ ကြာပါပြီ ဖွဲ့ရဲ့။ ဟိုး. . . First Year ကတည်းကပါ။ အစပြန်မဖော်လိုက်ပါနဲ့ကွာ။ မိမိ သနားပါတယ်"

"မင်းက သနားစရာမကောင်းလို့လား"

"အော. . . ဒီခြေလက်အကောင်းကြီး ရှိနေသေးတာကိုများ သနားစရာလား"

"ဒါဖြင့် Heart ကရော"

"ပါးပါးလေးပါကွာ"

နှစ်ယောက်သား လွတ်လပ်စွာ ရယ်မောလိုက်ကြသလို



www.burmeseclassic.com

www.burmeseclassic.com

ကုမ္ပဏီရှေ့ရောက်ပြီမို့ ဇူ ကားပေါ်မှဆင်းလိုက်ပါ၏။
ကျေးဇူးပါ ဖွဲ့ရယ်။



## အခန်း (၁၇)

မြင်ပြစ်အောင် မြင်လိုက်ပါ၏။ ကားဝါလေးပေါ်မှ အပြုံးမျက်နှာဖြင့် ဆင်းလာသည့်သူမကိုရော ကားထဲမှဖွဲ့က နှင်းဆီပန်းစည်း ကမ်းပေးလိုက်တာကိုပါလေ။ ကြည့်စမ်း. . .ဘယ်လိုကနေ ဘယ်လို မိမို့အစ်ကိုနှင့်များ သူမ သိလိုက်ပြန်တာလဲ။

သူက ကားကို ဂိုဒေါင်အထိ သွားရပ်ရန် လမ်းကြောအတိုင်း သွားရတာမို့ ခြေလှမ်းလျှောက်ဝင်သွားသည့်သူမကို လိုက်မမီပါချေ။ ကားသော့ကို ဝန်ထမ်းကောင်လေးဆီ လှမ်းပေးလိုက်ပြီး ခြေလှမ်းသွက်သွက်လှမ်းခဲ့စဉ် သူမရောက်ခင် Lift တံခါးကပိတ်သွားချေပြီ။


www.burmeseclassic.com

www.burmeseclassic.com

"တောက်!"

မကျေမနပ်ဖြစ်စွာ သူ တက်ခေါက်လိုက်မိစဉ် အနားမှာ ရပ်နေသည့်ဝန်ထမ်းအချို့က တွန့်ခနဲဖြစ်သွားပြီး လှုပ်ချွသွားကြလေသည်။ ပြဿနာပဲ၊ သူကလည်း ဒေါသဖြစ်တိုင်း ဒီလိုမကြာခဏ တက်ခေါက်ကျင့်က စွဲတတ်ခဲ့တာလေ။

တစ်ဖက် Lift ဆင်းလာတော့ သူဝင်လိုက်မိစဉ် တခြားဝန်ထမ်းတွေက လိုက်မဝင်ပါချေ။ အလို! သူ့မျက်နှာ ခေါက်ရိုးကျိုးနေတာမို့ လန့်သွားကြတာ ထင်ပါရဲ့။ သူမ တက်သွားသည့် Lift နှင့်သိပ်မကွာပေမယ့် သူ့ Lift ရပ်သွားတော့ သူမကိုမတွေ့ရတော့ပါ။ လမ်းလျှောက်တာလည်း ဟိုးအရင်တုန်းကလို မြန်နေတုန်းပါလား 'ကျော်'။

"Gooding morning GM."

သူ့ရုံးခန်းထဲ ဝင်လိုက်စဉ် သူမက Cleaning လုပ်နေပြီး သူ့မှန်စားပွဲထက်မှာကတော့ အနီရင့်ရင့်နှင်းဆီငါးပွင့်ကို ပန်းအိုးထိုးပေးထားလေသည်။ ဘာသဘောလဲ 'ကျော်'၊ ပန်းမကြိုက်တဲ့မိန်းကလေးက ပန်းတွေဘာတွေ သုံးလို့ပါလား။

"ရောက်တာ စောသားပဲ၊ Staff တွေတောင် မစုံသေးဘူး"





သူ့ကိုပြောသလိုလို တစ်ယောက်တည်းရေရွတ်သလိုပြောလျက် လက်တစ်ဖက်က မှန်ဆေး Spray ဘူးရည်ကို ဖျန်းနေသလို တစ်ဖက်က အဝတ်ဖြူစဖြင့် သုတ်နေပုံက လုပ်နေကျအလုပ်ကို လုပ်သလိုမျိုး အေးအေးဆေးဆေးပါလေ။

"တမင်လာတာ"

မျှော်လင့်ထားသလိုမျိုး တအံ့တဩပုံစံဖြင့် သူမ လှည့်မကြည့်ပါချေ။ ဘယ်လိုလဲ ကျော်၊ အရင်ကလို ကိုယ့်ကိုမြင်တာနဲ့ ဘာလုပ်ရမှန်းမသိအောင် ဗျာများတတ်တဲ့ဟန်ပန်တွေ ဘယ်ပျောက်ကုန်ပြီလဲ။

ဆံလည်ခုံမှာ သူဝင်ထိုင်လိုက်တော့ သူမက နံရံမှန်တိုက်သည့်အလုပ်က ပြီးချေပြီ။ မြန်လိုက်တာ။ သူရောက်လာလို့ပဲ အလုပ်ကို အမြန်ဆုံးလုပ်နေတာများလား။

"ဘယ်သူ့ကားကိုစီးပြီး လာခဲ့တာလဲ"

ပြန်မဖြေပါ။ အရင်ကဆို အင်မတန်ဖော်ရွေပြီး အပြုံးမျက်နှာရှိတဲ့ မိန်းကလေးရဲ့မျက်နှာက ခုတော့ဖြင့် ခပ်တည်တည်ဖြစ်နေတာပါလား။

"ဒွန်နဲ့ဘယ်လိုသိတာလဲ"

"ကျောင်းအတူတူပြီးခဲ့တာ"



www.burmeseclassic.com

www.burmeseclassic.com



"သူငယ်ချင်းလား"

မဖြေပြန်။ ဘာလဲ. . . မသက်ဆိုင်တော့ဘူးဆိုပြီး ကိုယ်ရေးကိုယ်တာကိစ္စတွေကို သူမေးနေမိလို့လား။ အဓိပ္ပာယ်မရှိသည့်မေးခွန်းတွေကို သုံးလေးခွန်းမေးနေမိသည့်သူ့ကိုယ်သူသာ ဒေါသဖြစ်နေမိတာအမှန်ပါလေ။

"ကျော်"

"Please! GM...ကျွန်မရဲ့ကိုယ်ရေးကိုယ်တာကိစ္စတွေကို မမေးပါနဲ့"

တွေ့လား. . . ထင်တဲ့အတိုင်း သူမ ပြန်ချေပလေပြီ။ အရင်ကဆို ဖူကလေးဆိုပြီး နာမ်စားလေး သုံးတတ်ခဲ့ပါလျက် အခု 'ကျွန်မ'တဲ့။ စိမ်းကားပြတ်သားလှချည်လား။

"မျက်စိရှေ့တွေ့လို့ မေးတာပဲ ကျော်။ မင်းရဲ့ GM အနေနဲ့ ဒီလောက်တော့သိသင့်တယ်လို့ ကိုယ်ယူဆပါတယ်"

သူမ အဝတ်ဖြူစကို သေသပ်စွာ ခေါက်ကိုင်လိုက်ပြီး သူ့ကိုလှမ်းကြည့်လိုက်လေ၏။ ကြည့်ပါဦး၊ သူ အင်မတန်သဘောကျ နှစ်ခြိုက်ခဲ့တဲ့မျက်ဝန်းညိုတွေပင် အစိမ်းရောင်သန်းနေလေသယောင်။

"GM တစ်ယောက်အနေနဲ့ဆိုရင်လည်း ကျွန်မနာမည်





ကို တစ်လုံးတည်းအဖျားဆွတ်ပြီး ခေါ်စရာမလိုပါဘူး GM... ကျွန်မနာမည် မေမဇ္ဈူကျော်ပါ။ မမှတ်မိတာမျိုးဆိုရင်တော့ Name brooch ကိုမြင်ရုံနဲ့ သိနိုင်ပါတယ်"

သူ နှုတ်ခမ်းတွန့်ရုံ ပြုံးလိုက်ပါ၏။ အလာလေးပါပဲ။ သူမထက် အဘယ်မျှ ငယ်နုလှပသည့် မိမိမင်းရှိန်ကပင် သူမလောက် ဆွဲဆောင်မှုရှိမနေတာကို သူဝန်ခံပါ၏။ ဟိုးလွန်ခဲ့တဲ့ခြောက်နှစ်ကျော်တုန်းကလို အားငယ်သည့်ပုံရိပ်တွေ လုံးဝရှိမနေတော့တဲ့ သူမမျက်နှာထက်မှာ မာနရိပ်တို့နှင့် လင်းလက်တောက်ပနေလေသည်။ သူ့ရဲ့ကျော်ဆိုတာ ဘယ်ဆီမှာများ ကျန်ခဲ့တာပါလိမ့်။

"မင်းနဲ့ကိုယ် တစ်ရက်လောက်တော့ ဆွေးနွေးရလိမ့်မယ်ထင်တယ်"

"လုပ်ငန်းကိစ္စဆိုရင်တော့ အချိန်မရွေးပါ GM. Personal ကိစ္စဆိုရင်တော့ Sorry ပါပဲ။ ကျွန်မဘက်က ဘာပြောစရာမှမရှိလို့ပါပဲ။ ခွင့်ပြုပါဦး"

"ကျော်"

တံခါးကို ဆွဲဖွင့်ထွက်ရန် ပြင်လိုက်စဉ် သူက ဖူးရှေ့မှာ လက်ကာ၍ ရပ်ခိုင်းလိုက်လေ၏။ ငါနော်. . . စိတ်ရှိလက်ရှိသာ



www.burmeseclassic.com

အော်ဟာစ်ရန်တွေ့လိုက်ရင် မကောင်းလို့ ခက်တာပဲ။ ဆတ်ခနဲ မော့ကြည့်လိုက်သည့်မျက်ဝန်းတို့မှာ အင်အားက အပြည့်ပါလေ။

"ကျွန်မ Cleaning လုပ်ပေးစရာ MD အခန်းနဲ့ မန်နေဂျာအခန်း ကျန်ပါသေးတယ် GM. ကျေးဇူးပြု၍ ကိုယ့်ဝန်ထမ်းကို အလုပ်ကိစ္စမဟုတ်ရင် မနှောင့်ယှက်ပါနဲ့"

"ကိုယ်ပြောစရာ"

"ကျွန်မ နားမထောင်နိုင်ဘူး"

အံကြိတ်ပြောလိုက်သည့် လေသံက မာဆတ်ဆတ်။ တောက်! စိတ်တိုလိုက်တာ မပြောပါနဲ့။ စိတ်ရှိတိုင်းသာ ပိတ်တွန်းလိုက်ရင်တော့ တခြားဝန်ထမ်းတွေရှေ့ ပြဿနာဖြစ်ရတော့မှာလေ။

"မမမဥ္ဇူ၊ ကျွန်တော်ရောက်ပါပြီခင်ဗျ"

အမယ်လေး! ကျေးဇူးရှင်က အချိန်ကိုက်ကို ရောက်လာတော့တာပါပဲလား။ အခန်းရှေ့မှဖြတ်ရင်း ဖူ့ကိုလှမ်းတွေ့လိုက်တာမို့ နှုတ်ဆက်လိုက်ပုံပါပဲ။ သူ့အကြည့်တို့က အံ့မင်းကို ရှုံ့ခနဲ စိုက်ကြည့်လိုက်တာမို့ ကိုအံ့တစ်ယောက် အလန့်တကြားဖြင့် ခြေလှမ်းပင် တုံ့ခနဲရပ်သွားရလေ၏။

"GM ကို နှုတ်ဆက်လိုက်ဦးလေ ကိုအံ့ရဲ့"





"သြော်၊ ဟုတ်ကဲ့. . . မင်္ဂလာပါ GM ခင်ဗျား"

"အတော်ပဲ၊ 'မ'တို့အခန်းထဲက အလှပန်းအိုးနှစ်လုံးကို သွားယူခဲ့ပေးပါ ကိုအံ့။ သန့်စင်ခန်းနားမှာ 'မ'စောင့်နေမယ်သိလား"

"ဟုတ်ကဲ့"

"လိမ္မာတယ်၊ သွားယူခဲ့"

လိုတာထက် ပိုသည့်အပြုံးမျိုးကြောင့် ကိုအံ့က ဖူ့ကိုမှိန်ပြုံးပြလိုက်လေ၏။ ကျားသားမိုးကြိုး! ဒီချာတိတ် ဒီလိုပြုံးတဲ့အပြုံးမျိုး ရှုမြင့် တစ်ကြိမ်မှမတွေ့ခဲ့ဖူးတာလေ။ သူ မတားမြစ်ခင်မှာ MD ရုံးခန်းသော့ကိုဖွင့်လိုက်ပြီး ဖူ ဝင်လိုက်ပါ၏။

ဟုတ်တယ်၊ ဒီချာတိတ်ရဲ့အပြုံးက မြင်ရသူရဲ့ရင်ထဲထိအေးမြသွားစေတဲ့ ရိုးသားသည့်အပြုံးမျိုးပါလေ။ ရှုနှင့်ပတ်သက်သမျှ ယောက်ျားလေးတွေရဲ့ ဆွဲဆောင်မှုအပြည့်ရှိတဲ့အပြုံးမျိုးနဲ့တော့ဘဲ၊ တစ်မျိုးတစ်ဘာသာ ထူးခြားနေတာအမှန်ပါပဲ။

အလို! မင်းက ရှုသိပ်ကြိုက်တဲ့ PMG ရေသန့်ဘူးလေး တူနေပြီလား။

"ရပြီခင်ဗျ"

"OK! လာလေ. 'မ'နဲ့လိုက်ခဲ့။ ဒီအခန်းက 'မ'တို့လု

www.burmeseclassic.com



ကြီးတွေပဲ သီးသန့်သုံးခွင့်ရတဲ့ သန့်စင်ခန်းလေ။ တခြားဝန်ထမ်း
တွေ မသုံးရဘူး။ ဟိုဘက်အခန်းမှာ Toilet နှစ်ခန်းရှိတယ်၊ သိ
လား"

"ဟုတ်ကဲ့"

"ဒီမှာက လက်တွေဘာတွေဆေးပြီး မှန်ကြည့်လို့ရ
အောင် သီးသန့်အခန်းလေး ဖွဲ့ပေးထားတာ။ ဖန်ပန်းအိုးတွေ
ဆေးရမယ်"

"ကျွန်တော် ဆေးပေးမယ်လေ"

"အမယ်. . . ဆေးတတ်လို့လား"

"ဆေးတတ်ပါတယ်ခင်ဗျာ။ အိမ်မှာ မေမေနဲ့ ဘုရားပန်း
အိုးတွေ အတူတူဆေးနေကျပါ"

ကဲ့ ဘယ်လောက်အားကိုးရတဲ့ချာတိတ်ပါလဲ၊ တကယ်
ပင် ပုလင်းဆေးတံနှင့် ဆပ်ပြာဖျော်ရည်သုံးပြီး ဆေးနေတာများ
အကျွမ်းတကျင်။ ဖူတို့မိန်းကလေးတွေထက်ပင် ပိုပြီး သန့်စင်
ပေးတာများ မြန်ဆန်ပါ့။

"တော်လိုက်တာ၊ ကဲ့ ပန်းအိုးထိုးမယ်"

ဖူက မနက်ရောက်ကတည်းက နှင်းဆီခက်တွေကို ဝ
သလိုဖြတ်ပြီး အရွက်တွေ ညှပ်ထားပြီးပြီမို့ ပန်းအိုးသုံးလုံးနှင့်





ပြန်တိုင်းတန်တာ တိုင်းလျက် ငါးပွင့်စီ လှလှလေးထိုးလိုက်ပါ
သည်။ ခါတိုင်းက သုံးအိုးသာရှိတာမို့ ပန်းလောက်ငှပြီး ဒီနေ့က
တော့ သူ့ရုံးခန်းပါ တိုးလာတာမို့ ပန်းအိုးလေးအိုးဖြစ်သွားသဖြင့်
ပန်းနည်းသွားရသလိုနှယ်ပင်။

"ဒါတွေ ကျွန်တော် ပစ်ပေးမယ်"

"OK! ပြီးရင် ဒီနှစ်အိုးပြန်ယူခဲ့ပေးဦးနော်"

"ဟုတ်ကဲ့"

MD ရုံးခန်းထဲမှာ ပန်းအိုးဝင်ထားလိုက်ပြီးမှ ကိုအံ့နှင့်
အတူ မန်နေဂျာရုံးခန်းကို ပြန်ခဲ့ပါတော့။ ဖူတို့ရုံးခန်းက ညနေ ဖူ
မပြန်ခင် သန့်ရှင်းရေး ထပ်လုပ်ခဲ့တာမို့ မနက် သိပ်ရှင်းစရာမရှိ
ပါချေ။ အဝတ်ပိတ်စလေးဖြင့် ဟိုဒီသုတ်ရုံဖြင့် ဖုန်စင်သွားလေ
၏။

ပန်းအိုးတစ်လုံးကို မန်နေဂျာစားပွဲထက် တင်လိုက်ပြီး
နောက်တစ်လုံးကို ဖူတို့စားပွဲထက် တင်လိုက်ကာ၊ ခုံခွဲထိုင်လိုက်
စဉ် ဟိုချာတိတ်က သူ့ခုံထက် မထိုင်သေးပေ။ လက်ဆေးလာ
တာကို ခြောက်စေရန် ရေသုတ်ရင်း ငုံ့ကြည့်လိုက်စဉ် ချာတိတ်
က မျက်ခုံးကို လက်မဖြင့်သုတ်ရင်း တစ်ခုခုကို အောင့်အည်း
ထိန်းချုပ်ထားပုံပါပဲလား။



www.burmeseclassic.com

"ထိုင်လေ, ကိုအံ့ရဲ့။ 'မ'ပြောစရာရှိတယ်"

"အင်း. . . ကျွန်တော်လည်း ရှိတယ်"

"ဟဲ့, ဘာရှိတာလဲ"

"ပြောစရာ"

အမယ်! တယ်ထူးဆန်းပါ့။ ဂုဏ ရင်းနှီးမှုရှိလာအောင် စကားတွေ များများပြောနေတာကို သူကလည်း ပြောစရာရှိသတဲ့။ ရှက်ကိုးရှက်ကန်းဟန်ဖြင့် မရဲတရဲပြောနေပုံကိုက တကယ့် (၁၈) နှစ်အရွယ်လေးနယ်လေ။

"ကဲကဲ. . . ကိုအံ့ အရင်ပြော"

"မမမဉ္ဇူ အရင်ပြောပါ"

"ရပါတယ်၊ 'မ'က အလုပ်နဲ့ပတ်သက်တာပဲ ပြောမှာ။ ကိုအံ့က ဘာပြောမှာလဲ"

"ဟိုလေ၊ ကျွန်တော်ပြောရင် စိတ်ဆိုးမှာလား"

"ဩော်, မဆိုးပါဘူး။ ပြော"

"ခုနတုန်းကလေ"

"အင်း"

ဘုရားရေ! GM နဲ့ပတ်သက်ပြီး ဂုဏ်တို့ထုပ်စီးတိုးသလို ရှန်းရင်းဆန်ခတ်လေး ဖြစ်သွားတာကိုပဲ မြင်လိုက်လို့ မေးပြီလား



www.burmeseclassic.com


ဒါပါနဲ့ဆို ဒီကိစ္စကိုရှင်းပြရတာ နှစ်ယောက်ဖြစ်တော့မှာလေ။

"GM နဲ့ပြောနေတာကိုလား"

"ဟုတ်ဘူး"

"ဒါဖြင့် ဘာလဲ"

"အောက်မှာ ကိုဖွဲ့ရဲ့ကားနဲ့ လိုက်လာတာကို တွေ့လိုက်လို့။ အဲဒါ"

"ဩော်, ဒါလား. . . ဖွဲ့က 'မ'နဲ့ Final အတူပြီး ဘွဲ့ အတူယူခဲ့တဲ့ သူငယ်ချင်းပါ ကိုအံ့ရဲ့။ ဘာလို့မေးတာလဲ"

"ဘာမှမဟုတ်ပါဘူး. . . ဒီလိုပါပဲ"

ကျေနပ်သွားပုံဖြင့် ပြုံးတုံ့တုံ့ ခေါင်းငုံ့သွားသည့်ချာတိတ်ကိုကြည့်ရင်း ရယ်ချင်စိတ်ကြောင့် ဂုဏ် ကိုယ့်နှုတ်ခမ်းကိုယ် ကိုက်ထားလိုက်မိလေ၏။ မင်း ကိုယ့်ကိုများ စိတ်ဝင်စားနေပြီလား အံ့မင်းကို။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၈)

"ညနေ (၇)နာရီ သင်ပေးတဲ့ကွန်ပျူတာသင်တန်း ရှာတက်ပ့ သိလား။ တစ်ယောက်တည်း သင်ပေးတာမျိုးရှာ။ Basic က စသင်ရတာဆိုတော့ ငါးထောင်လောက်ပဲ ပေးရမှာ။ ဒါမှ ညနေအိမ်ပြန် ရေမိုးချိုး ထမင်းစားပြီး လန်းလန်းဆန်းဆန်း သင်ခွင့်ရမယ်"

ခေါင်းညိတ်လေ၏။ စကားကလည်း နည်းပါ၏။ မနက်ကဖြင့် ဖုန့်စကားအပိုတွေဘာတွေ ပြောဖြစ်တာလေ။ ကိုကျော်စွာစားပွဲ ထသွားလိုက်၊ ကိုယ့်စားပွဲဆီ ပြန်လာလိုက်၊ ကိုအံ့ကို သင်ပေးလိုက်ဖြင့် အလုပ်ရှုပ်နေစဉ် ဖုတ်ိုစားပွဲမှ Phone သံမြည်



www.burmeseclassic.com

www.burmeseclassic.com


လာလေရှာ၏။

"ဟဲလို၊ အမိန့်ရှိပါရှင်၊ ရောင်းစဉ်ထွန်းကုမ္ပဏီက ပြောနေပါတယ်"

"မဉ္ဇူ... အန်ကယ်ပါ"

"ဪ၊ ဟုတ်ကဲ့ပါ အန်ကယ်"

"မောင်ဘုန်း ရောက်နေပြီလား"

"ဟုတ်ကဲ့၊ ရောက်ပါပြီအန်ကယ်"

"အေး၊ အန်ကယ် ဒီနေ့မလာဖြစ်ဘူး။ အဲဒါ Phone လှမ်းဆက်တာပဲ သမီး။ မောင်ဘုန်းလုပ်ရမယ့်ကိစ္စတွေ သမီးပဲ သင်ပေးလိုက်နော်။ အခုဘာလုပ်နေလဲ"

"လောလောဆယ် မနေ့လေးက ပို့လိုက်တဲ့စာရင်းကို စစ်ကြည့်နေပါတယ် အန်ကယ်"

"ဪ၊ ကျန်ခဲ့တဲ့လက List ကိုလား"

"ဟုတ်ပါတယ်"

"အေးအေး... စင်ကာပူနဲ့ ဂျပန်က Fax ဝင်ဖို့ရှိတာ သမီးပဲ ကြည့်စီစဉ်ပေးလိုက်ချေ။ သူဘာမှနားလည်ဦးမှာမဟုတ်ဘူး။ သိလား"

"ဟုတ်ကဲ့ပါ အန်ကယ်"



"သမီးတော့ အခန်းနှစ်ခန်း ဟိုဒီကူး အလုပ်ရှုပ်ရတော့မှာပဲ။ ဒါပဲ သမီးရေ... သူ့ဆီ အန်ကယ်ပဲ ဆက်လိုက်မယ်"

"ဟုတ်"

သေစမ်း! အခုမှ ရှုဘဝက နိုင်းဖတ်လာ။ သင်တန်းသားနှစ်ဦးကို တစ်ပြိုင်တည်း သင်ပေးနေရတဲ့ဆရာမလား။ ဘာမှန်းမသိ ဖျာများနေသည့်နေရာမှာ ရှိနေတာလေ။ ကိုကျော်စွာ့ထံ လက်မှတ်ထိုးဖို့ File ကိုဖွင့်ပြီး ပေးနေစဉ် Intercon မှ တီခနဲ အသံထွက်ကာ စကားသံထွက်လာလေ၏။

"မေမဉ္ဇူကျော်... ခဏ"

"ကဲကဲ... GM ခေါ်နေတာကို သွားလိုက်ပါ မဉ္ဇူ။ Boss ဒီနေ့မလာဘူးထင်ပါရဲ့"

"ဟုတ်တယ်အစ်ကို"

"သွားသွား... မင်းမှ Slim body မဖြစ်ရင် ဘယ်သူမှ ဖြစ်မှာမဟုတ်တော့ဘူး"

အလုပ်မအားသည့်ကြားမှ ကိုကျော်စွာ စနောက်တာကို မရယ်ဖြစ်ပေမယ့် ပြုံးမိပါ၏။ ကိုအံ့ကို Hall ထဲမှာ Fax သွားစောင့်ရန် ပြောလိုက်ပြီး GM ရုံးခန်းကိုသွားရန် ထွက်လာခဲ့ရလေသည်။ တံခါးခေါက်သံနှစ်ချက်ကို ခေါက်မိသည်နှင့် တစ်ပြိုင်နက်


www.burmeseclassic.com

www.burmeseclassic.com



သက်ပြင်းကိုပါ ကျိတ်၍ရှိုက်မိလေ၏။ ပျော်ရာမှာ မနေရပေမယ့် ဖူးက တော်ရာမှာ ရောက်နေရတာကိုး။

"ဒေါက်! ဒေါက်!"

"ဝင်ခဲ့လေ"

တံခါးကိုတွန်းဖွင့်လျက် ဝင်လိုက်စဉ် သူက အလုပ်မလုပ်ဘဲ လက်ထဲမှာ နှင်းဆီတစ်ပွင့်ကိုကိုင်လျက် ပန်းကိုင်းကို လှည့်ပတ်ဆော့နေလေ၏။ ဒါလား ကုမ္ပဏီအလုပ်လာလုပ်သည့် GM.

"အန်ကယ် ဒီနေ့မလာဖြစ်ဘူးလို့ ကိုယ့်ဆီ Phone ဆက်တယ်"

"ဟုတ်ကဲ့. GM လုပ်ရမယ့်အလုပ်တွေကို ကျွန်မ ယူလာပေးပါ့မယ်"

"လောလောဆယ် ကိုယ့်အတွက် ကော်ဖီတစ်ခွက်ဖျော်ပေးပါလား။ ကိုယ့် Breakfast မစားခဲ့ရလို့ပါ"

"ရပါတယ် GM. . . ခဏလေးနော်"

MD ရုံးခန်းဘေးမှာပဲ စတိုခန်းလေး ရှိတာမို့ Boss အခန်းတံခါးကိုသော့ဖွင့်ကာ ဝင်လိုက်ရပါ၏။ ဒီအခန်းလေးမှာပဲ အန်ကယ့်အတွက် ကော်ဖီထုပ်တွေ မုန့်ထုပ်တွေ သိမ်းထားတာမို့ ရေနွေးတစ်ခွက်စာ အရင်ဆုံးတည်ကာ နံ့ရုံကပ်ဗီရိုကိုဖွင့်ကြည့်လိုက်ပါသည်။ ပါကင်ပိတ် Cake ထုပ်လေးတွေ တွေ့တာမို့ သုံးချပ်လောက်ကိုသာ ကတ်ကြေးဖြင့် Plastic အိတ်ဖောက်လျက် ပန်းကန်ပြားသေးလေးထဲ ထည့်လိုက်ပါ၏။

ရေနွေးဆူတော့ ကော်ဖီတစ်ထုပ်ဖောက်ကာ စိမ့်စိမ့်လေး ဖျော်လိုက်ပါသည်။ ပြီးမှ လင်ဗန်းလေးထောင့်လေးပေါ်မှာ ကော်ဖီခွက်နှင့်အတူ မုန့်ပန်းကန်နှင့် လက်သုတ်ပဝါတစ်ထည်ကို ခေါက်ထည့်တင်ရင်း အခန်းထဲမှထွက်ခဲ့၏။ သူ့အခန်းရှေ့ရောက်စဉ် တံခါးခေါက်သံမပေးရပါဘဲ အဆင်သင့်ဖွင့်ပေးလိုက်တာကြောင့် အံ့သြသွားရပါသည်။

"Thanks!...ပါ"

သူ့စားပွဲထက်မှာ တစ်ခုချင်းစီ ချလိုက်စဉ် ကျေးဇူးတင်စကား တီးတိုးပြောလေ၏။ မလိုပါဘူး, ဖူးက MD နဲ့မန်နေဂျာတို့အတွက် ဒီလိုအလုပ်ကို နေ့စဉ်လုပ်ပေးနေတာ ထူးဆန်းတာမှမဟုတ်တာလေ။ လင်ဗန်းလေးကို ရင်ဘတ်မှာပိုက်လျက် စားပွဲရှေ့မှ လှည့်ထွက်လိုက်စဉ် အလန့်တကြားဖြစ်သွားရပါ၏။

မလန့်ဘဲရှိမလား၊ သူက ဖူးနှင့်အနီးဆုံးနောက် တည့်တည့်မှာ ကပ်ပြီးရပ်နေလို့ပါလေ။ ခြေတစ်လှမ်း နောက်သို့ဆုတ်လိုက်စဉ် ဖူ့ခါးသိမ်သိမ်လေးက စားပွဲစောင်းနှင့် ထိသွားလေ၏။





www.burmeseclassic.com

www.burmeseclassic.com

သွားပြီ. . . ဂူ နောက်ဆုတ်ရှောင်ရှားဖို့ နေရာမရှိတော့ပြီ။

"G...GM. . ."

"ပြောစရာရှိလို့၊ ခဏလေးပါ"

"အဲဒါဆိုရင်လည်း"

"ဒီလိုမှမပြောရင် မင်းက နားထောင်မှာမှမဟုတ်တဲ့ကိုး ကော်ရဲ့"

"ကျစ်!. . . ဒီနာမည် ရှင်ခေါ်စရာမလိုပါဘူး"

"ဘယ်လိုလုပ်မလဲ ကော်ရဲ့၊ ခေါ်လာတာဖြင့် ကြာလို့ နှုတ်ကျိုးနေပြီဟာ"

"ရှင်နော်"

သူ့ကို ရှေ့ကိုထပ်တိုးလာပြန်တာမို့ သူ့ရင်ဘတ်ကို ဂူ လက်ထောက်ပြီး ကာမိလေ၏။ သူက ဂူ ဒီလိုကြောက်နေပုံကို သဘောကျသလိုမျိုးဖြင့် တိုးတိုးရယ်နေလေ၏။ ဒီလို စရာလား။ လူကြီးတစ်ယောက်အနေနဲ့ ဂူ့ကို အခုလို အထင်တသေး ဆက်ဆံတာကိုတော့ မကျေနပ်ပါလေ။

"အား. . . မရတာကြာပြီဖြစ်တဲ့ အနံ့လေး ပြန်ရလိုက်လို့ Thanks နော်"

"ရှင်နော်၊ ရှင့်မှာ မိမိတစ်ယောက်လုံး ရှိနေပါလျက်





နဲ့ လူကို ဒီလိုမျိုးမဆက်ဆံပါနဲ့"

"ဘယ်က မိမိလဲ"

"ကြည့်! အန်ကယ့်သမီးနဲ့ ရှင် စေ့စပ်ထားတာ ကျွန်မ မသိဘူးမထင်နဲ့ ဦးဘုန်းမြင့်မိုရ်ရဲ့"

"ကျစ်! ဒေါသဖြစ်စရာလား ကော်ရဲ့။ ကိုယ်နဲ့မိမိ စေ့စပ်တာ စာရွက်ပေါ်မဟုတ်သေးဘူးလေ။ ပါးစပ်နဲ့စေ့စပ်တာ ဘာများ အကြုံးဝင်လို့လဲ။ ပြောပါဦး"

"ရှင်. . . ရှင်. . ."

ဂူ အတော့်ကိုကြောက်လာမိပါ၏။ အလုပ်ပေါင်းများစွာ ပြောင်းလဲလုပ်ခဲ့ရပါလျက် ဒီနေရာကိုရဖို့ အတော်ခဲယဉ်းလှန်းတာလေ။ နှစ်ချို့ပြီး စွဲစွဲမြဲမြဲရနေပြီဖြစ်သည့် ဒီကုမ္ပဏီအလုပ်ကို ဒီကိစ္စနဲ့ပတ်သက်ပြီး အလွယ်တကူစွန့်လွှတ်လိုက်ရတော့မှာလား။ တရားမမျှတလိုက်တာနော်။

"ဒီနေရာမှာ ရှိနေတာကို ဘယ်သူမှ ဖယ်ထုတ်လို့မရဘူး"

ဘယ်ဘက်ရင်အုံကို လက်မဖြင့် ထောက်ပြလျက် သူ ပြောစဉ် မျက်စိမှိတ်ကာ ဖုပြန်အော်လိုက်မိတော့၏။ ဒီလူကို ဒီလိုမှမပြောရဲရင် ဂူ့အတွက် အန္တရာယ်ကိုး။



www.burmeseclassic.com

www.burmeseclassic.com



"အရှုး. . ."

"ဘာ. . ."

"ရှင် အရှုးထတာကို နားမထောင်နိုင်ဘူး၊ ပြီးပြီးသားတွေ ပြန်ပြောနေရင် ရှင့်ကို ကျွန်မတစ်ခုခုလုပ်မိတော့မယ်၊ ဖယ်ပေး"

"ကျော့်"

သူက ဂျူလက်မောင်းနှစ်ဖက်ကို ခပ်တင်းတင်းဆုပ်ကိုင်ခါရမ်းလျက် အော်လေ၏။ အမယ်လေးနော်. . . ရုံခန်းတွေ အသံလုံမှန်း သူသိနေလို့များလား။

"ဖယ်ပေးဆို"

"ကိုယ် မီမီ့ကိုမချစ်ဘူး"

"မသိချင်ဘူး"

"ကိုယ်ချစ်တာ. . ."

"မကြားချင်ဘူး"

"မင်းတစ်ယောက်တည်းပဲရှိတယ် ကျော့်"

"ကောင်းပြီ ကျွန်မကလည်း ရှင်သေချာသိအောင် ပြောခဲ့မယ်။ လောကမှာ ကျွန်မအမုန်းဆုံးယောကျ်ားတစ်ယောက်ကို ပြပါဆိုရင် ရှင်ပဲ ကိုဘုန်းမြင့်မိုရ်"

"ဘာရယ်"





"ကိုယ့်လက်အောက်က ဝန်ထမ်းကို ဒီလိုပဲဆက်နှောင့်ယှက်နေဦးမယ်ဆိုရင် အန်ကယ့်ကို ကျွန်မ တိုင်မှာပဲ"

"ကိုယ်ကြောက်မယ်လို့ထင်နေလား"

"စောင့်ကြည့်လိုက်လေ၊ ရှင့်ကြောင့် အရိပ်တစ်ခု မဲ့ခဲ့ဖူးပြီးပြီ ဦးဘုန်းမြင့်မိုရ်ရဲ့။ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နေတဲ့ လူအဖို့ သန်းခေါင်ထက် ညဥ့်မနက်တော့ပါဘူး။ မယုံရင် စမ်းကြည့်လိုက်"

သူ့ရင်ဘတ်ကို ဂျူ့ခန္ဓာကိုယ်ဖြင့် ပစ်တိုက်ခဲ့ပြီး တံခါး Lock ကိုလှည့်ဖွင့်ကာ ထွက်ခဲ့ပါ၏။ စိတ်တွေတိုလိုက်တာနော်။ ရုံးခန်းထဲမဝင်ခင် ဒေါသဖြစ်နေတာကို ကျိတ်ဖြေရလေ၏။

"ကြာလိုက်တာ မဂျူရာ၊ ဒီမှာပစ္စည်းမှာဖို့ List ရောက်နေပြီ"

"အောက်ထပ်စတို သွားပေးရမှာလား ကိုကျော်စွာ"

"နေနေ. . . ကိုယ်ပဲ ဆင်းပေးလိုက်တော့မယ်။ မင်းက GM လိုအပ်တာ လုပ်ပေးရဦးမှာ။ (၁၂)နာရီ Lunch စားရင် GM ကိုပါ Canteen ကိုခေါ်လိုက်ပါ မဂျူ။ ဒီနေ့ Boss မလာတော့ သူ ကိုယ်တို့နဲ့အတူ စားချင်စားမှာ။ ခေါ်တာ ကိုယ့်အလုပ်၊ လိုက်မလိုက်က သူ့အလုပ်ပဲ၊ သိလား"



www.burmeseclassic.com

www.burmeseclassic.com



ကိုကျော်စွာက ဖုန်းကိုင်ပြီး ခုံမှထွက်ခဲ့ထဲကာ အောက်ထပ်ကိုသွားရန် အခန်းထဲမှထွက်သွားတော့လေ၏။ ကဲ့၊ ဒင်းနဲ့ ဖူကတော့ ဒီပုံစံကြာရင် ဒီ့ထက်ပိုပြီး ပြဿနာကြီးတော့မှာလေ။ သူ့ကိုပေးရန်ရှိနေသည့် File တစ်ထပ်ကိုပိုက်ပြီးမှ ဆုံးဖြတ်ချက် ချလိုက်မိပါ၏။

"ကိုအုံ့"

"ဗျာ"

"ဒီ File တွေကို GM ဆီသွားပို့ပေးပါ။ ပြီးတော့ Lunch စားချိန် အပြင်မှာစားမှာလား။ 'မ'တို့နဲ့ Canteen မှာပဲ စားချင်သလားလို့မေးဖို့ မမေ့နဲ့ဦး"

"ဟုတ်ကဲ့"

ကဲ. . . ဒီလောက်တောင် ပတ်သက်ချင်နေတဲ့လူ မှတ်လောက်ရောပေါ့။ ကိုအုံ့ ပြန်လာတော့ မျက်နှာလေး သုန်မှုန်နေတာမို့ ကိုယ်ချင်းစာမိလေ၏။ ဒီချာတိတ်ကို Power ပြ ပေါက်လွှတ်လိုက်တာပဲဖြစ်မှာပါ။

"ဘာတဲ့လဲ"

"စားမယ်တဲ့"

" 'မ'တို့နဲ့လား"





"ဟုတ်ကဲ့၊ ကျွန်တော့်ကို ဘာလာလုပ်တာလဲဆိုပြီး ဆီး ပေါက်တော့တာပဲ"

"Sorry...ကွယ်၊ 'မ'လုပ်ရမှာကို ကိုယ်စားခိုင်းလိုက်မိလို့ပါ။ နေ့ခင်းကျ ကိုအုံ့ကို ဟင်းကောင်းမှာကျွေးပေးပါ့မယ်၊ ဟုတ်ပြီလား"

တစ်မနက်ခင်းလုံး ဟိုဟာနားမလည်လို့ ဒီဟာမတတ်လို့ဆိုပြီး Intercon မှတစ်ဆင့် သူခေါ်သမျှ လိုက်လုပ်ပေးရတာ မောလှပြီ။ စိတ်ကလည်းတိုလှပြီမို့ မျက်နှာလည်း ပျက်နေတာ မပြောပါနဲ့။ Boss မရှိတာနဲ့ သူ့သောင်းကျန်းသမျှ သည်းခံရတာ ရင်မောရတာအမှန်ပါလေ။

နေ့လယ် (၁၂)နာရီထိုးတော့ ဖူနှင့်ကိုအုံ့က အရင်ဆင်းနှင့်ပြီး သူနှင့်ကိုကျော်စွာက နောက်မှလိုက်လာလေ၏။ ဖူတို့ဝန်ထမ်းတွေကို Steel ပုံစံခွက်ပန်းနှင့် ထမင်းကျွေးတာမို့ ကိုယ်နှစ်သက်ရာဟင်းခွက်ရွေး ရပ်စောင့်ရပါသည်။ ဖူက ကြက်သား ကြိုက်သူမို့ အသည်းအမြစ်သားထည့်ပြီး ကိုအုံ့က ငါးဟင်းထည့်လေ၏။

စားပွဲတွေခုံတွေမှာ နေရာယူတော့ ဖူက သူနှင့်မျက်နှာ ချင်းဆိုင်ဖြစ်ပြီး ကိုအုံ့နှင့် ကိုကျော်စွာက မျက်နှာချင်းဆိုင်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သွားလေသည်။ ကိုအုံနှင့်ရှုက ဘေးကပ်လျက်ထိုင်နေတာကို။

"ကိုအုံ, အသည်းကြိုက်တယ်မဟုတ်လား။ စားနော်"

သူ့ရှေ့မှာ တမင်ပင် ကိုအုံ့ပန်းကန်ထဲ ကြက်အသည်းဟင်း ထည့်ပေးစဉ် ကိုကျော်စွာက ပြုံးမြုံမြုံဖြစ်သွားသော်ငြား သူကတော့ မျက်နှာ ကွက်ခနဲပျက်သွားလေ၏။



## အခန်း (၁၉)

"ဒေါက်! ဒေါက်! "

"ဝင်ခဲ့ပါ"

ကိုကျော်စွာက အမိန့်ပေးလိုက်စဉ် တံခါးက ပွင့်သွားလေ၏။ ရှုက ကိုအုံနှင့် Computer တစ်စီနေတာမို့ အခန်းဝကို လှည့်မကြည့်အား။ ဒီလိုအလုပ်လုပ်ရင်း ကိုအုံ့တတ်ရန် သင်ပေးရတာမဟုတ်လား။

"မပြန်သေးဘူးလား"

သူ့အသံကြောင့် လှုက တွန့်ခနဲဖြစ်သွားရပါ၏။ ကိုအုံပင် ဖက်ပုသွားလေသည်။ ဒင်းကတော့ ညနေရေလေးနာရီပင် မခွဲ



www.burmeseclassic.com

www.burmeseclassic.com



သေး၊ ပြန်ရန်တာဆူနေပြီကိုး။

"အလုပ်တွေရှိသေးလို့ပါ GM. . . (၆)နာရီလောက်မှပဲ အားလုံးပြန်ဖြစ်ကြမှာ။ GM. . . ပြန်ချင်ရင် ပြန်နှင့်ပါခင်ဗျာ"

"ကိုယ်က ကျော့်ကိုမေးတာပါ ကိုကျော်စွာ"

"ဗျာ!. . ."

အလို! ဒါ စိန်ခေါ်တာပေါ့လေ။ ကုမ္ပဏီကလူတွေ မသိအောင် ဖုံးနေချင်တာကိုသိလျက် ဒီရုံးခန်းထဲကလူနှစ်ယောက်သိရန် တမင်တကာ ဒီလိုပြောတာလား ကိုဘုန်းမြင့်မိုရ်။

"ကျော်ဆိုတာ"

"မေမဥ္ဇူကျော်လေ"

"မဥ္ဇူနဲ့ GM. . . က"

"အရမ်းကိုရင်းနှီးခဲ့တဲ့သူတွေပေါ့ ကိုကျော်စွာရဲ့"

"ဪ"

ကိုကျော်စွာ့အာမေဋိတ်သံက ခပ်ကြောင်ကြောင်ရယ်ပါ။ သူ့ကို MD ရဲ့သားမက်လောင်းပါဆိုပြီး Meeting လုပ်တုန်းက Member တွေရှေ့မှာ ပြောပြမိတ်ဆက်ပေးခဲ့ပါလျက် အခုတော့ ပြဿနာရှာနေပြီလေ။

"အုံမင်းကို"





"ခင်ဗျာ"

"မင်းပြန်ချင်ရင် ပြန်နိုင်ပြီ"

"ဝန်ထမ်းတိုင်း ညနေ(၅)နာရီမှ ရုံးဆင်းခွင့်ရှိပါတယ် GM "

ဖုန်က Computer ကို Save လုပ်ပြီး ပိတ်လိုက်ပြီးမှ သူ့ကိုလှမ်းပြောလိုက်ပါ၏။ သူက ဖုတ်စားပွဲပေါ် တင်ပါးလွှဲလျက် မဲ့တမဲ့လေး ထိုင်လိုက်လေသည်။ ကိုအုံ့ကို ပေါ်တင်ကြီးနှင်နေတာပါပဲလား။

"GM တစ်ယောက်လုံး ခွင့်ပြုနေတာကို မင်းပြောစရာမလိုဘူး ကျော်"

"GM ပြောလည်း ကိုအုံ့က ပြန်ဦးမှာမဟုတ်သေးဘူး။ ဒီညနေမှာ သူ့ကို သင်တန်းလိုက်အပ်ပေးဖို့ ကျွန်မ တာဝန်ယူထားတာရှိတယ်"

"ကျစ်! ဘာသင်တန်းလဲ၊ သူ့မှာ ခြေလက်အကောင်းကြီးရှိနေတာ။ သူ့ဟာသူ လုပ်ပါစေပေါ့ ကျော်။ မင်း ဘာတာဝန်မှ ယူစရာမလိုဘူး"

ကြည့်စမ်း! အတော့်ကို Foul လွန်းနေပြီပဲ၊ ကိုကျော်စွာက သူနှင့်ဖုန် အပြန်အလှန်ပြောနေကြတာကို ဘာမှဝင်မပြောနိုင်



www.burmeseclassic.com

www.burmeseclassic.com

ဘဲ ကိုအံ့လိုပင် အငေးသားကြည့်နေလေ၏။ တွေ့ကြသေးတာ ပေါ့ ကိုဘုန်းမြင့်မိုရ်။

"Boss နိုင်းထားတဲ့တာဝန်ကို ကျွန်မယူရတာပါ GM. အလုပ်ကိစ္စမဟုတ်ဘဲ အပိုစကားတွေ လာမပြောပါနဲ့လို့ မေတ္တာ ရပ်ခံပါတယ်"

"Boss နိုင်းတဲ့ကိစ္စမှာ ဟင်းထည့်ပေးတာရော ပါတာ ပဲလား ကျော်"

"ဦးဘုန်းမြင့်မိုရ်"

"အပြန်အတူတူပြန်ဖို့ စောင့်နေမယ်၊ ဒါပဲ"

ရှု ဆတ်ခနဲမတ်တပ်ရပ်လိုက်စဉ် သူက အနိုင်ပိုင်းပြီး အခန်းထဲမှ ထွက်သွားပါ၏။ စိတ်တိုနေတာမို့ လက်သီးနှစ်ဖက် ဆုပ်ကာ တစ်ကိုယ်လုံး တဆတ်ဆတ်တုန်နေတာ မပြောပါနှင့်။

"မမေမဥ္စု"

"တောက်! လူပါးကို,ဝလွန်းတယ်"

ကိုအံ့ကို ဟင်းထည့်ပေးတာကိုပါ ထည့်ပြောလာတာမို့ ကလေးကလားဆန်တာ၊ ယူထားတဲ့တာဝန်နဲ့ ဆန့်ကျင်ဘက်ပါ လေ။ သဘောထား သေးသိမ်တဲ့နေရာမှာတော့ ရှင်က မှူကြီး အဆင့်ကိုတောင် မရှိပါလား ကိုဘုန်းမြင့်မိုရ်။





"တော်ရုံရင်းနှီးတာမျိုးမဟုတ်ဘူးထင်တာပဲ မဥ္စု။ ဟုတ် ရဲ့လား"

"သူနဲ့ပြတ်တာ (၆)နှစ်တောင် ကျော်နေပါပြီ ကိုကျော် ရွာရယ်။ အလကားပြဿနာမရှိ ပြဿနာရှာနေတာ။ အမြင်ကပ် စရာကြီး"

"မဟုတ်မှလွဲရော၊ မင်းရဲ့ First Love များလား"

"ကျစ်! မေ့ထားတာ ကြာပေါ့"

"ဘယ်ဆိုးလို့လဲ၊ ဒီလိုအဆင့်မျိုးကိုတောင် လိုက်ချိတ် နိုင်ခဲ့တာ 'ဇ'က မသေးပါလား မဥ္စု"

"အမယ်! ရှုတို့ပတ်သက်တုန်းက သူလည်း ကျောင်း သား၊ ရှုလည်း ကျောင်းသူဘဝပါနော်"

"ဘယ်လိုပြတ်သွားတာလဲ"

"ဒီလိုပါပဲ"

ရှုက ကိုယ်အရှက်ကွဲရမည့်ကိစ္စမို့ တိုတိုပြတ်ပြတ်ပြန် ဖြေလိုက်ပါ၏။ ဟောတော်! ကိုအံ့တစ်ယောက် ငြိမ်နေလိုက်တာ အရုပ်အတိုင်းပါပဲလား။

"ကိုအံ့"

"ခင်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com

"ဘာထိုင်လုပ်နေတာလဲ. . . ပြန်ဖို့ပြင်တော့လေ။ သင်တန်း အပ်ပေးပါ့မယ်ဆိုတာ"

"ကျွန်တော် သန့်စင်ခန်းသွားလိုက်ဦးမယ်"

ချာတိတ်က ရှု့ကိုလှည့်မကြည့်ဘဲ ရုံးခန်းထဲမှ ထွက်သွားလေ၏။ ကိုကျော်စွာက အလုပ်တွေ လက်စသပ်ရင်း ပြန်ရန် ပြင်ချေပြီ။

"မချူ"

"ရှင်"

"ဟိုချာတိတ် ငိုများငိုသွားသလား"

"ဟင်, ကိုအံ့ကိုပြောတာလား"

"အေး"

"ဘာလို့ငိုရမှာလဲ၊ ရှုတို့က သူ့ကိုငေါက်နေ ဟောက်နေတာမှမဟုတ်တဲ့ဟာကို"

"မင်းနဲ့ GM စကားများနေကတည်းက ခေါင်းငုံ့ပြီး မျက်နှာကိုသုတ်နေတာ ကိုယ်တွေ့တာကိုး မချူရဲ့"

"ဟင်! ဟုတ်လား"

"ကြည့်လုပ်ဦး မချူရေ၊ အဝေးကိုပဲမြင်ပြီး အနီးကိုမမြင်ဘဲ အလင်းပေးတဲ့ဖယောင်းတိုင်လို အချစ်တွေ အလဟဿမဖြစ်





စေနဲ့ဦး"

ကိုကျော်စွာအပြောကြောင့် ရှု ဟက်ဟက်ပက်ပက် ရယ်လိုက်မိလေ၏။ ဒီလိုမျိုးမရယ်ဖြစ်တာ အတော်ကြာပြီပဲ။ ခဏ အကြာမှာတော့ ချာတိတ်က တံခါးတွန်းဖွင့်ကာ ပြန်လာလေ၏။ မျက်နှာသစ်လာပုံကြောင့် မျက်နှာထက်မှာ ရေတွေသီနေသေးတာလေ။

"ကိုအံ့"

"ဗျာ"

"မင်း ငိုထားသလား"

"ဟာဗျာ. . . ကြံကြံဖန်ဖန်"

"မညာနဲ့နော်. . . မှန်း"

သူ့မေးစေ့ကိုကိုင်၍ မျက်နှာပင့်ကြည့်လိုက်စဉ် ချာတိတ်တာ ရှု့နှင့်မျက်လုံးဆုံအောင် မကြည့်ဘဲ တမင်ရှောင်ရှားလိုက်လေသည်။ အဟုတ်ကို ဒီကောင်လေး မျက်သားတွေ ရဲနေသလိုပါပဲလား။ ဘုရားရေ! ဒီကောင်လေး ဘာကြောင့်များ အခုလိုဖြစ်ရတာတဲ့လဲ။

"ကိုအံ့"

"ပြန်မှာဆို"



www.burmeseclassic.com

www.burmeseclassic.com

"အေးပါ, အေးပါ"

ကိုကျော်စွာက ပြုံးစိစိမျက်နှာဖြင့် ရှုတို့ကိုကြည့်လိုက်ပြီး အိမ်ပြန်ရန် ထွက်သွားချေပြီ။ ငါးနာရီတောင် ခွဲတော့မှာပါလား။ ထမင်းစားကတ်နှစ်ခုစလုံးကို ရှု စားပွဲအံဆွဲထဲမှာ ထည့်သိမ်းပြီး ဝန်ထမ်းကတ်(ရင်ထိုး)ကိုပါ ဖြုတ်လိုက်ပါ၏။

"သွားဆို့"

ရုံးခန်းတံခါးကို Lock ချကာ Corridor ကို ထွက်လိုက်ကြ၏။ တစ်ဖက်အခန်းတံခါးဖွင့်လျက် ထွက်လာသည့်သူ့ကို မမြင်ချင်ယောင်ဆောင်လျက် ကိုအံ့လက်မောင်းကိုကိုင်ပြီး လမ်းဆက်လျှောက်ခဲ့ပါသည်။

"ကျော်. . . နေဦးလေ"

အနောက်မှ ဆက်လိုက်လာပြီး ရှု့လက်တစ်ဖက်ကို ဖျတ်ခနဲဆွဲလိုက်တာမို့ ရှုရော ကိုအံ့ပါ ရပ်လိုက်ရလေ၏။ ဒင်းကတော့ ရှု့ကို ပြဿနာရှာဖို့ ဒီကိုရောက်လာတာ သေချာနေပါရောလား။

"ဒါ ကုမ္ပဏီပါ GM. . . ဝန်ထမ်းတွေ အထင်လွဲစေမယ့်အပြုအမူ အမူအရာမျိုး မလုပ်ပါနဲ့"

"ကိုယ်ပြောထားတယ်လေ"

"ကျွန်မ မလိုက်နိုင်ဘူး၊ လမ်းကြုံလိုက်ဖြစ်ရင်တောင်





တခြားလူတွေရဲ့ကားပေါ်မှာပဲ လိုက်မှာပါ GM. . ."

"ကိုယ်က ဘာဖြစ်နေလို့လဲ၊ ပြောပါဦး"

"GM ဖြစ်နေလို့ပါ၊ နောက်ကို ဒီလိုဆက်လုပ်နေမယ်ဆိုရင် ဒီကုမ္ပဏီကနေ ကျွန်မ ထွက်ရပါလိမ့်မယ် GM. . . ဒီလို လစာများများရတဲ့နေရာတစ်ခုကို ဘယ်လောက် ခက်ခက်ခဲခဲနဲ့ ကျွန်မရထားသလဲဆိုတာကို နားလည်ရင် နောက်ကို. . ."

ရှု့စကားမဆုံးခင် သူက ရှုတို့ရှေ့မှ ထွက်သွားတော့၏။ ဟုတ်တယ်, ကျောချင်းကပ် ခွဲခွာပြီးမှတော့ ရင်ချင်းအပ်အခြေအနေကို အလွယ်တကူနဲ့ ပြန်ရနိုင်မယ်လို့များ ကိုကို တွက်ဆထားလေသလား။ ရှုက ကိုကိုမလိုချင်တဲ့အချိန် စွန့်ပစ်၊ လိုတဲ့အခါ ကောက်ယူသုံးလို့ရနိုင်တဲ့ Tissue paper လေးမှမဟုတ်တာလေ။

"ဟိုလေ, 'မ'မအားရင် သင်တန်းကို ကျွန်တော့်ဘာသာ ကျွန်တော်ပဲ"

"ဘာလို့မအားရမှာလဲ၊ ကိုအံ့တို့နေတဲ့နေရာနဲ့ နှစ်မှတ်တိုင်လောက်ပဲ ဝေးတဲ့နေရာမှာ 'မ'တက်ဖူးလို့ အဲဒီမှာပဲ လိုက်အပ်ပေးမယ့်ဟာ။ ကလေးဆိုတာ လူကြီးပြောတာကို နားထောင်ရတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်က ကလေးမှမဟုတ်တာ"

"ဒါဖြင့် လူကြီးလား"

"ဟုတ်တယ်"

"လူကြီးဆိုရင် မျက်ရည်မကျတတ်ဘူး။ မယုံရင် အန်တီ့ကိုမေးကြည့်"

"လုပ်ပြန်ပြီ၊ ကျွန်တော် ဘယ်မှာငိုလို့လဲ"

"အေး၊ လူကြီးက မညာတတ်ဘူး။ ကလေးပဲ ညာတတ်တာ"

"ဟာဗျာ. . . လူကို (၁၆)နှစ်သားလို သဘောထားပြီး မဆက်ဆံနဲ့ဗျ။ မကြိုက်ဘူး"

သူက တကယ့်ဆယ်ကျော်သက်ကောင်လေးနှယ် စိတ်ကောက်လျက် ရှုံ့ရှုံ့ ခြေလှမ်းနှစ်လှမ်းသုံးလှမ်းစာ ကျော်ပြီး လျှောက်လေ၏။ တကယ်ပါ၊ ဒီချာတိတ်ကို ရှုံ့မောင်လေးလိုမျိုး သဘောထားပြီး စတာမို့ စိတ်ချမ်းသာလိုက်တာ မပြောပါနဲ့။

Taxi ဖြင့်သာ ပြန်ခဲ့ကြပြီး ကြားမှတ်တိုင်တစ်ခုမှာ ဆင်းလျက် သူ့ကိုသင်တန်းအပ်ခဲ့ပါ၏။ Form ဖြည့်, ငွေသွင်းတာ မှန်သမျှ ရှုပ်လုပ်ပေးတာမို့ သူက တကယ့်ကျောင်းသားလေး နှယ် ရှုံ့ဘေးမှာ ငြိမ်ငြိမ်လေးနေနေလို့ပါပဲ။





တစ်ပတ်ငါးရက်နှင့် ည(၇)နာရီအချိန်ညှိပြီး သင်တန်း ခန်းမမှထွက်ခဲ့စဉ် အအေးဆိုင်သန့်သန့်အတွင်းမှာ အေးဆေးစွာ ထိုင်နေသည့်စုံတွဲတစ်တွဲကို မြင်လိုက်ရသဖြင့် ခြေလှမ်းတွေ တုံ့ ခနဲရပ်သွားရပါ၏။ တွေ့ကြသေးတာပေါ့ ချဉ်ပေါင်ကြော်ရယ်။

"ဘာလဲဟင်"

"ခဏလေး၊ ကိုအံ့ပြန်ရင်ပြန်နှင့်နော်။ 'မ'ရှင်းစရာကိစ္စ လေးတစ်ခု တွေ့လို့"

ဆိုင်ထဲဝင်ခဲ့ပြီး မိန်းကလေးဖြစ်သူကို ကြည့်လိုက်တော့ အဆောင်က ကောင်မလေးမဟုတ်ပြန်။ ဒီကောင်တော့ (–)ကျ ရာ ပျော်တဲ့လောက်လိုမျိုး ထင်ပါရဲ့။

ကြည့်ပါဦး၊ ဖန်ခွက်ရှည်ရှည်လှလှလေးတစ်ခွက်ထဲမှာ ပိုက်နှစ်ချောင်းထည့်ပြီး တစ်ယောက်ကိုတစ်ယောက် အကြည် ဆိုက်နေလိုက်တာများ အမြင်ကပ်ချင်စရာယ်။ ပညာသားပါပါ သုံး မှုပါပဲ။

"ဇော်"

"ဟင်"

"ယူ့ ဘယ်လိုလဲကွယ်၊ တို့နဲ့ (၆)လကျော်တောင် တွဲ ခဲ့ပြီး အခုလိုသစ်စိမ်းချိုးချိုးတာတော့ မကောင်းပါဘူး။ ယူ့နဲ့တို့



www.burmeseclassic.com

www.burmeseclassic.com



အပြန်အလှန်ထားခဲ့တဲ့သစ္စာတရားက ခုတော့ ငရဲမြှုပ်ကျောက်ခဲလေး ဖြစ်ရပြီ''

''ဟို. . . ဟို''

''တို့ကိုပစ်ပြီး အသစ်ရှာရလောက်အောင် တို့က ရုပ်မလှလို့လား။ ပညာမတတ်လို့လား။ ဥစ္စာမရှိလို့လား။ ပြောပါဦး။ ယူတွဲနေတဲ့ဘောဘီလေးတွေက တို့လှတာကိုမှ မမိတာကွယ်။ သေချာလည်း ပြန်ကြည့်ဦး။ ယူ့လိုမျက်နှာများတဲ့မောင်ကို တို့မေ့နိုင်အောင် ကြိုးစားပါတော့မယ်။ Bye!...ဖော်''

နှစ်ယောက်သား မျက်စိပျက်မျက်နှာပျက်ဖြစ် ကျန်ခဲ့တာကို ကျောခိုင်းလျက် လှည့်ထွက်ခဲ့ပါ၏။ ငါ နင့်အတွက် မြားတစ်စင်း ပစ်ပေးခဲ့ပါတယ် နီ။

* * *



## အခန်း (၂၀)

''အောက်ထပ်မှာ ဘယ်လိုဖြစ်လို့ အသံစုံမြည်နေကြတာလဲ''

''ရေပိုက်ပေါက်လို့ဖြစ်မှာပေ့ါ''

''ပြောတော့မယ် ဖူကာတော့''

နီနီက သနပ်ခါးလူးပြီးပြီမို့ ကေ့အတွက် တစ်ခါတည်း ဆက်သွေးပေးနေပါသည်။ ဖူကာတော့ ကုမ္ပဏီသွားဖို့ Ready ဖြစ်နေပြီ။ ဒီနေ့တော့ သူငယ်ချင်းတွေနှင့် အတူထွက်ဖြစ်မှာလေ။

''မဖူ အလုပ်တကယ်ထွက်မှာလား''

''မပြောတတ်သေးဘူး''



www.burmeseclassic.com

www.burmeseclassic.com



"ယောကျ်ားတစ်ယောက်နဲ့ ပတ်သက်ပြီး ဒီလောက် ကောင်းတဲ့အလုပ်ကို ထွက်ရလောက်အောင်တော့ မစွန့်သင့်ဘူး လို့ နီနီတော့ ယူဆတယ် မရှု"

"ကြီးကြီးကျယ်ကျယ် ပြောနေပြန်ပါပြီ။ အကိုျသာ မြန် မြန်လဲစမ်းပါ။ အအေးမိဦးမယ်"

ရေနွေးသုန်းကားဖြင့် တံခါးဖွင့်ရောက်လာသည့် ကေသရီ က တဘက် လျှောခနဲပြုတ်ကျလာတာကို အမြန်ဖမ်းဆုပ်ကာ ပြန်လွှမ်းခြုံလျက် ညှိုသကျည်းကို မွတ်သပ်ရင်း ညည်းညူလိုက် လေ၏။

"အား. . . ကျွတ်! ကျွတ်!. . . နာလိုက်တာ"

"အစောကြီးရှိပါသေးတယ် ကေရယ်၊ နင့်မှန်ဟာင်းခါး ဆိုင်က ထွက်မပြေးပါဘူး။ ဘယ်လိုဖြစ်ပြီး လောနေရတာလဲ"

"လောတာမဟုတ်ဘူးဟဲ့၊ သတင်းထူးပြောစရာရှိလို့ ပြေးလာတာ"

"ဘာသတင်းထူးလဲ"

ကေသရီက ဆက်မပြောသေးဘဲ နီနီလေးကို မျက်ခနဲ လှမ်းကြည့်လိုက်လေ၏။ ရှုက ပြတင်းလိုက်ကာကို အသာဟ ကြည့်လိုက်ပြီး သဘောပေါက်သွားရပါ၏။ မြို့ပတ်ရထားကြီးက





တော့ ဒီဘူတာမှာ လာဆိုက်လေပြီကော။

"ဘာလဲဟင် မရှု"

"နင့်ကိုပြောလို့ ဘယ်ဖြစ်ပါ့မလဲ။ မိန်းမက ဟိုက နည်း နည်းလောက်ကြူတာနဲ့ အရည်ပျော်ကျမယ့်ဟာ"

"မကေကလည်း ဘာကိုပြောနေတာလဲ"

"အဆောင်ရှေ့မှာ ခင်မောင်ဇော် ရောက်နေပြီ. နီ"

"ဟင်! "

နီနီက မယုံသလိုဖြင့် ရှုတို့အနား ရောက်လာကာ လိုက် ကာအသာဟလျက် ဝင်းတံသို့ လှမ်းကြည့်လိုက်လေ၏။ ပြီးနောက် မဝံ့မရဲဟန်ဖြင့် ငိုင်သွားသည်က ကော်ပတ်ရုပ်နှယ်ပင်။

"ဟဲ့. သွားတွေ့လိုက်လေ"

"မကေကလည်း၊ သူက နီ့ဆီလာတာဟုတ်လို့လားလို့"

"သဲဇာ ခုနတွက်တွေ့ပြီးပြီ၊ နီနီလေးကိုခေါ်ပေးပါလို့ သူမှာလိုက်လို့ အောက်ထပ်မှာ ငိုပွဲဆင်နေတာပေါ့"

ဘာလုပ်ရမှန်းမသိဘဲ ဗျာများနေသည့်နီနီကို အကဲခတ် ရင်း ရှု နားလည်လိုက်ပါသည်။ အချစ်ဆိုတာ ဒီလိုပဲလား။ အထူး သဖြင့် မိန်းမတွေရဲ့ချစ်ခြင်းက သူတို့ယောကျ်ားတွေ ဒီလောက် စည်းကျော်တတ်တဲ့အကျင့်ဆိုး ရှိနေတာကိုတောင်မှ ဖုံးကွယ်



www.burmeseclassic.com

www.burmeseclassic.com



ခွင့်လွှတ်ပေးနိုင်တာလေ။

ဂုဏ်အလှည့်မှာရော . . . ဒီလိုနားလည်ပေးနိုင်ပါ့မလား။ နောက်ဆုတ်ခဲ့ပြီးမှ လက်ပြန်တွဲကြဖို့ပြောရအောင် ဖူတို့က ဆယ်ကျော်သက်လေးမှမဟုတ်တော့တာကွယ်။ နောက်ကျမှ ရမယ့်နောင်တဆိုတာ ဘယ်လောက်ကြောက်စရာကောင်းပါသလဲ။

"သွားတွေ့လိုက်ပါ နီ"

"နီနီ မသွားရဲဘူး"

"သွားလိုက်ပါ၊ ဒါမှ တစ်ခုခုထူးထူးခြားခြားသိခွင့်ရမှာပေါ့။ သွားတွေ့လိုက်"

"မဖူတို့ လိုက်ခဲ့လေ"

"အံမာ, ငါတို့က ဘာကိစ္စလိုက်ပေးရမှာတုန်း"

"ငါတို့လိုက်ရင် သူမပြောရဲဘဲဖြစ်နေလိမ့်မယ် နီ။ တစ်ယောက်တည်းပဲ သွားတွေ့လိုက်။ တကယ်လို့ တစ်နေရာရာမှာ နှစ်ယောက်တည်း အေးအေးဆေးဆေးတွေ့ချင်တယ်ပြောရင် အချိန်ရသလောက်လေး လိုက်နာထောင်ပေးလိုက်ချေ"

နီနီ မရဲတရဲဟန်ဖြင့် အသာဆင်းသွားလေ၏။ ဝင်းအဝမှာ နှစ်ဦးသား စကားပြောနေပုံက ပထမတော့ ခပ်စိမ်းစိမ်းရယ်ပါ။ ပြီးနောက်မှာတော့ နီနီတစ်ယောက် အဆောင်ပေါ်ကို အပြေး





ပြန်တက်လာတော့၏။

"ဘာတဲ့လဲ"

"အလုပ်လိုက်ပို့ပေးမလို့တဲ့"

"ဘယ်လို"

"ဟိုလေ, ပြောစရာရှိလို့ လာခေါ်တာတဲ့၊ နီနီ့ကို ဒါလေးလည်း ပေးလိုက်သေးတယ်"

နီနီ့လက်ထဲမှ Plastic လေး ပတ်ထားသည့်နှင်းဆီနီလေးကိုကြည့်ရင်း ဖူပြုံးလိုက်မိ၏။ တွေ့တယ်မဟုတ်လား။ ဒင်းတို့သုံးတတ်တဲ့နည်းလမ်းတွေ အမျိုးမျိုးရှိနေပါတယ်လို့။

"ဟဲ့, သွားတော့မလို့လား"

"ထီးမေ့ပြီ, နီ"

"မယူတော့ဘူး မဖူ။ အပြန်ကျ သူအမှတ်တရဝယ်ပေးမှာတဲ့"

"အေး, ယူယူ. . . နင့်ကို သူ့တစ်ကိုယ်လုံး ပေးလည်း ယူသာယူလိုက်ချေ၊ သိလား။ နောက်မှ ငါက ဒင်းကိုနုတ်နုတ်စင်းပြီး ဆိတ်ရိုးစွပ်ပြုတ်ဆိုပြီး ရောင်းစားပေးမယ်"

ဒီတစ်ခါတော့ဖြင့် ကေပြောတာကို နီနီစိတ်မဆိုးတော့ပါလေ။ ပြုံးစိစိမျက်နှာဖြင့် ကုတင်ထက်တင်ထားသည့် လင်း



www.burmeseclassic.com

www.burmeseclassic.com



ဘက်အနီရောင်လေးကို ဆတ်ခနဲယူကာ ထွက်သွားဟန်က အလှကပြနေသည့်ဒေါင်းမလေးလို လန်းဆန်းတက်ကြွနေဟန်အပြည့်နှင့်ပါပဲ။

နီနီတော့ OK မှာ စိုပြည်သွားပြီပဲကိုး။

''ကဲကဲ့ သနပ်ခါးလူးပြီး အဝတ်လဲတော့ ကော၊ သူများစုံတွဲကိုငေးတာ ကိစ္စမရှိဘူး၊ အအေးပတ်ပြီး မသာပေါ်မှ ဒါမသာမုန့်ဟင်းခါး ဝါးနေရဦးမယ်''

ကေသရီ့နှုတ်မှ အသံတိတ်ကျိန်ဆဲဟန် ပွစိပွစိရေရွတ်လေ၏။ အင်း. . . ဒီနောက်ပိုင်းတော့ ဖူးနဲ့ကေသာ နှစ်ယောက်တည်း မုန့်စားရတော့မှာထင်ပါရဲ့။ နီနီသာ သူ့လူနှင့်ပြန်အဆင်ပြေရင် ဖူတို့နဲ့ဆက်တွဲဖြစ်ပေမယ့် ဟိုရထားကြီးသာ ကြိုမို့လုပ်ပေးတော့မှာကိုး။

''စိတ်တိုလိုက်တာ၊ ဒင်းက လေပဲရှိတယ် နီစုတ်''

''ဒါကတော့ ချစ်တာကိုး ကေရဲ့၊ ကိုယ်ချင်းစာစိတ်မွေးပါဦး''

''စာပါတယ်၊ ဗိုက်လည်းဆာပါတယ်၊ ဒင်းကိုတင်းတာနဲ့ပဲ ငါးဖယ် ပဲဘူးဥ ငှက်ပျောကြော်ကြက်သွန်အကုန်ထည့်ဗိုက်လိုက်ချင်ပြီ။ တာကယ်ပဲ''





''စားပါ ကေရယ်. စားပါ၊ ငါဝယ်ကျွေးမယ့်ဟာပဲ၊ ဝအောင်သာစား''

''OK!...''

လမ်းထိပ်ရှိ မုန့်ဟင်းခါးဆိုင်မှာ ကေပြောသလို အကြော်စုံနှင့် ငှက်ပျောအူများများ ကြက်သွန်ဥနှင့် အိုးဘဲဥတစ်ခြမ်းစီ ထည့်စားလိုက်တာမို့ ဗိုက်ပင် ကားသွားရပါ၏။ သူများတွေ အသည်းကွဲရင် မည်သို့ဖြစ်ကြမည်မသိ၊ ဖူကတော့ ဒဏ်ရာကို တမင်ပင်မေ့ထားကာ အစားမပျက် အအိပ်မပျက် နေသားကျနေတာပင်မဟုတ်ပါလား။

ကေက လိုင်းကားလာပြီမို့ မှတ်တိုင်မှတက်သွားချေပြီ။ ဖူက Taxi အလာကို စောင့်ရမှာမို့ မှတ်တိုင်ကျော်ကျော်ကို ဆက်လျှောက်ပြီးမှ ရပ်လိုက်ပါ၏။

''တီ! ''

ကားဝါလေးကို တွေ့လိုက်ရတာမို့ လှစ်ခနဲပြုံးလျက် ခေါင်းခါလိုက်မိလေ၏။ နေ့တိုင်း လမ်းကြုံလိုက်နေမိရင်တော့ ဒီကောင်နဲ့ ဘာသံညာသံတွေ ထွက်လာရဦးမှာလေ။

''ဟာ! ဘာ Style လဲကွ၊ မလိုက်ဘူးလား''

''မလိုက်ချင်ပါဘူး''



www.burmeseclassic.com

www.burmeseclassic.com

"ဘာလဲ, ဘဲဘဲကြီး နာကစ်မှာစိုးလို့လား"

"အမယ်လေး. . . ဝေးပါ့၊ ဒင်းသာ အဲဒီလိုဖြစ်ချေချင်ရင် သူ့ရှေ့မှာ နင့်ကိုလက်ချိတ်ပြီးတောင် တွဲလျှောက်ပြလိုက်ချင်သေး"

"ဩော်! ကိုယ့်ကိုပါ အသုံးချချင်တဲ့သဘောပေါ့လေ။ As you wish! ပါ မဒမ်"

"လာလာချည်သေး။ ဒီအပြောတွေနဲ့ ကောင်မလေး ဘယ်နယောက်လောက်ကိုများ အသည်းလှုပ်ခါပြီးပြီလဲ"

"သိပ်မများပါဘူးကွာ၊ လာပါ, လေးလေးနဲ့လည်း ပြောစရာရှိတာဆိုတော့ အတူတူ Go ကြတာပေါ့"

ငြင်းမရတော့ပြီမို့ ကားဝါလေးပေါ် တက်လိုက်ရပါတော့။ ပြတင်းမှန်ချပေးထားတာမို့ ရှူသဘောကျပါပဲ။ ရှုက Aircon ထက် သဘာဝလေအေးလေးကိုသာ နှစ်ခြိုက်တာကိုး။

"မိမိတော့ တင်းနေပြီ"

"ဘာကိုတင်းတာလဲ"

"ဘာရှိမလဲ, သူ့လူကြီးကို ဒက်ဒီ့ကုမ္ပဏီလည်း သွင်းရော အချစ်ဦးနဲ့မငြိတငြိဖြစ်နေပြီး ဘော်ဒါဘော်ချွတ်တွေကတစ်ဆင့် သိသွားလို့ ပေါက်ကွဲလုလုဖြစ်နေတာ"





"အိုး. . . ဘာမှလည်းမဟုတ်ဘဲ သတင်းပျံ့တာ မြန်လှချည်လား"

"IT ခေတ်လေကွာ၊ Phone နဲ့ တစ်ချက် Talk လိုက်တာနဲ့ ပွဲကပြီးပြီ"

ဖွဲ့ကတော့ ပြောရင်း သဘောတကျဖြင့် တဟားဟား အော်ရယ်လေပြီ။ ရှုလည်း အလိုက်တသင့် ရယ်လိုက်မိပါ၏။

မဆိုးပါဘူး။ ဒီလိုတောင် ရယ်နိုင်သေးရင် သူ့ကို တုန့်ပြန်နိုင်ဖို့ ခွန်အားတွေ ရှိနေသေးတယ်ထင်ပါရဲ့။

"ဒင်းက ရှင်းပြရမှာပေါ့ ဖွဲ့ရဲ့၊ သီဂီရွှေခွက်ထဲက ရတနာလေးကို ဘယ်အပျောက်ခံပါ့မလဲ"

"မှားတယ်ကွ"

"ဘာကိုမှားတာလဲ"

"ဒီဘဲကြီးက ကိုယ့်ညီမ Phone မှန်းသိတာနဲ့ Phone ကိုပိတ်ပစ်လိုက်လို့လေ"

"ကျွစ်!. . . တော်တော်ဆိုးတာပဲ"

"အေး, ပြဿနာက မသေးဘူးကွ။ ကြားထဲကနေ မင်းကိုပဲထုလို့ နာမှာကို တွေးထားဦး။ ငါ့မှာ မင်းနဲ့သူငယ်ချင်းဆိုတာကိုတောင် ပေးမသိရဲဘူး။ တော်ကြာ မြာဆီးက ငါ့ခေါင်း



www.burmeseclassic.com

www.burmeseclassic.com

ကို တည်လာဦးမယ်"

"အဲဒီတော့လည်း ဖွဲခေါင်းက ပန်းသီးလေးကို တို့ ဦး ထားပြီးပြီလို့ ချေပလိုက်ပေါ့ကွယ်"

"တကယ်ကြီးလား"

ပေါ့ပါးစွာရယ်လိုက်မိစဉ် ကားလေးက ကုမ္ပဏီဝင်းတံခါး ကို ကွေ့ဝင်နေချေပြီ။ ကား Parking ကို ဖျတ်ခနဲကြည့်မိစဉ် သူ့ကား မရှိသေးပါချေ။ တော်ပါသေးရဲ့. . . Boss ရော သူပါ ရောက်မလာသေးလို့လေ။

"ဘယ်မှာစောင့်မှာလဲ"

"OFFICE ထဲစောင့်လို့ မရဘူးလား"

"ပျင်းနေမှာစိုးလို့ စေတနာနဲ့ပြောတာကို မရလည်း ထိုင် စောင့်ပေါ့။ နှုက အခန်းနှစ်ခန်းစလုံးကို Cleaning အရင်လုပ် ပြီးမှ ကိုယ့်ရုံးခန်းထဲ ပြန်ရောက်မှာ။ Boss ပါရောက်ပြီဆိုရင် ရုံးခန်းသုံးခန်းစလုံးကို လှည့်နေရတော့တာပဲ"

"မန်နေဂျာခန်းမှာ ဘယ်သူတွေရှိသေးလဲ"

"ကိုကျော်စွာနဲ့ ရှင့်ရဲ့ဟိုဘက်ညီပေါ့"

"မဆိုးပါဘူး မိုးအုံ့ရှိတော့ အဖော်ရသေးတယ်"

"သူသာ ကျွမ်းကျွမ်းကျင်ကျင်ဖြစ်သွားရင်တော့ နှုက





တာ့တာပဲ ဖွဲရေ့"

"ဘာကို တာ့တာတာလဲ"

"ဟုတ်တယ်လေ၊ GM ရဲ့ Secretary သာ ဆက်လုပ် နေရင် ပြာဖုံးနေတဲ့မီးက ထတောက်တော့မှာ။ ပြဿနာမကြီးခင် ရှောင်ထွက်လိုက်တာ နှု့အတွက် အကောင်းဆုံးပါပဲ"

"စွန့်စားဝံ့တယ်ပေါ့"

"ဒါပေါ့"

နှစ်ယောက်သား ရယ်ရယ်မောမောဖြင့် ရုံးထဲဝင်ခဲ့ကြ စဉ် Lift ရှေ့မှာ ရပ်စောင့်နေသည့်ကောင်လေးကို လှမ်းမြင်လိုက် ရပါ၏။

အမယ်!. . . ဒီချာတိတ် ဒီနေ့မှ ထူးထူးဆန်းဆန်း မိုးပြာ ရောင် Shirt တွေဘာတွေ ဝတ်လို့ပါလား။

ခြေသံတွေကြောင့်ထင့်၊ သူ ဖျတ်ခနဲလှည့်ကြည့်လိုက် စဉ် သူ့ကို နှု လှမ်းပြုံးပြလိုက်မိ၏။ သူ့အပြုံးက တစ်ဝက်တစ် ပျက်မှာပင် ရပ်သွားလေသည်။ နှု့ဘေးမှာပါလာသည့်ဖွဲကို မြင် သွားတော့ သူ့ခေါင်းက အလိုလိုငုံ့သွားတော့၏။

"ဟော့ကောင် မိုးအုံ့"

တရင်းတနှီး ပခုံးဖက်လိုက်သည့် ဟိုဘက်ဒီဘက် အွေ


www.burmeseclassic.com

www.burmeseclassic.com



မျိုးညီအစ်ကိုနှစ်ယောက်ကို ယှဉ်ကြည့်လိုက်မိပါ၏။ ခေတ်ပေါ် အဝတ်အစားတို့ဖြင့် တောက်ပနေသည့်ဖွဲ့ထက် ခပ်မှိန်မှိန်ကောင် လေးက ပို၍ချောမောနေသယောင်။



## အခန်း (၂၁)

''ဒီနေ့တော့ 'မ'တစ်ယောက်တည်းပဲ လုပ်တော့မယ် သိလား။ ဖွဲ့အဖော်မရှိမှာစိုးလို့ ဒီမှာပဲနေခဲ့တော့နော်။ ဟိုတစ် ယောက် ဘာကိုပြုံးတာလဲ''

'' 'မ'ဆိုတဲ့အသုံးကို သဘောကျလို့''

''သေဦးမယ်၊ ငါတို့က သူ့ထက် အများကြီးကြီးတာ ကို''

''ဘာကြီးတာလဲကွ''

''အသက်ဟဲ့. . . အသက်၊ ကဲ''

စောစောစီးစီး စ,နောက်နေသည့် ဖွဲ့ရဲ့လက်မောင်းကို



www.burmeseclassic.com

www.burmeseclassic.com



ပြောင်းခန့်ရိုက်ချလိုက်စဉ် ဖွဲ့က အားခန့်အော်လိုက်သော်ငြား ဟို ချာတိတ်ကတော့ မျက်နှာပျက်ချင်ချင်လေ။ အင်း, ဟိုနေ့ညနေ က ခင်မောင်ဇော်နဲ့ကိစ္စကိုလည်း မျက်ဝါးထင်ထင်တွေ့ခဲ့တာမို့ ဂူ့ကို ခပ်ရှုပ်ရှုပ်လို့များ ထင်သွားလေသလား။

အိုလေ, ဖူနဲ့ကိုအံ့က သူ့စိမ်းသက်သက်ပဲမဟုတ်လား။ ဘာကိုများ စိုးရွံ့ရှိန်လန့်နေရပါသလဲ။ အမေနှင့်ခပ်ဆင်ဆင်တူ လွန်းသည့် ဒီချာတိတ်မျက်နှာကိုကြည့်လိုက်တိုင်း တည်ငြိမ် အေး ဆေးလွန်းသည့် အန်တီကြီးကို ပြန်မြင်ယောင်နေမိတာ အမှန် ပါလေ။

အန်ကယ့်ရုံးခန်းနှင့် သူ့ရုံးခန်းကို သန့်ရှင်းရေးလုပ်၊ မှန်တွေတိုက်၊ စားပွဲတွေ File တွေ ဖုန်သုတ်အပြီးမှာ အလုပ်သမား အိုးတွေ ဆေးလိုက်ပါ၏။ ဒီနေ့ဝယ်လာတာက မြေဖိုက်သစ်ခွ ခက်တွေမို့ လှလည်းလှ၊ များလည်းများလေသည်။ သူ့အခန်း စားပွဲပေါ်မှာ ပန်းအိုးတင်လိုက်ပြီး ဂူတို့အခန်းအတွက် ပန်းအိုးတွေ ကိုယူ၍ လှည့်ထွက်ရန်ပြင်လိုက်စဉ် ရုံးခန်းတံခါးက ပွင့်သွားပါ ၏။

"မနှောင့်ယှက်နဲ့ မိရာ"

"ကိုကြီး"





ဘယ်သူမှမရှိဘူး ထင်နေ၍ပဲလား၊ မဟုတ်သေးပါဘူး၊ သော့ပိတ်ထားတာမဟုတ်သည့် Door Lock ကိုလှည့်ရုံနှင့် ဒီ အခန်းမှာ ဂူ ရှိနေဆဲဆိုတာကို သူသိမှာပါ။

နှစ်ယောက်သား ပဋိပက္ခဖြစ်လာပုံဖြင့် ဂူ့ကို ရုတ်တရက် မြင်သွားတော့ မျက်နှာတွေက အိုးတိုးအန်းတမ်းဖြစ်သွားကြလေ ၏။

"Good morning, GM. Morning ပါ မီ"

"Morning ပါ မဂူ"

မိမိက ပြန်မနှုတ်ဆက်သော်ငြား သူ၏ မဂူဟုခေါ်သံ က ခပ်ကြောင်ကြောင်လေ။ ဂူ့ကို ဒီလိုမျိုး ခေါ်မှမခေါ်ခဲ့တာကိုး။

"ကိုကြီးရဲ့အချစ်ဦးဆိုတာ ဘယ်သူလဲ, ပြော"

"ကျစ်! မင်းနဲ့ဘာဆိုင်လို့ မရမက လိုက်မေးနေရတာ လဲကွ"

"မေးရမှာပေါ့၊ မိတို့က နှစ်ဖက်အသိုင်းအဝိုင်းအကုန် လုံးအသိ စေ့စပ်ပြီးပြီဟာကို။ မိ့ကွယ်ရာမှာ ကိုကြီး အခုလို ခြေ ပုန်းခုတ်. . ."

ရုံးခန်းတံခါးကို ပြန်ပိတ်လိုက်ပြီမို့ အသံတွေကို ဆက် မကြားရတော့ပါချေ။ ကဲ, ဘာတတ်နိုင်သေးလဲ ဦးဘုန်းမြင့်မှရ၊



www.burmeseclassic.com

www.burmeseclassic.com



ရှင့်ခြေလှမ်း ဘယ်ကိုရွေ့လဲဆိုတာကို စောင့်ကြည့်ခံနေရပြီမဟုတ်လား။

"လေးလေး လာပြီလား"

"No!... အန်ကယ်လာရင် Intercon ကနေ မေမေ့ခေါ်ဆိုပြီး ခေါ်မှာ"

"ဟိုဘက်ခန်း လူရောက်ပြီလား"

"ရောက်ပြီ. ရှင့်ညီမပါ ရောက်နေတာ။ သွားမရှုပ်လေနဲ့။ ကောက်ရိုးမီး ကူးသွားဦးမယ်"

ဖွဲ့က ဇက်ပုသွားလေ၏။ ပန်းအိုးတွေကို မှန်တားပွဲတွေထက် တင်လိုက်ပြီး အခန်းသန့်ရှင်းတာကို နာရီဝက်နှင့်ပြီးအောင် လုပ်လိုက်ပါ၏။ ခဏအကြာမှာတော့ မန်နေဂျာရောက်လာလေ၏။

"မင်္ဂလာပါ ကိုကျော်စွာ"

"မင်္ဂလာပါ မမ။ ဟော. ညီ့သည်ရောက်နေတာကိုး"

"ညီ့သည်မဟုတ်ပါဘူးခင်ဗျာ"

"သူလည်း အန်ကယ့်တူပဲ ကိုကျော်စွာရေ့၊ မိန်းမဘက်က တော်တာ"

"ဟုတ်လား. Boss မှာ သမီးတစ်ယောက်ပဲ ဆွေမျိုး





ရှိတယ်ထင်ထားတာ၊ တူတွေ များလှချည်လား"

"တစ်စုံဆို ခေါက်ဆွဲစားလို့ရတာပေါ့ဗျ"

ဖွဲ့က တရင်းတနှီးပင် နောက်လေ၏။ ဖူးက သူငယ်ချင်းဆိုပြီး ကိုကျော်စွာနှင့်မိတ်ဆက်ပေးစဉ် ဟိုချာတိတ်ရိုက်နေသည့် Conputer စာလုံးတွေက ကပေါက်တိကပေါက်ချာရယ်လေ။

"မသိပါဘူး။ ကျွန်တော်က မမျှကတော့ ဘယ်နံပါတ်စဉ်ကို ဒီအထိခေါ်ချလာပြီလဲလို့ ထင်လိုက်တာ။ Sorry ပဲ ကိုဖွဲ့ရေ"

"ဟာ. ဖွဲ့တယ်ဟော့၊ မမျှရဲ့နံပါတ်စဉ်တွေထဲ တန်းစီရင်တောင် ဘိတ်ပဲရမှာဗျ။ ဒီကောင့်က အဲဒီဘက်မှာ တစ်ဖက်ကမ်းကျွမ်းတယ်။ Specialist ဗျ"

"ပြောနေပုံက ဖူးကပဲ ဆရာကြီးပေါ့လေ။ သူတို့မှာလည်း ဘယ်တောင်ပံ ညာတောင်ပံတွေရှိတာ မသိတာ ကျနေတာပဲ။ ဟွန်း. . . ငှက်ပျောချဉ်ပေါင်"

ရယ်ကြပြန်လေ၏။ Computer ခုံမှာ ထိုင်ရန်ကြည့်လိုက်တော့ ကိုအံ့ထိုင်နေပြီမို့ ဘာတွေရိုက်နေပြီလဲဟု ဖူးကြည့်လိုက်မိလေသည်။ အလို! Z တွေ ချရိုက်ထားတာ ပြည့်နေတာပါပဲလား။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့၊ ဘာတွေရိုက်နေတာလဲ ကိုအံ့ရဲ့"

"ရိုက်နေတာပဲ၊ ဒါတွေပဲ ထွက်လာလို့"

"ဩော်၊ မနေ့ကစီထားတဲ့ ဖယားလေး ဆက်ရေးပေးတယ် မှတ်နေတာ၊ အကျိုးနည်းမှပဲ။ ဒီပုံနဲ့တော့ ငါအသက်ဆက်ရှည်ဖို့ တယ်မမြင်"

ဖူက ကိုအံ့လျှောက်စီထားသည့်စာလုံးတွေကို Deleate လုပ်လိုက်ပြီး မနေ့တုန်းက ဖယားကိုပြန်ရှာပေးလိုက်ပါ၏။ အဲဒီမှာ ဖြည့်ရေးဖို့ စာရင်းက သုံးလေးကြောင်းတည်းပါ။ ဒီကောင်လေး ခါတိုင်းရေးတတ်ပါလျက် ဘယ်လိုဖြစ်ပြီး ဒီနေ့မှ အမှားများအယွင်းယွင်းတွေ ဖြစ်နေရတာပါလိမ့်နော်။

"ဒီမှာလေ ကိုအံ့ရဲ့၊ မသိရင် မေးပါဆိုတာ"

"'မ'ပဲ စကားပြောနေပြီးတော့"

"အမယ်လေးဟဲ့၊ ညည်းသည်နဲ့စကားလေးပြောမိပါတယ်ဒင်းက တစ်မှောင့်။ အဲဒါကောက်စရာလား။ ဒီမှာကြည့်၊ ဒီနေရာကနေ စဖြည့်ရမှာ။ ဂဏန်းတွေရေးရင် မမှားအောင် ဂရုစိုက်။ သုညတွေ ပိုသွားရင် ကျုပ်မှာ ဘာမှလျော်စရာမရှိဘူး အဘိုးလေးရဲ့။ ရှင်က ဦးလေးတူမို့ အပြစ်ကလွတ်မှာ"

ဖူက Mouse ကိုလည်းရွှေ့ရင်း ဘယ်လက်ကပါ Key





board ကိုပါ ခပ်သွက်သွက်နှိပ်လိုက်တာမို့ ကိုအံ့ပါးနှင့် အတော်လေး နီးကပ်သွားရပါ၏။ ထိုင်ခုံနှင့် Computer ခုံက အနေတော်ဖြစ်ပေမယ့် ဖူက ကိုအံ့နောက်ကျောဘက် (သေးနားခပ်ကျကျ) နားမှာရပ်၍ လှမ်းကိုင်ရတာမို့ပါပဲ။

"မမေမဥ္ဇူ"

ငိုသံဖြင့် ဝင်ချလာသည့်မီမီမင်းရှိန်ကြောင့် အခန်းထဲမှလူအားလုံး ငြိမ်သွားရပါ၏။ မကြာခဏ ရောက်လာလေ့ရှိသည့် မီမီက ဖူနှင့်ကိုကျော်စွာကို အလေးမထားသလို အမျိုးတော်သည့် အစ်ကိုနှစ်ဦးကိုလည်း အမှုမထားပါချေ။

"ပြောလေ မီမီ"

"ပြောစရာရှိလို့၊ ခဏ"

"ဟာ. . .ဒီမှာအလုပ်ရှိနေတာ မတွေ့ဘူးလား မီမီရဲ့၊ သူများအလုပ်ကို မနှောင့်ယှက်နဲ့လေ"

"မီ့အလုပ်လည်း အရေးကြီးတာပဲကိုကိုရ"

"နင်ကတော့ ဂျစ်ပဲဟာ"

"ကိုလေး"

"ဟင်"

"မမေမဥ္ဇူကို ခဏခေါ်သွားမယ်"



www.burmeseclassic.com

www.burmeseclassic.com



ကိုအံ့မျက်နှာက အီလယ်လယ်။ မိမိပြောပုံက ဇူ့က ကိုအံ့လက်အောက်မှာပဲ အလုပ်လုပ်နေရသလိုလိုကိုး။ မန်နေဂျာ ကိုကျော်စွာက ခေါင်းငုံ့ပြုံးနေချေပြီ။

"နင့်ဟာနင်ခေါ်တာ ငါနဲ့ဘာဆိုင်လို့လဲ"

"သိဘူးလေ, ကိုလေးကိုသင်ပေးနေတုန်းခေါ်လို့ ပြောတာကို"

"ကဲကဲ. . . လိုက်သွားလိုက် မေမြူရေ၊ တော်ကြာ Boss ရောက်လာပြီး မေမြူ့ခဏဆိုလို့ Intercon ထဲက အသံမြည်လာချင် မင်းရှိမနေမှ အကြီးအကျယ်ပြဿနာ"

ကိုကျော်စွာလွှတ်နေပြီမို့ ကိုအံ့ကို မှာသင့်တာမှာကာ မိမိ့နောက် လိုက်ခဲ့ပါ၏။ အပေါ်ဆုံးထပ် လေဟာပြင်ကိုသာ ခေါ်ခဲ့တာမို့ ကြောက်တတ်တဲ့သူတွေကတော့ မလာရဲပါချေ။

"ပြော, မိမိ"

"ကိုကြီးနဲ့မိမိအကြောင်းကို မမသိမှာပါနော်"

"သိတယ် မိမိ"

"အဲဒါ ကိုကြီး ဒီကိုရောက်တော့ သူ့အချစ်ဦးနဲ့ပြန်ဆုံပြီဆိုပြီး မိမိအသိတွေက သတင်းပို့ကြတယ်။ အဲဒါ"

ပြဿနာပဲ၊ ကာယကံရှင်ကို ရှေ့မှာထားပြီး ရင်ဖွင့်နေ





တာပါလား။ သူ့အချစ်ဦးဆိုတာ ဇူမှန်းသာ သိသွားရင် ဘယ်လို လုပ်မှာလဲ။ ဒီကုမ္ပဏီမှာ ဇူက မရှိမဖြစ်ဝန်ထမ်းတစ်ဦးမှမဟုတ် တာဘဲ။ အမှိုက်ဆိုပြီး လွှင့်ပစ်သလိုမျိုး အလွယ်တကူလေး ဖြုတ် နိုင်တာလေ။

ရှက်စရာပါပဲလား မေမြူ။ ပထမတစ်ခါကတော့ Boss က ခေါ်သတိပေးခဲ့တာပါ။ အခုနောက်တစ်ခါ Boss ရဲ့သမီးဖြစ် သူကပါ ဒီကိစ္စနဲ့ပတ်သက်ပြီး ထပ်သတိပေးရင် ဇူတော့ သွားချေ ပြီ။ မျက်နှာများတယ်လို့ ဇူ့ကိုဘယ်သူတွေထင်ထင် ကိစ္စမရှိပေ မယ့် အခုတော့ အဲဒါကို ဇူ နောင်တရဖြစ်ပြီလေ။ အထူးသဖြင့် ရည်းစားပြတ်ဖြစ်ခဲ့ရတဲ့ အတိတ်က အရိပ်မည်းကို ဘယ် Cor- rection Pen မျိုးနဲ့ ဖုံးအုပ်ဖျက်လို့ရမှာလဲ။

"ဘယ်သူလဲဆိုတာကို မမ စုံစမ်းပေးပါလို့ မိပြောချင် တာပါ"

"ဘယ်သူဆိုတာကို မိသိရင် ဘာလုပ်မှာလဲ"

"မသိဘူး, မိသိတာ ကိုကြီးကိုချစ်တာတစ်ခုတည်းပဲ သိတယ်။ စေ့စပ်တဲ့အချိန်ထိ ကိုကြီးဘက်က လိုက်လိုက်လျော လျောရှိခဲ့ပါလျက်နဲ့ အခုတော့ အချိုးက ပြောင်းနေပြီမမရဲ့။ မိ Phone ဆက်တော့လည်း မကိုင်၊ အခုလို လူချင်းလာတွေ့တော့



www.burmeseclassic.com

www.burmeseclassic.com



လည်း မကြိုက်ဘူးဆိုပြီး မိုကိုအော်လွှတ်တာ''

တအိအိနှင့် ပြုံဆင်းလာသည့် မိမို့မျက်ရည်တို့ကို ဖေး ကြည့်လျက် ဖူပင် မျက်ရည်ဝဲလာရပါ၏။ မိမိကတော့ လူရှေ့ သူရှေ့မှာ ပေါ်ပေါ်ထင်ထင်ငိုရဲပါ့။ ဖူ့တုန်းကရော, ဖူ့တုန်းကတော့ လူမမြင် မှောင်ရိပ်ထဲမှာ တိတ်တဆိတ်ငိုကြွေးခဲ့ရတာလေ။ နှံရံ တို့သာ နားတွေရှိခဲ့ရင် ဖူ့ရင်ကွဲသံကို ခံစားတတ်ကြမှာ အမှန် ပါပဲ။

ဒီလူတစ်ယောက်ကို အရူးအမူးချစ်ခဲ့ဖူးပါတယ်။ ဒီလူ တစ်ယောက်ကြောင့်ပဲ ဖူ ရင်ကွဲပက်လက်ဖြစ်ခဲ့ရတာပါ။ အချစ် ဦးမို့ စွဲလန်းမက်မောခဲ့ရဖူးတာကို ဖူဝန်ခံပါရဲ့။ သို့သော် အလွှာ ဆိုတာတွေ အဆင့်အတန်းဆိုတာတွေထက် မျိုးရိုးဂုဏ်သိက္ခာ ဆိုတဲ့တံတိုင်းကြီးက ဖူ့ကို အစိတ်စိတ်အမွှာမွှာနင်းချေသတ်ခဲ့ တာလေ။

မတန်လို့ ထားခဲ့ပြီးမှ အခုတော့ လိုချင်ပါတယ်ဆိုတာ ကို ဖူက ယုံရအောင် ဦးနှောက်မရှိတဲ့လူမှမဟုတ်တာဘဲ။ တစ်စ စီကြွေသွားခဲ့တဲ့နှလုံးသားကို အကောင်းပကတိဖြစ်အောင် အချိန် က ကုစားပေးခဲ့တာလေ။ မိန်းမတစ်ယောက်၊ မိန်းမများစွာရဲ့ မျက်ရည်ကို ခြုံချနိုင်စွမ်းရှိတဲ့ပညာကတော့ သြချလောက်ပါရဲ့





ကိုကိုရယ်။

စာနာစိတ်တစ်ခုတည်းနဲ့ပဲ မိမို့လိုမိန်းကလေးနေရာက နေ ဖူ ရပ်လိုက်ပါရစေ။ အတိတ်ဆိုတာကို မြေမြှုပ်သင်္ဂြိုဟ်လိုက် တာ အကောင်းဆုံးပါလေ။

''မငိုပါနဲ့ မိမိ''

''မိ, ကိုကြီးကို မစွန့်လွှတ်နိုင်ဘူး မမရဲ့။ ကိုကြီးနဲ့ဝေး ရရင် မိသေမှာ''

လက်တို့လိုက်သလိုများ ဖြစ်သွားပြီလား။ မထိန်းနိုင် အောင်ပင် ကလေးလိုငိုကြွေးနေသည့် မိန်းကလေးကို ဖူ ဘယ် လိုများ နှစ်သိမ့်ပေးရမှာပါလိမ့်။

''မိလေ, ဒက်ဒီ့ကိုပြောပြီး အဲဒီမိန်းမကို ကုမ္ပဏီကနေ ဖြုတ်ပစ်လိုက်ချင်တယ်,သိလား။ ဒါပေမဲ့ ဒက်ဒီက လက်ခံမှာ မဟုတ်ဘူး မမရဲ့။ ကိုယ်ရေးကိုယ်တာနဲ့ အလုပ်ကို ရောရသလား ဆိုပြီး မိုကိုပဲ ဆူဦးမှာ။ မိဘာလုပ်ရမလဲ၊ အို. . .မိတော့ ကို ကြီးကိုချစ်စိတ်နဲ့ သွက်သွက်ခါ ရူးသွားလိုက်ချင်တော့တာပဲ''

''မိ သူ့ကိုအလုပ်ဖြုတ်စရာမလိုပါဘူး''

''ဘယ်လို''

''ဒီလကုန်မှာ သူ အလုပ်က ထွက်တော့မှာပါ မိ။ ပြီး



www.burmeseclassic.com

www.burmeseclassic.com

တော့ မီသိထားဖို့က သူနဲ့ မို့ကိုကြီးက ဇာတ်လမ်းပြန်ဆက်ကြမှာ မဟုတ်ပါဘူး။ သူတို့အတိတ်ဇာတ်လမ်းက ပြည်ဖုံးကား ချထားပြီးသားပါ။ ဒါကြောင့် မီ စိုးရိမ်စရာဘာမှမရှိဘူးလို့ပြောခဲ့တာပေါ့။ အဲဒီသူဆိုတာ အခု မို့ရှေ့မှာရပ်နေတဲ့ မေမဒ္ဒူကျော် ဖြစ်နေလို့ပါပဲ, မီ''

''ဟင်!''



အခန်း (၂၂)

ထီးအနီရောင်လေးကို ဖွင့်ပြလျက် လက်တစ်ဖက်က ခါးထောက်ပြီး ခန္ဓာကိုယ်ကို တစ်ပတ်လှည့်ပြနေသည့်နီနီ့ကို ငေးကြည့်နေမိလေ၏။ ထီးလေးမှာ ဘိုမရုပ်လေးတွေ ခပ်ကျဲကျဲပါပြီး အနားကွပ်က အတွန့်လေးတွေမို့ လှသည်ဆိုတာထက် နီနီ့ကို ပိုချစ်စရာကောင်းသွားလေသည်။

''ဟယ်! အရှုံးမ မစာဥ, ကပြနေတယ်ဟဲ့''

''မကောနော်၊ သူများကို မနာလိုမဖြစ်ပါနဲ့''

''နာလိုပါတယ်အေ၊ ဒင်းချော့လို့ ပျော့ကျသွားတဲ့ မို့ကျောက်ကျော နှင့်ကိုရော၊ ငါတို့ကို လူရာသွင်းပြီး ဖားတဲ့ ပေါက်


www.burmeseclassic.com

www.burmeseclassic.com



ဆွဲကြော်ကိုပါ တဝတခြကြီး မျှိုဆို့ပါ့မယ်''

''သူက စေတနာနဲ့ ဝယ်ပေးလိုက်တာပါ မကေရဲ့။ နို့ကိုလည်း အနူးအညွတ်တောင်းပန်ပါတယ်တဲ့။ အပျော်လို့ သူမသတ်မှတ်ပါဘူးတဲ့။ တစ်သက်လုံး ရိုးမြေကျပေါင်းဖို့ ရည်ရွယ်ထားတာပါတဲ့။ နီနီစိတ်တကယ်ပြေပြီဆိုရင်တော့ စေ့စပ်တဲ့အနေနဲ့ နို့ကို ရွှေလက်စွပ် လိုက်ဝယ်ပေးမှာတဲ့လေ။ ပြီးတော့ သူ့မှာ ငွေစုစာအုပ်လည်းရှိနေပြီ့သိလား။ စုထားတာ ငါးသိန်းတောင်ပြည့်နေပြီဆရာ''

''နားကလောလိုက်တာဟယ်၊ တော်သေးတာပေါ့ ဒဲ့မို့လို့။ တွတ်ဆိုရင် ဒင်းနဲ့နင် လွဲရင်လွဲဦးမှာ''

''ဟွန့်. . . မကေကလည်း မဦးမချွတ်''

''ကဲပါ၊ အဲဒီထီးကို သိမ်းပါတော့။ မျက်စိတွေလည်းနောက်လှပါပြီ။ ခေါက်ဆွဲစားဖို့ပြင်ရအောင်။ ဖော့ဘူးနဲ့တူနဲ့စားလို့ဖြစ်တာပဲ''

''လုပ်ပြီ အပျင်းနည်းနဲ့''

''အံမာ! ပန်းကန်နဲ့စားပြီး နင်ဆေးမှာမို့လို့လား။ မိုးချုပ်ပြီအကြောင်းပြပြီး ရေမကိုင်ချင်ရတာနဲ့ဘာနဲ့ အကြောင်းကပြဦးမှာ''





''ငါဆေးပါ့မယ် ကေရယ်၊ သွားယူလိုက်ပါ နီ။ အချဉ်ပန်းကန်ကို တစ်ချပ်ပဲယူခဲ့။ ရေဆေးဖို့ မမေ့နဲ့ဦးနော်''

'ရေမကိုင်ချင်ပါဘူးဆိုမှ'ဟု နီနီ စောဒကမတက်ပါလေ။ အငယ်ပီပီ ဖင်ပေါ့ပေါ့ဖြင့် ဇုတ်နဲ့ ထမင်းစားဆောင်ဗီရိုသော့ကိုယူလျက် ဆင်းသွားချေပြီ။ ကေက ခေါက်စားပွဲလေးကို ဖြန့်လိုက်ပြီး Tissue ဘူးထဲမှ Tissue စဖြဲလျက် ဖုန်သုတ်လေ၏။

''ဘာဖြစ်နေလဲ မဒ္ဒါ''

''ဘာမှမဖြစ်ပါဘူး''

''ဘာမှမဖြစ်ဘူးသာဆိုတယ်, နင်ပြန်လာကတည်းက မျက်နှာမသာဘူး။ ဟိုငတိမ မိုးနည်းနည်းမှောင်တာကိုပဲ ပူတယ်ထင်ထားတာ''

''မမေးပါနဲ့ကေ၊ နီနီပျော်နေတာ လွတ်လွတ်လပ်လပ်ပျော်ပါစေ''

''ဟယ်, နီနီနဲ့ပတ်သက်လို့လား''

''ပေါက်ပေါက်ရှာရှာ''

''သိဘူးလေ, နီနီပျော်ပါစေဆိုတော့ အဲဒီချဉ်ပေါင်ကြော်ကိုများ နင်ငြိများငြိသွားလားလို့ လန့်သွားတာပဲ''

''ငါ့မှာ ပေါလွန်းလို့ ခါချနေရတာပါ ကေရာ''



www.burmeseclassic.com

www.burmeseclassic.com



"အေးပါ၊ ငါယုံပါတယ်"

ကေက ရေသန့်ဘူးလေးနှစ်ဘူးကိုပါ Plastic အပတ်လေးခွာကာ အဆင်သင့်ဖွင့်လိုက်ပါ၏။ နီနီပျော်နေချိန်မှာ ဖူကမျက်နှာလည်း မလန်း, စိတ်ထဲလည်း မကောင်းဖြစ်နေလို့ ဘယ်ဖြစ်ပါ့မလဲလေ။

"နင့်မှာ ရင်ဖွင့်ဖော်ဆိုလို့ ငါတို့ပဲရှိတာလေ မသျှရယ်။ ငါတို့ကိုမပြောရင် ဘယ်သူ့ကိုသွားပြောမှာလဲ"

"အေးပါ, နောက်မှပြောပါ့မယ်"

"ညကျလား"

"အေး"

နီနီရောက်လာတော့ ကြေပန်းကန်တွေထဲ ခေါက်ဆွဲကြော်နှင့်အချဉ်ထုပ် ဖောက်ထည့်ကာ စကားတပြောပြောဖြင့် စားကြပါ၏။ ကေကတော့ နဂိုကတည်းက အစားလည်းများ၊ မြန်လည်းမြန်သူမို့ အရင်ဆုံးကုန်လေသည်။ နီနီကတော့ အပျော်တွေ ပုံနေတာမို့ မကုန်သလို ဖူကလည်း ရင်ပြည့်ချင်သလိုဖြစ်နေ၍ သိပ်မလျော့။ ဖူတို့ပိုသည့်တစ်ဝက်ကို ကေ့ပန်းကန်ထဲ ထည့်စဉ် ကေသရီ ထအော်လေသည်။

"ငါ့ကို ဝက်များမှတ်နေကြလားဟဲ့"





"စားနိုင်သလောက် ထပ်စားစမ်းပါဟယ်"

အအိပြေအောင် အချဉ်ထုပ် (ဆီးထုပ်)ဖောက်စားလျက်အဆောင်ဝရံတာမှာ ထွက်ရပ်နေကြမိပါ၏။ လမ်းထိပ်ဘက်ဆီမှ ကောင်လေးတွေ၏ ဂစ်တာသံနှင့်သီချင်းသံကို သဲ့သဲ့မျှကြားနေရသလို အောက်ထပ်ရှိသဲဇာတို့အခန်းမှလည်း ကက်ဆက်ထဲမှ အသည်းကွဲသီချင်းက ခပ်တိုးတိုး။

ဒီညမှ လက ဘယ်မှာပုန်းနေပါလိမ့်။ ဝတ္ထုတွေ ရုပ်ရှင်တွေထဲမှာဆိုရင် ဒီလိုလွမ်းခန်းမျိုးမှာ လမင်းကိုငေးပြီး လွမ်းရတာ အရသာတစ်မျိုးပေကိုး။ နှုတ်ခမ်းတစ်ဖက်က အလိုလိုမဲ့သွားရပါ၏။ ဖူ့ဘဝကောက်ကြောင်းက ဝတ္ထုမှမဆန်တာလေ။

"နေကြာစေ့ စားဦးမလားဟင်"

"ပါးစပ်ညောင်းတယ်၊ မဖောက်နဲ့တော့"

"ဟင်, သူချည်း ဒိုင်ခံအုပ်နေပြီးတော့များ။ အဲဒီမကောဟာ"

ည(၉)နာရီကျော်ပြီမို့ အဆောင်တံခါးလည်း ပိတ်ချေပြီ။ (၁၀)နာရီဆို အဆောင်မီးပါ ပိတ်တော့မှာကိုး။ အမှောင်ကြောက်တတ်သည့်နီနီက (၉)နာရီခွဲပြီဆို ကုတင်ပေါ်တက် ခြင်ထောင်ထောင်ပြီးချေပြီ။ မီးပိတ်တာနှင့် ခြင်ထောင်ထဲမှာ အိပ်ဖို့အသင့်



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်နေပြီမဟုတ်လား။ ကေသရီလည်း နီနီနှင့်ရှေ့ဆင့်နောက်ဆင့် အိပ်လေ့ရှိသူပါပဲ။ ဖူကာသာ အားသွင်းထားသည့် Table Lamp ဖွင့်ပြီး (၁၁)နာရီကျော်မှ အိပ်ကျင့်ရှိတာလေ။

"နီနီကို စိတ်ဆိုးနေလားဟင်"

"ဘာလို့ဆိုးရမှာလဲ"

"သိဘူးလေ၊ မဖူကာ ငြိမ်နေသလားလို့"

"မဟုတ်ပါဘူး နီရယ်၊ စဉ်းစားစရာတွေ များလို့ပါ"

"အချစ်ဦးအကြောင်းလား. . . မချစ်တချစ်သူတွေရဲ့ အကြောင်းလား၊ အချစ်ဆုံးအကြောင်းလား။ မဖူကာ များလွန်းတော့ ဘယ်သူမှန်းမသိလို့"

ဟုတ်ပါတယ်၊ ဖူ့မှာက အချစ်ဦးလား။ အချစ်ဆုံးလား ဆိုပြီး လက်ဆုပ်လက်ကိုင်ကို ပြစရာမှမရှိတော့တာလေ။ သူ့ အပေါ်ချစ်မိစဉ်က ရင်ဘတ်ထဲရှိသမျှအချစ်တွေ အကုန်ပုံပြီးတော့များ ချစ်ခဲ့မိလို့လား။ အားကိုးတာမျိုး၊ တွယ်တာတာမျိုးနဲ့များလား။ ရေနစ်သူအတွက် ကောက်ရိုးတစ်မျှင်သဘောမျိုးနဲ့များ ကြိုးတစ်စလို ဆွဲမိဆွဲရာ ဆွဲခဲ့လို့များလား။

အချစ်အကြောင်းကို တစ်လုံးတစ်ပါဒမှ နားမလည်သေးပါဘဲ ကိုကိုသင်ပေးခဲ့လို့ ချစ်တတ်ခဲ့တာအမှန်ပါကွယ်။ ညစဉ်





မြင်မက်တဲ့အိပ်မက်တွေထဲမှာ ကိုကို့လက်ကို မြဲမြဲစွာဆုပ်ကိုင်ပြီး ပျော်မြူးခဲ့ရတဲ့သူပါ။ လမင်းကိုငေးကြည့်ရင်း လဝန်းပေါ်မှာဆုံကြဖို့ပြောတာကို စိတ်ကူးနဲ့ ရင်ခုန်ခဲ့ရတဲ့သူလေးပါကွယ်။

ဆယ်ကျော်သက်ကလေးတစ်ယောက်ရဲ့ နုနယ်လွန်းတဲ့ နှလုံးသားကို အရှိုးရာထင်အောင် ကိုကိုမို့ ရိုက်နှက်ရက်စက်ခဲ့ရက်တယ်။ ခေါင်းညိတ်လာအောင် ပြုစားပြီး ခေါင်းခါပြခဲ့တာက ဘာကြောင့်လဲ။ မချစ်လို့ပေါ့။ ကိုကို့ရင်ထဲမှာ ဖူ့ကို တကယ်နှစ်နှစ်ကာကာမချစ်လို့ပဲ ဖြစ်မှာပါလေ။

ရှုးခဲ့တဲ့ရက်တွေကို နှမြောတသရှိလိုက်တာ။ လမ်းခွဲ စွန့်ပစ်ခံခဲ့ရတဲ့နောက် ဖြတ်ပစ်ခဲ့တဲ့ဖူ့ဆံပင်တွေလည်း နှမြောတာပါပဲ။ ရင်ကွဲပက်လက်နဲ့ ကျခဲ့ရတဲ့မျက်ရည်တွေကိုလည်း ပြန်ကောက်ယူသိမ်းဆည်းလို့ရရင် ဘယ်လောက်ကောင်းလိုက်မလဲနော်။

နောက်ကျမှ ရတတ်လို့ အဲဒါကို 'နောင်တ'လို့ လူတွေသမုတ်ကြတာဖြစ်မှာပါ။ ဒီဟင်းလင်းပြင်ရင်ခွင်မှာ နောင်တတွေ အကြီးကြီးရခဲ့ရတာပါ။ အချစ်တွေ ဘယ်မှာလဲ၊ စစ်မှန်တဲ့ချစ်ခြင်းမျိုးကို ဆိုလိုတာပါ။ ဘဝမှာ တစ်ခါချစ်ဖူးခဲ့ရုံနဲ့ ဖူ့အချစ်တွေ ကုန်ဆုံးပျက်သုဉ်းခဲ့ပြီလား။



www.burmeseclassic.com

www.burmeseclassic.com



ဟင့်အင်း. . . အသစ်တစ်ဖန် ချစ်ခွင့်ရပါရစေဦး။ မေမေ တောင်မှ မေမေ့ကိုပစ်ပြီး အချစ်သစ်တစ်ခု ထပ်မံမွေးဖွားခဲ့သေးတာပဲ။ ဖူ့ကိုလည်း ဒီလိုချစ်ခြင်းမျိုး ပြန်မွေးဖွားပေးလှည့်ပါလား။ ချစ်ပါရစေ၊ ဘဝလက်တွဲဖော်အဖြစ် ရာသက်ပန်လက်တွဲပေါင်းဖက်နိုင်ဖို့ မြတ်မြတ်နိုးနိုးနဲ့ အသက်ပုံပြီး ချစ်ခွင့်ရပါရစေလား လောကကြီးရယ်။

သက်ပြင်းက လေနွေးနှင့်အတူ မှောပါသွားလေ၏။ 'အသက်တိုဦးတော့မှာပဲ' လို့ ပြောမှူးခဲ့တဲ့အသံကလေးကို ကြားယောင်နေတုန်းပါ။ တကယ်တမ်း ဘဝကိုသတ်ခဲ့တဲ့တရားခံက ဘာလဲ။

"ဟယ်"

မီးမှိတ်လိုက်ပြီမို့ ပိန်းပိတ်အောင် မှောင်သွားချေပြီ။ နီနီက ကေသရီအနားသို့ အတင်းကပ်လိုက်သဖြင့် နစ်ယောက်၏ Weight က ဖူ့ဘေးကို ပိကျလာလေ၏။

"ဘယ်လိုလုပ်ကြမလဲ"

"အခန်းအဝင်ဝကစားပွဲပေါ်မှာ မီးအိမ်တင်ထားတယ်။ လှမ်းစမ်းတာနဲ့ တွေ့လိမ့်မယ်။ နီနီကိုပို့ပေးလိုက်ပါ, ကော"

ကေက ဝရံတာလက်ရမ်းကိုစမ်းလျက် အဆောင်တံခါး





ပေါက်သို့ လှမ်းသွားပါ၏။ အခန်းထဲမှာ ဖျတ်ခနဲလင်းသွားပြီး နီနီ အိပ်ရာခင်း ခြင်ထောင်ထောင်တာကိုစောင့်ကာ ဖူ့အတွက် ရော သူမအိပ်ရာကိုပါ အဆင်သင့်ခင်းပေးလေ၏။ ခဏအကြာမှာ မီးပိတ်လိုက်ပြီး ဓာတ်မီးဖွင့်လျက် ဖူ့အနီးသို့ ပြန်ရောက်လာပါ၏။

"သိပ်ညဥ့်မနက်စေနဲ့ မဥူ။ တော်ကြာ မနက်မိုးလင်း မျက်ကွင်းညိုလေး ဖြစ်နေဦးမယ်"

"ငါအလုပ်ထွက်တော့မယ်, ကေ"

"ဟယ်! ဖြုန်းစားကြီး"

"မထွက်လို့မဖြစ်တော့တဲ့ အခြေအနေမို့ပါ"

"ဟိုလူ ဒုက္ခဆက်ပေးနေပြန်ပြီလား"

"မဟုတ်ပါဘူး"

"ဒါဖြင့် နင့် BOSS ပြဿနာရှာလို့များလား"

"BOSS ဖြုတ်ရင်တောင်မှ သုံးလစာ သုံးသိန်းနီးပါး လောက် ငါရမှာပါ,ကေ။ အခုက မိမို့ကြောင့်ပါ"

"ဘာရယ်"

"ဟုတ်တယ်၊ ဒီနေ့ မိမိ ကုမ္ပဏီကိုရောက်လာပြီး သူနဲ့ ပြဿနာတက်တာမှ အဒ်ကိုကျယ်ရော"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်မလေး ငိုသေးလား"

"ငိုတာပေါ့။ သူ့မျက်ရည်ကြောင့် ငါအလုပ်ထွက်ဖို့ ဆုံးဖြတ်လိုက်တာပဲ"

ကေနှင့်အတူ သက်ပြင်းပြိုင်တူချလိုက်မိလေ၏။ ရှုံ့အပ္ပ တွေကတော့ ကူးကုန်ပြီထင်ပါရဲ့။ Sorry...ပါ ကေ၊ ရင်ဖွင့်ရာ ရင်ခွင်မရှိတဲ့ဘဝမို့ နားလည်ပေးပါကွယ်။

"သူနဲ့နင့်ကိစ္စ သိသွားသေးလား"

"အင်း"

"ဘယ်လိုသိသွားတာလဲ"

"သတင်းက ထွက်တာကြာပြီ၊ ဘယ်သူမှန်းသာ အတိအကျမသိတာ။ ဒါကြောင့်လည်း အဲဒီလူကိုရှာပေးပါဆိုပြီး ငါ့ကို အကူအညီတောင်းတာပေါ့"

"ဖြစ်ရလေ"

"နောက်ဆုံးမှ ငါဝန်ခံလိုက်တာပါ ကေ၊ မိမိက စိတ်ရင်းလေး ကောင်းရှာပါတယ်။ အရွယ်လေးနဲ့တောင်မလိုက်ဘဲ ဖြူစင်မှုမျိုးပါ။ တကယ်တမ်းပြောရရင် သူနဲ့တောင်မတန်ပါဘူး။ မိမို့ဘက်ကတောင်မှ ငါနာတာအမှန်ပဲ"

"သူ့အဖေကို ပြန်တိုင်မယ်ထင်တယ်"





"မတိုင်လောက်ဘူး ကေ၊ လက္ကန့်ဖို့ တစ်ပတ်လောက်ပဲ လိုတော့တာ။ ငါအပြီးထွက်မယ်ဆိုပြီး ပြောခဲ့တာပဲ"

"နမြောတော့ နမြောစရာကြီး။ လစာသိန်းကျော်ရဖို့က ကုမ္ပဏီရှားတာ မဥ္စူရဲ့"

"ရှာရမှာပေါ့ ကေရယ်"

"ဟိုကောင်ကိုမေးရင်ရော"

"ဖွဲလား"

"အေး"

"မပတ်သက်ချင်ဘူးကွယ်၊ သူတို့က ဆွေမျိုးစပ်ရင် တော်ကြတော့မှာကို"

"တောက်! ငါ တင်းလာပြီ"

"နေရင်းထိုင်ရင်း ဖြစ်ရပြန်ပါပြီ ဘာကိုလဲ"

"ခင်းတို့တွေ ဆွေမျိုးလာတော်လို့လေ"

မရယ်ချင်ဘဲ ရယ်ဖြစ်တာမို့ ရင်မပေါ့ပါ။ ကေကတော့ စိတ်ပြေအောင် ပြောရှာသားပါပဲ။ ရူကာသာ ရင်လေးပြီး မောနေရတာလေ။

"ဆွေမျိုးဆိုလို့ ဟိုချာတိတ်ရော အခြေအနေဘယ်လို ရှိသလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုအံ့လား"

"အေး"

"သူလည်း တော်တော်လေး တတ်လာပါပြီ။ အချိန်ရရင်တော့ ငါသင်ပေးချင်ပါသေးတယ်။ ဘယ်တတ်နိုင်ပါ့မလဲ၊ ကိုကျော်စွာ့ခေါင်းပေါ်ပဲ ဖိရတော့မှာပေါ့"

"ကောင်းရော, နောက်ဆုံးကျမှ ဆွေမျိုးတွေရှောင်ပြီး ချာတိတ်နဲ့ 'မ' ဆိုပြီး 'မ' နဲ့ 'မောင်' ဇာတ်လမ်းတွေ မဖြစ်နဲ့ဦး"

"ဝေးပါသေးတယ် ကေ့ရယ်။ ချာတိတ်က ငါ့ကို 'မ' လို့တောင် ခေါ်ချင်ကာမဟုတ်ဘူးဟဲ့"

ကေ့ရယ်သံက ခြောက်ကပ်ကပ်ပါလေ၊ 'မောင်' တဲ့။ 'မ' လည်း 'မောင်' လို့မခေါ်ချင်ပေါင်။ တော်ကြာ မင်းကိုနှိမ်သလို ခေါ်တယ်ဆိုပြီး ကောက်ရင် ဘယ်လိုလုပ်မလဲ။

နော်. . . ကိုအံ့ရယ်။



## အခန်း (၂၃)

"ဟိုနေ့ကလို မောင်မှပြန်လာမပို့နဲ့ဦးနော်။ ကျွန်မတို့ညီမကို စိတ်မပူပါရစေနဲ့ ကိုခင်မောင်ဇော်ရဲ့"

"ဟုတ်ကဲ့ပါ"

နီနီနှင့်အတူ တွဲထွက်သွားတာကို လှမ်းကြည့်နေမိ၏။ ပထမတော့ နှစ်ယောက်သား ခပ်ခွာခွာလျှောက်နေတာပါပဲ။ လေးငါးဆယ်လှမ်းလောက်ရောက်တော့ ခင်မောင်ဇော်က နီနီ့လက်ဖျားလေးကို လှမ်းဆွဲလိုက်သဖြင့် နှစ်ယောက်သား လက်မောင်းချင်းထိလျက် အီကြာပူးဖြစ်သွားတော့၏။

"လူလည်"



www.burmeseclassic.com

www.burmeseclassic.com



ကေသရီ့ရေရွတ်နေတာကို ပြုံးလိုက်ပြီးမှ ရေချိုးရန် အဆောင်ထဲ ပြန်ဝင်ခဲ့ပါ၏။ ပြီးတာတွေ ထားလိုက်တော့။ လ မကုန်မချင်း အလုပ်ကတော့ ဆင်းရဦးမှာလေ။ မတွေ့ချင်ဘဲ တွေ့ရဦးမှာပါပဲ။

"မဩ"

"ဘာလဲ"

"ငါ ရဲရင့်ကို Yes လိုက်ရမလား"

"ဘာစိတ်ကူးရပြန်တာလဲ"

"သင်ဘန်းကိုချည်း တောက်လျှောက်လာလာနေတော့ အားလုံးက ရိပ်မိနေပြီဟဲ့။ ငါ့ကျောင်းသားတွေကတောင် ငါ့ကို ကိုရဲရဲ့ဆောင်းတွင်းမီးဖိုလေးဆိုပြီး မကြားတကြား စတတ်နေပြီ"

"အဲဒါနဲ့ပဲ ချော်လဲ ရောထိုင်လုပ်လိုက်တော့မယ်ပေါ့ လေ။ မိန်းမကိုက"

"နင်ကလည်း"

"အေးပါ၊ နင်ကလည်း ပြန်ချစ်ချင်ချင်အခြေအနေကို ရောက်နေပြီမဟုတ်လား။ ကြိုက်ပေါ့. . . ငါ့ဆီက ဖွဲ့ပေးရတာမှ မဟုတ်တာ"





"ပြောတော့မယ် လူကို တစ်တစ်ခွခွ"

ကေသရီက ဆပ်ပြာတိုက်ရင်း မျက်စောင်းခဲလေ၏။ ဒီနေ့တော့ နီနီအစောကြီးလစ်ပြီမို့ ကေသရီပဲ ကျောက်ပျဉ်ယူ ရတော့မှာဆိုတော့ အေးဆေးပေါ့လေ။

"တကယ်ပြောတာပါ ကေရဲ့၊ တော်ကြာ ငါတို့မှာ အတွဲ ကိုယ်စီရှိပြီး နင်တစ်ယောက်တည်း အမကျန်ဖြစ်နေတော့ ဘယ် ကြည့်ကောင်းပါ့မလဲ"

"အထီးကျန်ပြောစမ်းပါဟာ၊ ဘာလဲ့ နင်အတွဲရပြီလား။ ဘယ်သူလဲ၊ ငါပြောတဲ့ချာတိတ်ပဲမဟုတ်လား။ မမှန်ရင် (၁၅၀၀) ပြန်အမ်းမယ်"

"နင့်ထောင့်ငါးရာကို ဟိုပေါက်ဖော်ကိုပဲ သွားပေး။ ငါ က ဘာလုပ်ရမှာလဲ။ အဲဒီမတုန်မလှုပ်ကျောက်ရုပ်ချာတိတ်က ငါ့ကို ဘိုးဘွားရိပ်သာရောက်တောင် ဖွင့်ပြောမှာမဟုတ်ဘူးဟဲ့။ အမေကြောက် မောင်လူအေး"

"ဒါဆိုလည်း နင်ပဲဖွင့်ပြောလိုက်ပေါ့ဟာ။ မောင့်ကို 'မ' တအားချစ်နေပြီ၊ အသည်းယားတယ်လို့"

"မိန်းမဈေး ကျတယ်ဟဲ့"

ဇူကာ ရေကန်ထဲမှရေကို လက်ဖြင့်ရိုက်လျက် ကျေခါင်း



www.burmeseclassic.com

www.burmeseclassic.com



စိုအောင် လုပ်ကြဲလိုက်ပါ၏။ ဒင်းက ဆံပင်ရေစိုရင် (အုံထူတာ မို့) စိတ်ဆိုးတတ်သည်လေ။ နှစ်ယောက်သား အဆောင်ပေါ် ရောက်တော့ ကောက ကျောက်ပျဉ်ရေ တင်ပလ္လင်ခွေထိုင်၍ တွီး ကွီးသွေးချေပြီ။

"မချူ"

"ဘယ်လိုဖြစ်နေတာလဲ၊ ပဒိုင်းသီးစားမိလို့ ငါ့နှာမည်း ခဏခဏခေါ်နေတာလား"

"တစ်ခါတစ်လေ ပါးကွက်လေးဘာလေး ကွက်ကြည့် ပါလား"

"မလိမ်းချင်ပါဘူး။ ဒီဆံပင်ပုံစံနဲ့မှ မလိုက်တဲ့ဟာ။ နို ကမှ လူကြည့်လွန်းလို့ စိတ်ရှုပ်ရတဲ့ကြားထဲ"

"မိန်းကလေးပဲဟာ၊ သနပ်ခါးနဲ့မလိုက်ဘဲ ရှိမလားဟဲ့ ဖြစ်နေလိုက်တာ၊ သူ့ကို ယောကျ်ားအတင်းပေးစားတာကျနေ တာပဲ"

"နင်လိမ်းပေးရင် လူးမယ်ဟယ်, ကဲ"

"တကယ်နော်၊ လာ, ငါလိမ်းပေးမယ်"

"နေပါဦး, ဒီမှာ Uniform ဝတ်နေတဲ့ဟာကို"

"စကတ်က နောက်မှဝတ်လေ၊ လာပါ"





အတင်းကိုခေါ်နေတာမို့ ကော့ရေ့မှာ ဒူးထောက်လျက် ထိုင်ပေးလိုက်ရပါ၏။ ဒီကောင်တော့ ဟိုတရုတ်ကပြားလေးကို အဖြေပေးချင်တာနဲ့ ဇူ့ကို ကပ်ဖားရပ်ဖားလုပ်နေတာလေ။ အင်း ပေါ့၊ ဇူက ရည်းစားပြတ်ပြီး အသည်းကွဲလေဒီဖြစ်နေတာဆိုတော့ အားနာပါးနာဖြစ်နေတာပဲထင်ပါရဲ့။

"Brush ခြစ်ပေးမယ်"

"ဟာ, ပြင်လွန်းလို့ ဖင်ချွန်းအပြောခံရပါဦးမယ်"

"လုပ်ပါတယ်ဟဲ့၊ နင်ကလည်း မှန်ထဲပြန်ကြည့်လိုက်။ ဘယ်လောက်ချစ်ဖို့ကောင်းလိုက်သလဲ"

"ကျစ်! ရှုပ်ကရှုပ်နဲ့၊ နင်သာ ရဲရင့်ရဲ့ချစ်စရာ တပွေ့ တပိုက်ကြီးဖြစ်အောင် ပြင်။ ငါလစ်ပြီ"

သနပ်ခါးပင် ကောင်းကောင်းမခြောက်သေးပါဘဲ Uniform လဲပြီး ထွက်လာခဲ့တာပင်။ မျက်နှာပြောင်နှင့်နေနေကျက သနပ်ခါးဘဲကြားလူးလာတာမို့ စပ်ဖြဲဖြဲများ ဖြစ်နေပြီလား။ အို လေ, သနပ်ခါးမညီမညာဖြစ်လည်း ဘယ်သူက ကဲ့ရဲ့မှာတုန်း။ ဂရုမစိုက်ပေါင်။

မနက်ဖြန် လကုန်ပြီမို့ ထွက်စာတင်ရန် မနေ့ညနေက ပင် Computer ဆိုင်မှာ စာဝင်စီ၊ Print ထုတ်ပြီး Sign ပါ



www.burmeseclassic.com

www.burmeseclassic.com



ထိုးပြီးချေပြီ။ အန်ကယ် လာမှလာပါ့မလား။ မလာရင်တော့ သူ့စားပွဲပေါ် အသာတင်ပေးရုံအပြင် မရှိတော့ပါလေ။

Taxi ပေါ်မှဆင်းလိုက်စဉ် Bus ပေါ်မှဆင်းလိုက်သည့် ကိုအုံ့ကို လှမ်းတွေ့လိုက်ရပါ၏။ ဒီကောင်လေး ဖွဲ့ကောင်းသားပဲ။ အလုပ်ကို အမြဲစောစောရောက်အောင် လာတတ်သည်ကိုး။

"ဟိတ်! "

ကုမ္ပဏီထဲမဝင်ခင် အနောက်မှ လှမ်းခေါ်လိုက်တော့ ချာတိတ်က လှည့်ကြည့်လိုက်ပြီး အံ့သြဟန်ပြကာ ပြုံးလေ၏။ အမယ်မယ်. . . အခုမှ သွားပေါက်ခါစ ကလေးလေးလို အပြုံးက တယ်ချိုမြနေပါလား။

'ဘာပြုံးတာလဲ"

"ဟင့်အင်း"

ဒါက Style ပေါ့လေ။ အဲဒီလို မြူစိစိလုပ်ပြတာလောက် အသည်းယားတာမရှိတော့။ နေပါဦး. အားလုံးကို မနက်ဖြန်မှတ်ဆက်ပြီး ရင်းနှီးတဲ့လူတွေကို မုန့်ဝယ်ကျွေးဖို့ စိစဉ်ထားတာ ဒီကောင်လေးကိုတော့ အမှတ်တရတစ်ခုခု ဝယ်ပေးဦးမှပါပဲ။

"ဟောကြည့်! လူကိုကြည့်ပြီး ရယ်နေပြန်ပါပြီ။ ဘာလဲ တော်တော်သဘောကျနေတယ်ပေါ့။ အိမ်ပြန်ရောက်ရင် အန်တီ

ရှင့်ကိုရိုက်လိမ့်မယ်ဟဲ့"

"မရိုက်ပါဘူး။ မေမေက ကျွန်တော့်ကို သိပ်ချစ်တာ။ ငယ်ငယ်လေးကတည်းက တစ်ခါမှမရိုက်ဖူးဘူး"

"အဲဒါဆို မင်းလိမ္မာမှာမဟုတ်ဘူး"

"ဘာလို့လဲ"

"အိုးကောင်းကောင်းလိုချင်ရင် နာနာရိုက်ရတယ်တဲ့လေ။ မကြားဖူးဘူးလား။ ဗဟုသုတတကလည်း နည်းပ!"

"ဗဟုသုတပါဗျာ၊ မြန်မာမှုနဲ့ကျောင်းပြီးတာဗျ။ မသိဘဲ မရှိဘူး"

ကြက်ခေါင်းဆိတ်မခံ ပြန်ပက်တယ်ပေါ့လေ။ မဆိုးပါဘူး။ တစ်နေ့လုံး စကားတစ်ခွန်းမပြောတာထက် အခုလိုပြန်ပြောတတ်လို့ တော်ပါသေးရဲ့။

"လကုန်တော့မယ်၊ ဘာလိုချင်သလဲစဉ်းစား။ တစ်ညအချိန်ပေးမယ်"

"ကျွန်တော့်ကို"

"အေး"

"ဘာကိစ္စနဲ့ဝယ်ပေးချင်တာလဲ"

"ရှင်က အန်တီ့ဖို့ပဲ ဝယ်သွားမှာမဟုတ်လား။ ဒီနေ့တော့





www.burmeseclassic.com

www.burmeseclassic.com



အမေချစ်တဲ့သားလေးကို အစ်မကြီးအနေနဲ့ ဝယ်ပေးရမှာပေါ့ မောင်လေးရဲ့။ မဟုတ်ဘူးလား''

''မောင်လေးမခေါ်နဲ့လေ၊ မကြိုက်ပါဘူးဆိုတာကို''

''ဩော်. မိမိက ကိုလေးဆိုတော့ 'မ'က မောင်လေး ခေါ်သင့်တာပေါ့ကွာ''

''No! no!...မခေါ်နဲ့၊ လုံးဝမကြိုက်ဘူး။ မခေါ်ရဘူး နော်။ ခက်တယ်ကွာ''

အမယ်! ဒါ ညည်းတာပေါ့လေ။ တစ်ခါမှမကြုံစဖူးပါပဲလား။ စာရိုက်တာ မှားရင်တောင် တစ်ချက်မညည်းညူတတ်တဲ့ ချာတိတ်က မောင်လေးအခေါ်ခံရတာကို ညည်းသတဲ့။ အံ့ပါရဲ့ ကိုအံ့ရယ်။

ရှုတို့ Lift ရပ်သွားစဉ် တစ်ဖက် Lift ထဲမှ သူပါထွက်လာလေ၏။ ရှုက ကိုအံ့မျက်နှာကိုမော့ကြည့်ရင်း ပြုံးလိုက်တာကို သူမြင်လိုက်တယ်ထင်ပါရဲ့။ မျက်မှောင်ကြုတ်လျက် ရှုကို ကြည့်လိုက်တာကိုး။

''ကျော်''

''ကျစ်!''

''ပြောစရာရှိလို့. ခဏ''





မကြားယောင်ဆောင်လျက် ခြေဆက်လှမ်းနေစဉ် ကိုအံ့က ရှုကိုငဲ့ကြည့်၍ တိုးတိုးပြောလိုက်လေ၏။ အခုတော့လည်း လူကြီးတစ်ယောက်ပုံစံ အေးအေးပဲပြောနိုင်နေပါလား။

''စောင့်လိုက်လေ''

''ဘာလို့စောင့်ရမှာလဲ၊ မစောင့်ဘူး''

''ဩော်၊ ပြောစရာရှိပါတယ်ဆိုနေမှ စောင့်သင့်တာပေါ့''

စိတ်တိုတိုနှင့် မျက်စောင်းခဲလိုက်ပြီး ခြေလှမ်းကို ရပ်လိုက်ရတော့၏။ လူကိုများ အမိန့်ပေးရတယ်လို့။ ဒင်းကဖြင့် အသက်တောင် ပိုငယ်တဲ့ဟာ။ နေနှင့်ဦးပေါ့။ နေ့လယ်ထမင်းစားချိန်ကျရင် ဒင်းရဲ့ထမင်းပန်းကန်ထဲကို ငါးပိရည်စပ်စပ် ထည့်ကိုပေးဦးမယ်။ (ကိုအံ့က အစပ်အရမ်းကြောက်ပါ၏)

''ဘာလဲ''

''အပေါ်ကိုလိုက်ခဲ့''

''မလိုက်နိုင်ဘူး။ ပြောစရာရှိ ဒီမှာပဲပြော။ ကျွန်မမှာ လုပ်စရာတွေ တစ်ပုံကြီး''

''ကိုယ်သိပါတယ်၊ မပြောလို့မဖြစ်တော့လို့ ပြောချင်တာတော့ ကျေးဇူးပြုပြီး နားထောင်ပေးပါ''

မျက်နှာသုန်မှုန်လျက်ပင် သူခေါ်ရာနောက်သို့ လိုက်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



ရပါ၏။ ပြောပေတော့ရှင်ရေ့၊ တစ်သက်တာအတွက် ဝေးဖို့ တစ်ဝသာ ပြောတော့ရှင်။

လေသာဆောင်မှာ လေက တဖြူးဖြူးတိုက်နေပါ၏။ ခုနေများ ဒီကနေ ခုန်ချလိုက်ရင် အရိုးအသား တခြားစီဖြစ်သွားမှာပဲ။ ကျောချမ်းစရာပါလားနော်။

"ကျော်"

"..."

"မို့ကို ကိုယ်တို့ကိစ္စပြောလိုက်တယ်ဆို"

"ရှင့်ကိစ္စမပါပါဘူး။ ကျွန်မကိစ္စပဲ ကျွန်မပြောတာ"

"စကားကောင်းပြောပါလား ကျော်ရယ်"

"အကောင်းပြောနေတာပဲလေ၊ ရွဲ့ပြောတာတစ်ခုမှ မပါဘူး"

သူ့သက်ပြင်းရှိုက်သံက ခပ်ကျယ်ကျယ်ပါ။ အခုမှ ရင်မောသတဲ့လား။ ငါက ဒဏ်ရာတောမှာ မျောခဲ့ရတာ ကြာပေါ့။ ရှင်က အခုမှ ခံစားပြနေတာပါလေ။

"ကိုယ်. ကျော့်ကိုငြင်းခဲ့စဉ်တုန်းက ကိုယ့်ခြေထောက်ပေါ် ကိုယ်မရပ်နိုင်သေးလို့ပါ ကျော်။ ကိုယ်မကောင်းဘူးဆိုတာကို ဝန်ခံပါတယ်။ ကိုယ့်ကိုယ်ကိုလည်း ယူကြုံးမရဖြစ်ခဲ့တာအမှန်





ပါပဲ"

"..."

"ကျော်နဲ့လမ်းခွဲပြီးတာနဲ့ ကိုယ်တို့ အိမ်ထပ်ပြောင်းခဲ့တာ ကျော်လည်းသိမှာပါ။ ဘယ်လိုခံစားခဲ့ရလဲဆိုတာ နှုတ်နဲ့တောင် ပြောပြလို့မရတာ တကယ်ပါ ကျော်။ ဒါပေမဲ့ ခုချိန်မှာ ကိုယ်က မိဘအရိပ်ကို မှီခိုနေရတဲ့လူမဟုတ်တော့ဘူး။ ဒီတော့ ကိုယ်ပိုင်ဆုံးဖြတ်ချက်နဲ့ ကိုယ်တိုင်ရွေးချယ်ခွင့်ရှိခဲ့ပြီ ကျော်"

"..."

"ကိုယ်. ကျော့်ကို တကယ်မြတ်မြတ်နိုးနိုးနဲ့ တန်ဖိုးထားချစ်ခဲ့တာကို ယုံကြည်ပေးပါလို့ ပြောပါရစေ"

"ဟိုတုန်းကဆိုရင်တော့ ယုံကောင်းယုံဖြစ်မှာပါ ဦးဘုန်းမြင့်မိုရ်"

"ကျော်"

"ကလေးဆိုတော့ လူကြီးပြောသမျှ အကုန်မျက်စိမှိတ်ယုံတတ်ပါတယ်။ ငယ်သူမို့ နုလုံးသားတစ်ခု အလိမ်ခံခဲ့ရတာဖြစ်မှာပါ"

"ကျော်ရယ်, ကိုယ်က. . . ကိုယ်က ကျော်နဲ့လက်ထပ်ဖို့ အဆင်သင့်ဖြစ်နေပြီလို့ အသိပေးချင်တာပါ"



www.burmeseclassic.com

www.burmeseclassic.com



သူ့မျက်နှာကို စူးစူးရဲရဲကြည့်လိုက်မိပါ၏။ လက်ထပ်ဖို့တဲ့။ မိုက်မဲလွန်းတဲ့ဆုံးဖြတ်ချက်ပါလား။ တစ်ဖက်မှာ နာမည်ပျက်ကျန်ခဲ့မှာ၊ ဂုဏ်သိက္ခာကျဆင်းသွားမှာ၊ လူပုံအလယ် အရှက်ကွဲမှာ ထည့်မတွက်ဘူးပေါ့လေ။ ရှင်အတော့်ကိုကြောက်စရာကောင်းလွန်းပါလား ဦးဘုန်းမြင့်မိုရ်ရယ်။

"ကျွန်မ ငြင်းပါတယ်၊ အထူးသဖြင့် မိဘမျိုးရိုးဂုဏ်ကိုကြည့်တတ်တဲ့ ရှင်တို့အသိုင်းအဝိုင်းထဲကို လုံးဝမဝင်နိုင်ပါဘူး။ ပြီးတော့ ရှင်ချစ်ခဲ့တဲ့ကျော်ဆိုတာ လွန်ခဲ့တဲ့(၆)နှစ်ကတည်းက သေခဲ့ပြီးပြီ ဦးဘုန်းမြင့်မိုရ်။ ရှင့်ကိုလည်း ကျွန်မမေ့ပစ်ခဲ့တာကြာပါပြီ"

✻ ✻ ✻



## အခန်း (၂၄)

သူ့အကြည့်တို့ ဝေဝါးလာလေ၏။ ငိုများငိုချလိုက်မလို့လား။ ဟင့်အင်း. . . ရှုတောင်မှ မိန်းကလေးတန်မဲ့ မျက်ရည်နိုင်သေးတာ၊ သူ့လိုယောကျ်ားရင့်မကြီးက မျက်ရည်ကျစရာမှ မလိုအပ်တာလေ။

"ကျော်ရယ်, ကိုကို့ကိုပဲချစ်ခဲ့တာပါလို့ ကျော်ပဲ ပြောခဲ့တာပါ"

"ဟုတ်ပါတယ်၊ ကြမ်းကျွံတော့ နုတ်လို့ရတယ် ဦးဘုန်းမြင့်မိုရ်ရဲ့။ နှုတ်ကျွံတော့ နုတ်ရခက်တာပေါ့။ အဲဒီအချစ်တွေကိုရှင်ပဲ နလံပြန်မထူနိုင်အောင် သတ်ပစ်ခဲ့တာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ကျော်"

"အတိတ်ကိုပြန်သွားပြီး အဲဒီအချစ်တွေကို ပြန်ရုပ်သိမ်းလို့ရရင် သိမ်းလိုက်ချင်ပါရဲ့။ အတိတ်ကို အတိတ်မှာပဲ ခပ်ဝါးဝါးထားခဲ့ပါတော့ ဦးမြင့်မိုရ်"

"ကိုယ်က အပြစ်တွေ သိပ်များလွန်းလို့ ကျော့ ခွင့်မလွှတ်နိုင်တော့တာများလား"

တစ်ယောက်တည်းညည်းညူဟန်ဖြင့် သူပြောတော့ ရင်ထဲမှာ ကျဉ်ခနဲခံစားလိုက်ရပါ၏။ ကြီးဆိုတာ ဖြတ်ရင်ပြတ်တတ်မှန်း ရှင်သိရဲ့သားနဲ့လေ။

"စာမတတ်သေးတဲ့ကလေးကို လက်ပေးပြီး ကကြီးခခွေးသင်ပေးသလိုမျိုး အချစ်ကို တစ်ခါမှမကြုံဖူးခဲ့တဲ့ကျွန်မကို ချစ်တတ်လာအောင် သင်ပေးခဲ့တဲ့အတွက် ရှင့်ကိုကျေးဇူးတင်ပါတယ် ဦးဘုန်းမြင့်မိုရ်"

"ကျော်ရယ်. . . ကိုယ်က"

"မုန်းတယ်ဆိုရင်တောင် ရင်ထဲက တမ်းတကောင်းတမ်းတနေမှာပါ။ ကျွန်မက ရှင့်ကိုနာကြည်းတာရှင့်"

"ဟာ!"

"ဒီရင်ဘတ်ထဲ အဆုံးတိုင်စူးဝင်ခဲ့တဲ့ အဲဒီဆူးဒဏ်ရာ





ကို အရှယ်နဲ့မမျှအောင် ကျွန်မခံစားခဲ့ရပြီးပြီ"

". . ."

"ဒါကြောင့် နောက်ထပ် အကင်းသေနေပြီဖြစ်တဲ့ အဲဒီအနာကို ထပ်မဆွချင်ပါနဲ့တော့ရှင်။ ရှင်သင်ပေးခဲ့တဲ့သင်ခန်းစာနဲ့တင် ကျွန်မအတွက် တစ်ဘဝစာ ဖူလုံသွားပါပြီ"

"ကျော်. . . ကိုယ်. . . ကိုယ်"

"ဒီတော့ ယောကျ်ားတစ်ယောက်ကို ဘယ်လိုအချစ်မျိုးပေးသင့်သလဲဆိုတာကို ကျွန်မစဉ်းစားရတော့မှာ။ နှုတ်ဆက်ပါတယ် ဦးဘုန်းမြင့်မိုရ်၊ မေမျှကျော်ဆိုတာ ရှင့်ဘဝထဲကရော၊ အခု ဒီကုမ္ပဏီကပါ အပြီးအပိုင်နှုတ်ထွက်လိုက်ပါပြီ၊ ဒါပါပဲ"

မျက်နှာကိုအုပ်လျက် သူရပ်ကျန်နေခဲ့လေ၏။ ဒေါသကို အတတ်နိုင်ဆုံး ချိုးနှိမ်လျက် ရုံးခန်းရှိရာအထပ်သို့ လှေကားမှ ငှ ပြန်ဆင်းခဲ့ပါသည်။ ခြေလှမ်းတို့က အားမရှိတော့သည့်နှယ် ယိုင်ချင်ချင်၊ တင်းထားပါဦး၊ ငှ့အတွက် ရှေ့ဆက်လျှောက်ရမယ့် ခွန်အားတွေ လိုအပ်နေသေးတာလေ။

မအေးအကူအညီဖြင့် ရုံးခန်းတွေကို သန့်ရှင်းရေးလုပ်ပြီးသည်အထိ သူ မဆင်းလာသေး။ ဒီနေ့ ငှ ဝယ်လာသည့် ရေမွှေးနှင်းဆီပန်းနုရောင်မို့ ရုံးခန်းတွေ မွှေးကြိုင်ကာ [illegible]အေး



www.burmeseclassic.com

www.burmeseclassic.com



စေမည်သာ။

ရုံးခန်းထဲပြန်ရောက်တော့ ကိုအုံ့က ရှေ့မျက်နှာကိုလိုက်ကြည့်လေသည်။ ဘာထူးခြားချက်မှမတွေ့ပုံဖြင့် ခေါင်းညိတ်လိုက်လေသည်။ ဒါက ဘာသဘောလဲ၊ လူကိုများ စစ်စစ်ဆေးဆေးနဲ့လေ။

"ဘာလဲ. . . လိုချင်တာစဉ်းစားပြီးလို့ ခေါင်းညိတ်တာလား"

"လိုချင်တာ တကယ်ရော ပေးနိုင်လို့လား"

"ပေးမှာပေါ့၊ တန်ဖိုးအရမ်းကြီးတာတော့ မပူဆာနဲ့ပေါ့ကွ။ 'မ'လခလေး ပြုတ်ပြုတ်ပြုန်းသွားပါဦးမယ်"

သူက ပြုံးမြမြဖြင့် Computer ဆက်နှိပ်နေလေသည်။ ကြည့်စမ်း! ဒီကောင်လေး အရင်နဲ့မတူတော့ဘဲ အရမ်းကို တည်ငြိမ်ရင့်ကျက်လာသလိုပါပဲလား။ ပုံစံကိုက သိသာလာတာလေ။

"မေမချ. . . ခဏ"

"ဟာ! ငါတောင် ထိုင်ခုံမထိုင်ရသေးဘူး။ BOSS ကခေါ်တောင်ခေါ်နေပြီ။ သွားလိုက် မချရေ့"

ရုံးခန်းထဲဝင်လာသည့် ကိုကျော်စွာကို နှုတ်ပင်မဆက်ဖြစ်ဘဲ အန်ကယ့်ဆီ ခပ်သွက်သွက်ထွက်လာခဲ့၏။ အပေါ်ဝတ်





ကုတ်လက်ပြတ်အတွင်းအိတ်ထဲမှာတော့ နှုတ်ထွက်စာလေးက Ready ပါပဲ။

"အန်ကယ်"

"ဂျပန်က Fax ဝင်လာတာ သွားယူလာပေး"

"ဟုတ်ကဲ့ပါ အန်ကယ်"

Hall ထဲမှာ Fax ဝင်လာတာကို ခဏစောင့်ယူပြီးမှ Boss ထံ ပြန်ဝင်ခဲ့ရ၏။ ရှေ့ရောက်လာတော့ အန်ကယ့်စားပွဲရှေ့မှာ သူရောက်နေလေ၏။ စောစောစီးစီး လူကြီးကို စိတ်အနှောင့်အယှက်ပေးဦးမှာထင်ပါရဲ့။

"ဒီမှာပါ အန်ကယ်"

"ခဏထိုင်ပါဦး သမီး"

သူ့ဘယ်ဘက်ခုံကို မေးငေါ့ပြ ထိုင်ခိုင်းနေပြီမို့ သက်ပြင်းကို ကျိတ်ရှိုက်မိပါ၏။ အမူအရာပျက်လို့ ဘယ်ဖြစ်ပါ့မလဲ။ ထိုင်ဆိုတော့လည်း ထိုင်ရမှာပေါ့လေ။

"ဒီကိစ္စကို အန်ကယ် မဆွေးနွေးချင်တာအမှန်ပဲ။ အခုတော့ မဖြစ်မနေပြောရပြီ"

"ဘာကိုလဲ အန်ကယ်"

"သမီးတို့နှစ်ယောက်ကိစ္စပါ"



www.burmeseclassic.com

www.burmeseclassic.com



"အို...ရှုနဲ့ GM က ဘာကိစ္စမှမရှိပါဘူး အန်ကယ်။ ကောလာဟလသတင်းတွေကို မယုံလိုက်ပါနဲ့"

"အန်ကယ့်သမီးကိုယ်တိုင်ပြောတာ ကောလာဟလလား မေမဉ္ဇူ"

သွားပါပြီ။ ရှုကသာ ပြုံးပြုံးပျာပျာငြင်းဆန်နေပါလျက် သူကဖြင့် တုံ့တိုဘာဝေ ငြိမ်သက်နေလို့ပါလေ။ ကောင်းကြရော ပေါ့။

"မောင်ဘုန်းရင်ထဲမှာ အန်ကယ့်သမီး ရှိမနေဘဲ မေမဉ္ဇူရှိနေတာ၊ သမီးသိနေမှာပါ"

"ရှုက ရှင်းပါတယ်အန်ကယ်၊ ရှု့ရင်ထဲမှာ သူမရှိတော့တာ ကြာပါပြီ"

အန်ကယ်က ခေါင်းညိတ်လိုက်လေ၏။ ရှုပြောတာကို ထောက်ခံတဲ့သဘောလား။ မဟုတ်သေးပါဘူး။ လူကြီးကို ပေါက်ကရတွေ ထင်နေပြန်ပါရောလား။

"ဖြစ်နိုင်ပါတယ် မေမဉ္ဇူ။ ဒါက သမီးတို့နှစ်ယောက်ကိစ္စမို့ အန်ကယ် ဝင်မစွက်ဖက်ချင်ပါဘူး။ ဒါပေမဲ့ အန်ကယ့်သမီးအတွက်ကတော့ အန်ကယ် ဆုံးဖြတ်ပေးရမှာပါပဲ။ မေတ္တာမပါတဲ့အိမ်ထောင်တစ်ခုကို မထူထောင်မီသေးခင် ဖျက်လိုက်တာက





အသင့်တော်ဆုံးလို့ အန်ကယ်ယူဆပါတယ်။ မောင်ဘုန်းနဲ့ မိမို့ Engage ကိစ္စကို အန်ကယ်တို့ဘက်ကပဲ ဖျက်သိမ်းပေးမှာပါ"

ဘာသဘောလဲ၊ ရှု့ကိုရှေ့မှာထားပြီး ဒီကိစ္စပြောတာဆိုတော့ သိစေချင်တာ အရှင်းကြီးပေါ့။ မဆိုင်လိုက်တာ၊ ရှုက ဒီလိုလူကို ပြန်လက်ခံရအောင် မရူးနှမ်းသေးပါဘူး အန်ကယ်ရယ်။

"ဒီတော့ သမီးတို့ချင်း ပြေလည်အောင် ညှိကြည့်လိုက်ပါ မေမဉ္ဇူ"

"ပြီးပါပြီ အန်ကယ်၊ ရှု့မှာပြောစရာဘာတစ်ခုမှ မကျန်တော့တာ အမှန်ပါပဲ။ ပြီးတော့ အန်ကယ့်ဆီမှာ ခွင့်တောင်းစရာရှိပါသေးတယ်"

"ဘာများလဲ"

"လက်ခံပေးပါ အန်ကယ်"

စာအိတ်ရှည်လေးကို အန်ကယ့်စားပွဲပေါ် တရိုတသေတင်ပေးလိုက်စဉ် BOSS ၏သက်ပြင်းရှည်က ရှု့ကို ပိုပြီးနွမ်းလျသွားစေသယောင်။ မဖြစ်လွှန်းလို့ပါ အန်ကယ်ရယ်။

"ဘယ့်နှယ်လုပ်မလဲ၊ အခုပဲ တစ်ယောက်က ထွက်ပါရစေလို့ တောင်းဆိုနေတာ၊ နောက်တစ်ယောက်က စာလာတင်ပြန်ပြီ"



www.burmeseclassic.com

www.burmeseclassic.com



''မိမို့ကို ရှု ကတိပေးပြီးသွားပြီ အန်ကယ်။ ရှု့ Re-sign ကိုတော့ လက်ခံပေးပါ။ Please! ''

''စဉ်းစားကြပါဦး၊ လူမှုရေးနဲ့စီးပွားရေးကို မရောမိကြနဲ့လေကွယ်''

''ရှု တောင်းပန်ပါတယ် အန်ကယ်၊ ရှုက ဆုံးဖြတ်ပြီးရင် ပြန်မပြင်တတ်လို့ပါ။ ရှု့နေရာမှာ အစားထိုးဖို့ ကိုအုံ့ကိုလည်း ကျွမ်းကျင်မှုရှိအောင် သင်ပေးပြီးပြီမို့ လက်လွှဲပေးလို့ရနေပါပြီ။ GM ရဲ့ Secretary ဆိုတာ လျှောက်လွှာခေါ်လိုက်တာနဲ့''

အန်ကယ်က ရှု့ကိုလက်ကာပြလိုက်တာမို့ စကားက တစ်ဝက်တစ်ပြက် ရပ်သွားရပါ၏။ ဘယ့်နှယ် အရှိန်ပျက်အောင် လုပ်ကြရတယ်လို့။

''နေဦး. . . အန်ကယ်ပြောမယ် သမီး''

''. . .''

''နှုတ်ထွက်စာလက်ခံရင်တောင်မှ အလုပ်မှာ ကျွမ်းကျင်နေပြီဖြစ်တဲ့သမီးကို ရွှေးလို့ဘယ်ရပါ့မလဲ။ စဉ်းစားပါဦး''

''ကျွန်တော်ထွက်မှာပါ အန်ကယ်''

''စေ့စပ်ပွဲဖျက်လို့ ကုမ္ပဏီကနေ နှင်ထုတ်တယ်ဆိုပြီး အန်ကယ် နာမည်မပျက်ပါရစေနဲ့ မောင်ဘုန်း''





ကဲ, ကောင်းရော. . . နှစ်ယောက်စလုံး မမြင်ယောင်ဆောင်ပြီး တစ်ခန်းတည်း ဘယ်လိုစခန်းသွားရပါ့မလဲ။ သေပြီ မဓူ။

''မောင်ဘုန်းအတွက် Secretary အသစ် အန်ကယ်ခန့်ပေးပါ့မယ်၊ ဒီစာရွက်ကို ပြန်သိမ်းသွားလိုက်ပါ မေမဓူ။ ညနေ Meeting ရှိမယ်''

Game over! ရှုက အရင်ဆုံး မတ်တပ်ရပ်လျက် Boss ကို ခေါင်းညွှတ်နှုတ်ဆက်ကာ အန်ကယ့်ရုံးခန်းထဲမှ ထွက်လာခဲ့ပါ၏။

အလို! ခြေလှမ်းတွေ ပေါ့ပါးသွက်လက်လွန်းလှချည်လား။ နွေသစ်တွေ တန်းစီစောင့်နေပြီထင်ပါရဲ့ မေမဓူ။

''ဘာတဲ့လဲ''

''ညနေ Meeting တဲ့''

''လာပြန်ပြီ ပေး Day ရောက်ခါနီးဆို အိမ်ပြန်နောက်ကျအောင် လုပ်ပြီ''

''တိုင်ပြောမှာနော်''

ရှုက စက္ကူဖြတ်စက်ထဲသို့ စာအိတ်လေးကို ထည့်ပိုက်ရာ ကိုကျော်စွာက မေးငေါ့မေးလေ၏။



www.burmeseclassic.com

www.burmeseclassic.com



“ဘာတုန်း”

“လက်မခံဘူး Reject တဲ့”

“ကောင်းတယ်၊ ငါပြောသားပဲ၊ နင်ထွက်ဖို့ လက်မခံပါဘူးဆို”

“ဟင်! ‘မ’က အလုပ်ထွက်တော့မလို့လား”

အလန့်တကြားအော်လိုက်သံကြောင့် ရှယ်င် လန့်သွားရပါ၏။ ချာတိတ်ကတော့ လုပ်ချလိုက်ပြန်ပြီ။

“ဘာဖြစ်တာလဲဟယ်၊ လန့်လိုက်တာ”

“ကျွန်တော့်ကို တစ်ခုခုဝယ်ပေးမယ်လို့ပြောတာ ဒီလို အလုပ်ထွက်မှာမို့ ပေးတာလား။ အဲဒါဆို မယူဘူး”

“အမယ်လေး! မောင်မင်းကြီးသားရယ်၊ မင်းမမ အလုပ်ထွက်လို့မရပါဘူးဆိုနေမှ လန့်ဖြန့်အော်နေပြန်ပါပြီ။ ဒီမှာ ငါစိတ်နေတဲ့စာရင်းတောင် ဘယ်ရောက်သွားပါလိမ့်။ ဟြော်, ဒီမှာ”

ချာတိတ်က ငြိမ်သွားလေ၏။ ဒါက ကောက်တာပေါ့လေ၊ လူကြီးဖြစ်ပြီလို့ထင်ကာမှ အခုတော့ ကလေးစိတ်က တယ်မပျောက်ချင်သေးပါလား။ ရှယ်က ဆံလည်ခုံကို သူ့အနီးသို့ရွှေ့ကာ တီးတိုးပြောလိုက်လေ၏။

“ဘာမှမလိုချင်ဘူးပေါ့လေ၊ ဟာကယ်လား”





“ပြောပြီးစလစ်လေ”

“ဒါဆိုလည်း စဉ်းစားပေါ့”

“ပြီးပြီ”

“ဘာကိုလဲ”

“တောင်းမယ့်ဟာ”

‘ဘာလဲ. . . ပြော”

“ဒီမှာ”

သူက Computer Screen ကို ဆတ်ခနဲမေးငေါ့ပြလိုက်လေ၏။ ရှယ်က သူ့နောက်ကျောမှ ခေါင်းကျော်ကာ ကြည့်လိုက်မိပါသည်။ စာလုံးနက်နက်လေးဖြင့် ရေးထားသည့်စာလုံးလေးတွေက ထင်ထင်ရှားရှား။

‘ကျွန်တော့်ကို ‘ကို’လို့ခေါ်ရမယ်’

အံမာ! ဒါက မသင်ပေးပါဘဲ အလိုလိုတတ်တဲ့အရာပေါ့လေ၊ ရှယ်က နှုတ်ခမ်းအောက်ကို သွားဖြင့်ကိုက်ကာ သူ့ကို အသည်းယားသွားသဖြင့် သူ့နားရွက်ကို ဆွဲလိမ်လိုက်စဉ် ရုံးခန်း တံခါးပွင့်သွားပါ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်! မမနဲ့ကိုလေးက ဘာညာဘာညာဖြစ်နေပြီလား။ လက်သွက်လိုက်တာနော်။ ကိုလေး အလုပ်ဝင်တာမှ လေးလလား ငါးလလားပဲ ရှိသေးတာ။ မြန်ပ့ါ"

"ဟာ! ဘာတွေလျှောက်ပြောနေတာလဲ၊ ငါဘာလုပ်လို့လဲ မိရာ"

သိဘူးလေ. . . နှစ်ယောက်သား ပူးကပ်နေပြီးတော့။ မဟုတ်လို့လား။ ဟော! 'ကို' လို့ခေါ်တဲ့။ သူက အငယ်ဖြစ်ပြီး မမကိုနိုင်စားချင်တာ သိသာတာပဲ။ မမ ပြန်ခေါ်င်းမညိတ်နဲ့နော် သိလား. . . နော်လို့"

မှုခံနောက်ကျောကိုမှီရင်း ပြောနေသည့်မိမိုကြောင့် ရုံးခန်းထဲမှာ ရယ်သံသဲ့သဲ့။ စေ့စပ်ပွဲမျက်မှာကိုတောင် အပြုံးမပျက်ဘဲ ဒီကောင်မလေး ကမ္ဘာဇာဝင်လည်ရဲ့ပါပဲလား။ ခုခေတ်ကလေးတွေရဲ့ ဉာဏ်ကိုဖြင့် လိုက်မမီပါလော။

"စိတ်ပုပ်က မွေးနေပြန်ပါပြီ"

"မွေးမှာပေါ့။ ကိုလေးက မိမသိအောင် တိတ်တိတ်လေး ကြံစည်နေပြီးတော့များ"

"ငါဘာကြံစည်လို့လဲ"

"အဲဒါကြံစည်တာမဟုတ်လို့ ဘာလဲ.ပြော။ မမကိုမေးကြည့်"

"ဘာကိုလဲ"

"မေးလိုက်ပါဆို. . . အဲဒါမှ သူပြောမှာ။ အလကားငကြောက်"

ရှက်ပြုံးရင်း ကျောပေးထိုင်နေသည့်ချာတိတ်ကို ခပ်တိုးတိုးမေးလိုက်ပြန်ပါသည်။ ဒီလောက်တောင်ဖြစ်လှ ခပ်နာနာလေး ရိုက်ပြလိုက်တာပေါ့ မောင်အုံမင်းကိုရယ်။

"မင်း 'မ'ကိုစိတ်ဝင်စားနေပြီလား"

"ဟာဗျာ၊ ဘာ့တွေလာမေးနေတာလဲ၊ ဒီမှာ မှားကုန်ပြီ"

"တွေ့လား. . . တွေ့လား၊ မျက်နှာကြီး ရဲလာပြီ၊ နားရွက်တွေပါ နီကုန်ပြီ။ ဟော! လက်မှာ ကြက်သီးထလို့ အဖုလေးတွေတောင် ထွက်လာပြီမမရေ့။ ကိုလေးကတော့ အုံ့ပုန်းအချစ်ကြီး မြန်းခနဲကွဲပါရောလား။ ရယ်ရတယ်ကွာ"

မိမိပင်မက ကိုကျော်စွာပါ ရယ်သံထွက်လာလေ၏။ ချာတိတ်တစ်ယောက် Keyboard နှိပ်တာ အမှားမှားအယွင်းယွင်း။ နှစ်ခြိုက်စွာ ပြုံးလိုက်မိစဉ် (မိမိ ဟင်းရောင်းဖွင့်ခဲ့သည့်) ရုံးခန်းရှေ့မှာ ရပ်ကြည့်နေသည့်သူ့မျက်နှာက ပြင်မရအောင် ပျက်ယွင်းသွားတော့သည်။







www.burmeseclassic.com

www.burmeseclassic.com

Lesson ပါးပါးလေးပါ ဦးဘုန်းမြင့်မိုရ်။ နောက်ထပ် အကြီးကြီးထပ်ပေးရင် လက်ခံဖို့ ရှင့်ရင်ဘတ်ကြီးကို Ready သာပြင်ထားပါတော့။ ဒါပါပဲ. . . ။

**မိန်းမတွေ အသည်းကွဲတဲ့အခါ...(အစားဆိုးရော) အချစ်စစ်ရှာတတ်ကြသလို အစွဲလည်း တိုက်တတ်ကြပါတယ်.....**

လေးစားလျက်....

မမသဒ္ဒါမောင်
9th March 2012
Am (1:15)

[‘အတိတ်ကောက်ကြောင်း’နှင့် ‘စည်း’ကဗျာတို့ကို ပေးပို့သည့် ပဲခူးတိုင်းဒေသကြီး၊ ဥဿာမြို့သစ်မှ သမီး‘မိုးသူ’အား ကျေးဇူးအထူးတင်ရှိပါသည်။]

# “ပရိသတ်များထံမှပေးစာ”

**ဝေယံဟိန်း**

သို့

‘မမသဒ္ဒါမောင်’. . .

‘မမမောင်’လို့ပဲ ခေါ်မယ်နော်။ ကျွန်တော်က ‘ဝေယံဟိန်း’ပါ။ ကျွန်တော်က ‘မမမောင်’ရဲ့ပရိသတ်တစ်ဦးပါ။ ကျွန်တော် ပထမဆုံးဖတ်ဖြစ်တာက ‘မမမောင်’ရဲ့ ‘ရင်ကိုပစ်ခွင်းခဲ့သော်လည်း’ဆိုတဲ့စာအုပ်ပါ။ အဲဒီစာအုပ်ကစပြီး ‘မမမောင်’ရဲ့ စာအုပ်တွေကို နှစ်သက်သွားတာပါ။

ကျွန်တော်အကြိုက်ဆုံးစာအုပ်ကတော့ ‘အနားသတ်မညီသော’စာအုပ်ပါ။ ကျွန်တော် အဲဒီစာအုပ်ကိုဖတ်ပြီးတော့ ရင်ထဲ တစ်ခုခုနှုတ်သွားသလိုပဲ ခံစားလိုက်ရပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီစာအုပ်ထဲက ‘မိုး’ကို အရမ်းသနားသွားလို့ပါ။ စာအုပ်လေးက ဖတ်လို့အရမ်းကောင်းပြီးတော့ စွဲဆောင်မှုအရမ်းရှိပါတယ်။

‘မမမောင်’ရယ်၊ နောက်ကို အဲဒီလို စာအုပ်လေးတွေမျိုး မရေးပါနဲ့နော်၊ ကျွန်တော်ခံစားရလို့ပါ။ ကြည်နူးစရာကောင်းတဲ့ စကားပြောလေးတွေနဲ့ နောက်ဆုံးမှာ ချစ်သူနှစ်ဦးပေါင်းရတဲ့စာအုပ်လေးတွေပဲ ရေးပေးပါနော်။

ပထမဆုံး စာစရေးတာမို့ အမှားပါရင် ခွင့်လွှတ်ပေးပါ။ ‘မမမောင်’ စာပေလောကမှာ ဒီ့ထက်မက အောင်မြင်နိုင်ပါစေ

www.burmeseclassic.com

www.burmeseclassic.com

လို့ ဆုတောင်းပေးလိုက်ပါတယ်။ 'မမမောင်'ရဲ့ပရိသတ်အဖြစ်ခံရင် ပြန်စာနဲ့အတူ ဓာတ်ပုံလေးတစ်ပုံပါ လက်ဆောင်ထည့်ပေးဦးနော်. . .

'မမမောင်'ကို အမြဲအားပေးနေတဲ့. . .

ဝေယံဟိန်း
သံမဏိရပ်ကွက်၊ (၃)လမ်း။
ကျောက်တံခါးမြို့နယ်၊ ပဲခူးယက်ကန်းမြို့၊
ပဲခူးတိုင်းဒေသကြီး။

BURMESE CLASSIC .com

## ဟန်နီနီအောင်

သို့

မင်္ဂလာပါ 'မမ'. . .

အစ်မတစ်ယောက်လို 'မမ'လို့ခေါ်ပါရစေ၊ 'မမ'ရဲ့စာအုပ်တွေကို 'ဟန်နီ'အရမ်းကြိုက်တယ်။ ပထမဦးဆုံးထွက်တဲ့ 'ရင်ကိုပစ်ခွင်းခဲ့သော်လည်း'ကစပြီး ကြိုက်တာပါ။ အခုဆို 'တကယ်ဆို တစ်ခုတည်းလိုပါတယ်'အထိ ဖတ်ပြီးပါပြီ။ စာအုပ်မျက်နှာဖုံးမှာ 'ကောင်မလေးကာတွန်း'ပုံလေးတွေက ချစ်စရာလေးတွေနော်။ 'မမ'ရဲ့စိတ်ကူးလားဟင်၊ ပုံလေးတွေကိုကြိုက်လို့ ကူးဆွဲထားသေးတယ်၊ သိပ်တော့မတူဘူးပေါ့။

ခုနောက်ပိုင်းကျတော့ 'နှလုံးသားရဲ့ထောင့်တစ်နေရာ' စာအုပ်ကစပြီး Model ကောင်မလေးပုံတွေ ထည့်ထားတယ်နော်၊ အဲဒါလေးတွေကလည်း ချစ်စရာလေးတွေပဲ။ ပထမတော့ 'မမ'ပုံမှတ်လို့၊ နောက်မှ Model မှန်းသိတာ။

'မမ'ရဲ့ ဇာတ်လမ်းကလေးတွေက ခံစားရတယ်နော်။ တကယ်ထိတယ်။ 'ကိုကြီးနဲ့ညီမလေး'ဇာတ်လမ်းမျိုးတွေကို ပိုပြီးကြိုက်တယ်။ အကြိုက်ဆုံးတွေကတော့ 'သဲမြည္သာ' 'အတွေ့အကြောင်းတစ်နေရာ' 'ရှေ့ ယူပါ. . . ၁၅၀၀' 'တစ်မိုးအောက် တစ်ယောက်သာ'နဲ့ 'လျှို့ဝှက်ခြင်း၏နောက်ကွယ်မှာ' အဲဒီလိုဇာတ်လမ်းလေးတွေကို ပိုပြီးကြိုက်တယ်၊ အဲဒါမျိုးလေးတွေ များများ ရေးပေးစေချင်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

'ဟန်နီ'အရမ်းကြိုက်တဲ့ စာရေးဆရာမဆီက စာဖတ်ပရိသတ်တစ်ယောက်အနေနဲ့ တောင်းဆိုတာပါ။ စာအုပ်အသစ်မထွက်မချင်း ထွက်ပြီးသားတွေကို နှစ်ခါသုံးခါလောက် ပြန်ဖတ်ဖြစ်ပါတယ်။ ဘယ်တော့ဖတ်ဖတ် 'ဟန်နီ'အတွက်ကတော့ မရိုးနိုင်ဘူးလေ။ ကောင်မလေးက နည်းနည်းဆင်းရဲတာလေးတွေကို ကြိုက်တယ်။ ဥပမာ 'မိုးရိပ်နဲ့ ပုလဲသီ' 'သတိုးမင်းဒင်နဲ့ ကြေ' အဲဒါမျိုးလေးတွေပါ။

'မမ'ရဲ့စာအုပ်တွေကို 'ဗီဒီယို'တွေ ရိုက်နေပြီနော်။ ဒါပေမဲ့ ကြည့်ရတာ နည်းနည်းပေါ့တယ်။ စာအုပ်ထဲကလောက် မကြိုက်ဘူး။ စာအုပ်ကို ပိုပြီးကြိုက်တယ်။ 'မမ'ရဲ့စာတံပုံနဲ့ ပြန်စာကို လိုချင်ပါတယ်။ 'မမ'ပို့ပေးမယ်လို့ မျှော်လင့်ပါတယ်။ 'မမ' ဖြစ်ချင်တဲ့ဆန္ဒတွေ ပြည့်ဝပါစေ၊ အကောင်းဆုံးကမ္ဘာကျော် စာရေးဆရာမတစ်ယောက်ဖြစ်ပါစေလို့ ဆုတောင်းလျက်. . .

ဟန်နီအောင်

မင်းရပ်ရပ်ကွက်၊ ပန်းတောင်းမြို့၊

ပဲခူးတိုင်းဒေသကြီး။

## မိုးညှင်း

သို့

'မမသဒ္ဒါမောင်'. . .

ညီမက 'မမ'ရဲ့စာဖတ်ပရိသတ်တစ်ဦးပါ။ 'မမ'ရဲ့စာအုပ်တွေကိုဖတ်ရတာ အရမ်းကိုသဘောကျ နှစ်သက်မိပါတယ်. 'ရင်ခွင်ဦး'ဝတ္ထုလေးက ညီမရဲ့အကြိုက်ဆုံးစာအုပ်ပါ။ 'မမ'ရဲ့ဇာတ်ကောင်တွေကို သဘာဝဆန်တဲ့ပီပြင်မှုတွေ သက်ဝင်အောင် ရေးနိုင်တဲ့ 'မမ'ကို အရမ်းသဘောကျ အားကျမိပါတယ်။

ညီမကိုယ်တိုင်လည်း 'မမ'လို စာရေးဆရာမ အရမ်းဖြစ်ချင်ခဲ့တာ၊ ကဗျာတွေရေးရတာလည်း ဝါသနာပါပါတယ်။ စာဖတ်ရတာလည်း အရမ်းနှစ်သက်သလို စာရေးဆရာအားလုံးကိုလည်း လေးစားအားကျမိပါတယ်။

'မမ'ရဲ့ဝတ္ထုတွေထဲမှာ ပေးပို့တဲ့ကဗျာလေးတွေ ထည့်သွင်းဖော်ပြထားတာ သိရတော့ ညီမ အရမ်းပျော်သွားခဲ့မိတာပါ။ အကြိမ်ကြိမ်ရည်ရွယ်ခဲ့ပေမယ့် ညီမရဲ့ကဗျာတွေက မကောင်းမှာစိုးလို့ မပို့ဖြစ်ခဲ့ပါဘူး။ ဒါပေမဲ့ 'မမ'ရဲ့ 'လွန်ဆန်၍မရနိုင်သော' စာအုပ်ကိုဖတ်ပြီးချိန်မှာတော့ ညီမရဲ့ဝါသနာကို မစွန့်လွှတ်နိုင်လို့ မမဆီကို ကဗျာရေးပို့ဖို့ သေသေချာချာဆုံးဖြတ်ပြီး ဒီစာကိုရေးလိုက်မိပါတယ်။

'မမ'နှစ်သက်ရင် 'မမ'ရဲ့ဝတ္ထုထဲမှာ ညီမရဲ့ကဗျာလေးတွေကိုထည့်ရေးဖို့တောင်းဆိုပါတယ်။ ညီမရဲ့ကဗျာတွေ မကောင်း

www.burmeseclassic.com

www.burmeseclassic.com

ရင်လည်း ဖတ်ပြီးတဲ့အခါ ခွင့်လွှတ်ပါနော်။ ညီမရဲ့ပထမဆုံး အကြိမ်မို့ပါ။

'မမ'ဆီက ပြန်စာရဖို့လည်း မျှော်လင့်မိသေးတယ်။ တောင်းဆိုတာများသွားရင် ခွင့်လွှတ်ပါနော်။

'မမသဒ္ဒါမောင်'ရဲ့အမြဲတမ်းပရိသတ်

မို့သွင်

တာပွန်လမ်း၊ နွယ်ချို (၁)ရပ်ကွက်၊
မြို့မရိပ်သာအနီး၊ ပေါင်းတည်မြို့၊
ပဲခူးတိုင်းဒေသကြီး။

BURMESE CLASSIC .com

## မျိုးဇော်အောင်

သို့

ဆရာမ...

အရင်ဦးဆုံး ကျွန်တော့်ကိုယ် ကျွန်တော် မိတ်ဆက်ပါရစေ။ ကျွန်တော့်နာမည်က မောင်မျိုးဇော်အောင်ပါ။ နေရပ်ကတော့ 'ကိုနေခ'တို့ နားမှာပါ။ ကျွန်တော် ဆရာမရေးတဲ့ဝတ္ထုတွေကို သိပ်မဖတ်ဖြစ်ခဲ့ပါဘူး။ မဖတ်ဖြစ်ဘူးဆိုတာထက် ဖတ်ကိုမဖတ်ခဲ့တာပါလို့ ဝန်ခံပါရစေ။

အကြောင်းကတော့ ကျောင်းစာတစ်ဖက်နဲ့မို့ပါ။ ဒါပေမဲ့ 'ကိုနေခ'ပေးဖတ်တဲ့ဝတ္ထုကို ဖတ်ပြီးတဲ့နောက်ပိုင်း ကျွန်တော် ဆရာမရေးတဲ့ဝတ္ထုတွေကို အရမ်းကြိုက်မိတယ်။ အခု ကျောင်းပြီးပြီဆိုတော့ ဆရာမရဲ့ဝတ္ထုတွေကို ပိုပြီးဖတ်ဖြစ်တဲ့ပရိသတ်တစ်ယောက် တိုးလာပြီပေါ့။

ဆရာမရဲ့ဝတ္ထုတွေကို အမြဲအားပေးနေမှာပါ။ ကျွန်တော်က ဘယ်သူ့ဆီကိုမှ စာမရေးဖူးတော့ အမှားပါရင် အပြစ်မမြင်ဘဲ ခွင့်လွှတ်ပေးပါလို့ တောင်းပန်ပါရစေ။ ဆရာမ အခုထက် ပိုအောင်မြင်ပါစေလို့ ဆုတောင်းရင်း ဆရာမကို အစဉ်အမြဲ အားပေးနေမယ်...

မျိုးဇော်အောင်

မြဟေဝန်လမ်း၊ မုဒုံမြို့၊
မွန်ပြည်နယ်။

www.burmeseclassic.com

www.burmeseclassic.com



သို့

မင်္ဂလာပါ ‘မမသဒ္ဒါမောင်’...

‘မမသဒ္ဒါမောင်’ကို ‘မမ’လို့ပဲခေါ်ပါရစေနော်။ စိတ်မဆိုးပါနဲ့ ‘မမ’ဆီကို မိတ်ဆက်စာ ပို့ချင်နေတာ ကြာပါပြီ။ ကျွန်တော်က တက္ကသိုလ်ဝင်တန်းစာမေးပွဲအတွက် ပြင်ဆင်နေရသူမို့ မရေးဖြစ်ခဲ့တာ ခွင့်လွှတ်ပါ။

‘မမ’ရဲ့ဝတ္ထုတွေက အရမ်းဖတ်လို့ကောင်းတာပဲ။ ကျွန်တော် ‘မမ’ရေးတဲ့ ‘မြတ်နိုးမိသည့်မှအပ’ဆိုတဲ့ဝတ္ထုကို အရမ်းကြိုက်တာပဲ။

‘မမ’ကို အကူအညီတစ်ခုလောက် တောင်းချင်တယ်၊ ဖြစ်နိုင်ရင် သားသမီးနဲ့မိဘခွဲပြီး အလုပ်လုပ်မှစားရတဲ့ မိသားစုဘဝအကြောင်းကို ဝတ္ထုတစ်အုပ်လောက် ထုတ်ပေးပါလား။

‘မမ’စိတ်ဝင်စားမယ်ဆိုရင် ကျွန်တော့်ဘဝအကြောင်းလေးကို ပြောပြမယ်လေ။ အရမ်းစိတ်ဝင်စားစရာကောင်းပါတယ်။ ‘မမ’က သိချင်တယ်ဆိုမှ ကျွန်တော်ရေးပြီး ‘မမ’ဆီပို့ပေးမှာပါ။ ‘မမ’ဖတ်မှာလား...

‘မမ’ရဲ့ဓာတ်ပုံလေး (၂)ပုံလောက် ထည့်ပေးပါနော်။ ပရိသတ်တွေကို ချစ်တတ်တဲ့သူမို့လို့ ပရိသတ်ရဲ့ဆန္ဒကို လိုက်လျောပေးလိမ့်လို့ မျှော်လင့်ပါတယ်။

ကျွန်တော့်နာမည်က ‘ငြိမ်းငြိမ်းအိ’ပါ။

‘မမသဒ္ဒါမောင်’တစ်ယောက် အနုပညာလောကမှာ ဒီ့ထက်မက နာမည်ကြီးဖြစ်ပါစေလို့ ဆုတောင်းလျက်...

‘မမ’ရဲ့ပရိသတ်

ငြိမ်းငြိမ်းအိ

အပျိုဆောင် (၁)၊ အမှတ် (၁၈)၊

ကာကွယ်ရေးပစ္စည်းစက်ရုံ၊

တောင်တွင်းကြီးမြို့၊

မကွေးတိုင်းဒေသကြီး။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## မြတ်နိုးသူ

သို့

လာမယ့် Happy New Year မှာ ဒီ့ထက်မကအောင်မြင်ပါစေ 'မမသဒ္ဒါမောင်'...

ပထမဦးဆုံး မိတ်ဆက်စာရေးလိုက်တာမို့ အမှားပါရင် မပယ်လိုက်ပါနဲ့နော်။ ညီမလေးရဲ့နာမည်က 'မြတ်နိုးသူ'ပါ။ 'မမသဒ္ဒါမောင်'ရဲ့ဝတ္ထုတွေကို အားပေးနေတဲ့ အမာခံပရိသတ်တစ်ယောက်ပေါ့။ 'မမမောင်'လို့ ခေါ်မယ်နော်...ရလား။

'မမမောင်'ရဲ့ဝတ္ထုတွေထဲက 'ကိုကိုနဲ့ပဲ နေမယ်စိတ်ကူးတယ်'ဆိုတဲ့စာအုပ်ကလေးကနေ စဖတ်ရတာပါ။ 'မမသဒ္ဒါမောင်'ဆိုတဲ့ ကလောင်နာမည်လေးက 'မမမောင်'ရဲ့နာမည်အရင်းလားဟင်၊ စပ်စုတယ်မထင်ပါနဲ့ အဲဒီနာမည်လေးကို 'မြတ်နိုး'သဘောကျလို့ မေးတာပါ။ 'မမမောင်'ကိုချစ်လို့ခင်လို့ 'မြတ်နိုး'ရဲ့အစ်မရင်းတစ်ယောက်လို သဘောထားလို့ပါ။

'မမမောင်'က မာနကြီးသလား။ 'မြတ်နိုး'တစ်ခုလောက်တောင်းဆိုပါရစေ၊ စာတွေအများကြီးရေးမပေးချင်တောင် 'မမမောင်'ရဲ့လက်မှတ်လေးနဲ့ စာတစ်ကြောင်းလေးလောက် ပြန်ရေးပေးပါ။ နောက်ထွက်လာမယ့် 'မမမောင်'ရဲ့ဝတ္ထုတွေကို လစဉ်မပြတ် အားပေးနေမယ့် ညီမလေး...

မြတ်နိုးသူ

'မေဘရဏီ'အလှပြုပြင်ရေး

ချောင်းဦးမြို့။

## ခင်လေးနွယ်

သို့

မင်္ဂလာပါ 'မမသဒ္ဒါမောင်'...

ညီမက 'မမ'ရဲ့ပရိသတ်တစ်ဦးပါ။ 'မမ'ဆီ စာထည့်တာ ဒီတစ်ခါနဲ့ဆို နှစ်ကြိမ်ရှိပြီ၊ 'မမ'က စာမပြန်တော့ အောင့်သက်သက်ဖြစ်မိတယ်။ နောက်တော့လည်း မရောက်လို့ဖြစ်မှာပါလို့ စိတ်ဖြေလိုက်ပါတယ်။

'မမ'ရဲ့ 'ရင်ခွင်ဦး' 'ရင်နင့်အောင်မျှ' 'ရှတတ'တို့ကို ကြိုက်ပါတယ်။ 'မမ'ရဲ့စာအုပ်အဖုံးကို 'ယုဝ'နဲ့ တော်တော်များများလုပ်ဖြစ်တယ်နော်။ 'ယုဝ'ကိုလေ, ကောင်မလေးပုံတွေကို အကွက်တို့ဘောင်တို့ထဲ ထည့်ရင် ခေါင်းပိုင်းအပြည့်ပါအောင် လုပ်ပေးပါလို့ ပြောပါရစေနော်။ ဒီဖိုင်းက လှပါတယ်၊ ဒါပေမဲ့ အဲဒီလိုအပြည့်မပါလို့လေ၊ ပါရင် ပိုကောင်းတာပေါ့။

'ရင်နင့်အောင်မျှ'ဝတ္ထုထဲက ကောင်လေးက သနားစရာလေးနော်။ ညီမက 'မနဲ့မောင်'ဇာတ်လမ်းမျိုးဆို မုန်းတယ်။ မမက မာနခပ်ကြီးကြီးပေါ့လေ၊ ကောင်လေးက မမကို မရမကကြိုးစားရယူတာမျိုးကိုပေါ့။

'မမသဒ္ဒါမောင်'...ဆင်းရဲသားဇာတ်လမ်းလေးတွေ ရုပ်မလှတဲ့ကောင်မလေးတွေအကြောင်း ရေးပေးပါနော်။ ရုပ်လှတဲ့သူတွေပဲ မင်းသမီးဖြစ်ခွင့်ရလို့ မလှတဲ့သူတွေလည်း ဖြစ်ချင်မှာပဲလေ။

www.burmeseclassic.com

www.burmeseclassic.com

ဘယ်ဝတ္ထုမဆို စာဖတ်ပရိသတ်က စာတ်ကောင်နေရာကနေ ကြည့်မှာပါ။ English အဆိုလေးတွေလည်း ကောင်းတယ်နော်။ 'ရုတတ'မှာ မပါဘူး။ ကဗျာလေးတွေလည်း ကောင်းပါတယ်။

'မမ' ဒီတစ်ကြိမ်တော့ မပယ်လိုက်ပါနဲ့နော်။ 'မမ'ရဲ့ နာမည်အရင်း၊ ဇာတိ၊ မွေးသက္ကရာဇ်ကိုလည်း သိချင်ပါတယ်။ နောက်ပြီး 'မမ'အကြိုက်ဆုံးစာအုပ်ကိုလည်း မေတ္တာလက်ဆောင်အဖြစ် တောင်းဆိုချင်ပါတယ်။

'မမ' ဒီ့ထက်မက အောင်မြင်ပါစေ၊ ပျော်ရွှင်ပါစေ၊ ကျန်းမာပါစေလို့ ဆုတောင်းရင်း. . .

'မမ'ကိုလေးစားတဲ့ ညီမလေး

ခင်လေးနွယ်

နကက (၂၆)၊ နတ်ကြီးကုန်းရပ်ကွက်၊

မိုးကောင်းမြို့၊

ကချင်ပြည်နယ်။

BURMESE CLASSIC .com

www.burmeseclassic.com